www.burmeseclassic.com

# ဆုမြတ်မွန်မွန်

ဒီနိုင်းကွဲ ပုံတူလိပ်ပြာ

အမြန်စွံ ဗျူဟာ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

ဒီဇိုင်းကွဲပုံတူလိပ်ပြာအမြန်စွဲဗျူဟာ

စာမူခွင့်ပြုချက်အမှတ်
၅၁၁၈၃၅၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၄၅၀၁၀၉

၂၀၀၉ ခုနှစ်၊ ဖွန်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ဆုမွန်

ခင်မင်ရင်းနှီးစွာနဲ့ ဆုမွန်လို့ပဲ ခေါ်မယ်နော် ခင်မင်မှုတွေရဲ့နောက်ကလေးစားမှုတွေပါ ပါတယ်ဆိုရင် မမှားဘူးပေါ့ ဆုမွန်ရဲ့ စိတ်ကူးဆန်းဆန်းတွေကို မချီးကျူးဘဲ မနေနိုင်အောင် အရမ်းကို သဘောကျတယ် ဆုမွန်ရဲ့ စာအုပ်တော်တော်များများကို ဖတ်ဖြစ်ပါတယ် ဆုမွန် ဒီထက် ဒီထက် စိတ်ကူးဆန်းဆန်းလေးတွေ အများကြီးရေးနိုင်ပါစေလို့။

မြစ်မင်းအေး
ညောင်ပင်စခန်း (တောင်ရပ်)
စစ်ကိုင်းမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မမမြတ်

အရင်းနှီးဆုံး မမမြတ်လို့ပဲ ခေါ်မယ်နော်။ ညီမလေးက မမမြတ်စာအုပ်တွေကို အားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ မမမြတ်စာအုပ်တွေက အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်သိလား။ စဖတ်ပြီဆိုတာနဲ့ လက်ကမချချင်လောက်အောင်ကို ကောင်းတယ်။ မမကလှတယ်နော်။ မမမြတ် အောင်မြင်သထက်အောင်မြင်ပါစေလို့ ဆုတောင်းရင်း ...

မမေရွှေမြင့်

စေတနာမွန် ဥသျှစ်ပင်၊

ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း။

# စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

အစ်မရဲ့ စာအုပ်တိုင်းကို လူကြီးလူငယ်တော်တော်များများက ကြိုက်ကြတယ် ဇာတ်လမ်းအရေးအသားရော ဇာတ်အိမ်ပညာပေးအတုယူစရာ အစုံပါဝင်လို့ ညီမတို့ဆိုင်မှာ စာဖတ်သူတိုင်းက အစ်မရဲ့စာအုပ်တွေကို လစဉ်အားပေးနေကြပါတယ် အစ်မ အမြဲတမ်းအောင်မြင်ပါစေ စာဖတ်ပရိသတ်အတွက် ကောင်းမွန်တဲ့ စာအုပ်လေးတွေ ဖန်တီးနိုင်ပါစေလို့ ဆုတောင်းလျှက်ပါ ...

အစဉ်အားပေးနေတဲ့

ချယ်ရီစာပေ

ကျောင်းတော်ရာ

ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်ရှင့်

ညီမလေး ခင်မင်လေးစားစွာဖြင့်စာရေးလိုက်ပါတယ် မဆုမြတ်ရဲ့စာအုပ်တွေ အားလုံးဖတ်ပြီးပါပြီ ဇာတ်လမ်းကမဆန်းပေမဲ့ သုံးထားတဲ့စကားလုံးက အရမ်းပီပြင်ပါတယ် စာအုပ်ရဲ့နာမည်နဲ့ဇာတ်လမ်းက အတော်ကို လိုက်ဖက်ပါတယ် စာအုပ်ထဲကစာကြောင်းတိုင်းဟာ အပိုမရှိဘဲ အဓိပ္ပာယ်အပြည့်အဝခံစားရပါတယ် မဆုမြတ်ဆွဲဆောင်မှုရှိတဲ့ စာအုပ်တွေအမြဲရေးပါနော် ညီမလေး အမြဲအားပေးနေမှာပါ မဆုမြတ်စာပေလောကမှာပါ ထာဝရ လင်းလက်တောက်ပနေတဲ့ ကြယ်လေးတစ်ပွင့်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျှက်

သူဇာနွယ်
အမှတ်(၁၄)၊ မြင်သာဆန်းတန်း
အောင်သီရိလမ်း၊ ပစ္စည်းမြို့
မကွေးတိုင်း၊ ရေအနောက်မြို့နယ်။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

မမနေကောင်းမယ်လို့ မျှော်လင့်ပါတယ် ကျွန်တော်က မမရဲ့ပရိသတ်တစ်ယောက်ပါ မမရဲ့ လစဉ်ထွက်ဝတ္ထုအားလုံးကို အမြဲဖတ်ဖြစ်ပါတယ် ပြီးတော့ မမက လူငယ်တွေရဲ့အကြိုက်စိတ်ဝင်စားမှုတွေကိုလည်း အရမ်းသိတယ် မမရဲ့စာမှာ အင်္ဂလိပ်စကားလေးတွေ ထည့်ရေးတာကိုလည်း သဘောကျတယ်၊ ကျွန်တော်ကနောက်နောင်မှာလည်း မမကိုအမြဲအားပေးနေမှာပါ မမတစ်ယောက်လိုရာပန်းတိုင်အရောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျှက်။

မမရဲ့ ပရိသတ်
**Daniel**
အိမ်အမှတ် (၇၂)၊ (၅)လမ်း။
တောင်အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆု

ကျွန်မက မဆုရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ မဆုရဲ့ စာအရေးအသားက အရမ်းကောင်းတာပဲ "ကြင်းကျန်ရစ်သောသစ္စာနဲ့" "နှုးညံ့ခြင်းပြိုင်ပွဲ" အဲဒီနှစ်အုပ်ကတော့ ရင်ဘတ်ထဲ Heart ထိသွားတာပဲ ဆင်းရဲသားဇာတ်ကောင်တွေလဲ ရေးပေးပါအုံး နောက်ဆုံးဇာတ်သိမ်းခန်းမှာ မင်းသားနဲ့မင်းသမီးပေါင်းရတဲ့အခန်းတွေများများရေးပေးပါ နောက်ထွက်ရှိလာမယ့် စာအုပ်တွေကိုလဲ ထာဝရအားပေးနေမှာပါ မဆုတစ်ယောက် ဒီထက်မက အောင်မြင်ပါစေ

မတင်မာလင်း
အင်ကြင်းမြိုင်ရပ်ကွက်၊
ဘုရင့်နောင်လမ်း၊
မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊
စစ်ကိုင်းတိုင်း။

BURMESE CLASSIC .com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်လို့ခေါ်မယ်နော် ညီမလေးက မဆုမြတ်ရဲ့စာအုပ်တွေကိုဖတ်တာ(၁၅)အုပ်ရှိနေပါပြီ ဖတ်ပြီးသမျှစာအုပ်တွေကိုလည်း ကြိုက်ပါတယ် မဆုမြတ်ရဲ့အကြင်နာများကောင်းကင်ယံသို့ လွှင့်တင်ထားသည့် ဝတ္ထုထဲက စာသားတွေကို အရမ်းကြိုက်ပါတယ် အခုဆို ပရိသတ်တွေချစ်ခင်လေးစားရတဲ့ စာရေးဆရာမတစ်ယောက်အဖြစ်ကို ရှိနေပြီဖြစ်တဲ့အတွက် မဆုမြတ်နဲ့ထပ်တူဝမ်းသာဂုဏ်ယူမိပါတယ် ညီမလေးချစ်ခင်လေးစားသော မဆုမြတ်အနုပညာစာပေပန်းခင်းထဲမှာ အလှပဆုံးနဲ့ အမွှေးကြိုင်ဆုံးပန်းလေးတစ်ပွင့်ဖြစ်ပါစေလို့ ဆုတောင်းနေလျက် ...

မဆုမြတ်ရဲ့ စာဖတ်ပရိသတ်
ညီမလေး
နီနီ
အကွက်(၄၈၉)၊ ဦးပိုင် ၅၅/၃
ခတ္တန်း တမ္ပဝတီ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမွန်လို့ခေါ်မယ်နော် မမွန်က အသက်ငယ်ငယ်လေးနဲ့ စာရေးဆရာမဖြစ်နေတာကိုလဲ အရမ်းအားကျမိပါတယ် မမွန်ရဲ့ ဝတ္ထုတွေထဲက အတုယူစရာ၊ ဗဟုသုတတွေအများကြီးပါ မမွန်ကိုအားပေးနေမှာပါရှင် ...

အိအိမွန်
ထန်းတော၊ မဲဇလီအုပ်စု
မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊
မကွေးတိုင်း။

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

အစ်မ ဆုမြတ်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။

အစ်မဆုမြတ်ရဲ့ဝတ္ထုအများအပြားကို ဖတ်ဖူးပါတယ် ဖတ်ဖူးသမျှဝတ္ထုတွေအားလုံးဟာ ကျွန်တော်ကြိုက်တဲ့ဇာတ်လမ်းတွေပဲ အရမ်းအားရတယ် အစ်မဆုမြတ်ရဲ့ဝတ္ထုလေးတွေက ဖတ်ပြီးရင်း ဖတ်ချင်နေတယ် ကျွန်တော်ဝတ္ထုဖတ်ရင် အစ်မဆုမြတ်ရဲ့ ဝတ္ထုတွေပဲ ဖတ်ဖြစ်ပါတယ် အစ်မဆုမြတ်ကို လေးစားစွာနဲ့ပဲ ဆက်လက်အားပေးနေမှာပါ။

ကြေးကြေး

ဦးလှမြင့် + ဒေါ်ခင်မြင့်
မြို့သစ်(၄)လမ်း၊ လယ်ဝေးမြို့နယ်
အေလာမြို့၊ နေပြည်တော်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမြတ်

ရင်းနှီးမှုလေးနဲ့ မမွန်လို့ခေါ်လိုက်ပါရစေ။ မမွန်ရဲ့စာအုပ်တွေကတော့ အရမ်းဆွဲဆောင်မှုရှိတယ်ဗျာ။ လူကိုတောင် စာဖတ်ဝါသနာပါအောင်ဆွဲနိုင်တဲ့အတွက် ချီးကျူးပါတယ်။

ရဲသီဟ
မ/ဥက္ကလာပမြို့၊
င/ရပ်ကွက်၊ သန္တာ(၁၇)လမ်း။
ရန်ကုန်။

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုလို့ပဲခေါ်မယ်နော် မဆုရေးတဲ့စာအုပ်တိုင်းကို လင်းကြိုက်ပါတယ် ဒါပေမဲ့ မင်းသားနှင့်မင်းသမီးမညားကြရင် စိတ်ထဲမှာတစ်မျိုးပဲ မဆုက ပရိသတ်တွေကို ပသာတရသလေးတွေပေးလို့ အရမ်းဝမ်းသာတယ် ဒီလိုဟာသလေးတွေပါတဲ့ ဇာတ်လမ်းလေးတွေ ဆက်ရေးပေးပါနော် ထာဝရကြယ်တစ်ပွင့် "မဆု" အတွက် ဖြစ်ပါစေ "မဆု"ကိုအောင်မြင်မှုရဲ့ ထိပ်ဆုံးမှာ အမြဲရပ်တည်နေမယ်လို့ လင်းယုံကြည်ပါတယ်

ထာဝရမရိသတ်
သျှင်သန့်လင်း (Math)
အမှတ် ၁၃၁၀၊ သီရိမင်္ဂလာ(၃)လမ်း၊
ပါရမီ(၁)ရပ်ကွက်၊ မြိတ်မြို့၊
တနင်္သာရီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

မမဆုမြတ်ရဲ့ စာအုပ်တွေ (၉)အုပ်တော့ဖတ်ပြီးသွားပြီ အစဉ်လိုက်တော့မဟုတ်ဘူး ဖတ်ပြီးသမျှထဲမှာတော့ "အနမ်းဆက်တိုင်း"ကို အကြိုက်ဆုံးပဲ မဆုမြတ်ရဲ့ ပထမဆုံးသုံးအုပ်ကို ဖတ်ပြီးပါပြီ မဆုမြတ်ရဲ့ စာအုပ်ကို စဖတ်မိရင်လေ ဇာတ်မသိမ်းမချင်း လက်ကမချချင်တော့ဘူး အရမ်းကိုဆွဲဆောင်ထားတာ မဆုမြတ်ရဲ့ ကြိုးစားမှုကြောင့် "တော်ပါတော့"လို့ပြောယူရတဲ့အထိ ပရိသတ်တွေရရှိလာပါစေ မဆုမြတ်တစ်ယောက် အောင်မြင်မှုကို ထာဝရ ရင်ဝယ်ပိုက်နိုင်ပါစေ

မန္တလေး

မှ

မွန်

မြတ်မွန်
C/O ဦးဝင်းလွင်၊ ရတနာပုံသင်္ဘောကျင်း
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်လေးစားချစ်ခင်စွာဖြင့် စိ မိတ်ဖွဲ့ပါရစေ။ မမရဲ့ထွက်သမျှစာအုပ်တွေစောင့်ပြီး အားပေးနေတဲ့ မမရဲ့ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်ထဲက ဇာတ်ကောင်တွေရဲ့နာမည်တွေ စံအကုန်ကြိုက်တယ်။ မမက ငယ်ငယ်လေးနဲ့ စာရေးဆရာမဖြစ်တာ အရမ်းတော်တာပဲ။ မမ စာပေလောကမှာ အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ပါစေလို့ဆုတောင်းပေးလျှက် ...

အေးမိစံ
အမှတ်(၂/၁၂၄၈)၊ တေဇာခင်ဦး(၅)လမ်း၊
(၂)ရပ်ကွက်၊ တော်ကင်ငှမြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမ မဆုမြတ်ရဲ့ ထွက်ပြီးသမျှစာအုပ်တွေအကုန်လုံး ညီမ ဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့စာအုပ်အကုန်လုံးကို ညီမကြိုက်ပါတယ်။ မဆုမြတ်ရဲ့စာအုပ်တွေထဲမှာ 'နှုးညံ့ခြင်းပြိုင်ပွဲ'စာအုပ်ကို ညီမ အရမ်းကြိုက်တယ်။ မဆုမြတ် ဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီး ဖြစ်ပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့ ထာဝရပရိသတ်
မချိုချိုလွင်
အမှတ်(၂၃)၊ ကန်လမ်း၊
ဆူးပန်းလမ်းသွယ်၊ ပုသိမ်မြို့။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆု

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ် ညီမက မဆုရဲ့ ပရိသတ်တစ်ယောက်ပါ မဆုဆီကို မိတ်ဆက်စာရေးချင်နေတာ ကြာပြီ မဆုဝတ္ထုတွေ အရမ်းဖတ်လို့ကောင်းတယ်"အနမ်းဆက်"တိုင်းနဲ့ "နှုးညံ့ခြင်းပြိုင်ပွဲ"ကို ညီမအကြိုက်ဆုံးပဲ မဆုက အင်္ဂလိပ် စာလုံးတွေကို ညှပ်သုံးတယ်နော် ဒါပေမဲ့ တစ်ချို့စာလုံးတွေကျ တော့ ဘာသာမပြန်တတ်ဘူး နောက်ထွက်မည့်စာအုပ်တွေကို အားပေးနေရင်း "မဆု"တစ်ယောက်ဒီထက်မက အောင်မြင့်ပါစေ လို့...

ဆုတောင်းလျက်
မိုးမိုးစန်း
ဂွေးပင်ကွက်သစ်၊ (ဆ.သ.ရ) အနီး
ချောက်မြို့နယ်၊ မကွေးတိုင်း

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မမဆုမွန်

မဆုမွန်စာအုပ်တွေကို နီလာဖတ်တာမကြာသေးဘူး “လသုံးစင်းနှင့် ကခုန်ခြင်းကို စဖတ်ဖြစ်တာအစ်မ နောက်တော့ အကုန်ဖတ်ဖြစ်သွားတယ် နီလာအစ်မစာအုပ်တွေကို အရမ်း (crazy) ဖြစ်သွားတယ် အစ်မရဲ့စာအရေးအသားကို ကြိုက်တယ် မြန်မာစကားလုံးတွေကြား အင်္ဂလိပ်စကားလုံးတွေကို ညှပ်သုံးတာ ပိုသဘောကျတယ် မမဆုမွန် အများပြည်သူချစ်ခင်လေးစားသော စာရေးဆရာမကောင်းတစ်ယောက်ဖြစ်ပါစေဟု နီလာဆုတောင်းပေးနေပါတယ်။

နီလာငွေး<br>
ပထမနှစ် (English)<br>
အမှတ် (၁၂၀)၊ ရန်နိုင်<br>
(၁၉)လမ်း၊ မကွေးမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်တို့က မရဲ့ပရိသတ်ပါ။ စာအုပ်တော်တော်များများဖတ်ပြီးပါပြီ။ မရဲ့စာအုပ်တွေက မင်းသားနဲ့မင်းသမီး မရတောင်မှ စာဖတ်သူကို ဖတ်ချင်အောင်ဆွဲဆောင်နိုင်တယ်။ မရဲ့စာအုပ်တွေကို ကျွန်တော်တို့မြို့မှာ သိပ်မဖတ်ရဘူး။ လစဉ်လည်း မရောက်ဘူး။ မရဲ့စာအုပ်(၂၄)အုပ်တော့ဖတ်ပြီးပြီ။ ကြယ်ကလေးရဲ့နှင်တံနဲ့အညှိုးမြစ်တို့ကို ဇာတ်ကားတော့ကြည့်ပြီးပြီ။ စာအုပ်ဖတ်တာလောက် သိပ်မကြိုက်ဘူး။

အစဉ်အားပေးနေမဲ့ မရဲ့<br>
ထာဝရပရိသတ်<br>
စန္ဒာတင်ထွန်း၊ ဝတ်ရည်ဝင်းဇော်

ဝတ်ရည်ဝင်းဇော်<br>
ဦးဇော်ဝင်း+ဒေါ်ရီရီဝင်း<br>
နန်းဦးမြို့သစ်ရပ်<br>
စစ်ကိုင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ပရိသတ်တွေရဲ့စိတ်ကို နည်းအမျိုးမျိုးဖြင့် စိတ်ပျော်ရွှင်အောင် ဖွမ်းဆောင်နိုင်တဲ့ မဆုမြတ်မွန်မွန် ယုန်ကလေးက မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ ယုန်လေးက မဆုမြတ်ရဲ့ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလမှာထွက်တဲ့ "ချစ်ခြင်းဟာနဲ့ဆောင်ခြင်းအတတ်ပညာ"ဆိုတဲ့ စာအုပ်လေးကို ဖတ်ဖူးတာပါ အမှတ်မထင်ဖတ်လိုက်ရပေမယ့် အမှတ်ရနေလောက်အောင်ကောင်းတဲ့စာအုပ်လေးပါ မဆုမြတ်ပေးတဲ့စာအုပ်လေးတွေရဲ့နာမည်လေးတွေကို အရမ်းစိတ်ဝင်စားတယ် မဆုမြတ်က ပရိသတ်တွေရဲ့စိတ်ကို အရမ်းဆွဲဆောင်နိုင်တယ်လို့ ထင်နေမိတယ် မဆုမြတ် ဒီ့ထက်မက အောင်မြင်မှုတွေကို ရယူနိုင်တဲ့စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ အမြဲတမ်းဆုတောင်းပေးနေမယ် ...

ယုန်လေး

ဖင်ဖင်ဆွေ(ခေါ်)ယုန်လေး
အမှတ်(၁၀၆)၊ သီရိရတနာလမ်း။
မြို့မမြောက်၊ ဟိုပင်မြို့၊
ကချင်ပြည်နယ်။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမမွန်လို့ပဲ ခေါ်မယ်နော် "မျက်နက်ဝန်းရဲ့မေတ္တာတံချူ" ကစပြီး မန္တလေးသားထိ ဖတ်ပြီးပါပြီ အဲဒီထဲက "နူးညံ့ခြင်းပြိုင်ပွဲ" ကြိုက်ပါတယ် မမမွန်ရဲ့ "မျက်နက်ဝန်းရဲ့မေတ္တာတံချူ"ဇာတ်သိမ်းပိုင်း ဘယ်တော့ထွက်မလဲ မမမွန်ရဲ့စာအုပ်ကို လစဉ်မပြတ်အားပေးနေပါတယ် မမမွန် စာပေလောကထဲမှာ အောင်မြင်ပါစေ ညီမလေးဆုတောင်းပေးပါတယ်။

မမမွန် ကျန်းမာပါစေ
လွင်မာဝင်း
အမှတ် (၄၂)၊ တပင်ရွှေထီးလမ်း
သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မဆုမြတ်

နိုဝင်ဘာလထုတ် အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထားက အရမ်းကောင်းတယ်၊ အရေးအသားက အရမ်းလန်းတယ် Cnatting ထိုင်ရင်းသိကြတဲ့ လူငယ်ဇာတ်လမ်းလေးရေးပေးပါဦးနော် မမဒီထက်မက အောင်မြင်ပါစေလို့ ...

မမရဲ့ထာဝရပရိသတ်အဖြစ်အမြဲရှိနေမဲ့
စန္ဒာထွန်းထွန်း
အမှတ်(၁၀၀) ရှမ်းစုတောင်ရပ်ကွက်၊
မြစ်ကြီးနားမြို့။

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မ

နေကောင်းတယ်နော် မရဲ့စာအုပ်တွေကို လတိုင်းမလွတ်စေရဘူး အားလုံးထဲကမှ "မှော်ကဗျာရွှေရုပ်"ကို ရင်ထဲမှာ အထိဆုံးပဲ ...

မကို အမြဲထာဝရ အားပေးနေမဲ့
မြင့်မြင့်အောင်
အမှတ်(၁၉)၊ စမ်းချောင်း(၃)လမ်း၊
မြောင်းမြမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

စာရေးဆရာမ ဆုမြတ်မွန်မွန်

စာရေးသက်တမ်းကြာလာတာနဲ့အမျှ "မဆုမြတ်"ရဲ့အရေးအသားတွေ တိုးတက်လာတာတွေ့ရတဲ့အတွက် "မဆုမြတ်" အစားဝမ်းသာဂုဏ်ယူမိပါတယ် "အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်" လိုမျိုး ဇာတ်ဆုံးခါနီးရောက်လေ စိတ်ဝင်စားဖို့ကောင်းလေဖြစ်တဲ့ ဇာတ်လမ်းမျိုးကို ပိုကြိုက်တယ် "အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထားရဲ့မျက်နှာဖုံးက အရမ်းလှပြီး ဇာတ်လမ်းကလည်းယခင်လထက်ပိုပြီးလေးနက်လာတယ် ...

ဆရာမ ဆုမြတ်မွန်မွန်ရဲ့ ထာဝရဝရိသတ်
အောင်စိုးပိုင်
အမှတ်(၁)၊ ရွှေကျွန်း(၂)လမ်း။
မော်လမြိုင်ကျွန်းမြို့။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆု

မဆုရဲ့စာအုပ်တွေ အရမ်းဖတ်လို့ကောင်းတယ် မဆုရဲ့စာအုပ်တွေကို ဝယ်ထားတာတွေလည်း အများကြီးပဲ မဆုကို ညီမလေးတို့ဆီ အလည်ခေါ်ချင်ပါတယ် မဆုကို ဆက်လက်အားပေးလျှက် ...

အညာမြေမှ မဆုကိုအားပေးနေသော
ညီမလေးမွန်

ဒေါ်သီသီဆွေ
တိုင်းအမှတ်(၁၀)၊ မြန်မာ့မီးရထား
ဝခုဏ္ဍမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်လို့ခေါ်ပါရစေ။ ကျွန်တော်က မမွန်ရေးတဲ့ဝတ္ထုတွေကို အရမ်းနှစ်သက်နေမိသူပါ။ မမွန်ဝတ္ထုတွေအရမ်းကောင်းတာပဲနော်။ မမွန်ရဲ့ဝတ္ထုကို လသုံးစင်းနှင့်ကခုန်ခြင်းကနေ စဖတ်ဖြစ်တာပါ။ နောက်လည်း ထွက်သမျှစာအုပ်တွေကို အကုန်ဖတ်ဖြစ်ပါတယ်။ ပရိသတ်အပေါ် အရေးထားတဲ့ မမွန်တစ်ယောက် အောင်မြင်မှုတွေနဲ့ အမြဲပျော်ရွှင်ပါစေလို့ တောင်းဆုပြုလိုက်ပါတယ်။

မမွန်ရဲ့ပရိသတ်
မောင်သန့်ဝင်း

ဦးစံမောင်(ခ)ဦးငမဲ+ဒေါ်ဦးသန်းကြည်
လက်သမား
ရေညဝတီ(က)ရပ်ကွက်၊ နန်းရွှေဥကျောင်းဝင်းလမ်း
စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမရဲ့ဝတ္ထုတို ဝတ္ထုရှည်တွေ တောင်သာမှာထွက်ပြီးသမျှ အကုန်ဖတ်ဖူးတယ်။ ဝတ္ထုရှည်ထဲမှာ ညီမအရင်ဆုံးဖတ်ဖူးတာက 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ'ပါ။ မမရေးတဲ့ဝတ္ထုတွေ အကုန်လုံးလိုလိုကိုကြိုက်တယ်။ ဝတ္ထုတိုတွေက မမရဲ့ဝတ္ထုတိုပေါင်းချုပ်ထဲမှာ ဖတ်ဖူးတာ။ မမရဲ့အင်တာဗျူးကို Perfect ထဲမှာ ဖတ်ရတယ်။ မမဟာ ညီမအကြိုက်ဆုံး စာရေးဆရာမပဲ။ မမက အသက်ငယ်ငယ်နဲ့ စာရေးဆရာမဖြစ်တာ။ မမကို ညီမလေး အရမ်းသဘောကျတယ်။ မမရဲ့ဝတ္ထုတွေကို ညီမလေးအားပေးနေမယ်နော်။

မမကိုအားပေးနေမဲ့ပရိသတ်တစ်ဦး
အေးမွန်သန့်
အင္ဂမတန်း(က)
တောင်သာမြို့။

ဦးမြတင်+ဒေါ်ဝင်းတင့်
သမီးအေးမွန်သန့်
အမှတ်(၆)၊ တောင်သာမြို့၊
ဝါစက်ကြီးအနောက်။

www.burmeseclassic.com

## စာေပနာစာေပ ၏

## အမှတ်တရအစီအစဉ်

အစ်မ

အစ်မရဲ့ဝတ္ထုတွေထဲမှာ အင်္ဂလိပ်စကားလုံးလေးတွေ ထည့်ထည့်ရေးထားတော့ ညီမလေးတို့လို စာဖတ်ပရိသတ်တွေအတွက် ဗဟုသုတတိုးစေလို့ အစ်မရဲ့ဝတ္ထုကို အရမ်းပဲနှစ်သက်ပါတယ်။ အစ်မက အရမ်းချောတာပဲနော်။

အစ်မကို ထာဝရအားပေးနေမယ့်
စောယွန်းနွယ်

စောယွန်းနွယ်
မကြီးကုန်းကြီးရွာမြောက်ပိုင်း
မြို့သစ်မြို့နယ်
မကွေးတိုင်း။

## စာေပနာစာေပ ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါမ

မရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ စာရေးဆရာမထဲမှာ Crazy အဖြစ်ဆုံးပါပဲ။ 'မှော်ကဗျာ ရွှေရုပ်ကနေ အလွမ်းတိုင်း မရပ်တဲ့သံယောဇဉ်ရထား' အထိ ဖတ်ပြီးပါပြီ။ အရမ်းကောင်းပါတယ်။ မရဲ့ idea တွေက အရမ်းလန်းတယ်နော်။ မရဲ့စာအုပ်တွေက attractive ရှိတယ်။ ဆက်လက်ထွက်ရှိမဲ့ စာအုပ်တွေကို စောင့်မျှော်နေပါတယ်။ စာပေလောကရဲ့ ထိပ်ဆုံးမှာ အမြဲထာဝရအောင်မြင်မှုရရှိနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် မ ...။

ခင်သန့်လွင်
2nd Yr. E major
ပုသိမ်တက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မင်္ဂလာပါမမ

မမဆုလို့ပဲခေါ်ပါရစေ။ မျက်နက်ဝန်းရဲ့မေတ္တာတံချူကို ပထမဦးဆုံးဖတ်လိုက်ရလို့ အရမ်းကြိုက်ပါတယ်။ မမရဲ့စာအုပ်တွေကို ကျော်မဖတ်ချင်လောက်အောင်ကို ဖြစ်သွားတာ။ အရမ်းကောင်းတာပဲ မမရယ်။ အဲဒီကစပြီး ညီမလေးထွက်သမျှ စာအုပ်ကို ဖတ်တယ်။ (၁၂)လပိုင်းထွက်မဲ့စာအုပ်တွေကို မျှော်နေမယ်။

ညီမလေး အိအိလွင်

ဦးမောင်မောင်ဝင်း+ဒေါ်တင်တင်ဝင်း
အမှတ်(၁၂)ရပ်ကွက်၊
ဂျိုဗွောလမ်းဆုံ

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

မမဆုမွန်

ကျွန်တော်က မမဆုမွန်ရဲ့ ပရိသတ်တစ်ယောက်ပါ။ မမဆုမွန်ရဲ့စာအုပ်တွေက ဖတ်လို့ကောင်းတယ်။ ဇာတ်လမ်း ဇာတ်ကွက်တွေက အရမ်းကောင်းတယ်။ ကျွန်တော်တို့ဘက်က စာအုပ်ဆိုင်တွေမှာ မမဆုမွန်ရဲ့စာအုပ်တွေက ဖတ်တဲ့သူပေါ်တော့ တစ်ခါဖတ်ဖို့ရာ အကြာကြီးစောင့်ရတယ်။ မမဆုမွန် စာအုပ်တွေထဲက "အချစ်သို့ တစ်ချက်ငဲ့ကြည့်စဉ်"ကို ကျွန်တော် ကြိုက်တယ်။ မမစာအုပ်တွေ များများဆက်လက်ရေးသားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

နေမျိုးလင်း
ရွာတန်း၊ ရွှေအိုင်ကျေးရွာ၊
ရမည်းသင်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ အချစ်ဦး နှင့်လွဲပြီးသည့်နောက်ဖူးစာ စာအုပ်ကို ပထမဦးဆုံးစဖတ်ဖြစ်တာပါ။ အဲဒီစာအုပ်ကနေစပြီး ကျွန်တော်ဟာ မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ဖြစ်သွားပြီပေါ့ဗျာ။ မဆုမြတ်ရဲ့ထွက်ပြီးသည့်စာအုပ်တိုင်းလိုလို ဖတ်ဖြစ်ပါတယ်။ မဆုမြတ်ရဲ့အရေးအသားတွေက အရမ်းကောင်းတယ်။ တခြားစာရေးဆရာတွေနဲ့မတူဘဲ အရမ်းကိုဆွဲဆောင်မှုရှိတယ်။ အရမ်းခိုက်တယ်။ ခုလိုအောင်မြင်နေတဲ့အတွက် မဆုမြတ်ကို လေးစားမိတယ်။ ဂုဏ်ယူမိတယ်။ နောက်နောင်လည်း ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဝသန်မိုး
မင်းကျောင်းဆောင်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကန်အောက်ရပ်၊
တောင်ကြီးမြို့၊
ရှမ်း/တောင်။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ မဆုမြတ်မွန်မွန်

သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ် နိုဝင်ဘာလမှာ ထွက်ရှိလာတဲ့"အဆင့်မြင့်ရည်းစားစကား"စာအုပ်ကိုဖတ်ပြီးသွားပြီ ဒီစာအုပ်ထဲမှာက မိန်းမတို့ဘဝကို အဓိကထားပြီးရေးဖွဲ့ထားတာတွေ့ရတယ် မိန်းကလေးတို့အတွက် ဗဟုသုတရတာပေါ့၊ မဆုမြတ်ရေးတဲ့စာအုပ်တွေဟာ မကောင်းတဲ့စာအုပ်ဆိုတာမရှိပါဘူး အားလုံးဆွဲဆောင်မှုရှိတယ် ...

မဆုမြတ်ကို ထာဝရအားပေးနေမဲ့ ပရိသတ်တစ်ယောက်
မစန်းစန်းကြူ
အမှန်(၂၁၄)၊ သီတာလမ်းသွယ်၊
ပါရမီ(၂)ရပ်၊ မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မမွန်

မိုးက စာဖတ်ရတာကို ငယ်ငယ်ကတည်းကဝါသနာပါတယ် ဒါပေမဲ့ မမွန်ရယ် ဝါသနာဆိုတာ ဖျောက်ဖျက်ဖို့လွယ်တာမဟုတ်လို့ သူငယ်ချင်းတွေငှားဖတ်တဲ့ မမွန်ရဲ့ "ကြက်ကလေးရဲ့နှင်" စာအုပ်ကိုစဖတ်မိရာကနေ မမွန်ရဲ့စာအရေးအသား ဇာတ်အိမ်အဖွဲ့အနွဲ့ ပီပြင်ပုံတွေကြောင့် မမွန်ရဲ့စာအုပ်တွေကို မလွတ်တမ်းစောင့်ဖတ်နေခဲ့တဲ့သူတစ်ယောက်ပါ မမွန်ကို အရမ်းလေးစားမိတယ်။

မစိုးမိုမိုဖြူ
ဘ/ဆ ဒေါ်တင်လှ
သဲအင်းဂူတရားပြကျောင်း၏အရှေ့ဘက်
အောင်ချမ်းသာရပ်၊ မုံရွာမြို့။

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

မမဆုဆီကို ပထမဆုံးအကြိမ် မိတ်ဆက်စာရေးတာပါ ဝေက မမဆုရဲ့အမြဲတမ်းစာဖတ်ပရိသတ်တစ်ဦးပါ မမဆုရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ် လစဉ်ထွက်သမျှဖတ်ဖြစ်တယ် ဝေအကြိုက်ဆုံးစာအုပ်ကတော့ "သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ" ပါ ဝေ မမဆုကို အားကျတယ် ဂုဏ်ယူလေးစားပါတယ် မမဆုစာတွေကို စဉ်ဆက်မပြတ်ထာဝစဉ် ရေးသားနိုင်ပါစေလို့ ဆုတောင်းလျက်ပါ ...

ခင်မင်စွာဖြင့်
ဝေမာခင်
ပေါ်ချိုအထည်ဆိုင်

အမှတ်(၁)၊ မြို့မဈေးအတွင်း
ရုံ(2) ဆိုင်နံပါတ် 21/22
ဝဆုတ္တမြို့။

www.burmeseclassic.com

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်ကတော့ မဆုမြတ်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ ကျွန်တော်က ကျောင်းသားပါ အပြင်အလုပ်အကိုင်ကတော့ Model တစ်ဦးပါ အနုပညာဘက်ကို ဝါသနာပါတော့ မဆုမြတ်ရဲ့ အချစ်ဝတ္ထုလေးတွေကို ဖတ်မိတာပေါ့ဗျာ မဆုမြတ်ရဲ့ စာအုပ်တော်တော်များများကို ကြိုက်ပါတယ် "ဒဿန"လေးတွေကိုလည်း နှစ်သက်ပါတယ် ကျွန်တော့်အနေနဲ့ အကြံပေးချင်တာကတော့ မဆုမြတ်ဝတ္ထုရေးတိုင်းမှာ "ဒဿန" လေးတွေများများထည့်ပေးပါလို့ request လုပ်ချင်ပါတယ် မဆုစာပေလောကမှာ အောင်မြင်ပါစေလို့ ဆုတောင်းရင်းနဲ့ ...

ထက်သူရိယအောင်
2 Year (Maths)
ရတနာပုံတက္ကသိုလ်၊ မန္တလေး

စေတနာစာပေ
၏
# အမှတ်တရအစီအစဉ်

မဆုမွန်မွန်

သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ် ဝတီက မဆုမွန်ရဲ့ အမာခံပရိသတ်တစ်ဦးပါ "တစ်သက်မှာတစ်ခါ တစ်ခါမှာ တစ်ယောက်" ဝတ္ထုစာအုပ်လေးကို ဝတီဖတ်ပြီးပါပြီ ဖတ်ပြီးတိုင်းလည်း ရင်ထဲမှာတစ်ခုခုတော့ကျန်ခဲ့တာကြီးပဲ စာအုပ်တစ်အုပ်ချင်းစီမှာ မတူညီတဲ့အချက်လေးတွေရှိတာကို သဘောကျတယ် မဆုမွန်စာပေလောကမှာ ရတုအဆက်ဆက်ရှိနိုင်ပါစေလို့ ဆုတောင်းပေးရင်း ...

မဆုမွန်ရဲ့ ပရိသတ်
ပိုးဝတီ

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူစာပေ
၏
## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

သမီး ဆရာမကို အရမ်းလေးစားပါတယ် သမီးတို့မြို့ကို ရောက်သမျှစာအုပ်တွေ အကုန်လုံးသမီးဖတ်ပြီးသွားပြီ အကုန်လုံး ကောင်းပါတယ် သမီးကတော့ အကုန်လုံးကြိုက်တယ် အကြိုက် ဆုံးက "အဆင့်မြင့်ရည်းစားစကား" စာအုပ်ပါ ဆရာမ မြန်မာ ပြည်ကစာရေးဆရာလောကမှာ **Best seller** တစ်ယောက်ဖြစ်ပါ စေလို့ ...

ထာဝရလင်းလက်တောက်ပနေပါစေလို့
ဆုတောင်းရှင်း
ဆရာမရဲ့ ထာဝရဖရိုသတ်
C.S.N (တင်ဇာခိုင်)
အမှတ်(၂)၊ (၄)လမ်း ၄-ရပ်ကွက်၊
ညောင်တုန်း

စာဖတ်သူစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမမွန်ရဲ့စာအုပ်တွေကို အတော်လေးကြိုက်နှစ်သက်ပါ တယ်။ နောက်ပြီး မမွန်ရဲ့တချို့စာအုပ်တွေဆို ဝယ်ထားပါတယ်။ မမွန်က စာရေးတာ သိပ်ကောင်းတာပဲနော်။ မမွန်ရေးတဲ့ဇာတ်လမ်းက သိပ်ကောင်းလွန်းလို့ ခဏခဏဖတ်မိတယ်။ ကျွန်တော် ဖတ်ရသမျှ စာအုပ်တွေထဲမှာ 'သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒဏ္ဍာရီ' ဆိုတဲ့စာအုပ်ကို သိပ်ကြိုက်တယ်။ မမွန်ရဲ့ စာသားတွေကို စိတ်ဝင်စားတယ်။ မမွန်လှသလောက် အချစ်ဝတ္ထုတွေအများကြီးထုတ် နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမွန်ကိုလေးစားလျက်
လွမ်းနောင်(ခ)အောင်မင်း
မဟာမိတ်နာရီဆိုင်
ရွှေဘိုမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ

ကျွန်တော် ဆရာမဝတ္ထုတွေ မဖတ်ရတာ(၁၀)လလောက် ရှိပြီထင်တယ် ဆရာမဝတ္ထုအသစ်တွေ အများကြီးထွက်ရောပေါ့ ဖြစ်နိုင်ရင် ဖတ်ချင်ပါတယ် ဒီမှာလဲ ဆရာမစာဖတ်ပရိသတ်တွေ ရှိမယ်လို့ ယုံကြည်မိပါတယ် ...

ဆရာမအား အစဉ်လေးစားလျက်

ရဲရင့်အောင်

ခေတ္တ – စက်ဘုပ္ပ

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

အစ်မရဲ့ အမာခံပရိသတ်တစ်ဦးပါ။ ယနေ့ထိ မဆုမြတ်ရဲ့ အမာခံပရိသတ်စစ်စစ်ဦးပါ။ မဆုမြတ်ရဲ့ စာအုပ်တွေကို အားပေးနေဆဲပါ။ မမဆုမြတ်ရဲ့ ဓာတ်သိမ်းတွေကို သဘောကျတယ်။ မဆုမြတ်တစ်ယောက် အောင်မြင်မှုအပေါင်းပြည့်စုံပါစေ။

လဝန်းအိမ်

အမှတ်–၁၁၉၊ ရွှေပေးကျေးရွာ၊

မြိတ်မြို့၊ တနင်္သာရီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်မှုများစွာဖြင့် မဆုမြတ်လို့ခေါ်မယ်နော် မဆုမြတ်ရဲ့ စာအုပ်တွေကို အမြဲအားပေးနေတာပါ မဆုမြတ်ရဲ့စာအုပ်တွေ အားလုံးကောင်းပါတယ် မဆုမြတ်ရဲ့ပုံလေးက ချစ်စရာကောင်း တယ်နော် မဆုမြတ်အောင်မြင်မှု သရဖူဆောင်းနိုင်ပါစေ။

ခင်တဲ့
ညီမလေး စန္ဒာဝင်း (ဒိုက်ဦး)

အမှတ် (၉)ရပ်ကွက်၊ ဖအောင်ဝဲ
သီရိမင်္ဂလာမှန်ကျောင်းရှေ့၊ ဒိုက်ဦးမြို့
ဒေါ်ကြည်ဝင်းအထည်ဆိုင် C/O စန္ဒာဝင်း

# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမ

ဆုမြတ်မွန်မွန် ညီမလေးပျော်ရွှင်ခြင်းများစွာဖြင့် စာရေး လိုက်ပါတယ် မမရဲ့ဝတ္ထုတွေကို VCD ဇာတ်ကားအဖြစ်နဲ့ မြင်လိုက်ရလို့ ညီမလေးအရမ်းဝမ်းသာတာပဲ ညီမလေး မမရဲ့ ဝတ္ထုတွေထဲမှာ သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီစာအုပ်ကို အကြိုက်ဆုံးပဲ။

ခိုင်လေး
စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကွက်သစ်
ပလိပ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
# ၏
# အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုရေ

မဆုရဲ့ စာရေးဟန်ကို အရမ်းကြိုက်တယ် ဇာတ်ကောင်တွေရဲ့ပြောစကားတွေက မိုက်တယ် အဲဒါတွေကို ဖတ်ရတာလန်းတယ် မဆုရေးသလိုပေါ့ လွှငယ်စမ်းခိုင်လိုပါ ရေးထားတော့အတုတောင်ခိုးချင်တယ် မဆုရဲ့စာအုပ်တွေဖတ်ရတာ ပညာလည်းရသေးတယ် ကဗျာလေးတွေလည်း နှစ်သက်တယ်။

ကောင်းကင်မှ ကြယ်တစ်ပွင့်
အဲဒါ မဆုအတွက်
ချစ်တဲ့ ညီမလေး
ခုနှစ်စင်

အမှတ် ၁၃၁၀
သီရိမင်္ဂလာ (၃)လမ်း
ပါရမီ (၁)ရပ်ကွက်
မြိတ်မြို့၊ တနင်္သာရီတိုင်း

*ဒို့တာဝန်အရေးသုံးပါး*

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်ပွန်ပွန်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"စောင့်လိုက်ရတာ တခက်ရယ်၊ မလာတော့ဘူးထင်နေရယ် ဖုန်းကလည်း ခေါ်လို့ကိုမရဘူး၊ ခေါ်လိုက်ရင် E ရှိ Congestion ဖြစ်နေတာ၊ Message တွေက Failed ဖြစ်၊ ဟာ ... ဘယ်လိုမှကို အဆင်မပြေဘူး ...

ဒီဟန်းဒ်ဖုန်းတွေကလည်း အရေးအကြောင်းဆိုမမိုက်လိုက်တာကွာ"

တခက်သည် ညည်းညူပြန်းလျှစွာ ပြောနေသော လင်းညို့ကိုကြည့်ကာ ကိုယ်လည်း စိတ်မချမ်းသာပေ။ စိတ်မချမ်းသာစွာနှင့် ချစ်သူ စိတ်သက်သာရာရအောင် အားယူပြုံးပြလိုက်ရသော်လည်း ကိုယ့်အပြုံးဟာ မချိပြုံးကြီး ဖြစ်နေမှာကိုလည်း ကိုယ့်ဟာကိုယ်သိသည်။ လင်းညို့သည် တခက်ရဲ့လက်လေးတွေကို ဆွဲယူဖျစ်ညှစ်လိုက်လျှင် လက်ဖျားလေးတွေက အေးစက်ပြီးနေသည်။ လက်ဖျားတွေက အေးစက်နေပေမယ့် နှုတ်ခမ်းဖျားထက်မှာတော့ ချွေးစလေးတွေစို့နေသော တခက်သည်လည်း သူနဲ့တွေ့ဖို့ ဘယ်လောက်တောင်များ ကြိုးစားထွက်ခဲ့ရရှာမှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ..."

ရင်ဘတ်ကြီးနှင့်အပြည့်ချလိုက်သော သက်ပြင်းချသံကြီးသည် သူတို့အနီးအနားပတ်ဝန်းကျင်တွင် ကျယ်ပြန့်လို့သွားလေသည်။

"တခက် ဘယ်လိုထွက်လာခဲ့တာလဲဟင်"

"အင်း ... ဒီလိုပဲပေါ့ လင်းညှို့ရယ်၊ ဒါတွေ မေးမနေပါနဲ့တော့၊ အခြေအနေကတော့ သိပ်မကောင်းဘူးလို့ တခက်ထင်တယ်သိလား"

"အဘိုးက ခြောင်ဖွင့်မေးပြီလား"

"ခြောင်တော့ဖွင့်မမေးသေးဘူးပေါ့။ ဒါပေမဲ့ အဘိုးကြည့်ရတာ သိနေတဲ့ပုံပဲ။ သိသလိုမျိုးကြီးပေါ့နော်။ ဒါကြောင့်လည်း အမြဲ Check လုပ်နေတာပေါ့ ...

ပြီးတော့ နေဇယ် ဆိုတဲ့တစ်ယောက်ကလည်း အိမ်ကိုခဏခဏလာတယ်"

"အရင်တုန်းကလည်း လာတယ်ဆို"

"အင်း ... ဒါပေမဲ့ အခုလာတာက တစ်မျိုးပဲ၊ အဘိုးနဲ့တစ်ခုခုကို ကျိတ်တိုင်ပင်နေတဲ့ပုံမျိုးပဲ ...

စာကြည့်ခန်းထဲ ဝင်သွားရင် အကြာကြီးပဲ။ အရင်ကဆို ဘိုးဘိုးက ချက်စ်ထိုးရင် သူ့အဖေနဲ့ပဲထိုးတာ။ အခုတော့ သူနဲ့ပါထိုးတယ်။ အို ... တစ်ခုခုတော့ တစ်ခုခုပါပဲ လင်းညှို့ရယ်"



လင်းညှို့သည် မျက်နှာလေးမှုန်ကာ နူးနူးညံ့ညံ့နှင့်အားတိုးသက်သက်စကားတွေဆိုနေသော တခက်ကို ကြင်နာစွာဖြင့်ငေးမဝဘဲ ရှိနေသည်။

တခက်ကို သူက ချစ်တယ်ဆိုတာထက် မြတ်နိုးတာအပိုသည်။ ချစ်ခြင်းနှင့် မြတ်နိုးခြင်းတို့ဟာ တူမလိုလိုနှင့် မတူချေ။ ချစ်သူတိုင်းတွင် အချစ်တို့ရှိတတ်တာဟာ မဆန်းတတ်သေးကဲ့သည်း မြတ်နိုးတန်ဖိုးထားတတ်မှု ဆိုတာကတော့ အတွဲတိုင်းဆီမှာမရှိတတ်ဟုထင်သည်။ အားသွား

တခက် အပေါ်တွင်ထားသော သူ့ရဲ့ချစ်ခြင်းတွေထဲတွင် အချစ်တွေသာမက မြတ်နိုးခြင်းတွေပါ စုပုံပါဝင်နေလေ့ရှိသည်။ တခက်ရဲ့ပုံစံလေးကလည်း တကယ့်ကို မြတ်နိုးချင်စရာပုံအပြည့်ဖြစ်သည်။

ဒီခေတ်ထဲတွင် ရှားပါးနေပြီဖြစ်သော နူးနူးညံ့ညံ့နှင့် သိမ်သိမ်မွေ့မွေ့ပုံစံမျိုးလေးဖြစ်သည်။ ကျောအလယ်ကျော်ကျော်ခါးထိမရောက်တရောက် ဆံနွယ်ပျော့ပျော့စင်းစင်းလေးတွေကိုနဖူးအလယ်တည့်တည့်ခွဲထားကာ အေးချမ်းသော အပြုံးလေးတစ်ပွင့်နှင့် အမြဲနူးညံ့ချိုသာတတ်သောသူလေးဖြစ်သည်။

အဲဒီသူလေးသည် အိမ်ထဲကအိမ်ပြင် သိပ်လည်းမထွက်တတ်သော အိမ်တွင်းပုန်းမလေးလည်း ဖြစ်သေးသည်။ ဒီခေတ်ကြီးထဲမှာ မိန်းကလေးမှန်လျှင် အိမ်ထဲမှာနေဖို့ သိပ်မစဉ်းစားတော့ဘဲ ဆယ်တန်းအောင်ပြီးတာနှင့် ကိုယ်ဝါသနာပါရာ သင်တန်းတွေတက်၊ ကျောင်းတက်၊ အလုပ်လုပ်ဖို့ စဉ်းစားနေကြ

www.burmeseclassic.com

www.burmeseclassic.com



သူများထဲတွင် ကိုယ့်ရဲ့တခက်က ပါမလာချေ။ နန်းတော်တမျှ ခမ်းနားထည်ဝါသော အိမ်ကြီးထဲတွင် တခက်ရဲ့ဘဝလေးသည် အပူအပင်မဲ့စွာ ငြိမ်းငြိမ်းချမ်းချမ်းလေးပဲ ရှိခဲ့သည်။

အဲဒီထဲမှာမှ သူနဲ့ တခက်ရဲ့ ဆုံစည်းပုံသည် မရိုးသည်း မရိုးခဲ့သလို ဆန်းလည်း မဆန်းခဲ့ချေ။ သူသည် တခက့်ကို ပြီးတော့မှပဲ ဖူးစာတို့ ရေစက်တို့ဆိုတာတွေကို ပိုယုံသွားခဲ့စ်ပါသည်။ တကယ်ဆိုလျှင် သူလို အဆိုတော်ပေါက်စလေး တခက်လို မြန်မာပြည်ရဲ့ ဘီလျံနာကြီးတစ်ယောက်ရဲ့တစ်ဦးတည်းသောမြေးမလေးတို့မှာ ဆုံစည်းဖို့အကြောင်းကိုစ္စ သိပ်မရှိခဲ့ပါ။

တခက်သည် သူတို့သွားနေကျနေရာတွေဖြစ်သည့် Show ပွဲများ၊ ရှော့ပင်းမော်လ်များ၊ ပလာဇာများ၊ ကော်ဖီဆိုင်များ၊ ဘားပွဲ ညာပွဲ စသဖြင့် အဲဒီနေရာတွေသို့ တစ်လတစ်ကြိမ်ရောက်တောင် ခြေဦးလှည့်တတ်သူ မဟုတ်ချေ။

အဲဒီလိုအဖြစ်မျိုးထဲကမှ သူနဲ့ တခက် ဆုံစည်းရပုံမှာ တခက်တို့ ကုမ္ပဏီလုပ်ငန်းစုကြီးရဲ့ နှစ်ပတ်လည်ညစာစားပွဲ ဒင်နာပါတီမှာ ဆုံဖြစ်တာဖြစ်သည်။ အဲဒီ နှစ်ပတ်လည်ဒင်နာပွဲကြီးကို အထူးစပါယ်ရှယ်ဘူဖေးနှင့်အတူ စတေ့ချ်ရှိုးတီးဝိုင်းတွေနဲ့ပါ တခမ်းတနား ကျင်းပလေရာ သူသည် တီးဝိုင်းအဖွဲ့နဲ့အတူ အဲဒီဒင်နာမှာ သွားရောက်ဖျော်ဖြေရတာဖြစ်သည်။ တကယ့်နာမည်ကြီး အဆိုတော်တွေရော၊ နာမည်မကြီးတကြီးတွေရော စသဖြင့် အဆိုတော်တွေ များစွာပါဝင်ကြသည်။



သူသည် အတွဲခွေတွေမှာ ပါဝင်သီဆိုခဲ့ပြီး သူ့သီချင်းလေးပုဒ်လောက်က ပေါက်သီချင်းတွေ ဖြစ်ထားလေရာ လော့လောဆယ်မှာတော့ နာမည်ကြီးစ အဆိုတော်ပေါက်စလေးဟုပဲ ပြောပါစို့။ အရပ်ရှည်ရှည် ခန္ဓာကိုယ်ခပ်ကျစ်ကျစ်နှင့် ဝတ်တတ်စားတတ်သောသူသည် ကောင်မလေးတွေကြားထဲမှာလည်း ပေါပြူလာဖြစ်သောသူဖြစ်၏။ သို့သော် အဲဒီလိုလူတစ်ယောက်ကို ဂရုမစိုက်ဘဲ တစ်နေရာတည်းမှာ အပြုံးလေးတစ်ခုနှင့် ငြိမ်သက်အေးဆေးစွာ ထိုင်နေသော တခက်ကို သူက မြင်မြင်ချင်းပဲ စိတ်ဝင်စားသွားခဲ့တာဖြစ်သည်။

အဲဒီအချိန်ထိ သူဟာ တခက်ကို ကုမ္ပဏီပိုင်ရှင်ကြီး၏ ချစ်စွာသောမြေးမလေးမှန်း မသိခဲ့ပါ။ သို့သော် တခက်ရဲ့ပုံစံလေးဟာ အဆင့်အတန်းမြင့်မြင့် အထက်တန်းကျကျထဲကဆိုတာတော့ မြင်တာနှင့်သိသည်။ နို့နှစ်ရောင်ဂါဝန်အရှည်လေးကို ဝတ်ကာ ဆံနွယ်တွေကို ဒီအတိုင်းဖြန့်ချထားသော ကောင်မလေးသည် ဘယ်သူနဲ့မှ မတူဘဲ ငြိမ်းချမ်းအေးမြစွာ တစ်ယောက်တည်းရှိနေသည်။ လူတွေကြားထဲမှာ သိပ်ရောရောနှောနှောမရှိ။

သီချင်း နားထောင်ရတာကိုတော့ ကြိုက်ပုံရကာ စတေ့ချ်စင်နားမှာ နေရာယူထားသဖြင့် သူကလည်း သတိထားမိသွားတာဖြစ်သည်။

နောက်ပိုင်း မေးမြန်းစုံစမ်းကြည့်တော့မှ သူမဟာ သူဌေးကြီးဦးမြသာရဲ့ တစ်ဦးတည်းသော အချစ်ဆုံးမြေးမလေး 'စွဲတခက်' ဆိုတာ သိခဲ့ရတာဖြစ်သည်။ သူ့ကို ပြောပြသောလူက အသာလက်တို့ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားရင် အခုတည်းက မိတ်ဆက်ပြီး ဖုန်းနံပါတ် တောင်းထားနော်။ ဒွတ်ခက်က တစ်ပင့်တိုင်မြန်နှုန်းက မင်းသမီး။ အပြင်တွေ ဘာတွေ သိပ်ထွက်တာမဟုတ်ဘူး။ အဘိုးကြီးက သူ့မြေးမလေးကို တုန်နေအောင်ချစ်တာ။ သတိတော့ထား ကြည့်ကျက်လုပ်ရှား"

အဲဒီလို ပြောလိုက်တာနှင့် သူက အရိပ်ပြလျှင် အကောင်မြင် သဘောပေါက်ခဲ့ပြီဖြစ်သည်။ သူ့ အလှည့်မရောက် သေးခင်မှာ တခက်ကို မိတ်ဆက်လိုက်သည်။ ကံကောင်းထောက်မ စွာဖြင့် တခက်က သူ့ကို သိနေသဖြင့် တော်သေးတော့သည်။ အဲဒီနေ့ညက သူနဲ့တခက် စကားအနည်းငယ်ပြောကာ ဖုန်းနံပါတ် လဲလိုက်ကြသည်။ သူက သိပ်ကြာကြာတောင်မစောင့်ပါ။ အဲဒီည တွင်းချင်းပဲ ဖုန်းဆက်ခဲ့သည်။ နောက်နေ့တွေလည်း မရပ်မနား။ ဒီဘက်ခေတ်ကြီးထဲမှာ ဖုန်းပြောခြင်းအတတ်ပညာရှင်တွေ မှိုလို ပေါက်နေလေရာ အဲဒီအထဲတွင် သူလည်း တစ်ယောက်အပါအဝင် ဖြစ်လာသည်။

ဖုန်းထဲမှာ ဆုံဖြစ်ကြသည်။ ဒီလိုနှင့် အပြင်မှာ ရုံဖန်ရံခါတွေ့၊ ညတိုင်းဖုန်းပြော နောက်ဆုံးမှာတော့ နှလုံးသား ချင်း ဖလှယ်ပြီးကြသည်။ ချစ်သူတွေဘဝသို့ ရောက်ခဲ့ကြတော့တာ ဖြစ်သည်။

သူနဲ့ တခက်တို့၏ ချစ်သူဘဝသည် သူများရည်းစား တွေလို လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးမရှိလှပါ။ တခက် သည် သူမရဲ့အဘိုးကိုလည်း အင်မတန်ချစ်ကြောက်ရိုသေရသော သူဖြစ်သည်။ ရည်းစားထားတာကလည်း အဘိုး မသိအောင် ခိုး



ထားခြင်းဖြစ်လေရာ သူတို့အဖြစ်မှာ ရှေးခေတ်ရည်းစားကြီးတွေ နှင့်တူနေသည်။ ဒါပေမဲ့ သူက တခက်ကို အချစ်စစ်နှင့်ချစ်သောသူ ဖြစ်လေရာ အဲဒီလောက်ကို မမှုပါ။ ရုံဖန်ရံခါ တွေ့ခွင့်ရခြင်းနှင့် အတူ ညတိုင်း ချစ်စကားတွေ တီတီတာတာ ပြောခွင့်ရခြင်းကိုပဲ မွေ့လျော်နေပြီဖြစ်သည်။

ဒါပေမဲ့ ဘယ်အရာမှ ကြာကြာဖုံးကွယ်ထားရိုးထုံးစံ မရှိရလေရာ သူနဲ့ တခက်တို့ အချစ်ကိစ္စကို ဘိုးတော်ကြီးက သိသွားပြီဟု ထင်သည်။ တခက်ကို ပိုမိုတင်းကျပ်လာသည်ဟု တခက်က ပြောပြပါသည်။

"လင်းညို ဘာတွေစဉ်းစားနေတာလဲ၊ တခက် ပြောတာတွေ ကြားရဲ့လား"

သူသည် အတိတ်လမ်းကို ပြန်လျှောက်နေမိသည်မှာ တခက်ရဲ့အသံ ကြားတော့မှာပဲ လက်ရှိအခြေအနေကို စိတ်ပြန် ကပ်တော့တာဖြစ်သည်။

"ဆောရီး ... တခက် ဘာပြောလိုက်တာလဲဟင်"

"ကြည့် ... ဘာကြီးမှန်းလဲမသိဘူးကွာ၊ ဒီမှာတော့ အားကိုး တကြီးနဲ့ ပြောလိုက်ရတာ၊ သူက ဘယ်ကိုစိတ်ရောက်နေ မှန်း မသိဘူး"

တခက်က သူ့ကို ဒေါသထွက်တာလည်းမဟုတ်ဘဲ သူမဘာသာ စိတ်ညစ်နေပုံလေးဖြင့် နှုတ်ခမ်းဆူကာ ညည်းညူလျှင် သူသည် အဲဒီပုံစံလေးကို အတိုင်းမသိ ချစ်မြတ်နိုးရလေသည်။ တခက်သည် သူ့ကိုဆိုလျှင် အခွင့်အရေးယူပြီး စိတ်ဆိုးတာ၊ စိတ်ကောက်တာမျိုး သိပ်မရှိချေ။ အမြဲနူးညံ့အေးဆေးသော မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာလေးမှာ ဒေါသထွက်တာ သူ တစ်ခါမှ မမြင်ဘူးပါ။ တစ်ခုခု ဆိုလျှင် သူမဘာသာပဲ ခပ်တိုးတိုး ညည်းနေတတ်ရလေ့ရှိသည်။

သူက ချော့မော့သည့်သဘောဖြင့် တခက်ရဲ့ လက်ဖမိုးလေးကို အုပ်မိုးဆုပ်ကိုင်ကာ ...

"ဘယ်ကိုမှမရောက်ဘူး။ တခက်ဆီကိုပဲ စိတ်ကရောက်နေတာ"

"ဟင် ... လျှောက်ပြောမနေနဲ့၊ အဲဒါဆို တခက်မေးတာ ဘာလို့မကြားသလဲ"

"ဪ ... ကိုယ် စိတ်ရောက်တယ်ဆိုတာက ကိုယ်တို့ ဆုံစည်းခဲ့ရတဲ့ အချိန်လေးကို ပြန်သတိရနေတာပါကွာ၊ တွေ့ဖို့မလွယ်ကူကြတဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ ဖူးစာကံကို ပြန်သတိရနေတာ ...

ဒီလို ခက်ခက်ခဲခဲဆုံပြီးမှတော့ ဝေးဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ အဓိက,က ကိုယ် တခက်ကို သိပ်ချစ်နေတာပဲ။ သိလား"

သူ့ရဲ့ အဆုံးသတ်စကားလေးကို ကြားလိုက်ရလျှင် တခက်ရဲ့ မျက်နှာလေးမှာ ရှက်သွေးတစ်မျိုးဖြင့် နုးညံ့ဝင်းဖြာ၍ သွားလေသည်။ ရေခဲသေတ္တာထဲမှ ထုတ်ထားခါစ ပန်းသီးလေးတစ်လုံးလို ဖြစ်နေသော တခက်ရဲ့ ပါးပြင်လေးများပေါ်သို့ သူ တစ်ခါမှ အလှည့်မရောက်ဖူးသေးပါ။ လက်ဖျားလေးတွေကို အသာဖျစ်ညှစ်ဆုပ်ကိုင်ရင်း၊ လက်ဖမိုးနှင့် ဆံနွယ်များကို ညင်သာစွာ နမ်းရှိုက်တတ်ရုံကလွဲ၍ သူက တခက်ကို ဒီအတိုင်းသာ အရိပ်တကြည့်ကြည့် ရှိခဲ့သည်။



သူတို့ အခြေအနေကလည်း တခြားတောင်တောင် အီအီတွေ သမုဒယဖွဲ့ဖို့ထက် စကားကိုတောင် ဝအောင်မပြောရသည်ဖြစ်လေရာ တွေ့ဆုံချိန်လေးတွေကို အထူးပဲ တန်ဖိုးထားရလေသည်။

"တခက် ပြောနေတာက အဘိုးကသာ အတိအလင်းဖွင့်မေးလာရင် ဘယ်လိုဖြေရမလဲလို့ မေးနေတာ၊ အမှန်အတိုင်း ဖြေရမှာလား၊ ဒါမှမဟုတ် လိမ်ရမှာလား၊ လင်းညို့ကို အကြံတောင်းနေတာ"

သူသည် အဲဒီအမေးကြောင့် တခက်ကို အကြာကြီးပဲ ပြုံးစိုက်ငေးနေမိသည်။

တခက်သည် အဲဒီလိုလည်း ဖြူစင်သူလေးဖြစ်သည်။ ဒီလောကချမ်းသာသော သူဌေးကြီးရဲ့ မြေးမလေးဖြစ်ပေမယ့် မာန်မာနတွေ တခက်ဆီမှာ လုံးဝမရှိ။ ငွေကို ရေလိုသုံးဖြုန်းကာနေရာတကာမှာ လူတွင်ကျယ်လုပ်တတ်သော Sharp ဖြစ်သည့် ပုံစံမျိုးလည်းမရှိပါ။

သူ့ကို အလွှမ်းအမင်း အားကိုးတွယ်တာကာ ရိုးသားစွာချစ်ရှာသူလေးဖြစ်သည်။ ဒီလိုခေတ်ကြီးထဲမှာ ဒီလိုဖြူစင်သော ချစ်သူလေးကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ပါ။

"ဟင် ... ဘာကြည့်နေတာလဲကွာ၊ လင်းညို့ကလည်း စိတ်မပါလက်မပါနဲ့ တော်ပြီကွာ၊ ပြန်မယ်"

တခက်က တကယ်ကို စိတ်ဆိုးသွားဟန်ဖြင့် ထပြန်တော့မလိုလုပ်လျှင် သူ့မှာ ကမန်းကတန်း ဆွဲထားရသည်။ ဆွဲထားရင်းမှ တခက်ရဲ့ပခုံးလေးကိုပါ ညာတာပါတောဖြင့် ဖက်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးသည်။ သူ့ကို စိတ်ဆိုးနေသော တခက်ရဲ့ပုံစံလေးမှာ အသည်းယားဖို့ ကောင်းပါသည်။

"စိတ်မပါတာ မဟုတ်ပါဘူးကွာ၊ တခက်ကို ချစ်လွန်းလို့ ငေးနေမိတာ၊ တကယ်ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ တခြားဘာကိုမှ စိတ်မဝင်စားနိုင်ဘူး ဖြစ်နေတာ ...

ယုံပါကွာ စိတ်မပါလက်မပါ မဟုတ်ပါဘူး၊ တခက် ပုံစံလေးက ဘယ်အချိန် ကြည့်လိုက် ကြည့်လိုက် ကိုယ့်အတွက် ရင်အေးစရာကောင်းလွန်းလို့ ငေးငေးနေမိတာ။ ချစ်တဲ့စိတ်နဲ့ပါကွာ၊ အထင်မလွဲပါနဲ့"

သူက တရှည်တလျား ရှင်းပြလိုက်လျှင် တခက်က မျက်စောင်းနုနုလေးနှင့် အသာတုံ့ပြန်သည်။ ဒါဆို တခက် စိတ်မဆိုးတော့ဘူးဆိုတာ သဘောပေါက်ရသည်။

"ဒါပေမဲ့ တခက် မေးနေတာတွေကိုတော့ စဉ်းစားပေးဦးမှပေါ့"

"အင်းပါကွာ၊ ကဲ ... စဉ်းစားပေးမယ်။ တခက် ဘိုးဘိုးက ဖြောင့်ဖြောင့်မေးရင် တခက်က အမှန်အတိုင်းဖြေတယ်ပဲထားဦး သူက သဘောတူမှာလား"

"မပြောတတ်ဘူး၊ ဘိုးဘိုးစိတ်က မှန်းရခက်တယ်"

ဟင်း ... ပြီးပါလေရော။ သူလို တစ်သက်လုံး အတူနေလာတဲ့မြေးမလေးကတောင် အဘိုးစိတ်ကို မှန်းရခက်ပြီဆိုမှတော့ သူ့လို စေ့ခါသာ မြင်ဖူးထားတဲ့သူက ဘယ်လိုလုပ်မှန်းပေးနိုင်မှာတဲ့လဲ။ သို့သော် သူက တခက်ကို စိတ်ဓာတ်မကျစေလိုပါ။ တခက်ပြောသလို ဘိုးတော်ကြီးက မှန်းရခက်တယ်



ဆိုတာတော့ ဖြစ်နိုင်သည်။ ကိုယ်တိုင်က အသက်ခြောက်ဆယ်ကျော် အဘိုးကြီးဆိုပေမယ့် သန်သန်မာမာကြီးဖြစ်ကာ လူငယ်တွေနှင့်အပြိုင် အလုပ်လုပ်နိုင်ကုန်း၊ အတွေးအခေါ်တွေ ထက်မြက်စူးရှတုန်းဖြစ်သည်။

ဒါပေမဲ့ ဒီချစ်စွာသော မြေးမလေးကိုကျတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်စေတာမျိုး၊ များပြားလှသည့် လုပ်ငန်းခွဲတွေမှာ တစ်ခုခု တစ်နေရာရာမှာ ဝင်ဦးစီးစေတာမျိုး စသဖြင့် ဘာတစ်ခုမှမခိုင်းချေ။ တခက်သည် အိမ်ထဲမှာသာ မိန်းကလေးပီပီသသ နေရသူဖြစ်သည်။ အဘိုးဖြစ်သူအကြိုက် ထမင်းဟင်းများကို စပါယ်ရှယ်ချက်ပြုတ်ကာ အိမ်အလှဆင်ခြင်း၊ ခြံအလှဆင်ခြင်း စသဖြင့် အိမ်တော်ရှင်မလေးသာ လုပ်လေသည်။ ဒီလောက်ချမ်းသာကြွယ်ဝသော သူဌေးကြီးရဲ့ အမွေစားအမွေခံ မြေးမလေးဟာ မိန်းကလေးပီသစွာ ဗိုင်းကောင်းကျောက်ဖိလည်းဖြစ်နေပြန်သောအခါ တခက်ကို ချွေးမတော်ချင်သောသူတွေမှာ ဝိုင်းဝိုင်းလည်နေလေသည်။

သို့သော် ဘိုးတော်ကြီးက ဘယ်သူ့ကိုမှ မျက်နှာသာမပေးချေ။ ဒါကိုတော့ သူက ကျေးဇူးအင်မတန်တင်ကာ အကြိမ်ကြိမ် ဦးခိုက်မိပါသည်။

"အကယ်၍ပေါ့နော် ကိုယ် အဆုံးစွန်အထိ မေးထားတာပါ၊ ကိုယ်ကတော့ တခက်ကို အရမ်းချစ်တယ်။ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူးလေ၊ တခက်ကိုပဲ လက်ထပ်ချင်တယ်၊ အရေးကြုံလာပြီဆိုရင်လည်း စောင့်ရှောက်ကာကွယ်ဖို့ အဆင်သင့်ပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တခက် အဘိုးဓာ ကိုယ်နဲ့ တခက်ကို လုံးဝ သဘောမတူဘူး ဆိုပါတော့၊ ခါးခါးသီးသီး ခွဲမယ်ဆိုရင် တခက် ဘယ်လိုဆုံးဖြတ်မှာလဲ၊ ကိုယ့်ကို ခွဲနိုင်လားဟင်"

တခက်က သူ့မျက်ဝန်းတွေထဲသို့ တွေတွေလေးစိုက်ကြည့်ကာ ခေါင်းကို အသာခါယမ်းပြသည်။ အဲဒီအဖြေကြောင့် သူက တက်ကြွသွားရကာ ...

"ဒါဆို အရေးကြုံလာရင်ရော ကိုယ့်နောက်ကို လိုက်ရဲလား"

"လိုက်ရဲပါတယ်"

"အိုကေ ... အဲဒီစကားကြားရတာ ဝမ်းသာတယ်ကွာ။ ဒါဆိုရင် ကိုယ် စိတ်ဒုန်းဒုန်းချ နေနိုင်ပါပြီ။ တခက်သာ ကိုယ့်ဘက်မှာရှိတယ်ဆိုရင် ကိုယ် ဘာမဆို ရင်ဆိုင်ရဲပါတယ်"

တခက်က အဲဒီအပြောကြောင့် သူ့ကို မျက်ဝန်းညိုကြီးများဖြင့် မော့ကြည့်ကာ ...

"လင်းညို့ကရော အခုလို အောင်မြင်ကာစအချိန်မှာ တခက်ကို လင်းညို့ဘဝထဲ တကယ်ခေါ်သွားနိုင်ပါ့မလား၊ အောင်မြင်မှုတွေ ယုတ်လျော့သွားမှာ မကြောက်ဘူးလားဟင်"

သူက ပြန်စီးရိမ်နေသော တခက်ရဲ့ခေါင်းလေးကို ညင်သာစွာ အုပ်မိုးလှုပ်ယမ်းရင်းမှ ...

"မကြောက်ပါဘူးကွာ၊ အောင်မြင်မှုဆိုတာ အရည်အချင်းနဲ့ဆိုင်တဲ့ကိစ္စပါ၊ အိမ်ထောင်ရေး အချစ်ရေးတွေနဲ့ ဆိုင်တာမှ မဟုတ်တာ ...



ကိုယ့်ဆီးမှာ ပါရမီဖြည့်ဖက်လေးရှိနေရင် ပိုတောင် အောင်မြင်လာဦးမယ်၊ သူများတွေဆို မိန်းမရပြီးမှ ပိုတောင် အောင်မြင်သွားကြတာ"

"အင်း"

သူ့စကားကို တခက်က ပြုံးပြုံးလေးနှင့် ထောက်ခံသည်။ သူက တခက်ရဲ့မေးဖျားလေးကို ဆွဲယူဖျစ်ညှစ်မိကာ ...

"ဘယ်လိုလဲ တခက်က ကိုယ့်ကို ပါရမီဖြည့်ပေးမှာလား"

"အင်း ... ဖြည့်ပေးမှာ"

"ချစ်လိုက်တာကွာ၊ အရမ်းချစ်တာပဲ တခက်ရယ်။ ကိုယ့်ဘဝမှာ တခက်မရှိလို့မဖြစ်ဘူး သိလား။ ဘာမဆို ကိုယ်တို့ ရင်ဆိုင်ကြမယ်၊ နော်"

တခက်က အင်မတန်အားပါသော အပြုံးလေးတစ်ခုဖြင့် ခေါင်းညိတ်ပြသည်။ အဲဒီလောက်ဆိုလျှင် သူတို့အနာဂတ်ရေးရေးသည် သိပ်ပူစရာမလိုတော့ဟု ထင်ပါသည်။ ဘယ်လောက်ပဲ အခက်အခဲတွေ ရှိပါစေ ဘာလာလာ ရင်ဆိုင်ပစ်မယ် ဟူသော စိတ်ထားမျိုးရှိလိုက်လျှင် နေရထိုင်ရတာ အတော်ပင် လွတ်လပ်ပေါ့ပါးသွားလေ့ရှိလေသည်။

❣ ✻ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဘိုးဘိုး ... ဒီမှာ နို့ရပါပြီ"

တခက်သည် နေ့စဉ်ပြောနေကျ စကားလေးပြော လိုက် ရတာကိုပင် ကျော်ထဲကမလုံချေ။ စာဖတ်နေသော ဘိုးဘိုး သည် စာအုပ်ကိုပိတ်ကာ တခက်ကို မော့ကြည့်သည်။ တခက်သည် ပါဝါမျက်မှန်အောက်မှ အဘိုးရဲ့နူးရှုရှုမျက်လုံးများကိုကြုံခွေ့မပျက် တောင့်ခံထားကာ အရင်လိုပဲ နူးနူးညံ့ညံ့ ပြုံးပြလိုက်ရသည်။ အဘိုးက တခက်ကို အဓိပ္ပာယ်ပါပါဖြင့် တစ်ချက်ကြည့်ကာ ခေါင်းဆတ်လိုက်ရင်းမှ ...

"ဒီမှာ လာထိုင်ဦး ငါ့မြေး"

"ရှင် ... ဟုတ် ... ဘိုးဘိုး သမီးကို ပြောစရာရှိလို့လား ဟင်"

"အင်း ... ပြောစရာရှိတယ် ဆိုတာထက် မေးစရာရှိတယ် ဆိုရင် ပိုမှန်မယ်"

ဘုရား ...။ တခက်သည် စိတ်ထဲမှာ ဘုရားကို တ,မိကာ ခြေဖျားလက်ဖျားတွေ ချက်ချင်းပဲ အေးစက်လာသလို



ခံစားရလေသည်။ နေ့ခင်းကတင် လင်းညို့နှင့် ဒီကိစ္စတွေကို ဆွေးနွေးခဲ့သည်။ အခုတော့ တခက်တို့ မျှော်လင့်ထားသလို အခြေအနေမျိုး ဖြစ်လာတော့မည်ဟု ထင်သည်။ တခက်သည် အတွေးတစ်ချက်ကို ကျိတ်၍ မျိုချကာ ကိုယ့်ကိုယ်ကိုယ် ရဲဆေး တင်ထားလိုက်သည်။ နားထဲတွင် လင်းညို့ ပြောလိုက်သောစကား တွေကို ပြန်ကြားယောင်မိလျှင် အနားမှာ လင်းညို့ရောက်လာသလို ပဲ ခံစားမိကာ သတ္တိတွေရှိလာခဲ့ပါသည်။

တခက်သည် အဘိုးရဲ့မျက်လုံးတွေထဲသို့ ထည့်တည့် ရင်ဆိုင်ကာ ကြည့်လိုက်သည်။ အဘိုးက တခက့်ကို မျက်မှောင် တစ်ချက်ကြုတ်ကြည့်ကာ ...

"တခက် မှန်မှန်ဖြေစမ်း၊ ညည်းမှာ ရည်းစားရှိနေပြီမဟုတ် လား"

တကယ့်တကယ် ဖြေရတော့မည် ဆိုသော်လည်း တခက်ရဲ့နှုတ်ဖျားမှာ စကားသံတို့က မထွက်ချေ။ အဘိုးကို တစ်ချက်မော့ကြည့်ပြီးနောက် ရင်မဆိုင်ရဲသလိုဖြစ်ကာ ခေါင်းကို ငုံ့ချမိသည်။ ဘယ်လိုပဲ မာန်တင်းသည်ပြောပြော အဘိုးကို ငယ် ငယ်လေးတည်းက ကြောက်လာခဲ့ရသည်ဖြစ်ရာ အဘိုးသည် တခက်ရဲ့ ငယ်ကြောက်ငယ်နိုင်ဖြစ်သည်။

မွေးကတည်းက အဖေနဲ့ အမေဆိုတာ မမြင်ဖူးခဲ့ဘဲ အထိန်းတော် အန်တီကြီး လေးမိုးထံမှာ ကြီးပြင်းခဲ့ရပြီး လူဖြစ်ခဲ့ သော တခက်သည် တစ်နေ့လုံးနေလို့မှာ တစ်ခါမပြုံးတတ်သော အဘိုးကို ချစ်သော်လည်း ချစ်တာနဲ့ထပ်တူ ကြောက်တာကလည်း ကြောက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါမေးနေတာ ဖြေလေ"

"ဟို ... ဟိုဒင်း ... ဘာ ... ဘာဖြစ်လို့လဲဟင် ဘိုးဘိုး"

တခက်ရဲ့ ညှော်နာနာ အသံကြောင့် အဘိုးရဲ့ မျက်မှောင်နှေတွက ပို၍ကြုတ်သွားသည်။ တခက်သည် စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တစ်ချက်ကျိန်ဆဲလိုက်မိသည်။ တခက်ဟာ အဲဒီလိုပဲဖြစ်သည်။ ဘယ်လောက်ပဲ သတ္တိမွေးမွေး အဘိုးရှေ့ ရောက်သွားတာနှင့် (မဟုတ်တာလုပ်ထားပါက) ဘယ်လိုမှ ခပ် တည်တည်နေ၍ မရတော့ချေ။

"ဘာမှ မဖြစ်ဘူး။ မေးနေတာကို ဖြေစမ်းပါ တခက်။ ဘိုးကို လိမ်ဖို့တော့ စိတ်မကူးနဲ့နော်"

"မလိမ်ပါဘူး ဘိုးဘိုးကလည်း"

"အေး ... ဒါဆို ပြော၊ အမှန်အတိုင်းပြော"

"ဟုတ် ... ဘာကိုပြောရမှာလဲ"

"တယ် ... ထပ်ကြားချင်နေတယ်ပေါ့လေ၊ ညည်း ရည်းစားထားနေတယ်မဟုတ်လား ဇွဲတခက်။ ညည်းမှာ ရည်းစား ရှိတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်။ ဒါပေမဲ့လေ ..."

"အံမယ် ... ဒါပေမဲ့လေ ဘာတွေနဲ့ နောက်ဆက်တွဲက ကျန်သေးတယ်ပေါ့။ ဘာနောက်ဆက်တွဲမှ လာပြောမနေနဲ့။ ရှိလားဆိုရင် ရှိတယ်ပဲဖြေ။ ထားလားဆိုရင် ထားတယ်ပဲ ဖြေ။ အပိုတွေထည့်မဖြေနဲ့"

တခက်သည် ဖေါက်ဆတ်ဆတ်ပြောနေသော ဘိုးဘိုး ရဲ့စကားကို အောင့်သက်သက်ဖြင့် ငြိမ်ခံနေရသည်။ အဘိုးက



ခေါင်းငုံ့ကာ နှုတ်ခမ်းဆူနေသော တခက်ကို ခပ်တင်းတင်းထပ် ကြည့်ကာ ...

"ကဲ ... ပြောစမ်း၊ ညည်း ရည်းစားက ဘယ်သူလဲ"

"လင်းညို့လို့ ခေါ်ပါတယ်"

"လင်းညို့ !... အင်း ... နာမည်ကိုက ဘာမှန်းမသိဘူး။ ယောကျ်ားတန်မဲ့ ညို့တာတွေရော ဘာတွေရော အဲဒီ လင်းညို့က ဘာလုပ်သလဲ"

"ဟို ... အဆိုတော်"

"အင်း ... အဆိုတော်။ အဆိုတော်ကြီး လင်းညို့ပေါ့လေ။ အဲဒီအဆိုတော် လင်းညို့နဲ့ ညည်းက ဘယ်အထိ ရည်စွယ် ထားကြသလဲ"

တခက်သည် ဒီနေရာအရောက်တွင်တော့ အသက်ရှူ ပေါ်မတတ်ဖြစ်သွားသည်။ ဒီအဖြေသည် တခက်တို့အတွက် အရေး ကြီးပါသည်။

"တခက် အပျော်ရည်းစားထားတာ မဟုတ်ပါဘူး ဘိုးဘိုး။ သူ့ကို လေးလေးနက်နက်နဲ့ တကယ်ရည်စွယ်ပြီး ချစ်တာ ပါ"

ဘိုးဘိုးက တစ်ချက်မဲ့ပြုံးပြုံးသည်။ တခက်ကို လှောင်သလိုအပြုံးမျိုးမို့ နည်းနည်းတော့ ခံရခက်သွားလေသည်။

"အင်း ... အပျော်ရည်းစားထားတာမဟုတ်ဘူးဆိုတဲ့ အဖြေ ကိုတော့ သဘောကျပါတယ်။ ဒါပေမဲ့ တကယ်ရည်စွယ် ပြီး လေးလေးနက်နက် ချစ်တယ်ဆိုတာကိုတော့ သဘော မကျဘူး တခက် ...

www.burmeseclassic.com

www.burmeseclassic.com



ငါ့မြေး လေးနက်ရမယ့်သူက ဒီလိုလူမျိုးမဟုတ်ဘူး။ ငါ့မြေး လေးနက်လို့လည်း ဒီကောင့်လိုလူက ငါ့မြေးကို လေးနက်မှာ မဟုတ်ဘူး ...

ဒီတော့ ဘိုး ရှင်းရှင်းပဲပြောမယ်၊ ဒီကောင့်ကို ညည်း မေ့ပစ်လိုက်ပါတော့ အဆက်ဖြတ်လိုက်တော့"

"အို ... တခက် အဲဒီလိုတော့ မလုပ်နိုင်ပါဘူး ဘိုးဘိုးရယ်။ သူ့မှာ ဘာအပြစ်ရှိလို့လဲ"

ဘိုးဘိုးက တခက် ဒီလိုပြောလိမ့်မည်ဆိုတာကို မျှော်လင့်ထားပုံဖြင့် အသာအယာပြုံးသည်။

"ငါ့မြေးလေး စွဲတခက်ကိုမှ ရွေးချယ်ကြိုက်ခဲ့တာကိုက ဒီကောင့်ရဲ့ အကြီးမားဆုံးအပြစ်ပဲပေါ့။ ဒီကောင်ကြိုက်တာကို ပြန်ကြိုက်ခဲ့တဲ့ ငါ့မြေးလေးကိုတော့ အပြစ်လို့မသတ်မှတ်ပါဘူး။ ငါ့မြေးလေးက အင်မတန်ဖြူစင်တဲ့သူပဲ ...

လောကကြီးရဲ့အကြောင်း လှည့်ဖြားတတ်တဲ့လူတွေရဲ့အကြောင်း ဘာမှနားလည်တာ မဟုတ်ဘူး ...

ဒီကောင်က ငါ့မြေးကို မေတ္တာစစ်နဲ့ စုံမက်တယ်လို့ များထင်နေလားကွယ်"

တခက်သည် မြန်မာခေတ်ဟောင်းရုပ်ရှင်ကားထဲက လေသံမျိုးအတိုင်း မေးနေသည့် အဘိုးကို စိတ်ညစ်စွာနှင့် တစ်ချက်ကြည့်မိသည်။ အဘိုးကလည်း တခက်ကို အရှုံးမပေးစတမ်း ပုံစံဖြင့် မျက်မှောင်ကြုတ်ကာ ပြန်ကြည့်နေပြန်သည်။

"ဒီမယ် မြေး ... ရုပ်ရှင် သဘင် အသိုင်းအဝိုင်း ဆိုတာ ဘယ်လောက်ရှုပ်တယ်လို့ထင်လဲ။ အဲဒီလိုနေရာကလူတစ်



ယောက်ဟာ ငါ့မြေးကို တစ်သက်လုံး မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းလိမ့်မယ်လို့ ငါ့မြေး ယုံကြည်နေလို့လား"

"သူက ရုပ်ရှင် သဘင်ကမှ မဟုတ်တာ"

"တိတ်စမ်း၊ စကားကို ကပ်ပြောမနေနဲ့ တခက်။ အတူတူပဲ။ သဘင် ဂီတ အားလုံးကို ဆိုလိုနေတာ။ ဟင် ... အခုခေတ် အဆိုတော်တွေ ပိုတောင်ဆိုးသေးတယ်။ ဘယ်ကိစ္စမှ စိတ်မချရဘူး...

ဆေးဝါးတွေ မိန်းမပြဿနာတွေ ရှုပ်ယှက်ခတ်နေတာပဲ။ စွဲတခက် ညည်း ဒါတွေကို မကြောက်ဘူးလား ဟင် ...

ပြောစမ်း"

"အို ... ဘိုးဘိုးကလည်း ဆေးဝါးတွေ မိန်းမကိစ္စတွေ အပြင်လူတွေလည်း လုပ်တာပဲ၊ ရှုပ်တာပဲ။ ဒီအသိုင်းအဝိုင်းကမှ မဟုတ်ပါဘူး ...

စီးပွားရေးလောကထဲမှာလည်း ဒီလိုမျိုးလူတွေလည်း ရှိတာပဲ။ အဲဒီလိုတော့ သိမ်းကျုံးပြောလို့မရပါဘူး။ ဘယ်နေရာမှာမဆို အဆိုးအကောင်းက ဒွန်တွဲနေတာပဲကို"

တခက်ရဲ့ အကြောက်အကန် အငြင်းစကားကို အဘိုးက မျက်လုံးကြီးပြူးကာကြည့်သည်။ အဲဒီအကြည့်ကြောင့် လန့်ဖျပ်သွားရသော်လည်း ချက်ချင်း အားတင်းထားလိုက်သည်။

"တခက် ... ညည်းတို့ မိန်းကလေးတွေက အဲဒါပဲ။ နှာခေါင်းမပါရင် ဟိုဟာတောင်စားတယ်ဆိုတာ ညည်းတို့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေရဲ့ ခပ်တိမ်တိမ်အတွေးတွေကို ဆိုလိုနေတာ ...

ယောကျ်ားလေးချောချောလေးတွေ အပြောကောင်းပြီဆိုရင် ဘာမှ မတွေးနိုင် မဆင်ခြင်နိုင်ကြတော့ဘူး။ အဆိုတော်တို့ မင်းသားတို့များဆို သည်းသည်းလှုပ်၊ ဒီလိုကောင်တွေက ကိုယ့်ကို တကယ်တန်ဖိုးထားလား၊ မေတ္တာစစ်ရှိရဲ့လား ဘာမှ မစဉ်းစားတော့ဘူး။ အပြောကောင်းတာနဲ့ ပစ်ကျသွားတော့တာ”

“ဘိုးဘိုး ထင်နေသလို မဟုတ်ပါဘူး”

“ငါ ထင်နေတာထက်ကို အခြေအနေက ဆိုးမှာ။ ဆိုးဖို့ပဲရှိတယ်။ ကောင်းလာဖို့ကတော့ မရှိဘူး။ ညည်းကို ကြိုက်တာဟာ ညည်းရမယ့် စည်းစိမ်ဥစ္စာတွေကြောင့် ဆိုတာ ညည်း ကြပ်ကြပ်မှတ်ထားပါ တခက်”

“မဟုတ်ပါဘူး ဘိုးဘိုးရယ်၊ ဘိုးဘိုး ထင်သလို တစ်ခုမှ မဟုတ်ရပါဘူး။ သူလည်း သူ့ခြေထောက်ပေါ် သူရပ်တည်ပြီး ကြိုးစားနေတဲ့ လူတစ်ယောက်ပါ။ ဘာနာမည်ပျက်မှ ရှိတဲ့လူလဲ မဟုတ်ပါဘူး။ မိဘအဝိုင်းအဝန်းကလည်း အေးအေးဆေးဆေးပါပဲ”

အဘိုးက တခက်ကို ခပ်တည်တည်ကြီး လှမ်းကြည့်နေကာ ဘာစကားမှ မပြောတော့သဖြင့် တခက်သည် စိတ်ရှုပ်စွာဖြင့် ခေါင်းကို ငုံ့လိုက်ရသည်။ တခက်ရဲ့တစ်သက်တာတွင် အဘိုးကို ဒီတစ်ခါလောက် ဘယ်တုန်းကမှ အတိုက်အခံလုပ်ကာ ပြန်မပြောခဲ့ဖူးချေ။



“တခက် ... တခက်။ ညည်းတော့ ဆေးမမီတော့တဲ့ အခြေအနေကို ရောက်နေပြီပဲ။ ဘာမှထပ်ပြောဖို့ မစဉ်းစားနဲ့တော့။ ဒီမှာ ညည်း မြဲမြဲမှတ်ထားဖို့က ညည်းကို အဲဒီအဆိုတော်ပေါက်စနဲ့ နည်းနည်းမှ သဘောမတူဘူး ဆိုတာပဲ ...

ဘယ်လိုနည်းနဲ့မှသဘောမတူဘူး။ အဲဒါပဲ မိတခက်။ အဲဒါကို ညည်း ရင်ထဲက မြဲမြဲမှတ်သွားတော့၊ ကဲ ... သွားတော့”

အဘိုးက စကားကုန် ပြောလိုက်ဟန်ဖြင့် ခေါင်းကို ငုံ့ကာ လက်တစ်ဖက်ကပါ မောင်းထုတ်သည့်ဟန် ပြုလိုက်လျှင် တခက်ရဲ့ရင်ထဲ၌ ငိုချင်စိတ်တို့က ပြင်းပြသွားရသည်။

ဟင့်အင်း ... ဒီအတိုင်းတော့ မဖြစ်နိုင်ပါဘူး။ လင်းညိုနဲ့ ဝေးသွားရလျှင်ဆိုသော အတွေးတို့ ဝင်ရောက်လာတာနဲ့ကို တခက် ရင်ထဲ၌ ပူလောင်ကျွမ်းရှသွားရပြီ ဖြစ်သည်။

တခက်သည် ထွက်မသွားသေးဘဲ ရှေ့သို့ ခြေတစ်လှမ်းပင် တိုးလိုက်ကာ ...

“ဘိုးဘိုး ... အဲဒီလိုတော့ ယတိပြတ် မပြောပါနဲ့၊ လင်းညိုမှာ ဘိုး မကြိုက်တာ ဘာတွေများ ရှိနေလို့လဲ၊ နောက်ဆုံး တခက် စိတ်ချမ်းသာဖို့ကိုလည်း ထည့်စဉ်းစားပေးပါဦး...

တခက် တစ်သက်လုံး ဘိုးကို စိတ်ဆင်းရဲအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူး၊ အခုဟာကလည်း တခက် ချစ်တဲ့သူကိုပဲ တခက် လက်တွဲချင်တဲ့ သဘောပါ၊ ဘိုး သူနဲ့ စကားပြောကြည့် ...”

www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း စွဲတခက်"

တခက်ရဲ့စကားမှ မဆုံးသေး ဘိုးက ပိတ်၍အော်လိုက်လျှင် တခက်သည် ဆတ်ခနဲတောင် တုန်သွားရလေသည်။ တခက်ကို ကြည့်သော အဘိုးရဲ့ မျက်လုံးတွေမှာ မာကျောပြီး စူးရှတောက်ပြောင်နေကြသည်။ အခါတိုင်းကသာ အဲဒီလို အကြည့်ခံလိုက်ရလျှင် တခက်သည် ကြောက်တာနှင့်လဲ၍ လန့်သေလောက်လေသည်။ အခုတော့ အချစ်ကပေးသော ခွန်အားတွေဖြင့် ကြောက်ကန် ကန်၍ ကြောက်ဒူးတွေလည်း တုန်လျက်ရှိသည်။

"ငါ့ကို ဘာစကားမှ ထပ်မပြောနဲ့တော့။ ဒီကောင်က ညည်းကို သိုက်တူးချင်လို့ ကြိုက်တာ။ အဲဒါကို ညည်းမြဲမြဲမှတ်ထား။ သီချင်းလေးဆိုသလို၊ ဂစ်တာလေးခေါက်သလိုလိုနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား လက်ကြောမတင်းတဲ့အကောင်။ ဒီလို ယောကျာ်းမျိုး အထင်ကိုမကြီးဘူး။ ဘယ်အလုပ်မဆို စိတ်ပါမှ feel လာမှ Mood ဝင်မှ အမျိုးမျိုး အကြောင်းပြနေတာ ...

ငါ့မြေးကိုယူပြီး ငွေပုံကို ဖင်ခုထိုင် ငွေကို ရေလိုဖြုန်းပြီး ထင်တိုင်းကြဲ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်လုပ်မှ ညည်း ဒူးနဲ့မျက်ရည် သုတ်နေရမှာ။ တော်ပြီ ... စွဲတခက်၊ ငါ့ကို ဘာမှဆက်မပြောနဲ့တော့"

တခက်သည် မျက်ရည်လည်လာကာ ရင်ထဲဆို့နစ်လာရသည်။ အဘိုးရဲ့ပုံစံက လင်းညို့ကို တကယ့်ခါးခါးသီးသီးဆိုမှ ခါးခါးသီးသီးကြီး ဖြစ်သည်။ တော့်တန့်ရဲ့ ရစ်နေတာမျိုး၊ တင်းနေတာမျိုး မဟုတ်ဘဲ အမြင်ကတ်သည့်ပုဒ်မနှင့် ကြည့်ကို



မရဘူးဟူသော ပုံစံမျိုးဖြစ်သည်။ လင်းညို့အပေါ်မှာ စွဲချက်ကြီးကြီးတင်ကာ တံမင်ကို နှိမ်ထားသောပုံစံမျိုး ဖြစ်သည်။

အဆိုတော်မို့ ကောင်မလေးတွေနဲ့ ရှုပ်နေလို့ သာမန်သဘောမတူတာမျိုး မဟုတ်ဘဲ သိုက်တူးမည့် သိုက်သမားအဖြစ်ပါ ရက်ရက်စက်စက် စွဲချက်တင်ထားတာကို တခက်က ဝမ်းနည်းတာဖြစ်သည်။ ဘိုးဘိုးက တစ်ပွဲသန် တစ်ခွတ်ထိုးသမားဖြစ်ကာ သူ မှန်တယ်ထင်လျှင် ဘယ်ဘက်ကမှ အလျှော့မပေးသောသူဖြစ်လေသည်။

"ဘိုးဘိုး"

"တခက် ... ညည်းကို သွားတော့လို့ ပြောနေတယ်"

"ဟင့်အင်း ... ဘိုး။ တခက် ပြောချင်သေးတယ်။ သူက ဘိုး ထင်သလို မဟုတ်ပါဘူး"

"ညည်းက အဲဒီကောင်အကြောင်း ဘယ်လောက်သိနေလို့လဲ"

"သိတယ် ... သိတာပေါ့ ဘိုးရဲ့။ သူက တခက်ကို တကယ့်ကို ရိုးရိုးသားသား ချစ်တာပါ"

"တော်တော့ တခက်။ ညည်း ထွက်သွားတော့။ ညည်းပါ ခွေးဖြစ်သွားချင်လား။ ညည်းပါ လမ်းဆားရောက်သွားချင်လား ...

ညည်း ငါ့အကြောင်းကို သိတယ်မဟုတ်လား"

"တခက်ကလည်း ဘိုး စည်းစိမ်တွေကို မမက်ပါဘူး။ တခက်ကို အမွေဖြတ်ချင်လည်း ဖြတ်ပါ ဘိုး။ တခက် ဘဝကို ရင်ဆိုင်ရဲပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း အဲဒီလို စွန့်လွှတ်လိုက်ရင် ပိုတောင် သဘောကျဦးမှာပါ။ ဘိုးရဲ့ စည်းစိမ်ဥစ္စာတွေကပဲ တခက်တို့ကို ဝံဝိုင်းကြီး ခြားနေစေတာပါ ...
အဲဒါတွေ မရှိရင် ပိုတောင်ကောင်းပါသေးတယ်"

"ဘာ ... မိတခက်၊ တယ် ..."

ဘိုးဘိုးသည် တခက်ကို ဒေါသကြီးစွာဖြင့် ရိုက်ဖို့ လက်ရွယ်လျက် ထိုင်ရာမှ ထလိုက်တာဖြစ်သည်။ သို့သော် ... ရွယ်ထားသောလက်ဟာ တခက်ဆီသို့ မရောက်ဘဲ လမ်းခုလတ်မှာပဲ ရပ်တန့်သွားကာ အဘိုးသည် တစ်နေရာမှ စူးအောင့်လာသော ပုံစံဖြင့် ရင်ဘတ်ကိုဖိလျက် ခန္ဓာကိုယ်က အောက်သို့ လဲပြိုကျသွားသည်။

တခက်သည် ပထမတော့ မျက်လုံးပြူးကာ ကြောင်ပြီးကြည့်နေလျက်မှ အဘိုးထံသို့ စိုးရိမ်တကြီး ပြေးသွားမိသည်။ အဘိုးရဲ့ပုံစံသည် ဝေဒနာကို အပြင်းအထန် ခံစားနေရသူလို အံကြိတ်ရှုံ့မဲ့ကာနေသည်။ တခက်သည် အဘိုးကိုထူရင်းမှ ...

"ဘိုး ... ဘာဖြစ်တာလဲ။ ဘိုး သတိရရဲ့လားဟင်"

"အား ... အင်း ... ကျွတ် ... ကျွတ် ... မိတခက် ... ညည်း ... ညည်း"

အဘိုးသည် ဒီလောက်ဖြစ်နေတာတောင် တခက်အပေါ် ဒေါသစိတ်က မပျောက်သေးဘဲ မာန်မဲလျက်ရှိတုန်းဖြစ်သည်။ တခက်သည် အဘိုးရဲ့ပုံစံကို စိုးရိမ်တကြီး ဖြစ်လာကာ အိမ်ကလူတွေကို အော်ခေါ်ရသည်။



"လေးမိုးရေ ... လေးမိုး။ ဒေါ်မြိုင် ... လာကြပါဦး၊ ဘိုး ... ရရဲ့လားဟင်၊ သက်သာရဲ့လား"

"အင်း ... အင်း"

အဘိုးမှာ စကားပြန်တောင် မရတော့ဘဲ တကျွတ်ကျွတ် တအင်းအင်းနှင့်သာ ညည်းညူနေတော့သည်။ တခက်သည် အဘိုးကိုကြည့်ကာ ချွေးပြန်လာလေသည်။ အခုလိုဖြစ်ရတာသည် တခက်ရဲ့ပယောဂ မကင်းချေ။ မကင်းဆို တခက်ကြောင့်ဟု လုံးဝပြောရ၍ရသည်။

အဲဒီအချိန်မှာပဲ အသံကြားသော လေးမိုးက အပြေးရောက်ရှိလာသည်။ တခက်ကို ငယ်စဉ်ကတည်းကမှ ထိန်းကျောင်းပြုစုခဲ့သော နာနီကြီး လေးမိုးသည် သူနာပြုဆရာမတစ်ယောက်လည်း ဖြစ်ခဲ့ဖူးသူမို့ အဘိုးကိုကြည့်ကာ ဘာဖြစ်တယ်ဆိုတာကို သုံးသပ်မိပုံ ရသွားသည်။

"ဒေါ်မြိုင် ... ခြံထဲက အလုပ်သမားတွေ သွားခေါ်၊ အန်ကယ့်လ်ကို ခုတင်ပေါ်ရွှေ့မှ ဖြစ်မယ်။ နှလုံးထိတယ် ထင်ရတာပဲ။ တခက် ... ဒေါက်တာဖော့ဆီ ဖုန်းဆက်ပါ။ အခုချက်ချင်း ကြွပေးပါလို့"

"ဟုတ် ... ဟုတ်ကဲ့"

တခက်သည် ထိတ်ထိတ်ပျာပျာဖြင့် မျက်ရည်တွေ ရစ်ဝဲရင်းမှ အခန်းအပြင်သို့ ပြန်ပြေးထွက်လာလျက် လှေကားထောင့်က စင်လေးတွင်ထားသော ဖုန်းကို အတုန်တုန် အယင်ယင်ဖြင့် ကောက်နှိပ်ရသည်။ ဆရာဝန် ပင့်ပြီးသွားလျှင် အခန်းထဲသို့ ပြောင်းရွှေ့ပြီးဖြစ်သော အဘိုးကို အနားသို့လည်း သွားကပ်ရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အဝေးကနေ ခပ်ခွာခွာ ငေးရသည်။ လေးမိုးက အဲဘိုးကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုနေသည်။

တခက်သည် ဘိုးဘိုးကို ငေးကြည့်ရင်းမှ ရင်ထဲတွင် နင့်လာသည်။

သွေးအနည်းငယ် တိုးတတ်ရုံကလွဲ၍ နာစေးချောင်းဆိုးတောင် သိပ်မဖြစ်ဖူးသော ဘိုးဘိုးရဲ့ တစ်သက်တာတွင် ဒီလို ပုံလဲသွားခြင်းမှာ ဒါ ပထမဆုံးပဲ ဖြစ်သည်။ ပြီးတော့ သူ့ဟာသူ နေတာအကောင်း။

တခက်ကြောင့် ဒီလို ဖြစ်သွားရတာမို့ အဲဒါကို တခက်က ကြီးစွာသော စိတ်မကောင်းခြင်းတို့ ဖြစ်တာဖြစ်သည်။ တခက်သည် ခုတင်ပေါ်တွင် ဝေဒနာခံစားရသလို မှိန်းနေသော အဘိုးကို ကြည့်ကာ ဝမ်းနည်းစိတ်တို့ဖြင့် မျက်ရည်တွေက ကျလာသည်။

ငယ်စဉ်တည်းက မိဘနှစ်ပါးစလုံး ဆုံးသွားခဲ့ပြီးနောက် ဘိုးဘိုးရဲ့မေတ္တာရိပ်အောက်မှာ မတောင့်မတ မကြောင့်မကြနှင့် ရွှေဘုံပေါ်မှာ စံခဲ့ရသော တခက်ရဲ့ တစ်ဦးတည်းသော ကျေးဇူးရှင်မှာ ဘိုးဘိုးပဲ့ ဖြစ်သည်။

ဘိုးဘိုးကြောင့် တခက်ရဲ့ တစ်သက်တာလုံး မျက်နှာမငယ်ခဲ့ရ။ အားလုံးရဲ့ မျက်နှာသာပေး ဖူးဖူးမှုတ်ခြင်းကို ခံခဲ့ရသည်။ အခုတော့ ဒီဘိုးဘိုးကို တခက်က ကျေးဇူးဆပ်မိပြီ။

ခဏနေတော့ ဆရာဝန် ရောက်လာကာ ဘိုးဘိုးကို ကြည့်ရှုကုသသည်။ လေးမိုးနှင့် စကားပြောဆိုကာ တခက်ကို တစ်ချက် လှမ်းကြည့်လျှင် အဲဒီအကြည့်ကြောင့် တခက်မှာ



နောက်ကျောမလုံဘဲ လိပ်ပြာမသန့်နိုင် ဖြစ်သွားသည်။ အားလုံးပြီးစီးသွားလျှင် တခက်က ဆရာဝန်အနားသို့ အသာကပ်ကာ ...

"ဒေါက်တာဇော် ... ဘိုးဘိုးက ဘာဖြစ်တာလဲဟင်၊ စိုးရိမ်ရလား"

"အင်း ... အခုတော့ မစိုးရိမ်ရတော့ပါဘူး။ အန်ကယ်လ်က နှလုံးအားနည်းနေတာပါ၊ သွေးတိုး နှလုံး ဆိုတာက ဘော်ဒါတွေပဲလေ၊ အခုတော့ နားလိုက်ဦးပေါ့။ သက်သာသွားရင်တော့ Medical check-up သေချာပြန်လုပ်ပြီး နှလုံး Specialist တစ်ယောက်နဲ့ အပ်ထားမှဖြစ်မယ်။ လိုအပ်တာတွေအားလုံး ကျွန်တော် ဆက်စီစဉ်ပေးပါ့မယ်။ အဓိက,ကတော့ အန်ကယ် စိတ်ချမ်းသာဖို့၊ စိတ်အေးချမ်းဖို့ အရေးကြီးတာပါ ...

လောလောဆယ် အလုပ်တွေလည်း လုပ်လို့မရသေးပါဘူး။ တစ်ပတ်လောက်တော့ အေးအေးဆေးဆေး အနားယူရပါမယ် ...

အသက်ကလည်း ခုနစ်ဆယ်နား ကပ်နေပြီ ဆိုတော့ အလုပ်တွေလည်းလျှော့ပြီး နားသင့်နေပါပြီ"

"ဟုတ် ... ဟုတ်ကဲ့ပါ။ သေချာဂရုစိုက်ပေးပါ ဒေါက်တာရယ်"

"စိတ်ချပါ၊ မနက်ဖြန်မနက် တစ်ခေါက် ထပ်လာကြည့်ပေးဦးမှာပါ။ သောက်ရမယ့်ဆေးတွေလည်း အန်တီမိုးကို သေချာပြပေးခဲ့တယ်၊ အန်ကယ့်ကို ဆီများတဲ့ အစားအစာတွေ မကျွေးပါနဲ့။ နောက် ... အချိုမှုန့်၊ အငန် မကျွေးပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့။ အစားအသောက်ကို ဂရုစိုက်ပေးပါ။ စိတ်ချမ်းသာအောင်ထားပါ ...

အဲဒါက အဓိကပါပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဒေါက်တာဇော်ရယ်"

"ကောင်းပါပြီ၊ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဆရာဝန်ပြန်သွားလျှင် တခက်သည် အဘိုးအနားသို့ အသာကပ်လာမိသည်။ အဘိုးက ဆေးထိုးထားသော အရှိန်ဖြင့် မှိန်းကာနေသဖြင့် နောက်ပြန်ဆုတ်လိုက်သည်။

လေးမိုးက တခက်ကို အပြင်သို့ အသာလက်တို့ပြီး ခေါ်ထုတ်ကာ ...

"ဘယ်လိုဖြစ်ရတာလဲ တခက်ရယ်။ တစ်သက်နဲ့ တစ်ကိုယ် ဘိုးဘိုးကို ဘယ်တုန်းကများ ဒီလို ဆန့်ကျင်လုပ်ဖူးလို့လဲ"

တခက်သည် ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်များဖြင့် သိမ်းခတ်ကာ ...

"ဟုတ်ပါတယ်။ တစ်သက်လုံးလည်း မလုပ်ခဲ့ဖူးပါဘူး။ တခက် တစ်သက်လုံး လိမ္မာခဲ့တာ လေမိုးလည်း သိတာပဲ မဟုတ်လား ...

ဒါပေမဲ့ တခက် လင်းညို့ကိုလည်း အရမ်းချစ်တယ်။ တခက် ဘဝမှာ တခက်ကို ချစ်တဲ့သူ၊ တခက်ကလည်း ချစ်ရတဲ့သူတွေ များများစားစား မရှိပါဘူး လေးမိုးရယ်။ ပြောရမယ်ဆိုရင် မေတ္တာငတ်ခဲ့တဲ့သူပါ။ တခက်တို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် တကယ်ချစ်တာပါ၊ အပျော်တွဲနေကြတာလည်း မဟုတ်ပါဘူး ...



ဒါကို ဘိုးဘိုးက လင်းညို့ကို ဖွတ်အထင်လွဲနေတာ၊ လင်းညို့ကို သိုက်တူးမယ့်သူ၊ ငွေမက်တဲ့သူ အဲဒီလိုမျိုးပဲ ထင်နေတာ။ ဘယ်လိုမှ ပြောမရဘူး။ ဘိုးက သူ ထင်ရင် ထင်တဲ့အတိုင်း တစ်ယူသန်ပဲ။ အဲဒါ တခက်က ဒါတွေကို မမက်ဘဲ ဘဝကို ဒီအတိုင်း ရင်ဆိုင်မယ် ဆိုတာနဲ့ပဲ ..."

တခက်က ဆက်မပြောတော့ဘဲ အသံတိမ်ဝင်သွားလျှင် လေးမိုးက တခက်ရဲ့ဆံပင်လေးတွေကို နားလည်ကြင်နာစွာဖြင့် သပ်ဖွပေးသည်။ လေးမိုးသည် တခက်ကို ခြောက်လသမီးအရွယ်တည်းက အခုချိန်ထိ ထိန်းကျောင်းပဲ့ပြင်လာသူ ဖြစ်သဖြင့် တခက်ရဲ့အမေလိုပဲဖြစ်ကာ တခက်နဲ့ ပတ်သက်သော ကိစ္စအဝဝကိုလည်း မသိတာ ဘာမှမရှိ။ လင်းညို့နဲ့ ချစ်တဲ့ကိစ္စမှာလည်း သိပင်သိပြား လူငယ်တွေရဲ့နှလုံးသားကို နားလည်ပေးနိုင်သူ ဖြစ်သည်။

"ဒါပေမဲ့ ခက်လေး ဘိုးဘိုးကို ထောက်ထားစာနာရမယ်လေ"

တခက်သည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျဆင်းလာတော့ရင်း ...

"ဒါဆို တခက်က ဘယ်လိုလုပ်ရတော့မှာလဲ။ လင်းညို့ကို ဖြတ်လိုက်ရမှာလား။ သူ့မှာ ဘာအပြစ်ရှိလို့လဲ လေးမိုးရဲ့။ သူက ဘိုး ထင်နေသလို လူစားမျိုး မဟုတ်ပါဘူး။ မိကောင်းဖခင် သားသမီးပါ။ သူ့မိဘတွေကလည်း ဘိုးလောက်ကြီး မချမ်းသာတာကလွဲလို့ ပြည့်ပြည့်စုံစုံ အထဲကပါပဲ ...

www.burmeseclassic.com



သူကလည်း သူ ဝါသနာပါတဲ့အလုပ်ကို အောင်မြင်အောင် ကြိုးစားနေတာကလွဲလို့ ဟော့ဟော့ရမ်းရမ်းထဲကလည်း မဟုတ်ပါဘူး။ ခေတ်လူငယ်ပီပီ လွတ်လွတ်လပ်လပ် နေတတ်တာပဲ ရှိတာပါ။ ဆေးကိစ္စ မိန်းမကိစ္စ ရှုပ်တာလည်း မရှိပါဘူး ...

လေးမိုးကလည်း ဘိုး နားလည်အောင် ရှင်းပြပေးပါဦး လေးမိုးရယ်"

လေးမိုးက တခက်ကို စိတ်မသက်သာသလို ပုံစံဖြင့် တစ်ချက်ကြည့်ကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလေသည်။

"သမီးတို့ကိစ္စကို အန်ကယ် သိနေတာ နည်းနည်းတော့ ကြာပြီ။ လေးမိုးကိုလည်း မေးတယ်။ ပြီးတော့ တစ်ခါတည်း အပြတ်ပြောတယ်။ သူ အဲဒီကောင်လေးကို သဘောလည်းမကျဘူး။ ဘယ်လိုမှလဲ သဘောမတူနိုင်ဘူးတဲ့ ...

သူက ရိုးရိုးကောင် မဟုတ်ဘဲ ခါးခါးသီးသီးကို ဖြစ်နေတာ ခက်လေးရဲ့။ သူ ခက်လေးအတွက် သဘောကျတဲ့လူက တစ်ယောက်တည်းပဲ။ ရည်မှန်းထားတာလည်း အဲဒီတစ်ယောက်တည်းပဲ"

တခက်သည် လေးမိုးက ဘယ်သူ ဘယ်ဝါဆိုတာ နာမည်ထည့်မပြောလိုက်သော်လည်း ဘယ်သူ့ကို ဆိုလိုတယ်ဆိုတာကို ချက်ချင်း သဘောပေါက်လေသည်။ မျက်လုံးထဲတွင် ရှုတည်တည်နှင့် ခပ်တင်းတင်း နေတတ်သော အဘိုး၏မိတ်ဆွေ



...လွှင်ကိုရဲ့သား နေဇယံကို ပြေးမြင်လာသည်။ အန်ကယ်လွှင်ကို ... ခင်မင်ခဲ့တာ ကြာပြီဖြစ်သော်လည်း သူ့ရဲ့သား နေဇယံနှင့် ...ကြက်မှာ သိပ်အရင်းနှီးကြီး မဟုတ်ချေ။

အန်ကယ်လွှင်ကိုသည် ဘိုးဘိုးရဲ့ လုပ်ငန်းတချို့မှာ ...ယာများ ပါဝင်ထားသော ရင်းနှီးခင်မင်သည့် မိတ်ဆွေမျိုး ...တော့ သူ့ရဲ့သား နေဇယံကတော့ အင်မတန်ထက်မြက်သည့် ...ဆက်တန်းရှေ့နေလေးတစ်ယောက် ဖြစ်သည်ဟု သတင်းမွှေး...သည်။ လူတိုင်းကို အထင်မကြီးတတ်၊ မခင်လွယ်တတ်သော ...ဘိုးရဲ့အထင်ကြီးမှုနှင့် ယုံကြည်မှုကိုလည်း ပူးတွဲရယူထားသော ...တစ်ယောက် ဖြစ်သည်။ ကုမ္ပဏီလုပ်ငန်းစုနှင့် ပတ်သက်သော ...အေကိစ္စ အဝဝတွေမှာ နေဇယံသည် အရွယ်နှင့်မလိုက်အောင် ...သီလုပ်ကိုင်ပေးသူဖြစ်သည်။

တခက်သည် နေဇယံရဲ့ ပုံစံကို မျက်လုံးထဲတွင် ...ဆောင်လာပြီးနောက် ခေါင်းကို အသာယမ်းမိသည်။ နေဇယံ...သည် တခက်ထက် အသက်တစ်နှစ်လောက်ပဲ ပိုကြီးနိုင်သော်လည်း ...င်မတန် ရင့်ကျက်တည်ငြိမ်သော ပုံစံမျိုးနှင့် ဖြစ်သည်။ သူ့ကို ...ည့်လိုက်လျှင် တီရှပ်နှင့် ဂျင်း(န်)ဝတ်တာမျိုး ဘယ်သောအခါ ... မတွေ့ရ။

စပို့ရှပ်နှင့် Skirney ဘောင်းဘီရှည်တို့ကိုသာ စမတ်...ကျ ဝတ်ဆင်ထားတာမျိုး တွေ့ရမည်။ အရွယ်အပြုံးနည်းသော ...ဇယံသည် စူးရှသည့် မျက်လုံးများဖြင့် တစ်ဖက်သားရဲ့ရင်ကို ...င်းဖောက်မတတ် ကြည့်တတ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို နူးညံ့အေးဆေးသော တခက်သ
သဘောကျချင်းကျ နေဇယံကိုသာ သဘောကျရမည် ဖြစ်သည
ဒါပေမဲ့ အချစ်ဆိုတာက အလွန်ထူးဆန်းပါသည်။ တခက်သ
တည်ငြိမ်အေးဆေးသည့် နေဇယံကို စိတ်ထဲမှာ ဘယ်လိုမှ မရှိ
တခက်နှင့် တခြားစီဖြစ်သော လင်းညို့ကိုမှ နှလုံးသားက ရင်
ခဲ့သည်။ အေးအေးဆေးဆေး နူးနူးညံ့ညံ့ နေတတ်သော တခ
နှင့် ခေတ်မီသွက်လက်ကာ ခေတ်ရှေ့ပြေးသော အဆိုတော်လေ
လင်းညို့တို့သည် အနေအထိုင်ချင်း မတူညီကြသော်လည်း အ
ချင်းညီကြသဖြင့် အရာရာကို ညှိ၍ရခဲ့ကြပါသည်။

"အန်ကယ်က ခက်လေးကို နေဇယံနဲ့ပဲ သဘောတူတာ

အတွေးမှ မဆုံးသေးခင် လေးမိုးက ဖြတ်၍ပြေ
ပြန်သည်။ တခက်သည် လေးမိုးထံမှ တိကျသော စကားတို့
ကြားရလျှင်တော့ ခေါင်းကို သွက်သွက်ကြီးပဲ ခါယမ်းပြမိသည

"မဖြစ်နိုင်ပါဘူး။ တခက်မှ သူ့ကို မချစ်တာ"

လေးမိုးက သက်ပြင်းကို အသာရှိုက်ကာ ...

"အဲဒီ ချစ်တာတွေ မချစ်တာတွေကို အန်ကယ်က ခေါ
ထဲမထည့်ဘူး သမီး။ သူက သမီးဘဝတစ်လျှောက်လ
သာယာဖို့ကိုပဲ ခေါင်းထဲမှာ ထည့်တာ ...

သူ မရှိတော့တဲ့အချိန် လောကကြီးထဲမှာ သမီးတ
ယောက် တင့်တင့်တယ်တယ်နဲ့ အေးအေးချမ်းချမ်း ကျ
ရစ်ခဲ့ဖို့ကိုပဲ သူ စဉ်းစားတာ ...

ဒါကြောင့် သမီးအတွက် စိတ်ချရတဲ့လူ ယုံကြ
ရတဲ့လူ အဲဒီလိုလူမျိုးကိုပဲ သမီးဘဝအတွက် လက်တွဲ



ချင်တာ၊ နေဇယံကို အန်ကယ်က အရမ်းသဘောကျတယ်။ အန်ကယ် သဘောကျလောက်အောင်ကိုလည်း နေဇယံက တော်တယ်၊ စိတ်ဓာတ်မြင့်မြတ်တယ်။ သမီးဘိုးဘိုးရဲ့ ပတ်ဝန်းကျင်မှာ နေဇယံထက် ချမ်းသာကြွယ်ဝတဲ့သူတွေ သမီးကို လိုချင်ကြတဲ့သူတွေ အများကြီးရှိတာပဲ ...

ဒါပေမဲ့ သမီးဘိုးဘိုးက လူတစ်ယောက်ရဲ့ အရည်အချင်းကိုပဲ ကြည့်တာကွယ့်၊ သူက နေဇယံကို အရမ်းသဘောကျနေပြီ။ ဒီအချိန်မှာ ဘိုကြားမင်းက သမီးကို လိုချင်တယ် ဆိုရင်တောင် သဘောတူမှာ မဟုတ်ဘူး။ နေဇယံမှ နေဇယံ ဖြစ်နေတယ်။ အဲဒီအထဲမှာမှ ခက်လေး ချစ်မိတဲ့သူဟာ ပေါ်ပြူလာဖြစ်နေတဲ့ သူတစ်ယောက်ဆိုတော့ သူက လုံးဝခါးခါးသီးသီး ဖြစ်နေတာပေါ့။ အခြေအနေတွေက ထင်သလောက် မလွယ်ဘူး ခက်လေး။ ဒီကိစ္စကို ခက်လေး သေချာစဉ်းစားဆုံးဖြတ်မှ ရလိမ့်မယ်"

လေးမိုး၏ စကားရှည်ကြီးအဆုံးတွင် တခက်သည် ခေါင်းငိုက်စိုက်ကျသွားပြီးနောက် မျက်ရည်တစ်စက်က ခြေဖမိုးသို့ လွင့်စဉ်ပြုတ်ကျလို့ သွားလေသည်။

❦ ⁂ ❦

www.burmeseclassic.com



## ၃

တစ်နေ့က ဖြစ်ပွားခဲ့သောကိစ္စသည် ဘိုးကို ဘယ်
လောက်ထိများ ထိခိုက်ခံစားသွားစေသလဲတော့ မပြောတတ်ပါ
ဘိုးသည် တော်တော်နေမကောင်း ဖြစ်သွားသည်။ အိပ်ရာထဲ
မထနိုင်ပါ။ ဒေါက်တာဇော်အပြင် ယခင်ကုနေကျ သမားတော်
ကြီးအပြင် နှလုံး Specialist ဆရာကြီးပါ အိမ်သို့ဝင်ရသည်
အမှန်ဆိုလျှင် ဆေးရုံတက်ရမှာ ဖြစ်သော်လည်း ဘိုးက ဆေး
မတက်ချင်သောကြောင့် အိမ်မှာပဲ စပါယ်ရှယ်နာ့စ် ခေါ်ထားကာ
ဒေါက်တာဇော်က မနက်တစ်ခေါက် ညတစ်ခေါက် လာကြည့်ပေး
ရသည်။

ဘိုးရဲ့ဘဝသက်တမ်းတစ်လျှောက်မှာ ဒီလို လဲသွား
တာမျိုး ဘယ်တုန်းကမှ မဖြစ်ဖူးသဖြင့် မိတ်ဆွေအပေါင်းအသင်း
များ၊ စီးပွားဖက်များ၊ ရှယ်ယာဝင်များ စသဖြင့် အားလုံးဟာ
ထိတ်ထိတ်လန့်လန့် စိုးရိမ်ပူပင်လျက် သတင်းလာမေးကြသည်
မှာ ခြံထဲတွင် ကားရပ်ဖို့ရာ နေရာပင် မဆံ့ချေ။ ဘယ်လိုဖြစ်
တာလဲ ကောက်ခါငင်ကာ ချက်ချင်းကြီးပါလားဟူသော မေးခွန်း



ကို အမေးအများဆုံး ဖြစ်လေရာ အဲဒီလို အမေးခံရလေတိုင်း
တခက်ရဲ့မျက်နှာကို ဘယ်နားသို့ သွားထားရမည်မှန်း မသိပါ။
ဖန်ကောက်မှာ ဆေးသွားကဲ့ပါလား စင်ကာပူမှာ
ဆေးရုံတက်ပါလား စသဖြင့် အကဲပိုသူတွေကလည်း ဗိုကြလေရာ
တခက်သည် အဲဒီမြင်ကွင်းတွေကိုကြည့်ကာ ရင်ထဲ၌ သွေးပျက်
ထိတ်လန့်၍ လာလေသည်။ တခက်နှင့် လင်းညို့တို့ရဲ့ချစ်ခြင်း
ဟာ နောက်ဆက်တွဲရလဒ်အဖြစ် ဒီလောက်တောင် ကြီးကျယ်
သွားရသလား။ ဘိုးဘိုး ဘာကြောင့် ဒီလိုဖြစ်သွားရတာယ် ဆိုတာ
ကို တခက်တို့ဘက်မှ သတင်းလုံအောင် ဖုံးဖိထားသဖြင့် ဘာအစ
အနမှ ထွက်မလာသော်လည်း နေဖယ်ကတော့ မသိဘဲ မနေပါ။

တစ်ညနေမှာတော့ တခက်ကို ခေါ်ကာ စကားပြော
သည်။

"တကယ်တော့ ဒီစကားကို ပြောရတာဟာ တခက်တို့
မိသားစုရဲ့ အတွင်းရေးကို ဝင်ပါသလိုတော့ ဖြစ်နေတယ်
တခက်။ ဒါပေမဲ့ ကိုယ်က ဘိုးဘိုးကို စိတ်ချမ်းသာ ကျန်း
မာတာကို မြင်ချင်တဲ့သူပါ ...

အားလုံးကိုလည်း အဆင်ပြေစေချင်တယ်၊ ဘိုးဘိုး
စိတ်ချမ်းသာအောင် တခက် ဖြည့်ဆည်းပေးလိုက်ပါလား"

တခက်သည် နဂိုကမှ စိတ်တွေရှုပ်ကာ ဘယ်သူ့ကို
မဲချင်နေမှန်းမသိ မဲချင်နေလေရာ နေဖယ်ရဲ့စကားကိုကြားလျှင်
ထောင်းခနဲ ဒေါသထွက်သွားသည်။ အဘိုးကလည်း အိပ်ရာပေါ်
မှာလဲ၊ လင်းညို့နဲ့လည်း မတွေ့ရ၊ ဟိုလူ ဒီလူတွေက အဘိုး
ဒီလိုဖြစ်သဖြင့် ဘာမဆိုင် ညာမဆိုင် ပွဲလန့်တုန်း ဖျားစေးချင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သေးလေရာ စိတ်တွေရှုပ် စိတ်တွေတိုလျက်ရှိသည်။ အမြဲတမ်း အေးဆေးနူးညံ့ခဲ့သော တခက်ရဲ့စိတ်များဟာ အခုတော့ ဘယ်လိုများ ဖြစ်နေလဲတော့ မပြောတတ်ပါ။

တခက်သည် နေဇယ်ကို ခပ်စူးစူး တစ်ချက်မော့ကြည့်ပြီးမှ ဒေါသတွေကို အသာမျိုချလိုက်သည်။ ဒါပေမဲ့ မကျေနပ်တာကိုတော့ ရင်ထဲမှာ အောင့်အည်းမထားနိုင်ပါ။

"စိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါဆိုတဲ့ စကားက ပြောတာတော့ လွယ်ပါတယ် နေဇယ်ရဲ့"

တခက်တို့တစ်တွေသည် နေဇယ် ဆိုသော သူ့ကို နေဇယ်ဟုသာ ခေါ်တတ်ပါသည်။ သူက တစ်ခက် ဘာကိုဆိုလိုတယ်ဆိုတာ သိသဖြင့် ငုံကြည့်ကာ အသာပြုံးပြသည်။ အဲဒီအပြုံးကြီးကို တခက် မကြိုက်ပါ။ အထက်စီးအပြုံးကြီးဟု ထင်သည်။

"ဟုတ်ပါတယ်၊ ပြောတာက လွယ်ပါတယ်၊ ဒါပေမဲ့ ပြောသလို မလုပ်တဲ့အတွက် အခြေအနေတွေကတော့ ကောင်းမလာနိုင်ဘူးလေ"

"ရှင် ဘာကိုဆိုလိုတာလဲ နေဇယ်"

တခက်က မျက်မှောင်ကြုတ်ကြုတ်ဖြင့် မေးမိလျှင် နေဇယ်က ခေါင်းကိုမော့ကာ အသက်ပြင်းပြင်းရှူသည်။

"ဘိုးဘိုးရဲ့ အခြေအနေက တခက် မြင်တဲ့အတိုင်းပဲလေ။ ထင်ထားတာထက် ဆိုးနေတယ်။ တခက် ပြောလိုက်တဲ့ စကားတစ်ခွန်းက ဘိုးကို တော်တော်ထိခိုက်သွားစေတယ်၊ ရှော့ခ် ဖြစ်သွားစေတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"



တခက်ရဲ့ စိန်ခေါ်သလို ဘုတောအပြောကို သူက မျက်ခုံးပင့်ပြီး လှည့်ကြည့်ကာ နှုတ်ခမ်းတွေက လှောင်ပြုံးဆန်ဆန်ပြုံးယောင်သမ်းသွားသည်။ ပြီးတော့ ပခုံးတစ်ဖက်ကို တစ်ချက်တွန့်ကာ ...

"ဘာဖြစ်လဲဆိုတော့ ဘိုးရဲ့အခြေအနေက မကောင်းဘူးပေါ့ တခက်။ ပြောမယ်ဆိုရင် ကိုယ်က အနေသာကြီးပါ တခက်။ ကိုယ် ဘေးထွက်နေရင် ရတဲ့ကိစ္စပါ။ တခက်က ဘိုးရဲ့မြေးအရင်းပါ။ ပြီးတော့ ဘိုးက တခက်ရဲ့မိဘဆိုလည်း မမှားပါဘူး ...

ကိုယ် တခက်ဘက်ကိုလည်း စာနာနားလည်ပါတယ်။ အဘိုးကတစ်ဖက် ချစ်သူကတစ်ဖက်နဲ့ တခက် ဘယ်လောက် စိတ်ဆင်းရဲနေရမလဲ ဆိုတာကိုလည်း ကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကို တွက်ဆရဦးမယ်လေ။ ခုချိန်မှာ တခက်နဲ့ လင်းညိုတို့ ဝေးသွားရလို့ နှစ်ယောက်စလုံး မသေနိုင်ပေမယ့် တခက်တို့နှစ်ယောက် ပေါင်းလိုက်ရင်တော့ ဘိုး သေသွားနိုင်တယ်လေ၊ အဲဒါကို ထည့်စဉ်းစားရဦးမှာပေါ့"

တခက်သည် အဲဒီစကားကြောင့် အရှိက်ကိုထိသွားသည်။ ဘာမှကို ပြန်မပြောနိုင်။ တခက်က ဘာမှပြန်မပြောသဖြင့် သူက ဆက်ပြောသည်။

"လောကမှာ အခြေအနေနဲ့ အချိန်အခါကို ပါးနပ်စွာ အသုံးချတတ်မှ ကိုယ့်အတွက် အဆင်ပြေနိုင်မှာပါ တခက်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်ဆိုတဲ့ နေရာမှာ အားလုံးအတွက်ပါ အဆင်ပြေရင် ပိုကောင်းတာပေါ့ ...

တခက် အတွက် လိုအပ်တဲ့ အကြံဉာဏ်ကောင်းတွေကို ကိုယ် ပေးနိုင်ပါတယ်"

တခက်က သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်လျှင် သူက တခက်ကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ငေးကြည့်လို့နေသည်။ သူ ဘာကို ဆိုလိုတာပါလိမ့်။ သူ့ကို ဘိုးဘိုးက အလွန်အင်မတန်သဘောကျကာ တခက်နှင့်လည်း ရည်စူးထားတာကို ပါးနပ်သော သူကလည်း သိမှာမလွဲချေ။ သူကရော ဘာသားနဲ့ထုထားမို့လို့လဲ။ တခက်ကို ရမည့်အပြင် ဒီစည်းစိမ်ဥစ္စာတွေကိုပါ ရမည့်အရေးကို သူကရော မမက်ဘူးတဲ့လား။ စွန့်လွှတ်မှာတဲ့လား။

သူ့ကိုရော တခက်က ယုံကြည်ရမှာတဲ့လား။

ဒီကမ္ဘာမှာ တခက် ဘယ်သူ့ကို ယုံကြည်ရပါတော့မလဲ။ တခက်သည် ခေါင်းတွေရှုပ်ကာ အော်ဟစ်ငိုပစ်ချင်စိတ်တွေ ပေါက်လာလေသည်။ သူကတော့ တခက် မျက်နှာပေါ်က ပြောင်းလဲသွားသော အရိပ်တွေကို ဖမ်းတတ်သည်ဟု ထင်သည်။ တခက်ရဲ့ ရင်ထဲကစကားတွေ ခံစားချက်တွေကို ရိပ်မိဟန်ဖြင့် စကားဆက်လာသည်။

"ကိုယ် ပွင့်ပွင့်လင်းလင်း ပြောမယ် တခက်။ မင်းနဲ့ ကိုယ်နဲ့ကို ဘိုးဘိုးက ရည်စူးထားတယ်ဆိုတာ မင်းလည်း သိမှာပါ ...



အဲဒီလိုပဲ မင်းနဲ့ လင်းညို့နဲ့ကို ဘိုးက ခါးခါးသီးသီး သဘောမတူဘူး ဆိုတာကိုလည်း ကိုယ် သိပါတယ်။ မင်း ကိုယ့်ကို လက်မထပ်လိုဘူး ဆိုတာကိုလည်း သိနေတာပါပဲ။ အဲဒီ လက်ထပ်ခြင်း လက်မထပ်ခြင်း ကိစ္စတွေဆိုတာ နောက်ကိစ္စ၊ နောက်ပြဿနာတွေပါ တခက် ...

အဲဒါတွေအထိ မင်း လျှောက်စဉ်းစားနေလို့ မင်း အတွက် အဖြေဆိုတာ ထွက်မလာသေးတာပါ"

တခက်သည် ခပ်မြင့်မြင့်စကားတွေကို ပြောနေသော နေဖယ်ကို နားမလည်သလို မော့ကြည့်မိသည်။ သူ့မျက်လုံးတွေကတော့ တစ်ခုခုကို အဖြေရှာရထားသည့်အလား စူးရှပြောင်လက်နေကြသည်။

"မင်းနဲ့ ကိုယ်နဲ့ လက်ထပ်ဖို့ဆိုတာ အဝေးကြီးမှာပါ တခက်။ ဒါပေမဲ့ နီးမယ်ဆိုရင်လည်း ခဏလေးပါပဲ။ အဲဒါကလည်း မင်းအပေါ်မှာ မူတည်နေတယ်"

"ဘယ်လို ! ... အဲဒါဘာအဓိပ္ပာယ်လဲဟင်"

တခက်က တကယ့်ကို နားမလည်ဟန်ဖြင့် သူ့ကို ပြန်မေးတာဖြစ်သည်။ ဒီလူဟာ အလွန်ဦးနှောက်ပြေးသောသူ ဆိုတာတော့ တခက် သိထားသည်။ အင်မတန် အကွက်မြင်တတ်သော ရှေ့နေတစ်ယောက်လည်း ဖြစ်သေးတာမို့ တခက်သည် သူ့ကိုလျှော့မတွက်ပါ။ သို့သော် သူသာ ကိုယ့်ဘက်ကပါလျှင်တော့ တခက် သောကတစ်ခြမ်း အေးရမည် ဖြစ်လေသည်။

"မင်းသာ လင်းညို့နဲ့ ဓာတ်လမ်းဆက်နေမယ်ဆိုရင် မင်းကို ဘိုးဘိုးက အိမ်ထောင်အမြန်ချပေးမှာပဲ တခက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့် ... ဒါဆို ကျွန်မက သူ့ကို ဖြတ်ရမယ်ဆိုတဲ့ သဘောလား"

ဒေါသကို မထိန်းနိုင် မသိမ်းနိုင် တခက်ရဲ့ ကဲကဲ ဆတ်ပုံစံကို သူက ခွင့်လွှတ်နားလည်ဟန်ဖြင့် တစ်ချက်ပြုံးသည်။ အဲဒီအပြုံးသည် မွှန်နေတုန်းမို့ ခွင့်လွှတ်ပါတယ် ဟူသော အပြုံးမျိုးဖြစ်သဖြင့် တခက်မှာ နည်းနည်းတောင် ရှက်သွားရလေသည်။ ဒါကြောင့် ပါးစပ်ကနေ၍ "ဆောရီး"ဟုတောင် ခပ်တိုးတိုး ထွက်သွားသေးသည်။

"ရပါတယ် တခက်။ မင်းကို ကိုယ် နားလည်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အဲဒီလောက်ကြီးလည်း စိတ်မလှုပ်ရှားပါနဲ့လေ၊ စိတ်လှုပ်ရှားတာက တကယ့်အရေးကိစ္စတွေမှာ တစ်ပန်းရှုံးတတ်တယ်ကွ"

ဟုတ်ပါတယ်၊ ရှင်ပဲ တစ်ပန်းသာပါ။ တခက်သည် စိတ်ထဲမှ ကျိတ်၍ပြောလိုက်သော်လည်း ပါးစပ်ကတော့ ဘာမှ ထပ်မထွက်ဖြစ်တော့ပါ။ သူလိုလည်း တခက်က ဉာဏ်ကိုသွာ မသုံးတတ်။ ဟိုဟာကဘာ ဒီဟာကဘာ ဟိုအကွက်ကို ဒီလိုရွှေ့ရင် ဒီအကွက်က ဘယ်လိုဖြစ်မယ် စသဖြင့် ဦးနှောက်စားရသော အလုပ်တွေကိုလည်း ဝါသနာမပါခဲ့ချေ။

တခက်လိုပင် လင်းညှို့သည်လည်း အဲဒီလိုတွေ သိပ်မတွေးတတ်ချေ။ သူကသာ ပိုတောင်ဆိုးသေးသည်။ ပေါ့ပေါ့ပါးပါးနှင့် ပျော်ပျော်နေတတ်ကာ စိတ်ရှုပ်တာတွေ ဘာတွေကိုလဲ သိပ်ပြီးခံနိုင်ရည်ရှိသူ မဟုတ်။ သူ့ရင်ဘတ်ထဲတွင် အနုပညာသာ ရှိပြီး ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း နေထိုင်တတ်သူဖြစ်



လေသည်။ စိတ်ခံစားမှုတွေကိုလည်း နေဇယ်လို တည်ငြိမ်စွာ ထိန်းချုပ်နိုင်သူ မဟုတ်။

"ကိုယ်က မင်းကို လင်းညှို့နဲ့ ပြတ်လိုက်လို့ ဆိုလိုနေတာ မဟုတ်ပါဘူး တခက်။ မင်းတို့နှစ်ယောက်ကြားမှာ နားလည်မှုတစ်ခုရှိရင် ဒီပြဿနာအတွက် အဖြေဆိုတာ ရှိလာမှာပါ ...

ကိုယ် ကလေးစကား ပြောတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ မင်း ဘိုးဘိုးကို သမီး အဲဒီတစ်ယောက်ကို မေ့လိုက်ပါ့မယ်လို့ ပြောကြည့်လိုက်ပါလား၊ ဘိုးဘိုးရောဂါ ချက်ချင်း ပျောက်သွားမှာပါ။ မင်း ရင်ထဲမှာ မေ့တာ မမေ့တာအထိတော့ ဘိုးက လိုက်ကြည့်နိုင်မှာ မဟုတ်ပါဘူး ...

အဲဒီလိုပဲ နားလည်မှုထားလိုက်တဲ့ မင်းတို့နှစ်ယောက် တကယ်ပြတ်,မပြတ် ဆိုတာကိုလည်း ဘိုး သိနိုင်မှာတဲ့လား ...

ကြားထဲမှာ အချိန်တွေ အများကြီး ရှိပါတယ် စွဲတခက်ရယ်။ အဆင်ပြေနိုင်မယ့် နည်းလမ်းဆိုတာလည်း ပေါ်လာဦးမှာပါ။ အခုလောလောဆယ်မှာတော့ ဘိုးဘိုး စိတ်ချမ်းသာမှုကိုပဲ မင်း ရှေးရှုသင့်တယ်လို့ ကိုယ် ထင်တယ်။ ဒါဆို လတ်တလောကိစ္စတွေ အဆင်ပြေသွားမယ် ...

မင်းနဲ့ လင်းညှို့ကိုလည်း တတ်နိုင်သမျှ ကိုယ် ကူညီမှာပါ။ အဲဒီတော့ မင်းတို့ ချစ်သူချင်း နားလည်မှုရှိအောင် တည်ဆောက်ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတော့လည်း ဟုတ်သလိုလိုပင်။ ဒီလိုကြီး တင်းခံနေတော့လည်း အခြေအနေတွေက ဘယ်လိုဖြစ်လာမယ် ဆိုတာ မသိရသေးချေ။ ဘိုးဘိုးကိုလည်း တခက် သနားလှသလို ချစ်တဲ့ လင်းညို့ကို စွန့်လွှတ်လိုက်ရလျှင်လည်း စိတ်ဆင်းရဲရတာ နှင့် တခက်လည်း သေနိုင်ပါသည်။

လူတစ်ယောက်ကို ဘယ်လောက်ချစ်တယ် ဆိုတာ အဲဒီလူနဲ့ ဝေးရတော့မှ သိတတ်တာဟု ကြားဖူးထားသည်။ ဒါပေမဲ့ မဝေးရခင်တည်းက လင်းညို့ကို ဝေးဖို့ဆိုတာ တခက် အနေဖြင့် ဘယ်လိုမှ လက်မခံနိုင်သောကိစ္စပဲ ဖြစ်လေသည်။ ဒီလိုပြဿနာတွေ တက်လာတော့မှပင် သူ့ကို ဘယ်လောက်ချစ် တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိမြင်လာတော့တာ ဖြစ်သည်။ အစကတော့ လင်းညို့ကို ဒီလောက်ချစ်နေမှန်း မသိခဲ့။ နှစ်ဦး သား ဆုံတွေ့ချိန် ရှားရှားပါးပါးလေးများနှင့် ညဥ့်နက်သန်းခေါင် ဖုန်းပြောချိန်လေးများရဲ့ သံယောဇဉ်သည် ဒီလောက်တောင် ထုထည်ကြီးမားမည်ဟု မထင်ခဲ့ချေ။

ခုလို အကျယ် အကျယ် မငြိမ်းမွှယ်တွေ ဖြစ်လာတော့ မှပင် လင်းညို့သည် တခက်ကို အစွဲကြီးစွဲအောင် ပြုစားထားလိုက် ပြီဆိုတာကို သဘောပေါက်ရတော့လေသည်။

"ကိုယ်ပြောတာ ဘယ်လိုသဘောရလဲ တခက်။ ကိုယ်က တခက်ကို ဒါလုပ်ရမယ်လို့ တိုက်တွန်းနေတာ မဟုတ်ဘူး နော်။ ဒီနည်းလမ်းလေးကတော့ဖြင့် အဆင်ပြေနိုင်တယ် ဆိုတာမျိုး တခက် မတွေးတဲ့ အတွေးထောင့်တစ်ခုကနေ တွေးပြနေတာ။ တခက်သဘော တခက်ဆန္ဒပဲ"



တခက်သည် နေယံကို ဘာမှပြန်မပြောနိုင်ဘဲ အတန် ကြာ ငေးစိုက်ကြည့်နေပြီးမှ ခေါင်းကို လေးလေးကြီး ညိတ်ပြမိ လေသည်။

❣ ⁂ ❣

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ တခက်ရာ။ တခက်က အဲဒီကောင်ကို ယုံလို့လား။ သူ ပြောတိုင်း လိုက်လုပ်စရာလား။ သူက ဘာကောင်မို့လို့လဲ ... ကျွတ်"

တခက်သည် တရှူးရှူးတရှဲရှဲဖြင့် ဒေါသတွေ ထွက်နေသော လင်းညို့ကိုကြည့်ကာ ငိုချင်လာသည်။ နေယံရဲ့ အကြံပေးစကားတို့နှင့် ညှိနှိုင်းကြည့်သောအခါမှာ လင်းညို့က သဘောမတူ။ နေယံကို မယုံ၊ ဘိုးဘိုးကိုလည်း မယုံ၊ နောက်ဆုံး တခက်ကိုပါ သူ့ကို စွန့်ခွာချင်သည်ဟုထင်ကာ နှစ်ဦးကြားမှာ ပြဿနာတွေက အကျယ် အကျယ် မငြိမ်းဖွယ်တွေ ဖြစ်လာလေသည်။

အခုဆိုလျှင် တခက်ကို လေးမိုးကတောင် အလွတ်မပေးတော့။ အသွားအလာ အနေအထိုင်တွေကို စောင့်ကြည့်ကာ ပြောချင်လာသည်။ အခြေအနေတွေဟာ ထင်ထားတာထက် ပိုဆိုးကာ ကျပ်တည်း၍ လာလေသည်။

"သူက ဘာကောင်မှ မဟုတ်ပေမယ့် လောလောဆယ်မှာတော့ ဘိုးရဲ့ ယုံကြည်အားကိုးမှုကို အပြည့်အဝ ရထားတယ်လေ။ ခုဆို ဘိုး အိပ်ရာထဲ လဲနေတုန်းမှာ တချို့ကိစ္စတွေဆို သူပဲ စီမံပေးနေတာ ..."



လေးမိုးကလည်း ခုဆို အရမ်းကျပ်လာတယ်။ အခု အပြင်ထွက်လို့ရတာတောင် နေဇယံ ပြောပေးလို့ရတာ လင်းညို့ရဲ့"

"တောက် ... ဘာတွေလဲကွာ"

လင်းညို့က စိတ်တိုတိုနှင့် တောက်တစ်ချက် ပြင်းပြင်းခေါက်ကာအော်လျှင် တခက်သည် စိတ်ရှုပ်စွာဖြင့် မျက်ရည်ဆွေ့ လည်လာသည်။ ဒါကို လှည့်ကြည့်လာသော လင်းညို့က ငြိမ်သွားကာ ...

"တခက် ... ဘာဖြစ်တာလဲကွာ။ အဲဒါက ဘာဖြစ်ရတာလဲ"

တခက်သည် သူက အဲဒီလိုမေးမှ ပိုပြီးဝမ်းနည်းကာ ငိုချင်လာသည်။ နဂိုတည်းကမှ တခက်ဟာ ဘာမဆို ထိခိုက်ခံစားလွယ်သောသူ ဖြစ်လေရာ တစ်ခုခုဆို မျက်ရည်က မခိုင်တတ်ချေ။ ဘိုးကိုလည်း သနားလှသလို၊ လင်းညို့နှင့် ဝေးရမှာကိုလည်း သေမလောက် ကြောက်နေလေရော အဲဒီသောကကြီးသည် တခက်ကို တစ်နေ့ တစ်နေ့ မစားနိုင် မအိပ်နိုင်အောင် ဖိစီးနှိပ်စက်လို့ ထားလေသည်။

ဒီကြားထဲ လင်းညို့ကပါ တခက်ကို အထင်လွဲချင်သလိုလို ဖြစ်နေသောအခါ တခက် ပို၍ ဝမ်းနည်းတော့တာဖြစ်သည်။

"တခက် ... ဘာဖြစ်တာလဲကွာ၊ အဲဒီပုံစံမျိုး မဖြစ်စမ်းပါနဲ့။ ကိုယ့်ရင်ကို ဓားနဲ့မွှန်းနေတဲ့ အတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



“လင်းညို့က စားနဲ့မွှန်းထားတဲ့အတိုင်း ခံစားရတာ၊ တခက်ကတော့ ရင်ထဲမှာ အက်ဆစ်နဲ့ အပက်ခံထားရတဲ့အတိုင်းပဲ ...

လင်းညို့နဲ့ ဝေးရမှာ တခက် ဘယ်လောက်ကြောက်နေတယ်ဆိုတာ လင်းညို့ မသိဘူး။ တခက် ရင်ထဲမှာ ဘယ်လိုခံစားနေရတယ် ဆိုတာကို လင်းညို့ မသိဘူး မဟုတ်လား”

“ကိုယ် သိပါတယ် တခက်ရာ။ တခက် ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ ကိုယ် ကံကြမ္မာကို မယုံဘူးနော် တခက်။ အဲဒီကောင်ကို အရမ်းကြောက်တယ် ...

ကိုယ် တခက်နဲ့ဝေးရဖို့ကို နည်းနည်းလေးမှ အတိမ်းစောင်း မခံနိုင်ဘူး၊ တခက် အဲဒီစည်းစိမ်တွေကို မမက်ပါနဲ့။ ကိုယ့်အချစ်က အဲဒီအရာတွေထက် အများကြီး ခမ်းနားပါတယ် တခက်ရယ်”

“တခက် အဲဒါတွေကို ထည့်တွက်နေတာ မဟုတ်ဘူး လင်းညို့။ အဲဒါကိုမမက်ဘဲ အားလုံးကို စွန့်ခွာပြီး လင်းညို့ကို လက်တွဲမယ်ဆိုလို့ ဘိုး ဒီလိုပုံပုံလဲသွားရတာပါ ...

အခု အခြေအနေတွေက အရမ်းရှုပ်ထွေးနေတယ်။ ဘိုး ကျန်းမာရေးရဲ့ နောက်ဆက်တွဲကိစ္စအဖြစ် ကုမ္ပဏီကိစ္စတွေကပါ ရှုပ်နေတယ်၊ ဘာတွေမှန်းလဲ မသိဘူး။ တခက်တော့ စိတ်ဆင်းရဲတာပဲ သိတယ်၊ တခက်တို့ ဘာလုပ်ကြမလဲဟင် ...



တခက်လေ ဘိုးကိုလည်း စိတ်ချမ်းသာစေချင်တယ်၊ တခက်ကြောင့် ဘိုး ဒီလိုဖြစ်နေတာကိုလည်း မလိုလားဘူး။ လင်းညို့ကိုလည်း မခွဲနိုင်ဘူး။ ကြာရင် တခက်တော့ ရူး ပြီးသေရလိမ့်မယ် လင်းညို့ရယ်”

လင်းညို့သည် တခက်ရဲ့အဖြစ်ကို မကြည့်ရက်စွာ အံကြိတ်ပြီး ခေါင်းယမ်းကာ ရင်ခွင်ထဲသို့ ထွေးပွေ့ထားမိသည်။ သူတို့ရဲ့အချစ်ရေးကျမှ ဒီလိုမျိုး ဘာကြောင့် မချော ရသလဲဆိုတာ သူလည်း မစဉ်းစားတတ်ချေ။ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ခိုင်ခိုင်မာမာ ချစ်ကြပါလျက် ဘာကြောင့်များ ချစ်ကံခေရတာပါလိမ့်။ ဒီပြဿနာကို ဖြေနိုင်မယ့် နည်းလမ်းဆိုတာ သူလည်း မစဉ်းစားတတ်တော့ပါ။

“တခက်ကို ကိုယ် ပြတ်ပြတ်သားသား တစ်ခုမေးမယ်။ တခက်ရဲ့ဘိုးက ဟိုကောင်နဲ့ ဇွတ်လက်ထပ်ပေးမယ်ဆိုရင် တခက် ဘယ်လိုလုပ်မှာလဲ ...

အဲဒီကောင်ကို လက်ထပ်မှာလား၊ ယူမှာလား”

“အခုကိစ္စက အဲဒီလက်ထပ်တဲ့ အခြေအနေထိကို မရောက်သေးဘူး လင်းညို့။ ပြောရမယ်ဆိုရင် ဒီပြဿနာထဲမှာ နေဇယံ ပါမလာသေးဘူး။ ဘိုး ပါးစပ်ကလည်း နင့်ကို နေဇယံနဲ့ လက်ထပ်ပေးမှာလို့ တစ်ခွန်းမှ ဟမလာသေးဘူး ...

ပြီးတော့ နေဇယံ ကိုယ်တိုင်ကလည်း တခက်ကို ကူညီမယ်လို့ ပြောထားတာပဲ၊ သူ့ကို တခက် မကြိုက်ဘူး ဆိုတာလည်း သူ သိနေတာပဲလေ”

www.burmeseclassic.com

www.burmeseclassic.com



"တခက် မကြိုက်လည်း ဘာအရေးလဲကွာ။ ဒီကောင်တွေ
က ချစ်တာတွေ သစ္စာတွေ သိတဲ့ကောင်တွေမှ မဟုတ်
တာ။ ဦးနှောက်တွေ နင်းကန်ထုတ်သုံးပြီး နောက်ဆုံးက
တခက်ကို အပိုင်သိမ်းသွားရင် ဒီကကောင်ပဲ ရင်ကွဲပြ
ရှုံးကျန်ရစ်ရမှာ"

"နေဖယ်က အဲဒီလိုမျိုး မဟုတ်ပါဘူး လင်းညို့ရယ်"

"ဘာလဲ ... တခက်က အဲဒီကောင်ကို ယုံနေတာလား"

"ယုံနေတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူက ဘယ်လ
ပြောမလဲ"

တခက်က ဆက်မပြောတတ်တော့သည့် ပုံစံဖြ
နားထင်ကို လက်ညှိုးဖြင့် ကုတ်လိုက်လျှင် သူက ပြုံးမဲ့မဲ့ဖြ
ခေါင်းတဆတ်ဆတ်ညိတ်သည်။ တခက်သည် လင်းညို့ရဲ့ အဲ
ပုံစံကို ရင်ထဲတွင် ခါးသွားသည်။

"လင်းညို့နော် ... တခက်ကို အဲဒီပုံစံမျိုးနဲ့ မကြည့်န
သူ့အတွက်နဲ့ တခက်တို့ကြားမှာ ဘာပြဿနာမှ ဖြစ်စ
အကြောင်းမရှိဘူး။ ဒီအချိန်မှာ တခက်နဲ့ လင်းညို့က
နားလည်မှုအပြည့်နဲ့ စည်းလုံးနေရမယ့်အချိန်။ နှစ်ယော
သားက အရမ်းနားလည်နေမှ ဖြစ်မှာ ...

သူနဲ့သာ ကြိုက်ချင်ရိုးမှန်ရင် ဟိုးအရင်တည်းက
ကြိုက်နေရောပေါ့။ လင်းညို့နဲ့ မတွေ့ခင်တည်းက သ
အိမ်မှာ ဝင်ထွက်နေတာပဲ"

"ဒါပေမဲ့ မတူဘူးလေ။ ပြီးတော့ တခက် ပြောနိုင်လို့လာ
ဒီကောင့် စိတ်ထဲမှာ တခက်ကို ကျိတ်ကြိုက်ချင် ကြိုက်



မှာပေါ့။ တခက်ရဲ့ နူးညံ့အေးဆေးတဲ့ ပုံစံလေးကို ကိုယ်
တောင် ချစ်မိသွားသေးတာပဲ ...

ဒီကောင်တွေက ဒါမျိုးကို ဦးနှောက်နဲ့ စဉ်းစားတွက်
ချက်ပြီး ပိုတောင်ကြိုက်လိမ့်ဦးမယ်။ တခက်ကို ကြိုက်နေ
ယို့ပဲ အဘိုးရှေ့မှာ အကောင်းဆုံးဖြစ်အောင် နေပြပြီး သူ့
ကို သဘောကျလာအောင် ဖြည်းဖြည်း စည်းရုံးထားတာ
လည်း ဖြစ်ချင်ဖြစ်မှာပေါ့ ...

အဲဒီလိုရော မဖြစ်နိုင်ဘူးလား တခက်ရာ။ စွတ်ယုံ
မနေစမ်းပါနဲ့။ ကိုယ်ကတော့ အဲဒီလိုကောင်တွေ အထင်
ကိုမကြီးဘူး"

ချစ်သူက အဲဒီလို ပြောတော့လည်း တခက်သည်
သူ့စကားမှာမျောကာ တွေဝေသွားပြန်သည်။ အဲဒီလိုများ ဖြစ်နေ
လေးလားဟူသော အတွေးဖြင့် တိတ်ဆိတ်သွားကာ တခက်ရဲ့စိတ်
တို့က မပြတ်သားနိုင်။ မျက်လုံးထဲတွင် စူးရှသောအကြည့်များနှင့်
ဆက်ထက်မြက်မြက်ရှိသူ နေဖယ်ရဲ့ရုပ်သွင်ကို မြင်ယောင်လာကာ
သူဟာ အဲဒီလိုလူစားမျိုးလားဟု တွေးမိပြန်သည်။ သူ့ပုံစံဟာ
အဲဒီလိုမျိုးတော့ ထင်စရာမရှိပါ။

သို့သော် လင်းညို့ ပြောသလိုရော ဖြစ်မနေနိုင်ဘူး
တဲ့လား။

အား ... ခေါင်းတွေ ပူလိုက်တာများ။

"ဒါပေမဲ့ လင်းညို့ သိထားဖို့က တခက် ချစ်တာ လင်းညို့
ကိုပါ။ လင်းညို့ကို ခွဲရဖို့ဆိုတာလည်း တခက် တွေးတောင်
မတွေးရဲတဲ့ ကိစ္စကြီးပါ၊ လင်းညို့ရယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး ဆိုတာလည်း တခက်ရဲ့ မိဘပါပဲ။ တခက် တစ်သက်လုံး မတောင့်မတနေရအောင် ကျွေးမွေးစောင့် ရှောက်လာတဲ့သူပါ ...

ဘိုးကို မျက်နှာလွှဲခဲပစ် လုပ်လို့ကလည်း ဘယ်လိုလုပ် ဖြစ်မှာလဲ။ ဒါကြောင့် အခြေအနေအရ တခက်တို့ မီးစင် ကြည့်ကမှ ဖြစ်မှာ"

"မီးစင်ကြည့်က,ရင်း မီးပါလောင်သွားမှာလား မသိပါဘူး ကွာ"

"ဩော် ... အဲဒီလို မတွေးပါနဲ့ လင်းညို့ရယ်။ တခက်တို့ ရဲ့ချစ်ခြင်း စစ်မှန်ရင် မဝေးဘူးလို့ ယုံကြည်ထားစမ်းပါ။ တခက်ကတော့လေ ဘုရားမှာ အမြဲတမ်း သစ္စာဆိုတယ် သိလား။ ဘိုးကို စိတ်ချမ်းသာစေချင်တယ်၊ လင်းညို့ကို လည်း တကယ်မေတ္တာစစ်နဲ့ ချစ်တယ် ...

အဲဒီ မှန်ကန်တဲ့ သစ္စာတွေကြောင့် တခက်တို့ မဝေးရပါစေနဲ့လို့။ လောလောဆယ်တော့ ဘိုး စိတ်ချမ်း သာအောင်၊ ကျန်းမာလာအောင် ဂရုစိုက်ပြုမှုရမယ်။ ပြဿနာ ကို ဖြေရှင်းနိုင်မယ့် နည်းလမ်းလည်း ပေါ်လာမှာပါ လင်းညို့ရယ်။

လင်းညို့လည်း ဘာလုပ်ရမယ် ဆိုတာကို စဉ်းစား ကြည့်ဦးပေါ့။ တခက်တို့ တိုင်ပင်ပြီး အကောင်းဆုံးနည်း လမ်းကို ရှာကြတာပေါ့ လင်းညို့ရယ် ... နော်။ အဓိက, က တခက်တို့ နားလည်မှု ရှိဖို့ပါပဲ"



နောက်ဆုံးတော့လည်း တခက်ကပဲ သူ့ကို ဖျောင်းဖျ နှစ်သိမ့်ရတာဖြစ်သည်။ သူက လေးလေးပင်ပင်နှင့် ခေါင်းကို ညိတ်ချင်ညိတ်ချင် ညိတ်ကာ ..

"မသိဘူးကွာ။ တခက်ကို ချစ်လွန်းလို့သာ ဒီလောက်ထိ အစားခံနေတာ။ ဘာတွေမှန်းကို မသိတော့ဘူး။ ကိုယ့် သိသောအတိုင်းသာဆိုရင် အခုကိုပဲ ကားတင်ပြီး ခိုးပြေး လိုက်ချင်တော့တယ် ...

အဲဒီလိုကျတော့လည်း မင်းက မစွန့်စားရဲဘူး မဟုတ် လား"

"ဩော် ... လင်းညို့ရယ်။ တခက် မစွန့်စားရဲတာ မဟုတ် ပါဘူး။ ဘိုးဘိုးကို ..."

"တော်ပါပြီ တခက်၊ ဆက်မပြောပါနဲ့တော့။ ပြောလည်းပဲ ဒီနားပဲ လည်နေတော့မှာပါပဲ။ ရပါပြီကွာ တခက်ကိုချစ် မိမှတော့ အဆုံးစွန်ထိ နားလည်ပေးရမှာပေါ့ ...

ခုချိန်မှာ ကိုယ့်ကို နှုတ်မဆက်သွားသေးတာပဲ ကျေးဇူးတင်ပါတယ်။ ရပါတယ် တခက် အဆင်ပြေသလို ကြည့်လုပ်ပါ။ ကိုယ်ကတော့ ဘာမှတတ်နိုင်တဲ့သူ မဟုတ် ပါဘူးကွာ။ ကံတရားအတိုင်းပဲပေါ့"

သူက အဲဒီလို ဆိုလာတော့လည်း တခက်သည် ဝမ်းသာရမယ့်အစား ပို၍ဝမ်းနည်းကာ ငိုချင်လာရလေသည်။ ကျလုဆဲဆဲ မျက်ရည်များကို ထိန်းချုပ်ကာ လင်းညို့ကို အားယူ ပြုံးပြလိုက်ရသည်။ တခက် ရင်ထဲက ခိုင်မာသော ဆုံးဖြတ်ချက် သည်လည်း လင်းညို့ကို ခွဲခဲ့ရလျှင်တောင် ဘယ်သူ့ကိုမှ လက်မ

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆိုတာပဲ ဖြစ်တော့သည်။ တခက်သည် သူ့ကို ချစ်လှစွာဖြင့် သူ့လက်ဖဝါးတွေကို တင်းတင်းဆုပ်ကာ အားပေးလိုက်သည်။

"တခက်တို့ မဝေးပါဘူး လင်းညို့ရယ်"

အဲဒီလေသံလေးပဲက ဖျော့တော့နေသည် ဆိုတာကိုတော့ နှစ်ဦးစလုံး ရိပ်မိသိရှိကြပါသည်။

❣ ✳ ❣



၄

"ဟော့ကောင် ... ဘယ်လိုဖြစ်နေတာလဲ၊ မင်း ကြည့်ရတာ ရွဲလိုက်တာကွာ။ သုံးနာရီကျရင် ကိုဂျင်မီနဲ့ ချိန်းထားတာ ရှိတယ်နော်၊ ထတော့ ... ရေချိုးမှာဖြင့်ချိုး၊ ပြီးရင် မင်းကို ငါ ပြောစရာရှိသေးတယ်"

သူ့သူငယ်ချင်း သန့်ဇင်က ခုတင်ပေါ်က သူ့ကို တွန်းထိုးလှုပ်နှိုးသော်လည်း သူက မှောက်လျားထိုး အိပ်နေရာမှ တုပ်တုပ်မှ မလှုပ်မိချေ။ ခုတလောတွင် တခက် ကိစ္စနှင့် ပတ်သက်ပြီး သူ တော်တော်ညစ်နေတာဖြစ်သည်။ အသည်းကွဲဖို့၊ အပြတ်အသတ် ခံစားရဖို့ နိမိတ်တွေကို သူ မြင်နေရသည်။

"ဟော့ကောင် ... ဘာဖြစ်နေတာလဲကွာ ထစမ်းပါ၊ ဘာ ကိုက်နေတာလဲ"

"ကျွတ် ... မင်း သိရဲ့သားနဲ့ကွာ။ အခြေအနေတွေက လုံးဝမကောင်းဘူးကွာ။ ကြာရင် ငါနဲ့ တခက်နဲ့တော့ ဝေးဖို့ပဲ မြင်တော့တယ်"

"ခိုးပြေးပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ပြေးလို့ရရင် ပြေးတာကြာလှပြီ။ သူကမှ မလိုက်တာ"

"အဲဒါ မင်းကို မချစ်လို့ပေါ့ကွ"

"အဲဒီလိုတော့ မဟုတ်ဘူးကွာ။ သူက ငါ့ကို တကယ်ချစ်ပါတယ်။ အခု ဘိုးတော်ကြီး လဲသွားတာကလည်း သူ့ဘဝမှာ တစ်သက်နဲ့တစ်ကိုယ် ဘိုးတော်ကို အဲဒီလိုမျိုး Against မလုပ်ဖူးဘူးလို့ ပြောတယ် ...

အေးအေးဆေးဆေး နူးနူးညံ့ညံ့နေတဲ့ တခက်က ဒီလိုမျိုး ခါးခါးသီးသီး ဆန့်ကျင်လို့ အဘိုးကြီး လဲသွားတယ် ဆိုကတည်းက ငါလည်း သူ့အချစ်ကို သဘောပေါက်ပါတယ်။ သူ့ဘက်က ကြည့်တော့လည်း ဘိုးတော်ကြီးက သူ့ကျေးဇူးရှင်ပေါ့ကွာ။ ငယ်ငယ်တည်းက မိဘမရှိခဲ့တဲ့ သူ့ကို စောင့်ရှောက်လာတဲ့ ကျေးဇူးရှင်ပေါ့။ ဒါကြောင့် ပစ်ပစ်ခါခါ မလုပ်ရက်ဘူးလို့ အဲဒီလို ...

ဒီကြားထဲမှာ နေဇယ် ဆိုတဲ့ ကောင်တစ်ကောင်က ပါလာသေးတယ်။ အဲဒီကောင်ကို အဘိုးကြီးက တော်တော်ယုံတယ်လို့ ပြောတယ်။ တခက်ကိုလည်း အဲဒီကောင်နဲ့ပဲ ရည်စူးထားတယ်လို့ ပြောတယ်။ ဒီကောင်က ပီသလိုပိုင်သလိုနဲ့ တခက်ကို ငါနဲ့ ခဏပြတ် ဘာညာနဲ့ အကြံပေးတယ်တဲ့၊ တောက် ... ရာဇဝင်ရိုင်းလိုက်တာ"

သူက ပြန်ပြောရင်းမှ စိတ်တိုလာကာ အိပ်ရာပေါ်မှ ဆတ်ခနဲထကာ ထိုင်လိုက်မိသည်။ သန့်ဇင်ကလည်း သူ့ပြဿနာကို ကိုယ့်ပြဿနာအလား မျက်မှောင်ကြုတ် စဉ်းစားကာ...



"မင်းတို့ ပြဿနာကတော့ ခပ်ရှုပ်ရှုပ်ပဲကွ၊ ဒီပုံစံအတိုင်းဆို ဟိုကောင်က ဘာအကြံတွေရှိလဲ မပြောတတ်ဘူး။ အချိုးသပ်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

"အေးလေ ... တခက်ကတော့ သူ့ကို အဲဒီကောင်က မကြိုက်ပါဘူးလို့ ပြောတာပဲ။ ဒါပေမဲ့ ဒီကောင်တွေက အကွက်ကြီးကြီးသမားတွေ မဟုတ်လား ...

တခက်ကို ကြိုက်တာ မကြိုက်တာထက် တခက်ကို ရရင် ပွဲသိမ်းနေပြီပဲလေ။ တကယ်တမ်း ဘိုးတော်ရဲ့စည်းစိမ်တွေကို မက်နေတာက ဒီကောင်။ ဘိုးတော်ကြီးက တစ်ဖက်နားပေါက်ကြီးပါကွာ။ ဒါဆိုဒါမှ တစ်ယူသန်ကြီးလို့ တခက်က ပြောတယ် ...

အဲဒီတော့ ဘာမှလုပ်လို့ မရတော့ဘူး အဲဒါပဲ"

"ဟင်း ... ကြားရတာလည်း စိတ်မချမ်းသာပါဘူးကွာ။ မျှော်လင့်ချက်တွေတော့ သိပ်တင်မထားနဲ့ပေါ့ကွာ။ ကြားထဲမှာလည်း ကံကောင်းရင် အခွင့်အရေးက ပေါ်လာဦးမှာပါ ...

နောက်ဆုံး အသည်းကွဲတော့လည်း မင်း ပိုပြီးနာမည်ကြီး အောင်မြင်တာပေါ့၊ မဟုတ်ဘူးလား"

"ဖွီ ... မအောင်မြင်ခင် ဘာအလုပ်မှ မလုပ်နိုင်တာလဲ ထည့်ပြောဦး"

"အေးပါကွာ။ သြော် ... မင်းကို ငါ အကူအညီတစ်ခု တောင်းရဦးမယ်၊ မနက်ဖြန် မန္တလေးက ငါ့ညီတစ်ယောက် ဒီကိုရောက်လာမှာကွာ၊ အဲဒါ ကားဂိတ်မှာ သွားကြိုပေးရဦးမယ်။ မနက် ခြောက်နာရီလောက်ပေါ့၊ ဖြစ်တယ်မှလား"

www.burmeseclassic.com

www.burmeseclassic.com



“အင်း … ဖြစ်ပါတယ်ကွာ။ လုပ်ပေးရမှာပေါ့”

“အေးကွာ … သင့်ခ်ယ်ပဲ။ ငါ ဒီည မင်းဆီမှာပဲ အိပ်တော့မယ်”

“သဘောပဲကွာ … သဘော”

သူ့အပြောကို သန့်စင်က တစ်ချက်ရယ်ကာ …

“မင်းက ဘော်ဒါတွေဆို အမြဲကူညီတတ်တဲ့ကောင်၊ စိတ်ကောင်း နှလုံးကောင်း ရှိတဲ့ကောင်ပါကွာ။ မင်းဘဝမှာ ကောင်မလေးတွေကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် ရှုပ်ခဲ့တာမျိုးလည်း မရှိဘူးဆိုတော့ မင်း အလှည့်မှာလည်း အဆင်ပြေမှာပါ။ ကူညီမယ့်သူ ပေါ်လာမှာပါ”

“ဘာအဆင်ပြေမှာလဲ၊ တခက်နဲ့ ဟိုကောင် မင်္ဂလာဆောင်မှာ သီချင်းသွားဆိုပေးရမှာလား။ ရှစ်တ်”

သူ့အပြောကို သန့်စင်က တဟားဟားနှင့် အော်ရယ်ကာ ရေချိုးဖို့ အင်္ကျီကို ဆွဲချွတ်သည်။ ဒီကောင်က သူနှင့် ဆယ်တန်းအောင်ပြီးကတည်းက ဝါသနာတူချင်း တွဲဖြစ်သူများ ဖြစ်သည်။ သူ့အထာ ကိုယ့်အထာ နားလည်လျက် ညှိစရာမလိုသောသူ ဖြစ်သည်။ ဒီကောင်က သူ့လို အဆိုသမားမဟုတ်ဘဲ အရေးသမားသက်သက်သာ ဖြစ်သည်။

“မဆိုရပါဘူးကွာ။ မင်းကလည်း အဲဒီလောက် စိတ်ဓာတ်မကျစမ်းပါနဲ့။ ကဲ … မင်း မချိုးသေးရင် ငါအရင်သွားချိုးမယ်ကွာ။ ဒီနေ့ညနေ မင်း စတူဒီယို စောစောဝင်မနက်ဖြန်မနက် စောစောထရမှာဆိုတော့ …



အပြန်ကျရင် ဒင်းဆမ်း ဝင်ကျွေးပါ့မယ်ကွာ။ နော် … ယောက်ဖ”

သူက စိတ်ညစ်ညူးသည့်ကြားမှ သန့်ဇင်ကို ခပ်နွမ်းနွမ်းပြုံးကာ မြန်မြန်သွား ဟူသော သဘောဖြင့် လက်ခါပြလိုက်ရသည်။ သန့်ဇင်တစ်ယောက် ရေချိုးခန်းထဲ ဝင်သွားလျှင် သူသည် စိတ်တိုလာပြန်ကာ ဂစ်တာကိုယူလျက် တောင်စဉ်ရေမရ တခေါင်ခေါင်ဖြင့် စိတ်ထင်တိုင်း လျှောက်တီးပစ်သည်။

စိတ်ထဲမှာ တနုံ့နုံ့ဖြစ်လျက် ဘာကို အလိုမကျမှန်းမသိ အလိုမကျကာနေသည်။ တခက်ကိုလည်း သူ အဆုံးရှုံးမခံနိုင်။ နှစ်ယောက်သား စိတ်လွတ်ကိုယ်လွတ် ဘဝတစ်ခုကို ထူထောင်ရအောင်လည်း နောက်ကြောင်းမဖြောင့် စိတ်မအေးရသည့်တခက် စိတ်မချမ်းသာအောင်လည်း သူ မလုပ်လိုပေ။ အချစ်ဆိုတာကလည်း ခက်တော့ ခက်သည်။ အလေးအနက်ထားကာချစ်တတ်သော အချစ်များဟာ ဘာကြောင့်များ အဆင်မပြေတာတွေ များတာပါလိမ့်။

❣ ❊ ❣

www.burmeseclassic.com

www.burmeseclassic.com



မြသည် မန္တလေးမှ ထွက်လာကတည်းက တစ်လမ်းလုံး တစ်ရေးမှ မအိပ်ခဲ့ရသော်လည်း မလန်းမဆန်း ခေါင်းအုံနေတာမျိုး ရှိမနေပါ။ စိတ်ကဆောင်နေ၍ ထင်သည်။ မျက်လုံးတွေကပြူးလျက် အိပ်ချင်စိတ်၊ ငိုက်မျဉ်းစိတ်တို့ဆိုတာ စိုးစဉ်မျှရှိမနေပါ။

တစ်လမ်းလုံး မြင်နေရသမျှသော ရှုခင်းများကိုငေးမောကာ ညဘက်ရောက်လာတော့လည်း ကားပေါ်ကပြသော ဗီဒီယိုကားကို ကြည့်လိုက်၊ စိတ်တွေက တခြားကိုပျံ့လွင့်လိုက်ဖြင့် အိပ်ဖို့ကတော့ လုံးဝစိတ်မပါ။

ရန်ကုန် ဆိုသော အတွေးကသာ မြရဲ့ခေါင်းထဲမှာနေရာယူ မင်းမူလျက် လူမရောက်ခင်တည်းက စိတ်တို့သည် ရန်ကုန်ကို ကြိုရောက်လို့နေသည်။ မြ ရန်ကုန်မရောက်တာ သုံးနှစ်လောက် ရှိခဲ့ပြီဖြစ်သည်။ သုံးနှစ်အတွင်းမှာ ရန်ကုန်ဟာဘယ်လိုပုံစံများ ပြောင်းလဲနေပါပြီလဲ။ အမြဲခေတ်မီတိုးတက်နေသော မြို့ပြကြီးသည် မြကိုရော ဘယ်လိုနှလုံးသားနှင့် ကြိုဆိုနေမှာပါလဲ။ မြ ရောက်လာခဲ့ခြင်းသည် အလည်အပတ်သဘောမျိုးမဟုတ်ဘဲ ဘဝရှေ့ရေးအတွက် ရောက်လာခဲ့ခြင်း ဖြစ်လေရာ



အဲဒီအတွက် မြ နှလုံးသားတွေသည် ပူနွေးရင်ခုန်ကာ တက်ကြွလို့နေသည်။

မြ ဖြစ်ချင်နေသောဆန္ဒနှင့် မြ မက်ချင်သော အိပ်မက်တွေရှိရာသည် ရန်ကုန်မြို့ ဖြစ်သည်။ မြသည် နိုင်ထူးရဲ့သီချင်းတစ်ပုဒ်ဖြစ်သော "အားလုံးကို ကျော်ဖြတ်ရမယ်" ဟူသောသီချင်းလေးကို ခပ်တိုးတိုးညည်းကာ မြရဲ့စိတ်တို့သည် အလွန်လျှင်မြန်သော အဟုန်ဖြင့် မန္တလေးသို့ ပြန်ရောက်သွားပြန်သည်။ မန္တလေးတွင် မြနှင့်အတူ မြရဲ့မေမေတို့ နေထိုင်သည်။ မေမေကမန္တလေးမြို့ရှိ နာမည်ကြီးတီးဝိုင်းအဖွဲ့မှ အဆိုတော်တစ်ယောက်ဖြစ်သည်။

မြန်မာသံတေးသီချင်းများနှင့် မင်္ဂလာအခါတော်ပေးများ သီဆိုရာတွင် နာမည်ကြီးသော မေမေ့ရဲ့ဝါသနာနှင့် ဗီဇကိုမြက အမွေရထားလေရာ မြသည်လည်း သီချင်းဆိုရတာကို အခုံမင်ဆုံး ဖြစ်ခဲ့သည်။ နည်းနည်းကြီးလာသောအခါ မြက သီချင်းရေးရတာကို ပိုဝါသနာပါလာသည်။

ဂစ်တာခေါက်၊ သံစဉ်တွေရှာ သီချင်းရေးရတာကို ပိုပြီးဖီလင်ပါလာသည်။ မြ ရေးထားသော သီချင်းနှစ်ပုဒ်ကိုနီးစပ်ရာ မိတ်ဆွေတစ်ယောက်က အဆိုတော်တစ်ယောက်တည်းရောင်းပေးလေရာ အဲဒီသီချင်းနှစ်ပုဒ်စလုံးဟာ ပေါက်တဲ့စာရင်းဝင်သွားသည်။ နောက်ထပ် သီချင်းတွေလည်း ထပ်ဝယ်လေရာ မြရဲ့အိပ်မက်တွေသည် ပိုပြီးအရောင်တောက်ပကာ ခမ်းနားလို့လာလေသည်။ မြသည် မန္တလေးမှာတင် ဝါသနာရှင်ဘဝနှင့် မရပ်တည်လိုတော့ဘဲ အနုပညာအသိုင်းအဝန်းထဲသို့ ခြေစုံပစ်ဝင်ချင်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလည်း ရှိလာကာ နေရာတစ်နေရာ ရလိမ့်မည်ဟု အပြတ်အသတ် ယုံကြည်လာလေသည်။

အဲဒီမှာတင် မေမေ့ကို ရန်ကုန်သွားဖို့ တင်ပြတောင်းဆိုတော့တာဖြစ်သည်။ မေမေက မြကို နားလည်စာနာသောသူဖြစ်လေရာ အတင်းအကျပ်ကြီးတော့ မပိတ်ပင်ပါ။ အဆင်မပြေမှာကိုသာ စိုးရိမ်ခြင်းဖြစ်သည်။ သီချင်းလေးနှစ်ပုဒ် ပေါက်ထားတာဖြစ်သော်လည်း တကယ့် တကယ်တမ်းမှာက ရပ်တည်ဖို့ ခက်ခဲလေရာ မြသည် ဒီက အရင်ထွက်သွားနှင့်သော သူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်နှင့် Restaurant တစ်ခုမှာ Hollow Show ဆိုဖို့ အစီအစဉ်ရှိပြီးဖြစ်သည်။ မြသည် ကိုယ်တိုင်ဂစ်တာတီးကာ အင်္ဂလိပ်သီချင်းတွေကို အဆိုပိုင်သူမို့ အဲဒီ Restaurant ကလည်း မြကို လိုလိုလားလားပဲ ဖြစ်သည်။ မြရဲ့သူငယ်ချင်းကောခိုင်နှင့်အတူ အဆောင်မှာ အတူတူနေကာ အဲဒီမှာ တစ်ပတ်လျှင် လေးရက် သီချင်းဆို၊ ကိုယ့်ဟာကိုယ် သီချင်းလေးတွေရေးစသဖြင့် ကိုယ် ခုံမင်ရသော ဘဝလေးမှာ နေထိုင်ရတော့မှာမို့ မြသည် စိတ်အချမ်းသာကြီး စိတ်ချမ်းသာနေမိသည်။

လူငယ်ဆိုတော့လည်း မျှော်လင့်ချက်တွေဖြင့် တက်ကြွနေကာ အရာရာကို ဖန်တီးချင်စိတ်တို့ဖြင့် တောက်ပရဲရင့်နေသည်။ ရန်ကုန်ကို မြန်မြန်ရောက်ချင်နေသည့်မှာ တစ်ရှိန်ထိုးမောင်းနေသည့် Express ကားကြီးကိုတောင်မှ နှေးသည်ဟု ထင်လေသည်။ မြကသာ အနာဂတ်ရည်မှန်းချက်တွေဖြင့် တက်ကြွတဲ့ ကြက်ဖဖြစ်နေသလောက် မြ ဘေးက တစ်ယောက်ကတော့



ကာလနဂါးဝင်စားသလား မှတ်ရအောင် ကားပေါ်တက်ပါပြီ ဆိုကတည်းက အိပ်လိုက်တာ သိုးလို့နေသည်။

ကားက မန္တလေးမှ ညနေ လေးနာရီခွဲကတည်းက ထွက်တာ ဖြစ်လေရာ သင်းသည် အဲဒီအချိန်တည်းက အိပ်တာဖြစ်သည်။ ကားရပ်လျှင်ဆင်း၊ ကားပေါ်ရောက်တာနှင့် ပြန်အိပ်၊ ဆောင်းဘက်လည်း အိပ်နိုင်တဲ့သူပင်။ ဘေးက မိန်းကလေးတစ်ယောက်ကို အသားယူ ငမ်းကြောထတာ၊ မိတ်ဖွဲ့တာ စသဖြင့် ဘာမှမလုပ်တာကို သဘောကျရသော်လည်း ဒီလောက် အအိပ်တက်သည့်သူကိုတော့ ဒီတစ်ခါပဲ မြင်ဖူးတာဖြစ်သည်။

မြသည် ကိုယ့်ကိုယ်ကိုယ်မို့ ပြောခြင်းမဟုတ်ပါ။ မြကိုတွေ့သော ယောကျ်ားလေးဆယ်ယောက်တွင် ရှစ်ယောက်လောက်ကတော့ လှမ်းငေးနေတာနှင့် ကြုံရတတ်သည်သာဖြစ်၏။ ငေးသော နှစ်ယောက်ကတော့ ဘေးနားမှာ ရည်းစားပါလာလို့သာပဲဖြစ်နိုင်သည်။ မြသည် မန္တလေးသူ ဖြစ်သော်လည်း အသားအရမ်းမညိုချေ။ အသားအရေက ဝင်းသည့်ဘက်သို့ ပါသည်။ အရပ်မြင့်မြင့် အသားအရေ ခပ်ဝင်းဝင်းကို ဆွဲဆောင်မှုရှိသောမျက်လုံးများဖြင့် ပေါင်းစပ်ထားသည်ဟု အများက ပြောကြသည်။ ကျောလယ်လောက်ရှိသည့် ဆံနွယ်တွေကို ဝေ့ဗ်ကြီးကြီးဖြင့် ခပ်ခွေခွေ ကောက်ထားလေပြီး မဟော်ဂနီရောင် ခပ်ပြေပြေဆိုးထားသော မြရဲ့ပုံစံသည် ညှို့အားတစ်ခု ရှိနေတတ်သည်။ တချို့က မြကို အဆိုတော်လုပ်ဖို့ထက် မင်းသမီးလုပ်ဖို့ ပို၍တိုက်တွန်းတာဖြစ်သော်လည်း မြက ဂါသနာပါရာကိုသာ စူးစိုက်ခဲ့သူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းကလေးတစ်ယောက်နှင့် တစ်ညလုံးလုံးခရီးသွားရတာတောင်မှ ဒီလူက အိပ်ဖို့ကလွဲ၍ တခြား ဘာမှစိတ်မဝင်စားလေရာ မြသည် ကိုယ့်ကိုယ်ကိုယ် သဘောကျကာ ပြုံးမိလေသည်။ ဒီလိုနှင့် မြတို့စီးလာသော ကားကြီးမှာ နံနက်ခြောက်နာရီ ကျော်ကျော်လောက်၌ ရန်ကုန် အောင်မင်္ဂလာကားဝင်းသို့ ရောက်ရှိသည်။

မြသည် ကိုယ့်ကို ဘယ်သူမှ လာမကြိုဘူးဆိုတာ သိနေသောကြောင့် ဝီရိယပိုပိုဖြင့် အထုပ်တွေကို ကြိုချထားတာတောင် ဟိုလူက မနိုးသေးသဖြင့် သူ့ကိုနှိုးရသေးသည်။

"ဒီမှာ ... ဒီမှာ ... ကားဝင်းကို ရောက်နေပြီ။ ခဏလောက် ထပေးပါ၊ ကျွန်မ အိတ်တွေ ချချင်လို့"

"ဗျာ ... အား ... အင်း ... အင်း ... ရောက်ပြီလား ... ဝါး"

သူကသမ်းဝေရင်းမှ ကယောင်ကတန်းဖြင့် ထပေးသည်။ မြသည် အပေါ်က စင်ပေါ်မှာ တင်ထားသော ကိုယ့်ရဲ့ ဂစ်တာအိတ်ကြီးကို ဆွဲချလိုက်သည်။ မြထံတွင် ပခုံးမှာလွယ်ထားသော Shopping bag တစ်လုံး၊ ဂစ်တာအိတ်နှင့်အတူ ကားအောက်ထဲမှာ ထည့်ထားသော လတ်ဂေ့ချ်ကြီးတစ်လုံးသာ ပါသည်။ နေရေး စားရေး အဆင်မပြေမှာ စိုးသဖြင့် မေမေက ငါးခြောက်ကြော်၊ ဆိတ်သားထောင်းကြော်တွေ ကြော်ပေးမယ်ဆိုတာတောင် သယ်ရမှာ ရှုပ်သဖြင့် မကြော်ပေးနဲ့ မယူသွားဘူးဟု တားမြစ်ခဲ့တာ ဖြစ်သည်။



မြသည် တစ်ဖက်က အိတ်ကိုလွယ်၊ တစ်ဖက်က ဂစ်တာအိတ်ကိုဆွဲလျက် ကားပေါ်မှဆင်းဖို့ စိုင်းပြင်းနေသည်ကို ဟိုကလူက အခုမှပဲ စိတ်ဝင်စားဖို့ ကောင်းသည့်အလား ပြူးပြူးကြည့်နေသည်။ ကားရပ်လိုက်တာနှင့် ကြိုတင်ပြင်ဆင်ထားသော မြသည် ကားအောက်သို့ အရင်ဆုံး ရောက်သွားကာ စပယ်ယာကို အောက်ထဲကအိတ်ကို ထုတ်ပေးဖို့ ပြောရသည်။

ကားဆိုက်ပြီမို့ လာကြိုသောသူတွေ၊ ကားပေါ်က ဆင်းလာသောသူတွေနှင့် ခရီးသည်ခေါ်သော Taxi သမားတွေက ကားကြီးအနားမှာ ရှုပ်ယှက်ခတ်နေသည်။ မြသည် ကိုယ့်ကို အငှားမလား လာမေးသော Taxi သမားကို ဂရုမစိုက်နိုင်အားဘူး။ ကိုယ့် လတ်ဂေ့ချ်ကြီးကိုသာ အရင်ထုတ်ခိုင်းနေရသည်။

အဲဒီလိုပဲ မြရဲ့ဘေးခုံက တစ်ယောက်ကလည်း မြရဲ့နောက်နားမှရပ်ကာ သူ့အိတ်ကိုပါ ထုတ်ခိုင်းနေသည်။ သူ့ကို လာကြိုဟန်တူသော လူတစ်ယောက်က အနားသို့ရောက်လာကာ သူနှင့် စကားတွေ ဘာတွေ ပြောနေသော်လည်း မြက အမှုမဲ့ အမှတ်မဲ့ပင်။ မြသည် ကိုယ့်ရဲ့အိတ်ကြီးကို ရပြီဆိုတာနှင့် လက်ကိုင်ကိုင်းကို ဆွဲထုတ်ကာ အသာဆွဲလျက် ကားအနားမှ လှည့်ထွက်ဖို့ ပြင်သည်။ Taxi သမားတစ်ယောက်ကလည်း မြရဲ့အနားမှာ တကပ်ကပ်။ အဲဒီအချိန်မှာပဲ လူတစ်ယောက်က မြရဲ့ရှေ့တည့်တည့်သို့ လာရပ်ကာ မြကို ပြုံးပြသည်။ အဲဒီလူကို မြ မသိ။

"စွဲတခက် ဘယ်က ပြန်လာတာလဲ၊ မန္တလေးကို ခရီးသွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို မြ နားမလည်ချေ။ သချောတာ
တော့ မြ ဒီလူကို မသိပါ။ ရန်ကုန်မြို့တွင် မြနှင့်သိသောသူဆို
ကေခိုင်တစ်ယောက်သာ ရှိလေသည်။ သေချာတာတော့ ဒီ
လူမှားနေတာပဲ ဖြစ်တော့မည်။ ဒါမှမဟုတ်လည်း မြကို အကြော
ရိုက်တာပဲလား။ အင်း ... အကြောင်ရိုက်ရအောင်လည်း မြ
ထန်းခေါက်ဖာရွက်လာတဲ့ မိန်းကလေးလည်း မဟုတ်။ ပြီးတော
ဒီခေတ်ထဲမှာ ဒီအကွက်တွေက ရိုးသွားပြီဟု ထင်ပါသည်။

"လူမှားနေပြီ၊ ကျွန်တော် ခင်ဗျားကို မသိပါဘူး"

မြသည် မန္တလေးသူမို့ ကျွန်တော် ခင်ဗျားတွေ
လိုက်သော်လည်း ထိုလူကတော့ လှစ်ခနဲ ပြုံးသွားသည်။ ထိုအ
က သူ့ကို လာနောက်နေတယ်ဟူသော အပြုံးမျိုး။

"စွဲတခက်ကလည်း လာနောက်နေပြန်ပြီ။ ကျွန်တော်
အံ့သြနေတာဗျ၊ တူပါတယ်လို့ ကြည့်နေတာ၊ ဒီဇိုင်းပြေ
ပြောင်းထားတော့ မမှတ်မိဘူး။ လန်းနေတယ်နော် ...
ဟဲ ...။ ကားပေါ်မှာ လင်းညို့ ပါတယ်ဗျ ...

ဒီကောင့်ကို ချောဆွဲလာတာ၊ ဒီကောင်သာ မြင်
တော့ တော်တော်အံ့သြသွားမှာပဲ"

မြသည် အဲဒီလူစကားကို နားထောင်ရင်း မျက်မှော
တွေကြုတ်လာသည်။ ဒီလူ့ပုံစံက အကြောင်ရိုက်နေသည့် ပုံစံ
လည်း မတူပါ။ ဒါပေမဲ့ သူ ပြောတာတွေကိုလည်း မြမှာ လုံး
မှနားမလည်။ သေချာတာတော့ တစ်ခုခုက အကြီးအကျယ် မှာ
ယွင်းနေခဲ့ပြီဖြစ်သည်။



"တစ်ခုခုတော့ မှားနေပြီ။ ကျွန်တော်ခင်ဗျားကို တကယ်
မသိတာပါ၊ တကယ်ပါ"

"ဗျာ ... ခင်ဗျားက စွဲတခက် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ရန်ကုန်ကလည်း မဟုတ်ဘူး။
ရန်ကုန်ကို အခုမှ ရောက်တာ"

"ဟာ ... မဟုတ်သေးပါဘူး။ ဒီဇိုင်းပြောင်းထားတာကလွဲလို့
ခင်ဗျားက စွဲတခက်မှ စွဲတခက်ပါ ...

နေဦး ... ကျွန်တော် လင်းညို့ကို သွားခေါ်လိုက်
ဦးမယ်"

"အာ ... ဘယ်သူ့ကိုမှ မခေါ်နဲ့။ ခင်ဗျားတို့ လူမှားနေတာ
ပါ။ ဖယ် ... ဖယ်"

မြသည် ဆက်ပြောနေလျှင် ပိုရှုပ်ကုန်မှာ စိုးသဖြင့်
တ်ကို အမျိုးစပ်နေသောလူကို တွန်းဖယ်ကာ လက်တစ်ဖက်က
တ်ဂေ့ချ်ကိုဆွဲ၊ တစ်ဖက်က ဂစ်တာလွယ်၊ အိတ်အသေးတစ်လုံး
း စွတ်ရွတ်ထွက်လာခဲ့သည်။ လာကြိုမည့်သူ မရှိသော မြကို
သမားတစ်ယောက်က ကားငှားမလား လာမေးသဖြင့် မြ
က ကိုယ်သွားမည့်နေရ[●]ကိုပြောကာ ဈေးဆစ်ရသည်။ ကား
သမားက မလျှော့၊ မြကလည်းဆစ် စသဖြင့် အလုပ်ရှုပ်နေတုန်း
တို့အနားသို့ လူနှစ်ယောက်က ထပ်ရောက်လာပြန်သည်။

ဒီတစ်ခါ ပါလာသောသူကို မြင်လျှင်တော့ မြမှာ
ည်းနည်းတော့ အံ့သြသွားရလေသည်။ သူကတော့ အကြီးအကျယ်
အံ့သြသွားသည့် မျက်နှာမျိုးဖြစ်လျှင် မြမှာ ဇဝေဇဝါကောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ မြက အံ့သြရခြင်းမှာ သူက အဆိုတော် လင်းညို... ဖြစ်နေ၍ပင်။ ဆံပင်ထောင်ထောင်၊ နားမှာ နားကပ်တစ်ဖက်နှ... အသားဖြူဖြူရှိသော အဆိုတော် လင်းညို့ကို အပြင်မှာ မြင်တွေ့... ရ၍ မြလည်း ခေတ္တတော့ ကြောင်နေသည်။

"တ ... တခက် ...၊ တခက် မဟုတ်ဘူးလားဟင်"

လာပြန်ပြီ တခက်။ တခက် မဟုတ်ဘူးဟော... အများကြီးကို ခက်နေတာ။ မြသည် ခေါင်းကို သွက်သွက်ကြ... ခါယမ်းပြလိုက်ရင်း ...

"လုံးဝမဟုတ်ပါဘူး။ ခင်ဗျားတို့ လူမှားနေတာပါ"

အဆိုတော် လင်းညို့က ခေါင်းကိုဖြည်းဖြည်းချင်... ခါယမ်းကာ မြကို သေချာစွာ စူးစူးနင့်နင့် ကြည့်သည်။ သူ... မျက်လုံးတွေက မြရဲ့စကားကိုတော့ ယုံကြည်ဟန်ရှိသည်။ သို့သော်... အဖြစ်အပျက်ကိုတော့ ယုံကြည်ဟန် မရှိပါ။ အတော်ကြီး အံ့သြ... နေဟန်တူသော မျက်လုံးများသည် မြကို ငေးစိုက်ကြည့်နေသဖြ... ခေါင်းတွေရှုပ်လာသည်။

ဒီအဆိုတော်ပါ ပါလာတော့မှတော့ သူတို့ဟာ မြကို... အကြောင်းရိုက်နေတာ ဇာတ်လမ်းထွင်နေတာ မဟုတ်ဟု နားလည်... သော်လည်း သူတို့ပုံစံတွေကို မြက တစ်ပြန်စီး ပြန်စိတ်ဝင်စား... လာရသည်။

"ခ ... ခဏလေးပါ။ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဘာလုပ်မလို့လဲ။ ကျွန်တော်က ခင်ဗျားတို့ ပြောတဲ့သ... မဟုတ်ပါဘူး"



"ဟုတ်ပါတယ်၊ မင်းက စွဲတခက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မင်းနဲ့ သူနဲ့က ခွဲမရအောင် တူနေတယ်။ မင်းတို့နှစ်ယောက်ကြားမှာ ပတ်သက်မှု တစ်ခုခုတော့ ရှိရမယ်လို့ ကိုယ်ထင်တယ် ...

ကိုယ့်စိတ်ထဲမှာ ထူးခြားမှုတစ်ခုတော့ ရှိနေသလိုပဲ။ ကျေးဇူးပြုပြီး မင်း ဘယ်သူလဲဆိုတာ ပြောပြပေးပါလား"

မြသည် တစ်ချက် တွေဝေသွားသည်။ သူတို့ပြောတဲ့ စွဲတခက် ဆိုတာ မြနဲ့ခွဲရအောင် တူသတဲ့။ အဲဒါကိုတော့ မြင်ဖူး၍ မသိပေမယ့် နာမည်ကတော့ ကာရန်တူတာကို သတိထားမိသည်။ မြရဲ့နာမည်အပြည့်အစုံမှာ မြတခက် ဖြစ်ပါသည်။ သို့သော် မြသည် ဘာကြောင့်မှန်းမသိ ပြောပြချင်စိတ် မရှိတော့။ မြို့ထဲမှာ အမြွှာညီအစ်မ ရှိသည်ဟုလည်း မေမေ့ထံမှ မကြားဖူးခဲ့ပါ။ ဖေဖေက မြ ငယ်ငယ်လေးတည်းက ဆုံးပါးသွားခဲ့ပြီ။ မြတို့ သားအမိနှစ်ယောက်တည်း တစ်သက်လုံး ကြီးပြင်းလာခဲ့တာဖြစ်သည်။

မေမေ့ထံမှ မြတွင် အမြွှာညီအစ်မရှိကြောင်း တစ်ခါမှ မကြားမိခဲ့ချေ။

"ဆောရီး ... ခင်ဗျားတို့ လူမှားနေတာပါ"

မြသည် တိုတိုတုတ်တုတ်ဖြေရင်း လှည့်ထွက်လိုက်သည်။ မြကို အသင့်စောင့်နေသော ကားသမားလက်ထဲသို့ လတ်ဂေ့ချ်ကို လွှဲပြောင်းပေးလိုက်ပြီးနောက် မလှမ်းမကမ်းရှိ ရပ်ထားသောကားထဲ ခပ်သွက်သွက် လျှောက်လိုက်သည်။ ကားတံခါးကို

www.burmeseclassic.com



ဖွင့်ကာ ဂစ်တာအိတ်ကို အရင်ထည့်ပြီးနောက် မြကနောက်ခန်းထဲမှာ ဝင်ထိုင်လိုက်သည်။

အဆိုတော် လင်းညို့သည် အံ့သြဖို့ကောင်းစွာပင် မြရဲ့နောက်သို့ လိုက်ပါလာကာ ကားနောက်ခန်းထဲသို့ ငုံ့ကိုင်းလျက် ...

"ဒီမှာ ... ကိုယ်တို့ မင်းကို သက်သက်ကြောင်နေတာ မဟုတ်ပါဘူး။ ကိုယ်လိုပဲ မင်းလည်း စွဲတခက်ကို မြင်ရင် အရမ်းအံ့သြသွားမှာပါ ...

မင်းတို့နှစ်ယောက် ဆုံကြည့်သင့်တယ်လို့ ကိုယ်ထင်တယ်။ မင်း တကယ်ကို အံ့သြသွားမှာပါ။ ပလိစ် ... မင်းကို ဆက်သွယ်ရမယ့် ဖုန်းနံပါတ်လေးပဲဖြစ်ဖြစ် ပေးပါ။ မင်းနဲ့ သူက အသံကအစ အရမ်းတူပါတယ်"

မြသည် အသည်းအသန် ပြောနေသော အဆိုတော်လင်းညို့ကို ငေးကာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိချေ။ သူ ပြောတာတွေက တကယ်အမှန်တရားတွေပဲလား။ မြ တွေဝေနေတုန်းမှာပဲ ကားသမားက နောက်သို့လှည့်ကာ မောင်းတော့မယ်နော်ဟု ပြောသည်။ မြသည် ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် ကားသမားက အရှိန်ပြင်းပြင်းဖြင့် မောင်းထွက်လိုက်လေသည်။

သူက နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်ကာ စိတ်ပျက်အားလျော့ မချိတင်ကဲပုံစံဖြင့် ကျန်ရစ်ခဲ့သည်။ မြသည် အဲဒီပုံစံကိုကြည့်လျက် ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ သူ့ကြည့်ရတာ မြကို တကယ်ပဲ စိတ်ဝင်စားမှုကြီးစွာ (ရိုးရိုးသားသား)



ဖြစ်နေသည့် ပုံစံမျိုး ဖြစ်သည်။ အဲဒီပုံစံကြောင့် မြသည် သူ့ကို ဖုန်းနံပါတ် မပြောမိခဲ့တာ မှားများမှားသွားပြီလားဟူသော အတွေးတောင် ဝင်မိလေသည်။ သို့သော် အခုမှ ရန်ကုန်မြေကို စတင်နင်းသော မြသည် ဘာအရှုပ်အထွေးမှ ရင်မဆိုင်ချင်သေးပါ။

ပြီးတော့ ... ဒီကမ္ဘာကြီးပေါ်မှာ မြနှင့် ချွတ်စွပ် (သူတို့အပြောအရ)တူသော မိန်းကလေးတစ်ယောက် ရှိတယ်ဆိုတာကရော ဖြစ်နိုင်ပါ့မလား။ ဘာပဲပြောပြော ပထမလူအပြောကို မယုံချင်သော်လည်း အဆိုတော် လင်းညို့ ကိုယ်တိုင်က တခုတ်တရ ပြောသောအခါမှာတော့ မြ စိတ်ဝင်စားရပြီ။ ပြီးတော့ အဲဒီမိန်းကလေးက လင်းညို့နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ။

လင်းညို့နှင့် တစ်နည်းနည်း ပတ်သက်နေ၍သာ လင်းညို့က ဒီလောက်ထိ စိတ်ဝင်စားနေတာလည်း ဖြစ်နိုင်သည်။ အား ... ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ။

မြသည် ခေါင်းကို ယမ်းထုတ်ပစ်လိုက်ရင်းမှ စားရသော အတွေးတွေကို မောင်းထုတ်ပစ်လိုက်သည်။

အပြင်ဘက်သို့ လှမ်းကြည့်မိလျှင် ရန်ကုန်နံနက်ခင်းသည် ခေတ်မီပနာရစွာဖြင့် မြကို ကြိုဆိုနေလေသည်။ ကားပြတင်းမှတစ်ဆင့် တိုးဝင်လာသော ရန်ကုန်လေကို မြကအားပါးတရ ရှူရှိုက်မိသည်။ အင်း ... နံနက်ခင်းမို့လို့လားတော့ မသိ။ လန်းဆန်းလတ်ဆတ်သည်ဟု ထင်မိလေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မြကတော့ မြို့ပြရေစီးထဲမှာ အလိုက်သင့် စီးမျောရဦးမည်သာ ဖြစ်သည်။ မြသည် ပြင်ပဝဲယာရှုခင်းများကို ငေးမောရင်း ရမ်တူ

www.burmeseclassic.com



ကိစ္စကို မေ့လျော့သွားသည်။ စိတ်ထဲ အတွေးထဲတွင် မြို့ နေရမည့်အဆောင်၊ သီချင်းဆိုရမည့်ဆိုင်၊ တွေ့ဆုံပတ်သက်ရမည့်လူများ၊ ကျင်လည်ချင်သည့် အနုပညာအသိုင်းအဝန်း စသဖြင့် ဒါတွေသာ မင်းမူနေရာယူလျက် ရန်ကုန်ကို ရင်ခုန်နေလေသည်။

❣ ❋ ❣



## ၅

တခက်သည် ဆေးအရှိန်ဖြင့် မှိန်းကာ အိပ်ပျော်သွားပြီဖြစ်သော ဘိုးဘိုးကို ငေးနေမိကာ သက်ပြင်းတစ်ချက်ကို အသာရှိုက်မိသည်။ ဘိုးဘိုး အတော်အတန် သက်သာလာစဉ်မှာ တခက်က လင်းညို့ကို မေ့ပစ်ပါမည်။ ဘိုးဘိုး နေကောင်းဖို့သာ အရေးကြီးပါသည်ဟု ကတိစကားပေးခဲ့၍ ဘိုးဘိုးရဲ့နှုတ်ခမ်းများက ပြုံးယောင်သမ်းလာကာ ကျေနပ်သွားခဲ့ပြီဖြစ်သည်။ တခက်တိုက်သော ငါးရံ့ဆန်ပြုတ်နှင့် သောက်ဆေးများကို ကျေကျေနပ်နပ်သောက်ကာ စိတ်ချမ်းသာစွာ အိပ်ပျော်သွားခဲ့ပြီဖြစ်သည်။

တခက်သည် ဘိုး တစ်ယောက် စိတ်ချမ်းသာတာကို ပျော်ရွှင်ကျေနပ်ရသော်လည်း အပြည့်အဝတော့ မဟုတ်နိုင်ပါ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိလျက် ရင်ထဲမှာ ညစ်ညူးနေရသည်။ လောလောလတ်လတ် ပြဿနာတစ်ခုတော့ ငြိမ်းသလို ဖြစ်သွားပေမယ့် ဒါဟာ ပြဿနာရဲ့ အဖြေအစစ် မဟုတ်ဘူး ဆိုတာကိုတော့ ကိုယ့်ဟာကိုယ် သိသဖြင့် မပျော်နိုင်ခြင်းဖြစ်သည်။ လင်းညို့ထံကလည်း ဖုန်းမလာချေ။ အရင်ဆို သတိရလေတိုင်း

www.burmeseclassic.com

www.burmeseclassic.com



Message လေးတွေ ပို့တတ်သော လင်းညိုသည် ထူးထူးခြားခြား ငြိမ်ချက်သား ကောင်းနေသည်။ ညဘက်လည်း ဖုန်းမပြောရတော့သည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်၍ လေးမိုးကတောင် အကဲတခတ် ခတ်ရှိတာနှင့် ကြုံရလေသည်။

တခက် ရင်ထဲ၌ တဆစ်ဆစ်ဖြစ်ကာ နာကျင်လာသည်။ လင်းညို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခုချိန်ကျမှ တခက် ပိုသိလာခဲ့ရခြင်းဖြစ်သည်။ သူနဲ့သာ ဝေးရရင် တခက် ဘယ်လိုများ ဖြစ်မှာပါလိမ့်။ နေယံ ပြောသလို မသေသွားပေမယ့် မသေရုံတမယ်တော့ ခံစားရမှာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။ လင်းညို့ကရော။ သူကလည်း တခက်ကို အရမ်းချစ်ပြီး မခွဲနိုင်တာကို တခက် သိသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး သူလည်းပဲ ခံစားနေရတယ် ဆိုတာကို နားလည်သည်။ နည်းလမ်းရှာရအောင် ဆိုတာကလည်း ဒီပြဿနာဟာ နည်းလမ်းမရှိဘူးဟု တခက်က တော့ ထင်သည်။ အဘိုးကမှ လင်းညို့ကို ခါးခါးသီးသီး မယုံမကြည်ဖြစ်နေမှတော့ လင်းညို့နှင့် ပေါင်းဆုံဖို့ ဆိုတာသည်လည်း မဖြစ်နိုင်တော့။

ခက်တာက တခက်တို့နှစ်ယောက်ကလည်း ရင်ခုန်ရုံသက်သက် အပျော်ချစ်ခဲ့ကြတာ မဟုတ်ချေ။ တခက်သည် မကြားရတာကြာပြီဖြစ်သော သူ့အသံလေးကို လွမ်းဆွတ်လာသဖြင့် ဖုန်းခေါ်ဖို့ရာ ထိုင်ရာမှ ထလိုက်သည်။ အဘိုးအေးမှာ စာအုပ်ဖတ်ရင်း စောင့်နေသော နာရီလေးကို မျက်ရိပ်အသာပြလျက် စားပွဲပေါ်က ဖုန်းလေးကိုယူကာ အခန်းအပြင်သို့ အသာထွက်လာခဲ့သည်။ အခန်းအပြင်သို့ ရောက်တာနှင့် တခက်ရဲ့လက်



ထဲက ဖုန်းလေးသည် အသံမမြည်ဘဲ Vibration ဖြင့် တုန်ခါလာသည်။

တခက်သည် Display ပေါ်မှ ဖုန်းနံပါတ်ကိုမြင်လျှင် ရင်ထဲမှာ လိုက်ခနဲ ဖြစ်သွားသည်။ ကြည့်စမ်း ... စိတ်ချင်းများ တိုက်ဆိုင်နေလိုက်တာ။ တခက်သည် ကြည်ကြည်နူးနူးလေး ပြုံးပြီးနောက် ဖုန်းကိုဖွင့်ရင်း ဝရန်တာဆီသို့ လျှောက်လာခဲ့သည်။

"လင်း ... ပြောလေ"

တစ်ဖက်မှ ခေတ္တငြိမ်နေပြီးတော့မှ စကားသံ ထွက်ပေါ်လာသည်။

"တခက် ... နေကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ် လင်းရယ်။ လင်းရောဟင်"

"ကောင်းတယ်။ ကိုယ့်ဆီကို ဖုန်းတောင်မဆက်ဘူးကွာ။ လေစိမ်းတွေ စ,တိုက်နေပြီပေါ့ ဟုတ်လား တခက်။ လေတယ်ကွာ။ ရူးချင်နေပြီ"

သူက စိတ်ပျက်လက်ပျက် ညည်းညူပြလျှင် တခက်ရဲ့ရင်ထဲ၌ နင့်သွားရသည်။

"တခက်လည်း အတူတူပါပဲ လင်းရယ်။ တခက် ဆက်မလို့ပါပဲ။ လင်း စိတ်ဆိုးနေတယ် ထင်လို့ပါ"

"စိတ်ဆိုးတော့ရော ဘာဖြစ်လဲ။ ချော့ပေါ့၊ မချော့ချင်တော့ဘူးလား"

"မဟုတ်ပါဘူး လင်းရယ်။ တခက် ဆက်လိုက်လို့ လင်းက စိတ်ဆိုးပြီး ဖုန်းမကိုင်တာပဲဖြစ်ဖြစ် ဖုန်းဖွင့်ပြီး အော်လိုက်တာပဲဖြစ်ဖြစ် အဲဒါမျိုးဆိုရင် ပိုပြီးခံစားရမှာလေ ...

www.burmeseclassic.com

www.burmeseclassic.com



တခက် ရင်ထဲမှာလည်း ဘယ်လောက်ထိ ခံစားနေရသလဲဆိုတာ လင်း မသိဘူးနော်၊ အခုတောင် လင်းဆီကို ဖုန်းဆက်မလို့။ ဖုန်းကို လှမ်းကိုင်ရုံရှိသေး လင်းဆီက ဖုန်းက ဝင်လာတာ၊ တကယ် ... တကယ်"

"အင်းပါကွာ ... အဲဒီအပြောလေးတွေနဲ့ ကြည်နူးနေရတာပါ။ အားဆေးတွေပေါ့၊ တခက် ... အခြေအနေ ဘာထူးလဲ"

"အင်း ... ဒီလိုပါပဲ လင်းရယ်"

တခက်ရဲ့ အားမရှိသော အသံကို လင်းညို့က စိတ်ကုန်သလိုဖြင့် တဒင်္ဂငြိမ်သွားသည်။ ပြီးတော့မှ ...

"တခက်"

"ဟင် ... ပြောလေ လင်း"

သူက တော်တော်နှင့် မပြောချေ။ တခက်သည် သူ တော်တော်နှင့် မပြောသောအခါ ရင်နည်းနည်းခုန်လာသည်။ သူ ဘာများ ပြောမလို့ပါလိမ့်။ မပြတ်သား တွေဝေတတ်သူအဖြစ် တခက်ကို စိတ်ကုန်ကာ လမ်းခွဲကြစို့ဟု ပြောတော့မလို့လား၊ ဒါမှမဟုတ် အဲဒီစကားက ရင့်သီးနေတယ် ဆိုပါတော့။ တခက် စိတ်ချမ်းသာဖို့အတွက် နောက်ဆုတ်ပေးပါ့မယ် စသဖြင့် အဲဒီလို များ ပြောတော့မှာလား ...

တခက်သည် အဲဒီခဏလေး တွေးကြည့်ရုံနဲ့တင် ရင်ထဲမှာ မီးတောက်မျိုချသလို ပူလောင်သည်။

"လင်း ဘာပြောမလို့လဲဟင်"

တခက်ရဲ့အသံက နည်းနည်းတုန်တုန်ယင်ယင် ထွက်သွားသည်။



"တခက်ဆီမှာလေ အမွှာညီမ ရှိလားဟင်"

ရုတ်ရက်တော့ တခက် ကြောင်သွားသည်။ သူ ဆန်းသော မေးခွန်းကို မျှော်လင့်မထားသဖြင့် နားထဲတွင် ဝါးသွား ဘာ ရေရေရာရာ နားမလည်လိုက်ချေ။

"လင်း ဘာမေးလိုက်တာလဲဟင်"

"တခက်ဆီမှာ အမွှာညီအစ်မ ရှိလားလို့ မေးတာပါ"

"အမွှာညီအစ်မ ! ။ ဟင့်အင်း မရှိပါဘူး။ ဘာဖြစ်လို့ မေးတာလဲဟင်၊ ထူးထူးဆန်းဆန်း"

တခက်မှာ တကယ်ကို နားမလည်နိုင် ဖြစ်ရတာ ဖြစ်၏။ သူနဲ့ ချစ်လာတဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဒီလိုမျိုး သူ မေးတာ တစ်ခါမှ မကြုံဖူးချေ။ လက်ရှိဖြစ်နေသော ပြဿနာ နှင့် ဘာမှမဆိုင်သဖြင့် တခက်ပင်လျှင် ကြောင်တောင်တောင် ဖြစ်သွားရသည်။ သို့သော် သူ့ပုံစံဟာ နောက်နေတဲ့ပုံစံမျိုးနဲ့လည်း တွေ့ပါ။

"ဟုတ်တယ် တခက်။ အရမ်းထူးဆန်းတယ်။ ကိုယ် ဒီနေ့ မနက် သန့်စင်ရဲ့ညီဝမ်းကွဲတစ်ယောက်ကို ကားဂိတ်မှာ သွားကြိုရတယ်။ သန့်စင်လည်း ပါတယ် ...

အစကတော့ ကိုယ်က ကားပေါ်မှာ ကျန်နေရစ်ခဲ့တာပါ။ အဲဒါ သန့်စင်က အူယားဖားယားနဲ့ လာခေါ်လို့ လိုက်သွားရတာ။ မန္တလေးကလာတဲ့ Express ပေါ်က ဆင်းလာတဲ့ တစ်ယောက်က တခက်မှ တခက်ပဲ တခက် ရယ် ...

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုတူတယ်၊ လုံးဝချွတ်စွပ်ပဲ။ သန့်စင်က တခက်ထင်ပြီး သူ့ကို သွားနှုတ်ဆက်နေတာ။ ဟိုက ငြင်းတာနဲ့ ကိုယ့်ကိုလာခေါ်တာပေါ့။ ကိုယ်လည်း အစက လုံးဝရှော့ခ်ပဲ။ ဒါပေမဲ့ တခက် မဟုတ်ဘူးဆိုတာတော့ လုံးဝသိတယ်။ တစ်နေရာမှာ တွေ့ရင်တော့ ကိုယ်လည်း မှားမှာ သေချာတယ်။ အပြင်အဆင်ပဲ ကွာတယ် တခက်။ သူက အရုပ်နည်းနည်း ပိုမြင့်သလိုပဲ။ အသားကတော့ တခက်လောက် မဖြူဘူး။ ဒါပေမဲ့ တခက်မှ တခက်ပါ။ အဝတ်အစား အပြင်အဆင် ဆင်တူဝတ်ပြီး ယှဉ်ရပ်နေရင် ကိုယ်တောင် ခွဲတတ်မယ် မထင်ဘူး”

သူက သူ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အစုံကို အားတက်သရော ပြောပြနေလျှင် တခက်သည် လက်ရှိသောက တွေကိုတောင် မေ့လျော့ကာ သူ့စကားတွေထဲ၌ မျောပါသွားသည်။ တခြားသူတစ်ယောက်ယောက်က ပြောလျှင်တော့ တခက် ဒီလောက် မျောမိမှာ မဟုတ်။ အခုတော့ နှလုံးသားတစ်ခုလုံးရင်းကာ ချစ်ရ သူကတောင် တခုတ်တရ အံ့သြတကြီး ပြောပြနေသဖြင့် တခက် တောင် အသည်းအသန် စိတ်ဝင်စားလာရလေသည်။

“တကယ်လား လင်း။ အဲဒီတစ်ယောက်က တခက်နဲ့ အရမ်းတူတာလား”

“သြော် ... တူတာမှ ရက်ရက်စက်စက်ကို တူတာ။ တခက် ကို ပြချင်တာ အရမ်းပဲကွာ။ တခက် မြင်ရင်လည်း တော် တော်ကြီးကို အံ့သြမှာ။ ရုပ်တင်မဟုတ်ဘူး အသံကပါချွတ် စွပ်။ ဟား ... တအားတူတာနော် တခက် ...



ကိုယ်က အဲဒါကြောင့် သူ့နာမည်မေးပြီး ဖုန်းနံပါတ် တွေ ဘာတွေ တောင်းလိုက်သေးတယ်”

“ဟုတ်လား။ ပေးလား သူက”

“မပေးပါဘူး။ သူ့ကြည့်ရတာလည်း ဇဝေဇဝါနဲ့ ကိုယ်တို့ ကို ယုံပုံမပေါ်ဘူးပေါ့”

“တင် ... အဲဒါဆို ဘယ်လိုလုပ်မလဲ”

“ပြောတတ်ဘူး၊ ဒီအတိုင်းပဲ တွေ့လိုက်ရတာပဲ။ အဲ ... သူကဂစ်တာအိတ်ကြီးတော့ လွယ်ထားတယ် ...

တခက် ... ကိုယ် ထင်တာတော့လေ သူနဲ့ တခက် နဲ့ကြားမှာ ပတ်သက်မှု တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ် သိလား။ အရမ်းကို ခွဲမရအောင် တူနေတာ။ တခက် ငယ် ငယ်က အကြောင်းတွေ သိတဲ့လူကို မရှိဘူးလား”

“အင်း ... တခက် ငယ်ငယ်က အကြောင်းကို သိတာဆို လို့ ဘိုးနဲ့ လေးမိုးပဲရှိတာ။ လေးမိုးကတော့ တခက် ခြောက်လသမီးလောက်တည်းက ထိန်းလာခဲ့တဲ့ နာနီကြီး ပေါ့။ ဘိုး ပြောတာတော့ တခက်ရဲ့ မိဘတွေက တခက် ငယ်ငယ်တည်းက ဆုံးသွားကြတာတဲ့၊ အဲလိုပဲ ပြောပြဖူး တယ်”

“အင်း ... ဒါပေမဲ့ တစ်ခုခုတော့ တစ်ခုခုပဲကွာ။ တခက်တို့ အိမ်ရဲ့ အတွင်းရေးကိုတော့ တခက်ပဲ စုံစမ်းမှ ရမှာပဲ။ ကိုယ်ကတော့ အဲဒီတစ်ယောက်ဟာ ‘တခက်နဲ့ လုံးဝပတ် သက်နေမှာပဲလို့ ယုံတယ်။ စိတ်ထဲမှာ အလိုလိုကို သိနေ တယ် ...

www.burmeseclassic.com

www.burmeseclassic.com



တခက် မြင်ရင်လည်း အဲဒီလိုပဲ ခံစားရမှာ။ တကယ် ပတ်သက်နေတယ်ဆိုရင် သွေးက စကားပြောမှာပဲ။ သူကလည်း တခက်ကို မတွေ့သေးလို့သာပဲ၊ တွေ့ရင် အသေအကြေ စိတ်ဝင်စားမှာ။ မှန်ကြည့်နေရသလိုဖြစ်တဲ့ တခက်တို့ရုပ်တွေကို ကိုယ့်ဟာကိုယ် အံ့သြနေမှာ”

“အင်း ... တခက် ဘိုးကို မေးကြည့်လိုက်ရမလား”

“ဟာ ... မမေးနဲ့ ... မမေးနဲ့။ အဲဒါဆို ပိုရှုပ်ကုန်မယ်၊ ဒီကိစ္စကို တခက်ရဲ့ဘိုး သိလို့မဖြစ်ဘူး”

“ဟင် ... ဘာဖြစ်လို့လဲ လင်းရဲ့”

“ဂျဘ် ... မသိဘူးကွာ။ ဒါပေမဲ့ တခက် ဘယ်သူ့ကိုမှ ဒီအကြောင်းကို သွားမပြောပြနဲ့။ အဲဒါကို သတိထား”

သူ ပြောမှပင် တခက်သည် စိတ်တွေဝင်စားကာ ရင်တွေ ဘာတွေတောင် ခုန်လာရလေသည်။

“အင်းပါ ... ပြောပြတော့ရော ဘာဖြစ်မှာမို့တဲ့လို့”

“ပြောပြလို့ အကြောင်းထူး မရှိနိုင်ဘူး တခက်။ တကယ်လို့ ကိုယ်တို့ အဲဒီတစ်ယောက်နဲ့ မတော်တဆ ပြန်တွေ့ရင် သူ့ဆီကမှ အကြောင်းထူး သိနိုင်တယ်လို့ ထင်တယ်။ သူ့ကြည့်ရတာ ဂီတကို တော်တော် Crazy ဖြစ်ပုံပဲ ...

မိန်းကလေးတန်မယ့် ဂစ်တာအိတ်တွေ ဘာတွေ တောင် လွယ်လာတယ်ဆိုတော့ ဒီလောကထဲကို ရောက်လာမယ့်သူမျိုး ဖြစ်နိုင်တယ်။ ကိုယ့်စိတ်ထဲမှာ အဲဒီကောင်မလေးနဲ့ ပြန်တွေ့ဖြစ်မယ်လို့ ထင်တယ်”



“အင်း ... လင်း ပြောတာနဲ့ တခက်တောင် အရမ်းတွေ့ချင်လာပြီ။ သူ့ကို တွေ့ရင် တခက်ကိုခေါ်နော်”

“သူ့ကို မတွေ့လည်း တခက်ကို ခေါ်မှာပဲ။ တခက်ရာ အရမ်းတွေ့ချင်တယ်ကွာ။ အရမ်းလွမ်းတာပဲ မလွမ်းဘူးလား”

“အင်း ... လွမ်းတာပေါ့ လင်းရယ်”

“ဒါဆို အပြင်ထွက်ခဲ့ဦးလေကွာ၊ မနက်ဖြန် ... မနက်ဖြန်”

“အခုလောလောဆယ်တော့ နေပါဦး လင်းရယ်။ ဘိုးက အခုမှ သက်သာခါစမို့ပါ။ တခက် ဖုန်းဆက်ပါ့မယ်။ နော် ... စိတ်မဆိုးပါနဲ့ လင်းရယ်။ တခက်ကို နားလည်ပေးပါ ...

အဆင်ပြေအောင် တခက် ကြိုးစားနေတုန်းမို့ပါ။ လင်းကိုလေ တခက် သိပ်ချစ်ပါတယ်”

သူက သက်ပြင်းကြီးတစ်ခုကို ဆောင့်ကြီးအောင့်ကြီး ချကာ ...

“ဟင်း ... ဒီအပြောတွေနဲ့ပဲ အသက်ဆက်နေရတာပေါ့ကွာ။ ကဲ ... ဟုတ်ပါပြီ၊ ဒါဆိုလည်း ညကျမှ ကိုယ် ဖုန်းဆက်လိုက်မယ်”

“အင်းပါ ... တခက်ကို နားလည်ပေးတဲ့ အတွက် ကျေးဇူးပါပဲ လင်းရယ်”

“အဲဒီလို သူစိမ်းဆန်တဲ့ စကားတွေ မပြောစမ်းပါနဲ့ တခက်ရာ။ တခက် ကိုယ့်ကို လက်တွဲမဖြုတ်သေးသရွေ့ ကိုယ်က အမြဲ အဆင်သင့်ရှိနေမှာပါ။ တစ်နေ့ရာက

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလာပြီဆိုရင် တခက် ကိုယ့်ကို လက်တွဲရဲလား ပြော"

"တွဲရဲတာပေါ့ လင်းရယ်"

"အိုကေ ... ဒါမျိုးမှပေါ့။ ကဲ ... ညမှ ဆက်မယ်၊ ဘိုင့် ဘိုင်"

သူက တက်ကြွစွာ နှုတ်ဆက်ရင်း ဖုန်းပိတ်သွားသည်။ တခက်သည် သူ့အသံလေးများ လွင့်ပျံ့ကျန်ရစ်ခဲ့ရာ ဖုန်းလေးကို ငုံ့ကြည့်လျက် ရင်ထဲတွင် လွမ်းဆွတ်သတိရခြင်းတို့က အနှိုင်းအဆမဲ့ ဝင်ရောက်လာသည်။ ပြီးတော့ သူ ပြောပြသွားသော အကြောင်းအရာတစ်ခုကလည်း တခက်ကို စိတ်ဝင်စားမှု ဒီဂရီတွေ အမြင့်ဆုံးသို့ တက်စေသည်။

ဘာတဲ့ ... တခက်နှင့် လုံးဝချွတ်စွပ်တူတဲ့ ကောင်မလေးတစ်ယောက်တဲ့။ အဲဒါဟာ တကယ်ရှိနိုင်ပါ့မလား။ ရှိနိုင်လို့ သူရော သူ့သူငယ်ချင်းရောပါ တွေ့ခဲ့ပြီ။ ဒါဖြင့်ရင် ဒီလောက်ချွတ်စွပ်တူတဲ့ လူနှစ်ယောက်က ဘယ်လိုများ ပတ်သက်နိုင်ပါသလဲ။ မေးခွန်းပေါင်းများစွာသည် တခက် တစ်ကိုယ်လုံးကို လွှမ်းခြုံလို့ ထားလေသည်။

❣ ✻ ❣



# ၆

မြသည် မန္တလေးမှ မလာခင်ကတည်းက နေရေး၊ စားရေး၊ အလုပ်အကိုင်ရော စသဖြင့် အစစအရာရာ ကြိုတင်စီစဉ်ခဲ့ခြင်းကြောင့် ရန်ကုန်သို့ ရောက်သောအခါတွင်လည်း ဘာအခက်အခဲမှ မရှိခဲ့ပါ။ ကေခိုင်က သူမနေသော အဆောင်မှာ အခန်းတစ်ခန်း ကြိုယူပေးထားသဖြင့် အားလုံး အဆင်တပြေပြေရှိသည်။ အခုချိန်မှာက လကုန်ဖို့ တစ်ပတ်ခန့် လိုသေးသည်ဖြစ်ရာ မြက ချဲ့လတစ်ရက်နေ့မှ အလုပ်စဝင်ရန်ဖြစ်သည်။ ဒီတော့ လကုန်ရက်တစ်ပတ်လုံးတွင် မြက အားလို့နေသည်။ ဒီတစ်ပတ်ထဲမှာပဲ မြဟာ မန္တလေးက သီချင်းရေးဆရာတစ်ယောက်နှင့် တွေ့ဖို့ချိန်းထားတာလည်း ရှိသဖြင့် သူနဲ့လည်း သွားတွေ့ရဦးမည်။

အပြင်သွားဖို့ ရေမိုးချိုးပြီး ပြင်ဆင်နေသော မြကို ကေခိုင်က လှမ်းပြုံးပြရင်း ...

"မြ အပြင်သွားမလို့လား၊ ရှော့ပင်းလား"

"မဟုတ်ပါဘူးဟာ။ ကိုဂျင်မိနဲ့ ချိန်းထားတယ်။ ငါ့သီချင်းလေးတွေ ပြမလို့လေ။ မန္တလေးထိုးမုန့်လေး ဘာလေး

www.burmeseclassic.com



လက်ဆောင်ပေးရင်းပေါ့။ ပြီးတော့ ငါလည်း စတူဒီယို
မှာ အသံစမ်းမလားလို့”

“အေး ... ကောင်းသားပဲ။ ငါ လိုက်ခဲ့ရဦးမလား”

“ရပါတယ်၊ ရှော့ပင်းသွားမှပဲ လိုက်ခဲ့တော့လေ”

“အေး ... ရှေ့လဆို နှင် စင်ပေါ်တက်ရတော့မှာဆိုတော့ အဝတ်အစားလေး ဘာလေး ဝယ်ဦး၊ စနေနေ့ကျရင် သွားမယ်လေ”

“အိုကေ ... အိုကေ ... ဒါဆို ငါ လစ်ပြီ”

“အေး ... အေး၊ ဂရုစိုက်သွား”

မြသည် ကေခိုင့်ကို အပြုံးလေးနှင့် လက်ပြနှုတ်ဆက်ပြီးနောက် အဆောင်မှ ထွက်လာခဲ့သည်။ သရီးကွာတား ဂျင်း(န်)ဘောင်းဘီ အပြာလွင်လွင်ကို အဖြူရောင်တီရှပ်အဖြူနှင့် တွဲဖက်ဝတ်ဆင်လာသော မြရဲ့ပုံစံက ပေါ့ပါးနေသည်။ လှိုင်းကြီးသဏ္ဌာန်ကောက်ထားသော ဆံနွယ်အခွေအလိပ်တွေကို ဒီအတိုင်းဖွံ့ချထားလျက် မြက ကျောပိုးအိတ်အနက်တစ်လုံးကိုသာ လွယ်လာခဲ့သည်။ စလင်းဘက်အိတ်တွေ ဘာတွေ မြက သိပ်မလွယ်တတ်ချေ။

မြသည် အဆောင်ရှိရာ လမ်းသွယ်လေးထဲမှ ခပ်ဖြည်းဖြည်း လျှောက်လာရင်း ကိုဂျင်မီ ရှိရာ စတူဒီယိုကို ဘယ်လိုသွားရမလဲဆိုတာ စဉ်းစားလာမိသည်။ ဘတ်စ်ကားလိုင်းတွေကိုတော့ မြ မကျွမ်းကျင်ချေ။ ဘယ်ကနေ ဘယ်လို စ,စီးရမှန်းလည်း မသိ။ အကောင်းဆုံးကတော့ Taxi ငှားစီးရရင်တော့ အခက်ချည်းပါပဲ။ မြက ချမ်းသာကြွယ်ဝသူလည်း မဟုတ်။ ဒီအသက်အရွယ်ကြီး ရောက်နေမှတော့ အမေမုဆိုးမထံကို ပိုက်ဆံ



ပြန်တောင်းကာလည်း မနေချင်တော့ပေ။ မြသည် သွားရေးလာရေးပြဿနာကို တွေးကာ မန္တလေးက ကိုယ့်ဆိုင်ကယ်လေးကို ပြန်လွမ်းလာသည်။ မန္တလေးမှာတော့ ဆိုင်ကယ်လေးတစ်စီးရှိရုံမျှဖြင့် ဘယ်ကိုသွားမလဲ အားလုံး အဆင်ပြေလှသည်။

အင်း ... မေ့ထားမှပါ။ ဝါသနာနဲ့ ဘဝတိုးတက်ရေးအတွက် ဒါတွေကို မေ့ထားရမှာပါ။ မြသည် လမ်းထိပ်ဘက်သို့ရောက်လျှင် ခြေစုံရပ်လျက် တစ်ဖက်မှလာနေသော Taxi တစ်စီးကို တားလိုက်သည်။ “အင်းလျားလမ်း”ဟု ဆိုသောအခါ Taxi သမားက ဈေးပြောသည်။ အဲဒီဈေးက ပုံမှန်ဈေးပဲဆိုတာကို ကေခိုင့်ထံမှ အရေးပေါ် လက်ချာရိုက်ထား၍ သိနေသောကြောင့် မြက ဈေးမဆစ်တော့ပေ။ ကားနောက်ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်သည်။ ကားပေါ်ရောက်မှ ခြံနံပါတ်နှင့် လိပ်စာကို အတိအကျ ပြောပြီးနောက် မြသည် ပြောင်းလဲတိုးတက်ခေတ်မီနေသော ရန်ကုန်ကို ငေးမောရှုစားရင်း ပါလာသည်။

ကားက မီးပွိုင့်မှာ ရပ်နေလျှင် မြသည် ထောင်ထားသော ကြော်ငြာဘုတ်များကို အသာငေးမောမိသည်။ သီချင်းခွေကြော်ငြာ၊ ဗီစီဒီကြော်ငြာဘုတ်များထဲမှ အဆိုတော်များကိုငေးကာ အားကျစိတ်က ရင်ထဲမှာ အလုံးအရင်းနှင့် ဖြစ်ထွန်းလို့လာလေသည်။ အင်း ... သူတို့ကတော့ အောင်မြင်နေသူတွေပေါ့။ သူတို့လည်း တစ်ချိန်က စီနီယာအဆိုတော်တွေကို ဒီလိုပဲ ငေးမောအားကျခဲ့ကြဖူးမှာပဲ။ မြလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အောင်မြင်သော အဆိုတော်တစ်ယောက် ဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်လဲ။

www.burmeseclassic.com

www.burmeseclassic.com



မြဲကို မန္တလေးက ဂီတဆရာတစ်ယောက်က ပြောဖူးသည်။ မြဲရဲ့အသံဟာ အဆိုတော်လုပ်ဖို့ ဘုရားကပေးလိုက်တဲ့အသံတဲ့။ မြဲသည် ဆရာ့ရဲ့စကားတွေကို နားထဲမှာတောင် ပြန်ကြားယောင်လာသလို ရှိလေသည်။

"မြဲတသက်ရေ ... ညည်းအသံက အဆိုတော်လုပ်ဖို့ ဖြစ်လာတဲ့ အသံမျိုး သိလား။ တချို့က ဝါသနာပါလွန်းလို့၊ ကျင့်လွန်းလို့ ဆိုတတ်ပြီး အဆိုတော် ဖြစ်လာတာ။ တချို့က Talent ကိုပါတာ။ ပင်ကိုအသံကိုက အဆိုတော်အသံ ...

ဥပမာ ... ချောစုခင်တို့ တင်ဇာမော်တို့ မေဆွိတို့ အဲဒီလို အသံမျိုးတွေ၊ ဒါကြောင့် ကြိုးစား၊ ညည်းက အရေးပါပိုင်တော့ ပိုကောင်းတာပေါ့"

အဲဒီလို ဟိုလူပြော ဒီလူပြော အားပေးစကားတွေနှင့် ရှုးခဲ့သော မြဲရဲ့အိပ်မက်တွေက စာဖြည်းဖြည်း ရှင်သန်လာတာ ဖြစ်တော့လေသည်။ မြဲသည် အတွေးတွေက ဟိုရောက်ဒီရောက် လွင့်နေသဖြင့် စတူဒီယိုရှိရာ ခြံရှေ့သို့ ရောက်နေတာတောင် မသိလိုက်ချေ။ ကားသမားက ပြောတော့မှပင် သတိရလျက် ပိုက်ဆံရှင်းကာ ကားပေါ်မှ ဆင်းရသည်။

ခြံရှေ့သို့ ခြေစုံရပ်မိလျှင်တော့ အားငယ်စိတ်က ရင်ထဲမှာ နည်းနည်းတော့ ဝင်လာသည်။ မြဲသည် ခြံတံခါးက ဘဲလ်လေးကို အသာဖိနှိပ်လိုက်သည်။ တအောင့်ကြာလျှင် အိမ်ထဲမှ လူတစ်ယောက် ထွက်လာတာကို မြင်ရတော့မှ မြဲက မျှော်



သွားရတော့၏။ နှုတ်ခမ်းမွေးစစ်နှင့် ဂိုဏ်းစတားရုပ်ပေါက်နေသော ကိုဂျင်မီက မြဲကို လက်တစ်ဖက် ထောင်ပြလျက် နှုတ်ဆက်သည်။ မန္တလေးသားဖြစ်သော ကိုဂျင်မီမှာ မန္တလေးကို စတော့ချ်ရှိုးကိစ္စတွေနှင့် မကြာခဏ လာတတ်သဖြင့် မြဲနှင့် မစိမ်းဘဲ ခင်မင်လှပါသည်။

ပြီးတော့ အညာသူ အညာသားပီသစွာ ကိုယ့်ရပ်ကိုယ့်ရွာသားချင်း ဖြစ်ထွန်းစေချင်သောစိတ်လည်းရှိသဖြင့် မြဲကို အစစအရာရာ ကူညီမည့်သူတစ်ဦး ဖြစ်သည်။

"ဟယ်လို ... ကိုဂျင်မီ၊ နေကောင်းရဲ့နော်"

"အိုကေ ... ကောင်းပါဗျာ၊ လာပါ ... လာပါ၊ ညည်းကို မျှော်နေတာ။ ညည်းအမေရော နေကောင်းရဲ့လား"

"ကောင်းတယ်။ ရော့ ... ဒီမှာ မန္တလေးထိုးမုန့်၊ နောက်ဖေဒါရွှေကြာက ချင်းနုပ်လည်း ပါတယ်။ မြင့်မြင့်ခင်ဂျယ်ရီပူတင်းက ကိုဂျင်မီ့အတွက် အထူး"

"အေးဗျ ... အေးပါ၊ ငါလည်း ဒါတွေကို မျှော်နေတာပါပဲ၊ လာ ... လာ ... ဒါ ငါတို့စတည်းချတဲ့ စတူဒီယိုပဲ။ ပိုင်ရှင်က နိုင်ငံခြား ခဏသွားနေတယ်၊ နောက်မှပဲ ညည်းနဲ့မိတ်ဆက်ပေးတော့မယ်"

မြဲသည် ကိုဂျင်မီရဲ့နောက်မှ ကပ်လိုက်ပါလာရင်း ခြံဝင်းလေးကို စပ်စုကြည့်မိသည်။ စကွဲယားကျကျ ခြံဝင်းလေးဟာ သစ်ပင်ပန်းမန်တွေဖြင့် နေချင့်စဖွယ် အတိပင်။ အင်း ... မြဲကတော့ ရန်ကုန်မှာ ဒီလိုခြံဝင်းမျိုးနဲ့ နေဖို့ကတော့ တစ်သက်

www.burmeseclassic.com

www.burmeseclassic.com



မမျှော်မှန်းနိုင်ပါချေ။ ကိုယ်ပိုင်တိုက်ခန်းလေး တစ်ခန်းတောင် ဘယ်သောအခါမှ ရလိမ့်မယ်ဆိုတာ မသိရချေ။

မြသည် ကိုဂျင်မီ တွန်းဖွင့်ရာ မှန်တံခါးနောက်မှ လိုက်ပါဝင်ရောက်လာသည်။ အေးစိမ့်နေသော ဧည့်ခန်းထဲတွင် ဆိုဖာများ စီရရီချထားလေ့ရာ ကိုဂျင်မီက မြကို အဲဒီခုံတွေမှာ ထိုင်စေသည်။ ဧည့်ခန်းထောင့် တစ်နေရာမှာလည်း တီးဝိုင်းသမားတွေလား ဘာလား မသိသော လူတစ်ချို့က စကားပြောဆိုနေကြသည်။

မြနှင့် ကိုဂျင်မီသည် မန္တလေးအကြောင်း ရောက်ရာပေါက်ရာတွေ ပြောဆိုနေရင်းမှ ကိုယ့်အကြောင်းတွေဘက် ရောက်လာသည်။

"ဒါနဲ့ ညည်းက (......) Restaurant မှာ သီချင်းဝင်ဆို မလို့ဆို"

"ဟုတ်တယ် Practise ဖြစ်အောင်လည်းပါတယ်။ ဒါပေမဲ့ မြက အင်္ဂလိပ်သီချင်းတွေပဲ ဆိုမှာပါ၊ ပြောထားပြီးသား။ အဲဒါ ဆိုင်ကိုတောင် သွားရဦးမယ်။ မန်နေဂျာနဲ့တောင် သွားမတွေ့ရသေးဘူး ...

ရန်ကုန်မှာက အစစအရာရာ ဈေးကြီးတယ် ကိုဂျင်မီရဲ့။ ဒီဘက်ကိုဖို့အတွက် တစ်ဖက်က ဝင်ငွေလေးတစ်ခု တော့ ရှိနေမှဖြစ်မှာ။ ပြီးတော့ တခြားအလုပ်လည်း မဟုတ်ဘူးလေ။ မေမေ့ဆီကလည်း ပြန်မတောင်းချင်ဘူး။ ဖြစ်နိုင်ရင် ကိုယ်ကပဲ ပို့ချင်တာ"



"အေးပါ မယ်ဆိတတ်တတ်ရယ်။ ကောင်းပါတယ်၊ အဓိက,က တော့ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ဖို့ပဲပေါ့။ ဒီလောက, က တော့ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ဖို့ပဲ လိုတယ် ...

ငါလည်း ရှိုးတွေမှာ ညည်း ဆိုနိုင်ဖို့ ကြိုးစားပေးပါမယ်။ ညည်းအသံကို ဒီက ပိုင်ရှင်ကြောင်ရှင်လည်း သေချာပေါက် ကြိုက်မှာပါ ...

ဒါနဲ့ ညီည်း သီချင်းရေးပြီးသား ဘယ်နှပုဒ်ပါလဲ။ Own tune တွေချည်းပဲလား"

"ရေးပြီးသား ငါးပုဒ်ပါတယ်။ လေးပုဒ်က Own tune ပဲ။ တစ်ပုဒ်က တရုတ်သီချင်းလေး။ Copy ပေါ့။ အဲဒါလေးလည်း ကောင်းတယ်"

"အေး ... ထားခဲ့လေ။ ငါ ကြည့်ထားမယ်။ နောက်နေ့ ကျလည်း ညည်းလာခဲ့ဦးပေါ့။ ဖုန်းနံပါတ်ရှိတယ် မဟုတ်လား။ ပေးထားခဲ့"

"ဟန်းဒ်ဖုန်းတော့ မရှိဘူးနော်။ အဆောင်ကဖုန်း"

"အေးပါ။ ဟန်းဒ်ဖုန်းများဟာ နောက်ကျလာမှာပေါ့။ ကိုယ့်မှာသာ အနုပညာဝမ်းစာပြည့်အောင် ကြိုးစားစမ်းပါဟာ။ ကဲ ... ပြော"

ကိုဂျင်မီက သူ့ဟန်းဒ်ဖုန်းကိုထုတ်ကာ မှတ်ဖို့ပြင်နေသည်မို့ မြသည် အဆောင်ဖုန်းနံပါတ်ကို ရွတ်ပြလိုက်ရသည်။ ကိုဂျင်မီက ခေါင်းတဆတ်ဆတ် ညိတ်ကာ မြရဲ့သီချင်းတွေကို စိတ်ဝင်တစား ကြည့်ရှုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက မဆိုးဘူးပဲ။ ဒီသီချင်းတွေလည်း အကုန်ရောင်းရမှာပါ။ တရုတ်သီချင်းကတော့ ယောကျ်ားလေးနဲ့ ပိုလိုက်တယ်။ ဒီသီချင်းပေါက်လောက်တယ်ဟ သိလား။ ညည်းအားတဲ့ တစ်ရက်လောက် ငါ့ကို လာတီးပြဦး ...

အဆိုတော်ပါရှိရင် ပိုကောင်းမယ်။ ငါ ဖုန်းဆက်လိုက်မယ်ဟာ"

"ဟုတ်ကဲ့၊ အဲဒါဆို မြ ပြန်လိုက်ဦးမယ်။ ကိုဂျင်မီလည်း အလုပ်ရှိသေးတယ် မဟုတ်လား"

"အေး ... နောက်မှ တွေ့မယ်ဟာ။ ကောင်းပါတယ်ညည်း ရန်ကုန်ရောက်လာတာ၊ ဒီမှာကျတော့ ခြေလှမ်းပိုစိပ်တာပေါ့ဟာ ...

ကြိုးစားရင် အောင်မြင်မှု ဆိုတာ ခဏလေးပဲ။ ဒါတောင် တို့ဂီတလောက က ခိုးကူးတွေ နှိပ်စက်နေလို့။ ဒီလိုပဲ လုပ်တော့ လုပ်နေရတာပေါ့ဟာ"

"ဟုတ် ... ဟုတ်။ ဒါဆို မြ ပြန်တော့မယ်လေ"

"အေးဟာ။ လက်ဆောင်တွေ အတွက်တော့ ကျေးဇူးပဲ။ ငါ အပေါက်ဝထိ ပြန်လိုက်မပို့တော့ဘူးနော်။ ဘာနဲ့ပြန်မှာလဲ Taxi နဲ့လား"

"အင်းပေါ့။ ရတယ် လိုက်မပို့နဲ့တော့၊ သွားပြီနော်"

မြသည် ကိုဂျင်မီကို နှုတ်ဆက်ပြီးနောက် စတူဒီယိုရှိရာ ခြံဝင်းအတွင်းမှ ပြန်ထွက်လာခဲ့သည်။ အင်းလျားလမ်းထဲမှာ ကားအသွားအလာရှင်းလျက် Taxi လည်း မမြင်သဖြင့် မြသည် လမ်းမဘက်ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။ လျှောက်လာရင်းမှ မေမေ့ထံ ဖုန်းဆက်ပြီး ရုပ်တုကိစ္စကို မေးကြည့်လျှင် ကောင်းမလားဟု စဉ်းစားမိသေးသည်။ မေမေ ဘယ်လိုများ တုံ့ပြန်လာမှာပါလိမ့်။



မြသည် အဲဒီအတွေးတွေနှင့် လတ်တလော ပီတိတွေနှင့်ပေါင်းကာ မျက်နှာချင်းဆိုင်မှ အကြမ်းပတမ်းမောင်းလာသော ကားတစ်စီးကို ရုတ်တရက် မြင်တွေ့လိုက်ရလျှင် လန့်တောင်လန့်သွားလေသည်။

ကားမောင်းလာပုံမှာ ကြမ်းတမ်းလွန်းသဖြင့် လူကိုတောင် ပွတ်ဆွဲမိတော့မတတ်မို့ မြဟာ စိတ်တိုပြီး ဒေါပွသွားရသည်။

ကားသမားကတော့ ဂရုတောင်မ စိုက်။ ကားအရှိန်ကြောင့် လမ်းဘေးဝဲယာက သစ်ရွက်တွေတောင် ဝဲပျံသွားသည်အထိ အကြမ်းပတမ်း မောင်းနှင်လို့ သွားလေသည်။ မြဟာ ကားအနက်ကို လှည့်ပြန်လိုက်ကြည့် ခါးထောက်လျက်။

"တောက် ... အစုတ်ပလုတ်ကား။ ရမ်းကားလိုက်တာ သေဦးမယ်"

အဲဒီလိုပြောပြီးမှ ကိုယ့်လမ်းကိုယ် ဆက်လျှောက်မိသည်။ ဆက်လျှောက်ရင်းမှလည်း စဉ်းစားမိသည်မှာ အနုပညာသမားတွေဟာလည်း မအောင်မြင်ခင်မှာ ဤသို့ ပေးဆပ်ရင်းနှီးခက်ခဲခဲ့သည်ဟု။ ဘာမှမဖြစ်သေးခင်မှာ ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ရင်လည်း လျှောက်ရသည်။ မျက်နှာချီသွေးကာ

www.burmeseclassic.com

www.burmeseclassic.com



ကပ်သင့်ရင်လည်း ကပ်ရသည်။ ကိုယ်က ငွေကြေးမပြည့်စုံသည့်သူ ဖြစ်လေရာ သူ့များထက်ပိုပြီး ခက်ခက်ခဲခဲ ကြိုးစားရသည်ဟု မြဲက သုံးသပ်ကာ လမ်းဆက်လျှောက်လာရင်း ဒေါသကို ဖြေရလေသည်။

ထိုနေ့က မေမေ့ဆီ ဖုန်းဆက်သော်လည်း ရုပ်တုကိစ္စကို ထည့်မမေးမိတော့ပါ။

❣ ✻ ❣



သူသည် စိတ်တိုတိုနှင့် ကားကို အကြမ်းပတမ်း မောင်းလာခဲ့ပြီးနောက် စတူဒီယိုရှေ့သို့ ရောက်လျှင် ဘရိတ်ကို ကျိုခနဲမြည်အောင်အုပ်ကာ ဟွန်းကို ခပ်ကြာကြာ ဖိနှိပ်ထားလိုက်သည်။ ခြံထဲမှ လူအရိပ်အယောင်က မမြင်ရသေး။ သူက ဟွန်းကို တစ်ချက်ထပ်နှိပ်လိုက်သည်။ ဒီတော့မှ ခြံနောက်ဘက်က လူတစ်ယောက်က ပြေးလာသည်။ ခြံတံခါးကို ဖွင့်ပေးလျှင် သူဟာ ခြံထဲသို့ ကားကို ခပ်ကြမ်းကြမ်း မောင်းသွင်းလိုက်သည်။

သူ စိတ်တိုရသည့် အကြောင်းရင်းမှာ ရန်ကင်းစင်တာ၌ တခက်နှင့် ရှေ့နေပေါက်စကို တွေ့လာခဲ့၍ဖြစ်သည်။ သူက အဲဒီမှာ အမျိုးသမီးအဆိုတော်တစ်ဦး၏ အခွေထွက်သည့်အတွက် promotion သဘောမျိုးဖြင့် လက်မှတ်သွားထိုးပေးအပြီး အပေါ်ထပ်မှ ဆင်းလာခဲ့တာဖြစ်သည်။ အင်းလျားလမ်းက စတူဒီယိုတစ်ခုမှာ သီချင်းရေးဆရာ ကိုဂျင်မီနှင့် ချိန်းထားသဖြင့် လစ်ထွက်အလာ တခက်နှင့် နေယံ ဆိုသည့်ပုဂ္ဂိုလ်ကို အောက်ထပ် City mart ထဲမှ ထွက်လာတာနှင့် ကြုံလိုက်ရ၍ဖြစ်သည်။

သူဟာ တခက်ရဲ့အဘိုး အလွန်ယုံကြည်သဘောကျသည်ဆိုသော နေဇယံကို အခုမှပဲ မြင်ဖူးတာဖြစ်သည်။ သူ့ထက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လောက်ပဲ ကြီးနိုင်သည့် ဟိုကောင်ဟာ ပုံစံကြည့်လိုက်တာနှင့် လူကြီးကြိုက်ဒီဇိုင်းမျိုး ဖြစ်သည်။ တိုးကပ်ပုံကျကာ ပြောင်လက်နေသော ဆံပင်ဖြင့် နားမှာ နားကပ်မရှိ၊ ဆံပင်တွေကမထောင်၊ နို့နှစ်ရောင် Alter Shirt အင်္ကျီလက်ရှည်ဖြင့် Skneey ဘောင်းဘီရှည် နက်ပြာရင့်တို့ကို တွဲဖက် ဝတ်ဆင်ထားကာ Gentleman ဆန်ဆန်ဖြစ်သည်။ တခါကသည်လည်း ကြက်သွေးရောင် ပိုးချည်ထည်ကို မြန်မာဆန်ဆန် ဖက်ရှင်ကျကျ လှလှပပ ဝတ်ဆားဆင်ယင်ထားသဖြင့် သူတို့နှစ်ဦးမှာ မသိလျှင် ဘာလိုလို ညာလိုလိုဖြင့် လိုက်ဖက်ညီနေသည်။ တခါကက သူနှင့်နေဇယ်ကို မိတ်ဆက်ပေးကာ တစ်ခုခုသွားစားဖို့ ခေါ်သော်လည်း သူက ငြင်းလွှတ်လိုက်သည်။ ချိန်းထားတာကို အကြောင်းပြလျက် စကားရပ်ပြောတာ ငါးမိနစ်တောင် မကြာချေ။ သူသည် နေဇယ် ဆိုသောကောင်ရဲ့ မျက်နှာပေးကို နည်းနည်းမှ သဘောမကျပါ။ အရာရာကို ထွင်းဖောက်မြင်နိုင်စွမ်းရှိသည်ဟူသော ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည့် အသွင်သဏ္ဌာန်ကို ကြည့်မရဆုံးဘဲ ဖြစ်တော့သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ငါတော်သည် ငါတတ်သည် ဟူသော သွေးနားထင်ရောက် ဖနောင့်သံစူး ဒီဇိုင်းမျိုးကိုလောက် အမြင်ကတ်တာ မရှိတော့ပြီ။ အဲဒီဒေါသအသံဖြင့် စတူဒီယိုသို့ ကားမောင်းလာတာ ဘယ်လိုရောက်လာမှန်းတောင် မသိတော့ချေ။

အိမ်ရှေ့တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်တာနှင့် ဧည့်ခန်းထဲမှာ စာရွက်တစ်ထပ်နှင့် ထိုင်နေသော ကိုဂျင်မီက လက်တစ်ဖက်ထောင်ပြကာ ဟိုင်းဟုနှုတ်ဆက်သည်။ သူကညစ်နေသောဒီဇိုင်းဖြင့် ကိုဂျင်မီဘေးမှာ စွေ့ခနဲဝင်ထိုင်ပစ်လိုက်သည်။



"ဘာဖြစ်လာတာလဲကွ။ လောင်ကျွမ်းလာတဲ့ အဆင်ကြီးနဲ့ပါလား"

"အင်း ... ညစ်လို့ပါဗျာ"

"မင်းမလည်း ဒီပြဿနာက မအေးနိုင်သေးဘူးလား။ စဉ်းစားနေရင် ပိုဝေးတယ်ကွ၊ ယူတော့လည်း အဖတ်တင်တာပေါ့။ ခိုးပြေးလိုက် ရှုပ်တယ် ... ဟဲ ဟဲ"

"လာမြှောက်ပေးမနေနဲ့။ ခိုးမပြေးရဲဘူး ထင်နေလို့လား။ အစ်မတော် မဖုရားလေးက ဂျိုဂျောင် ကျနေလို့ဗျ ...

ဘိုးတော်ကြီးက သက်သက် ရစ်နေတာဗျာ။ သိတယ်မဟုတ်လား၊ ဘိုးတော်ဘုရားခေတ်က idea တွေနဲ့။ ဟူးမမိုက်ပါဘူး"

"မိုက်သွားအောင် သီချင်းတွေကို Mood အပြည့်နဲ့ဆိုပေါ့ကွာ။ ဒီမှာကွ၊ ဟိုတစ်ခါ မင်းကို ငါ ပြောဖူးတဲ့ မန္တလေးက ငါ့အသိ ဝါသနာရှင်ကောင်မလေး ဆိုတာလေ။ အခုနကပဲ လာသွားတာ ...

မင်းနဲ့ အဝင်အထွက်လေးတင် လွဲသွားတာ။ သူ့သီချင်းလေးတွေ မဆိုးဘူးကွ။ သူက တော်တော် telent ရှိတယ်။ ဒီ copy သီချင်းလေးဆိုရင် ပေါက်လောက်တယ်။ မင်း ဆိုကြည့်မလား"

သူက ကိုဂျင်မီ ပြသော သီချင်းစာရွက်ကို စိတ်မပါ ...ါဖြင့် ယူကြည့်ကာ သီချင်းစာသားများထက် နားထဲတွင် ...ဂျင်မီ ပြောလိုက်သော စကားကိုသာ လောလောလတ်လတ် ...ကြားနေမိလေသည်။ ဘယ်လိုအာရုံမျိုးက နှိုးဆော်နေသလဲ

www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောတတ်ချေ။ "မန္တလေးက ငါ့အသိ ဝါသနာရှင်ကော မလေး"ဟူသော စကားသည် သူ့အာရုံကို တစ်မျိုးနှိုးဆော် သည်။

သူသည် ဘာရယ်ကြောင့်မှန်း မသိဘဲ လွန်ခဲ့သေ သုံးရက်ခန့်က ကားကွင်းတွင် တွေ့ခဲ့ရသော တခက်နှင့်ဆင်တ ကောင်မလေးတစ်ယောက်ကို ပြန်မြင်ယောင်လာသည်။ ဂစ်တ အိတ်ကို လွယ်ထားသော ကောင်မလေးဟာ ဘယ်သူများဖြစ်နိုင် မလဲ။ သူသည် ကိုဂျင်မီကို ဘယ်လိုမေးရမယ်ဆိုတာ ရုတ်တရ စကားစရှာမရချေ။ သူမရဲ့နာမည်ကိုလည်း သူ မသိ။ အင်း ပုံစံပေါ့။ လူပုံစံကို ပြောပြပြီး မေးရမည်။ လူပုံစံက ထွေထွေ ထူး စဉ်းစားနေစရာ မလိုပါ။ တခက်ရဲ့ပုံစံကို ပြောပြလိုက်လျှ ရပြီဖြစ်သည်။

"ကိုဂျင်မီ အဲဒီကောင်မလေးက တော်တော်ချောတယ မဟုတ်လား"

"ဘယ်ကောင်မလေးကလဲ"

ကိုဂျင်မီက သူ့ကို နားမလည်သလို ပြန်မေးသည်

"ဒီသီချင်းရေးတယ်ဆိုတဲ့ ကောင်မလေးပေါ့။ အရုပ်မြ မြင့်နဲ့ ဆံပင်က ကောက်ထားတယ်လေ"

ကိုဂျင်မီက သူ့ကို မျက်လုံးပြူးကြည့်သည်။ ပြီးလျှ တစ်ခုခုကို စဉ်းစားပါက လုပ်နေကျပုံစံအတိုင်း မေးစေ့ကိုပွ ကာ ...

"အင်း ... ဟုတ်တော့ ဟုတ်တယ်၊ မင်းက ဘယ်လိုလု သိတာလဲ"



အဲဒီအမေးကြောင့် သူ့ရင်ထဲတွင် လှိုက်ခနဲဖြစ်သွား သည်။ အခုနက ဒေါသစိတ်တွေတောင် ဘယ်ကို ရောက်သွားမှန်း သိချေ။ စိတ်ဝင်စားမှုတွေဖြင့် သူ့မျက်လုံးတွေက တဖျပ်ဖျပ် ဘာက်ပကာ ကိုဂျင်မီကိုသာ ငုံတလင့်လင့်ဖြင့် ကြည့်မိသည်။

"ဒီလိုပါပဲ၊ အဲဒါက အရေးမကြီးပါဘူး၊ သူ့နာမည်က ဘယ်သူလဲဟင် ကိုဂျင်မီ"

"ဟ ... ဘာဖြစ်တာလဲ၊ အသည်းအသန်ပါလား။ မြတ်သက် က မန္တလေးက ရောက်တာတောင် သုံးရက်လောက်ပဲ ရှိသေးတာ။ မင်းနဲ့ သိတယ်ဆိုတာ မဖြစ်နိုင်ပါဘူး"

"မြတ်သက် ... ဟုတ်လား။ အင်း ... နာမည်ကလည်း ကာရန်အတူတူပါပဲလား။ ကိုဂျင်မီ ကျွန်တော့်ကောင်မလေး ကို မြင်ဖူးလား"

"ဦးမြသာ မြေးကို ပြောတာလား။ အင်း ... မမြင်ဖူးသေး ဘူးလေကွာ။ မင်းမှ ခေါ်မလာဘူးတာ။ မင်းဟာက ဘာ လဲကွာ။ ဟိုရောက် ဒီရောက် ဘာဖြစ်နေတာလဲ။ အိပ်ရေး ပျက်တာတွေများပြီး ကြောင်သွားပြီလား"

"မကြောင်ဘူး ... မကြောင်ဘူး။ အခုမှ လန်းမှာ။ ကိုဂျင်မီ အဲဒီ မြတ်သက်နဲ့ ကျွန်တော် တွေ့ချင်တယ်ဗျာ။ ချိန်းပေး စမ်းပါ"

"ဟာ ... အခုနကလေးတင် ထွက်သွားတာ။ မင်းနဲ့တောင် လမ်းမှာ ရှောင်ချင် ရှောင်နေဦးမှာ။ ဘာဖြစ်တာလဲကွာ ဘာတွေများ ဒီလောက် အရေးကြီးနေတာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



သူ့သီချင်းတွေရော သေချာကြည့်ပါဦး"

"သေချာကြည့်စရာ မလိုပါဘူး၊ ဒီ copy ကတော့ ယူကို ယူမှာဗျာ။ နေဦး ... သူ့ကို အခု သွားမချိန်းသေးလိုက်နဲ့ဦး။ ကျွန်တော်ပြောတဲ့နေ့ကို ရအောင်ချိန်းပေး။ ကျွန်တော် သူ့ကို လူတစ်ယောက်နဲ့ တွေ့ပေးချင်တယ်"

ကိုဂျင်မီသည် သူ့စကားတွေကို လိုက်မမီတော့သည့်ပုံစံဖြင့် မျက်လုံးအလည်သားဖြင့် ငေးကြည့်နေသည်။ ပြီးတော့ ဆံပင်တွေကို ကုတ်ဖွပစ်ကာ ရှုပ်တယ်ကွာ လေတယ်ကွာနှင့် ညည်းညူ၍ နေလေသည်။

"နော် ... ကိုဂျင်မီရာ ကူညီပါဗျာ။ ချိန်းရင်လည်း ဒီမှာပဲ ချိန်းမှာပါ။ ကိုဂျင်မီလည်း ရှိနေမှာပါ။ ဘာပြဿနာမှ မရှိစေရဘူး။ ဒီအတိုင်း ရိုးရိုးပါပဲ ...

ကျွန်တော် သူ့ကို ကြောင်တာမဟုတ်ဘူး။ အဲဒီနေ့ကျရင် ကိုဂျင်မီ ကိုယ်တိုင်လည်း အံ့ဩစရာတွေ တွေ့ရမှာပါ"

"ဟင်း ... နားကို မလည်တော့ဘူးကွာ။ မင်းဟာကလည်း ဘာမှ ရှင်းရှင်းလင်းလင်းလဲ မပြောဘူး"

"ရှင်းရှင်းလင်းလင်း ပြောရအောင် ကျွန်တော် ကိုယ်တိုင်ကို ဘာမှရှင်းရှင်းလင်းလင်း မသိရသေးဘူး ကိုဂျင်မီရဲ့။ ထားပါဗျာ ကျွန်တော် ဖုန်းဆက်လိုက်မယ်။ ဖုန်းဆက်ပြီးရင်သာ သူ့ကို ဒီမှာချိန်းပေး။ ဟုတ်ပြီလား"

"အင်း ... ပြီးရောကွာ၊ ရှုပ်နေတာပဲ"



ကိုဂျင်မီထံက ကတိရသွားလျှင် သူက ကျေနပ်သွားသည်။ သူ့တွင် ဘယ်လို အာရုံတစ်မျိုးက ပူးကပ်နေသလဲတော့ မပြောတတ်ပါ။ သူသည် အဲဒီတစ်ယောက်ကို တစ်နေ့က တွေ့ခဲ့ရသော ကောင်မလေးပဲ ဖြစ်လောက်သည်ဟု စိတ်ထဲမှာ အလိုလိုကို ထင်နေမိတာဖြစ်သည်။ ပြီးတော့ တခက်ကိုလည်း ပြချင်သည်။ တခက်သာ မြင်ပါကလည်း အသေအလဲ အံ့ဩမည်ဖြစ်သည်။ ဒီလောက် ရုပ်တူနေသော သူနှစ်ယောက်ဟာ တစ်နည်းနည်းနဲ့တော့ ပတ်သက်လောက်သည် ဆိုတာကို သူတို့လည်း တွေးမိဘဲ နေမှာမဟုတ်။

"ကိုဂျင်မီ ... သူက ရန်ကုန်ကို ခဏလာတာလား"

"မဟုတ်ဘူးကွ။ ဒီမှာ လာနေတာ။ သူက တော်တော် talent ရှိတယ်ကွာ။ ပြီးတော့ ဖြစ်ချင်တဲ့စိတ်လည်းရှိတယ်။ အဲဒါကြောင့် ကြိုးစားမယ်ပေါ့ကွာ။ ယုံကြည်ချက်အပြည့်နဲ့ပေါ့ ...

ပြီးတော့ သူက (......) Restaurant မှာ သီချင်းဝင်ဆိုဦးမှာ။ အင်္ဂလိပ်သီချင်းတွေပဲ ဆိုမှာပြောတယ်။ သူ့အသံကလည်း ရေလည်ကောင်းတယ်။ အခုလောလောဆယ်တော့ လှည်းတန်းက အဆောင်တစ်ခုမှာ နေတယ်"

သူက ကိုဂျင်မီရဲ့စကားတွေကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကာ နားထဲတွင် တခက်ရဲ့ အသံချိုသြသြလေးကို ပြန့်လည်ကြားယောင်လာသည်။ တခက်နဲ့များ ဖုန်းပြောရလျှင် သူသည် အဲဒီ အသံချိုသြသြလေးထဲမှာ မျောနေလေ့ရှိသည်။ သို့ဆဲ တခက်ရဲ့ ချစ်ခရီးလမ်း အစပထမပိုင်းသည် ဖုန်းပြောခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သာ စတင်ခဲ့ရသည် ဖြစ်လေရာ သူသည် လေလှိုင်းထဲက အဲဒ် အသံ့လေးတွေကို အသည်းစွဲခဲ့ရသူဖြစ်၏။ တခက်ရဲ့ အသံလေး ဟာ ထူးကို ထူးခြားသည်။

အခုမှပဲ သူ တွေးမိသည်မှာ တခက်သည်လည် သီချင်းဆိုရင် အတော်အသံကောင်းမည် ဆိုတာပဲ ဖြစ်လေသည်။ သူဟာ တခက် သီချင်းညည်းတာလေးကိုတောင်မှ မကြားခဲ့ဖူးပါ။ သိပ်ကိုလုံခြုံသော တခက်ပဲ ဖြစ်သည်။ သူသည် အဲဒီနေ့ညက တခက်ထံ ဖုန်းခေါ်ကာ အပြင်ထွက်ဖို့ အချိန်တောင်းလိုက်သည်။ အကြောင်းရင်းကိုစွကိုပါ ထည့်ပြောလိုက်လျှင် တခက်သည်လည်း အံ့သြ၍ နေလေသည်။ တစ်ရက် နှစ်ရက်အတွင်း ဖြစ်အောင်စီစဉ် မည်ဟု ဆိုကာ သူမ ထွက်လာနိုင်မည့် ဒိတ်ကို အတိအကျပြန် ဆက်ပြောပြသည်။

အဲဒီတော့ သူက ကိုဂျင်မီကို ဟိုတစ်ယောက်နှင့် ချိန်းခိုင်းလိုက်တော့တာဖြစ်သည်။ များမကြာမီ ကိုဂျင်မီ့ထံမှလည်း အိုကေဟူသော အကြောင်းပြန်ကြားချက်ရလျှင် သူသည် ကာယကံ ရှင် တခက် ကိုယ်စား ကြားထဲကတောင် ရင်ခုန်နေမိလာလေသည်။ အခြေအနေတွေဟာ အကောင်းဘက်ကိုပဲ ပြန်လည်ဦးတည်လာနိုင် ပါစေ။ သူသည် ကြားဖူးထားသော ဆုတောင်းလေးလိုပဲ သား ရွှေအိုးထမ်းလာတာကိုပဲ မြင်ချင်ခဲ့ပါသည်။

❣ ✳ ❣



## ၇

ကိုဂျင်မီသည် တခက်ကို ကြည့်ကာ မျက်လုံးအပြူး ဖြင့် အံ့သြ၍ နေလေသည်။ အဲဒီလိုပဲ တခက်ဟာလည်း သာလာခဲ့ရသည်။ စိတ်ထဲကတော့ နည်းနည်း နားမလည်နိုင် လို့နေသည်။ လင်းညိုသည် ဘာစိတ်ကူးပေါက်မှန်း မသိဘဲ က်ကို ဆံပင်ကောက်ခဲ့၊ ဆောင်းဘီဝတ်ခဲ့ စသဖြင့် အမှာတော် လိုက်သေးသဖြင့် တခက်မှာ ဆံပင်တွေကို ဆက်တင်လုပ်၍ ရသေးသည်။ ဆောင်းဘီဝတ်ခဲ့ ဆိုသော်ငြားလည်း သိပ်ခေတ် ဆန်လည်း မဝတ်တတ်သဖြင့် MK က ဝယ်ထားသော တံအဆိပ် အသားရောင်အကျီနှင့် ဆောင်းဘီရှည်ဝမ်းဆက် ာ ဝတ်ဆင်လာခဲ့သည်။

ဆံပင်ခွေလိပ်လှိုပ်၊ စတိုင်လ်ကျသော ဝတ်စုံတို့ဖြင့် သပ်ရပ်နေသော တခက်ကို လင်းက အပြုံးတစ်ခုနှင့် ကြိုဆို ညှိခန်းဆောင်က ဆိုဖာတစ်ခုတွင် ထိုင်စေလေသည်။ နှစ် ာက်ထိုင်ဆိုဖာ ဖြစ်သည့်အတွက် လင်းက တခက်ရဲ့ဘေးမှာ ဆိုင်ကာ လက်ဖျားလေးတွေကို ဆွဲယူဖျစ်ညှစ်ရင်းမှ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကျတော့လည်း ကိုယ့်တခက်ကစတိုင်လ်မိုက်သားပဲ ဒီပုံစံက တကယ်လန်းတယ်။ ဒါမျိုးနဲ့ပဲ ဒီကမြွန်ရေ တခက်ရဲ့ဆံပင်ကို ဆိုင်မှာ တကယ်သွားကောက်ပစ်လိုက်"

"ဟင် ... ဘာလို့လဲ။ ဘာဖြစ်လို့ ဒီပုံစံကို လုပ်ခိုင်းရတာ လဲ"

"ဩော် ... အကြောင်းရှိလို့ပေါ့ တခက်ရယ်။ တခက်ရဲ့ အရင်ပုံစံက လှတော့လှတယ်၊ ဒါပေမဲ့ ဒီပုံက perfe ပေါ့၊ အဲဒီလို ..."

ကိုဂျင်မီ ကျွန်တော့် ကောင်မလေး စွဲတခက်လေ ဘယ်သူနဲ့တူသလဲ"

သူ့ရဲ့အဓိပ္ပာယ်ပါပါ အမေးကို ကိုဂျင်မီက ဖြ ဘာင်မဖြေနိုင်ချေ။ ပုံစံနှင့် ဒီဇိုင်းကိုပါ မြတသက်နှင့်တူအော ာမင်လုပ်ခိုင်းထားသဖြင့် ဘယ်လိုမှ ခွဲမရသော့ပုံစံလို ဖြစ်ေ နေသည်။

ခဏကြာတွင် ဖုန်းလာသဖြင့် ကိုဂျင်မီက အပြင် သွားဖို့ အကြောင်းပေါ်လာသည်။ ဖုန်းပြောပြီးလျှင် သူ့ကို လ ာဖက်ထောင်ပြကာ ...

"ငါ ကိစ္စတစ်ခုရှိလို့ အပြင်သွားရဦးမယ်ကွာ။ ခဏနေရ မြတသက် ရောက်လာလိမ့်မယ်။ ဖြစ်တယ် မဟုတ်လား"

"ဖြစ်တယ် ... ဖြစ်တယ်။ အေးဆေးပဲ"

"အိုကေ ... ဒါဆို လစ်လိုက်ဦးမယ်၊ ခဏနေ ပြန်လာ မယ်"



ကိုဂျင်မီက နှုတ်ဆက်ပြီး ထွက်သွားလျှင် ဧည့်ခန်း ထဲမှာ သူနှင့် တခက်သာ ကျန်ခဲ့သည်။ တခက်က သူ့ကိုစိတ် လှုပ်ရှားသော အသွင်သဏ္ဌာန်ဖြင့် တစ်ချက် မော့ကြည့်မိကာ ...

"လင်း ... သူက တကယ်လာမှာ သေချာလို့လားဟင်။ ပြီးတော့ တခက်နဲ့ အရမ်းပဲ တူလို့လား"

လာတော့ ကြည့်ပေါ့ တခက်ရယ်။ လာတာက လာမှာပါ။ ဆယ်နာရီ ချိန်းထားတာပဲ"

"အင်း ... ဆယ်နာရီ ထိုးတော့မယ်"

တခက်က လက်မှ Romonsan နာရီလေးကို တစ် ချက်ငုံ့ကြည့်ကာ တိုးဖွဖွ ရေရွတ်မိသည်။ တခက်က သိပ်ကြာလို့ မရချေ။ ဘိုးဘိုးနှင့် အဆင်ပြေကာစဖြစ်သဖြင့် အခြေအနေကို ကြည့်နေရသည်။ လင်းညို့က ဖွတ်ခေါ်တာရော၊ ကိုယ်နှင့်အရမ်း တူသည့် လူတစ်ယောက်ကို ကြည့်ချင်တာရောကြောင့် လာခဲ့ရ ခြင်းဖြစ်သည်။

အဲဒီအချိန်မှာပဲ လျှပ်စစ်ဘဲလ်သံလေး ကြားလျှင် တခက်သည် ဆတ်ခနဲ ဖြစ်သွားသည်။ ဒါဟာ ခြံဝမှာ ဧည့်သည် ရောက်နေပြီဆိုတာ သိရပါသည်။ လင်းက တခက်ကို တစ်ချက် ကြည့်ကာ "လာပြီ ထင်တယ်"ဟု ခပ်တိုးတိုးပြောသည်။ ခြံတံခါး ကတော့ လူစောင့်တစ်ယောက်ရှိသည်မို့ အဲဒီတစ်ယောက်ကပဲ ဖွင့်ပေးမှာဖြစ်တာကြောင့် မပူရပါ။ တခက်ရဲ့ အာရုံတွေသည် မှန်တံခါးချပ်များထဲသို့သာ ရောက်နေသည်။ အဲဒီမှန်တံခါး ကို တွန်းဖွင့်ပြီး ဝင်ရောက်လာမည့် မျက်နှာတစ်ခုကိုသာ အသည်း အသန် စိတ်ဝင်စားပြီး နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါချေ။ မှန်တံခါးချပ်ကို အပြင်ဘက်က နေ၍ အသာတွန်းဝင်လာသော လှုပ်ရှားမှုမျိုးကို တွေ့လိုက်ရသည်။ ဖိနပ်စီးမထားသော ဂျင်း(န်)ဘောင်းဘီဝတ် ခြေဖမိုးတစ်စုံသည် ပါကေးခင်းကြမ်းပြင်ပေါ်သို့ နင်းဖြတ်လျှောက်ပြီးလာသည်။ တခက်သည် ဝင်လာသူရဲ့ အောက်ပိုင်းကို အရင်စကြည့်နေခြင်းဖြစ်ကာ ဂျင်း(န်)ဘောင်းဘီပျော့ပျော့အပေါ်မှ အဖြူနှင့် ကော်ဖီရောင် အကွက်ကြီးကြီး အင်္ကျီအရှည်ကို ခါးမှာ ခါးပတ်နှင့် ဖက်ရှင်ကျကျ နစွာ ဝတ်ဆင်ထားပုံကို အရင်မြင်တွေ့ရသည်။ အဲဒီနောက်မှာတော့ အနည်းငယ် မော့လို့ကြည့်လိုက်လျှင် တခက်ရဲ့ မျက်ဝန်း အစုံသည် ဆုံမှတ်တစ်ခုတွင် ရပ်တန့်လို့ သွားလေသည်။

ဘုရား … ဘုရား …။ တခက်သည် ဘုရားပေါင်းများစွာကို ရင်ထဲမှ အကြိမ်ကြိမ်တ,မိကာ မှန်တစ်ချပ် ကြည့်နေရသလို ဖြစ်နေသော မျက်နှာတစ်ခုကို မမိုတ်မသုန် ကြည့်နေမိသည်။ အဲဒီမျက်နှာကရော့ ဘာ့ထူးလဲ။ တခက်ကို လှမ်းငေးနေသည်မှာ အထဲကိုတောင် ဆက်ဝင်မလာနိုင်တော့ချေ။ ခြေလှမ်းတွေက လမ်းခုလတ်တွင် ရပ်တန့်လျက်၊ မျက်လုံးတွေက တခက်ရဲ့မျက်နှာမှာပဲ စိုက်၍နေသည်။ တခက်သည် ကိုယ်နှင့်တူပဲတူနိုင်လွန်းသော မိန်းကလေးတစ်ယောက်ကို ဘယ်နေရာကများ မတွေ့ဘူးလည်းဆိုတာ စေ့စေ့စပ်စပ် အဖြေထုတ်ကြည့်နေမိသည်မှာ ဘာကိုမှ သတိမရနိုင်ချေ။ ဘယ်နေရာကမှ မတွေ့တာမရှိ။ တခက်ရဲ့မျက်နှာမှာလည်း မှဲ့မရှိသလို သူမရဲ့မျက်နှာမှာလည်း မှဲ့မရှိချေ။



"အဟမ်း … မြတ်သက် ဆိုတာ ထင်တယ်"

တခက်တို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြောင်ပြီးကြည့်နေတာ ဘယ်လောက်တောင် ကြာသွားသလဲတော့ မပြောတတ်ချေ။ လင်းညို့ရဲ့အသံကြားတော့မှပင် နှစ်ယောက်သားရဲ့ အာရုံဟာ လင်းညို့ထံ ပြန်ရောက်သွားသည်။ သူမက လင်းညို့ကို အယောင်ယောင် အမှားမှားဖြင့် ခေါင်းညိတ်ပြကာ တခက်နှင့်အတူ လင်းညို့ကိုပါ တွဲပြီးတွေ့လိုက်ရသည့်အတွက် အတော်ကြီး အံ့သြနေဟန်ရှိလေသည်။

"ကိုယ် … လင်းညို့ပါ။ ကိုဂျင်မီက အရေးပေါ်ကိစ္စတစ်ခုနဲ့ အပြင်ကို ခဏထွက်သွားတယ်၊ ပြန်လာမှာပါ။ မင်းနဲ့ စကားပြောနေရစ်ဖို့ မှာခဲ့ပါတယ် …

ထိုင်ပါဦး မြတ်သက်၊ အေးဆေးပေါ့"

လင်းညို့ရဲ့ တရင်းတနှီး ဖိတ်ခေါ်သံအဆုံးတွင် သူမက ခေါင်းတစ်ချက် ညိတ်ပြကာ တခက်နှင့် မျက်နှာချင်းဆိုင်ဆိုဖာပေါ်တွင် ဝင်ထိုင်လေသည်။ တခက်သည် အနီးကပ်မြင်ရသော သူမမျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုကာ ထူးဆန်းအံ့သြမှုတွေကလည်း ရင်ထဲ၌ တလိပ်လိပ်တက်၍ လာလေသည်။ ဒီလောက်ကြီးတူတာ ဖြစ်နိုင်လို့လား။ မှန်ကြည့်ရသလိုကို တူနေတာကိုလေ။

သူမကလည်း တခက်ကို ထပ်ကြည့်ချင်နေသေးသော ပုံစံဖြင့် အကြည့်တို့က ထပ်၍ရောက်လာပြန်သည်။ တခက်သည် အခုမှပင် လင်းညို့ တစ်ယောက် ကိုယ့်ကို ဘာကြောင့် ဒိုင်ဝိုင်းပြောင်းခိုင်းထားသလဲ ဆိုတာကို သဘောပေါက်ရတော့တာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟော်ဂနီရောင် ဆံနွယ်အခွေအလိပ်တွေဖြင့် သူမက ခေတ်ဆန်စွာ နေတတ်သည့်သူတစ်ဦးဟု ခန့်မှန်း၍ ရပါသည်။

"တခက် ... ဒါ မြတ်သက်တဲ့"

တခက်သည် မိတ်ဆက်ပေးသလိုပြောသည့် လင်းညို့ရဲ့စကားကို ဘာမှမတုံ့ပြန်နိုင်ဘဲ သူမကိုသာ မျက်လုံးအကြောင်သားဖြင့် ငေးနေမိသည်။ ပြုံးပြကာ နှုတ်ဆက်စကားဆိုဖို့ သတိမရ။ တခက်တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုသည် ပြုံးပြနှုတ်ဆက်ရသည့် သာမန်တွေ့ဆုံမှုမျိုးလည်း ဟုတ်ပုံမရချေ။

"မြတ်သက် ... ဒါ စွဲတခက်လို့ ခေါ်တယ်။ သူက ကိုယ့်ချစ်သူပါ"

သူမထံမှ "ဩော်"ဟူသော အာမေဋိတ်သံတိုးတိုးလေး ထွက်လာသည်။ မျက်လုံးတွေကတော့ တခက်ထံမှ မခွာနိုင်သေး။ ပြောစရာ စကားမရှိသူတွေလို ဆွံ့အနေသည့် တခက်တို့ကိုယ်စား လင်းညို့ကပဲ စကားတွေ ဆက်ပြောပေးပါသည်။

"မင်းတို့နှစ်ယောက်က ရုပ်သိပ်တူနေတယ်လို့ မခံစားရဘူးလား မြတ်သက်"

"အင်းနော် ... ကျွန်မဖြင့် မှန်ကြည့်နေရသလိုပဲ"

အိပ်မက်ထဲ လမ်းလျှောက်လာသူလို ဝေဝေဝါးဝါး စကားတွေ ပြောနေသော မြတ်သက်ကို ကြည့်ကာ လင်းညို့က ပြုံးသည်။

"ဒါကြောင့် ကားဂိတ်မှာတွေ့တုန်းက မင်းကို ကိုယ်က အသည်းအသန် စိတ်ဝင်စားပြီး ဖုန်းနံပါတ်တောင်းခဲ့တာပေါ့ မြတ်သက်ရဲ့ ...



မင်း သူ့ကိုတွေ့တော့ ဘယ်လိုခံစားရလဲ၊ စိတ်ထဲရှိတဲ့အတိုင်း ပြောပါ။ ပွင့်ပွင့်လင်းလင်းပြော၊ အားမနာနဲ့။ သူ့ကို မြင်တော့ အခု စိတ်ထဲမှာ ဘယ်လိုတွေးမိလဲ"

သူမက စိတ်လှုပ်ရှားသည့်ပုံစံဖြင့် ခေါင်းတွေကို တဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်တယ် ... အရမ်း ထူးခြားတယ်။ ကျွန်တော့်ဘဝမှာ အမြွှာတွေ အများကြီး တွေ့ဖူးပါတယ်။ တချို့က သိပ်မတူဘူး၊ တချို့က အရမ်းတူတယ် ...

ဒါပေမဲ့ ဒီတစ်ယောက်ကို ကြည့်ရတာတော့ မှန်ကြည့်နေရတဲ့ အတိုင်းပဲ၊ အရမ်းကို တူလွန်းတယ်။ တူလွန်းလို့ ဟုတ်ပါ့မလားလို့တောင် အံ့ဩမိတယ် ...

အမြွှာများ ဖြစ်နေမလားလို့တောင် ထင်မိတယ်"

သူမရဲ့အပြောကို လင်းညို့က အဲဒါပဲ ဟူသော သဘောမျိုးဖြင့် လက်ဖျောက်တစ်ချက်တီးကာ ...

"ရိုက်ထိ ... ဟုတ်တယ် မြတ်သက်။ ကိုယ်လည်း မင်းကို စတွေ့တော့ အဲဒီလိုပဲ ထင်မိတာပဲ။ တစ်ယောက်နဲ့တစ်ယောက် ဘာမှသွေးမတော် သားမစပ်တဲ့ လူနှစ်ယောက်ဟာ ဒီလောက်ကြီး ခွဲမရအောင် တူဖို့ဆိုတာ သိပ်တော့မဖြစ်နိုင်ဘူး။ တစ်နည်းနည်းနဲ့ ပတ်သက်လို့သာ ဒီလောက်ကြီး တူနေရတာ ...

သေချာတာတော့ မင်းတို့နှစ်ယောက်ဟာ အမြွှာဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် တခက်နှင့် တာသက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငြိမ်သက်သွားရလေသည်။ သူကပဲ တာသက်ကို ဆက်၍မေးသည်။

"မြတ်သက်ရဲ့ life အကြောင်းကို ပြောပြပေးလို့ ရမလား။ ကိုယ်တို့ကို ယုံကြည်မယ် ဆိုရင်ပေါ့။ တခက်ကလည်း သူ့အကြောင်းကို ပြောပြမှာပါ"

သူမက ခေါင်းကို တစ်ချက်ညိတ်ပြသည်။

"ဒီလောကကြီး ဆင်တူနေတာ တွေ့ရမှတော့ မယုံစရာ အကြောင်းတော့ မရှိတော့ပါဘူး။ ကျွန်တော်က တစ်သက်လုံး မန္တလေးမှာပဲ ကြီးပြင်းခဲ့တာပါ။ အမေနဲ့ပဲပေါ့ ...

အဖေ ဆိုတာကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ မမွေးခင်တည်းက ဆုံးသွားတာလို့ မေမေကတော့ ပြောတယ် ...

ငယ်ငယ်တည်းက မရှိခဲ့တော့။ ကြီးလာတော့လည်း စိတ်ထဲမှာ သိပ်မစဉ်းစားမိတော့ပါဘူး။ မေမေက တီးဝိုင်းတစ်ခုက အဆိုတော်ပါ။ အခါတော်ပေးတွေ မြန်မာသံတွေ ဆိုတာပေါ့ ...

ကျွန်တော်ကတော့ မေမေနဲ့ ငယ်ငယ်တည်းက သီချင်းတွေ လိုက်ဆိုခဲ့တာ ...

မေမေက ကျွန်တော့်ဆီမှာ အမွှာရှိတယ်ဆိုတာတော့ တစ်ခါမှ မပြောပြခဲ့ဖူးဘူး၊ တခြားညီအစ်ကို မောင်နှမလည်း မရှိဘူး။ ကျွန်တော်ရယ် မေမေရယ်၊ နောက် ... မေမေ့ အဒေါ်ဝမ်းကွဲတစ်ယောက်ရယ်နဲ့ ဒါပဲ နေကြတာ"



သူမရဲ့စကားကို နားထောင်ပြီးလျှင် တခက်နှင့် လင်းညို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြကာ ခေါင်းညိတ်ပြမိကြလေသည်။ ခဏကြာတွင် တခက်က ကိုယ့်အကြောင်းကို ပြောပြရသည်။

"အင်း ... မြတ်သက်ကမှ အမေနဲ့အတူတူ ကြီးပြင်းခဲ့ရသေးတယ်။ တခက်က လူမှန်းသိတတ်စတည်းက အဖေရော အမေရော မတွေ့ခဲ့ရပါဘူး။ ဘိုးဘိုးပဲရှိတာ ဘိုးဘိုးက ပိုက်ဆံအရမ်းချမ်းသာတော့ နာ့စ်တွေ နာနီတွေနဲ့ထားခဲ့တာပေါ့ ...

အဲဒီလိုနဲ့ ကြီးလာတာပါ။ ငယ်ငယ်တည်းက လေးမိုးဆိုတဲ့ ကရင်နာနီကြီးက စောင့်ရှောက်ခဲ့တာ။ ခုချိန်ထိပဲ ပေါ့ ...

"ဪ ... ဒါဆို အဖေရော အမေရော မရှိခဲ့ဘူးပေါ့နော်"

"ဟင့်အင်း ... လုံးဝမမြင်ဖူးဘူး။ ဓာတ်ပုံတောင် မမြင်ဖူးဘူး။ အဘိုးက အဖေတစ်ယောက်တည်းကိုပဲ မွေးထားခဲ့တာ။ သူ မကြိုက်တာလုပ်လို့ စိတ်ဆိုးပြီး မခေါ်ဘူးလို့ ပြောတယ်။ အဲဒီထက်ပိုပြီး ဘာမှ မသိရဘူး။ မေးရင်လည်း မကြိုက်ဘူး"

မြတ်သက်က တခက်ရဲ့စကားတွေကို စိတ်ဝင်စားမှုအပြည့်ဖြင့် ခေါင်းညိတ်ထောက်ခံသည်။

"ဒါဆို ဒီအကြောင်းကို ဖွင့်ပေးဖို့ရာ တို့မေမေ တစ်ယောက်တည်း ရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တို့မေမေ ဟူသော စကားကြောင့် တခက်ရဲ့ ရင်ထဲတွင် လှုပ်ရှားလို့ သွားလေသည်။ တခက်ရဲ့ဘသည် ဘယ်လောက်ပဲ ပြည့်စုံခဲ့ပါသည်ဟုပြောပြော ဖေဖေ၊ မေမေ ဟူသော ဝေါဟာရများကို တစ်ခါမှ ခေါ်ဆိုခွင့် မရခဲ့ဘူးချေ။ အကယ်၍သာ အခြေအနေတစ်ခု ယူးခြားခဲ့ပါလျှင် တခက်သည် မေမေ ဟူ၍များ ခေါ်ခွင့်ရလေမလား။

တခက်ရဲ့ ရင်တွေသည် ပူနွေးတုန်ယင်စွာဖြင့် တဆတ်ဆတ်ခုန်၍ လာလေသည်။ မြတသက်ရဲ့မျက်နှာကို ငေးကြည့်ရင်းမှ နွေးထွေးမှုတစ်ခုသည် နှလုံးသားကို လာတိုးနေသလို ခံစားရသည်။ ဘုရား ... ဘုရား ... သူဟာ တခက်ရဲ့သွေးသားရင်းချာများ ဖြစ်လို့နေမလား။ ဤကိစ္စကို တခက်က အလွန်အမင်း သိချင်လာလေသည်။ ဒါကြောင့် ကိုယ်ကို ရှေ့သို့ပင် ကိုင်းကာ ...

"ဒီ ... ဒီမှာလေ ... ဟို ... တခက်နဲ့ မြတသက်ဟာ အမြွာညီအစ်မတွေများ ဖြစ်နေမလားပဲနော်။ ဒါကို အတည်ပြုပေးဖို့က မြတသက်ရဲ့အမေပဲရှိတာ မဟုတ်လား။ သူ့ကို မေးကြည့်ပါလားဟင် ...

မေးကြည့်ပေးလို့ ရမလား"

"အိုး ... ဘာလို့မရ,ရမှာလဲ။ သိပ်ရတာပေါ့၊ ကျွန်တော်လည်း ဒါကိုပဲ အသေအလဲ သိချင်နေတာ"

"ဟုတ်လား ... ဒါဆို ဘယ်တော့မေးမှာလဲဟင်"



"အခုပဲ မေးလို့ရပါတယ်။ ဒါပေမဲ့ ဖုန်းတော့ ခဏငှားရမယ်"

"အို ... ဆက်ပါ ... ဆက်ပါ။ ရပါတယ်"

တခက်က အတုန်တုန် အယင်ယင်နှင့်ပင် အိတ်ထဲ... ဟန်းဒ်ဖုန်းကို ထုတ်ပေးလိုက်သည်။ တခက်ရဲ့ပုံစံကို လင်း... တစ်ချက်ပြုံးပြီးနောက် လက်ဖျားလေးတွေကို အားပေးသလို ...ရောက်ဆုပ်ကိုင်သည်။ တခက်ရဲ့ လက်ဖျားလေးများ အနည်း...ယ်အေးစက်၍နေကြလေသည်။ ဘာစကားမှ မဆိုမိဘဲ မြတသက်...့မျက်နှာကိုသာ မမိုတ်မသုန် ကြည့်နေမိသည်။ ဆံပင်အခွေ...လိပ်လေးတွေဖြင့် ခေတ်မီချစ်စရာကောင်းသော မြတသက်သည် ...ခက်နှင့် လုံးဝခွဲမရအောင်ပင် ချွတ်စွပ်။ တစ်ခုပဲ ကွဲသည်။ ...ခပုံစံက အရမ်း brave ဖြစ်သည်။ မျက်လုံးတွေက တခက်ထက် ...ရှသည်။ အပြုံးတွေက တခက်ထက် လွတ်လပ်သည်။ ပြီးတော့ ...e style နေတတ်သူတစ်ဦးဟု မြင်တာနှင့် သိသာစေသည်။ ...ငြိမ်လေး ထိုင်နေလို့ကတော့ တခက်နှင့် ဘယ်လိုမှ ခွဲမရတော့ ...။

"ဟယ်လို ... မဂျူးလား။ ဟုတ် ... ကျွန်တော်ပါ။ မေမေ ရှိလားဟင်၊ ဟုတ် ... ခဏလောက် ခေါ်ပေးပါနော် ... ဟုတ် ... ဟုတ်"

မြတသက်သည် ဖုန်းကို နားအနားမှာ ကပ်ထားရင်း ... တခက်ကို စိတ်လှုပ်ရှားသလို လှမ်းကြည့်သည်။ အဲဒီအကြည့်

www.burmeseclassic.com



တွေထဲတွင်လည်း နွေးထွေးမှုတွေ ရစ်သိုင်းနေသည်မို့ တခက်ရင်
ထဲ၌ ချမ်းမြေ့သွားရပါသည်။ သူမဟာ တခက်ရဲ့အစ်မလား
ညီမလား။ အို … တခက် စိတ်ကူးတွေ သိပ်ယဉ်မိနေပြီနဲ့တူပါရဲ့

တစ်ဖက်က သူ့အမေ ဆိုတာကရော ဘာပြောမှာပ
လိမ့်။ အဲဒါကရော သူ့အမေအရင်း ဟုတ်ပါ့မလား။ ဘုရားရေ
သူ့အမေအရင်း ဟုတ်တယ်ဆိုရင် တခက်ကရော ဘိုးဘိုးရဲ့မြေ
အရင်း ဖြစ်နိုင်လို့လား။ တခက်သည် အခုမှ တန်းစီပြန်လျှောက်
တွေးကာ ချွေးတွေပြန်ချင်လာသည်။ လင်းညို့က တခက် စိတ်
လှုပ်ရှားနေတာကို သိသဖြင့် ခပ်တိုးတိုး အားပေးသည်။

"စိတ်အေးအေးထားပါ တခက်။ အဆင်ပြေသွားမှာပါ"

အဲဒီအချိန်မှာပဲ မြဲတသက်က ဖုန်းစပြောသည်
တခက်သည် မြဲတသက် ဘယ်လိုမေးမယ် ဆိုတာကို သိချင်စိတ်
ဖြင့် နားထောင်နေမိသည်မှာ ကိုယ့်ကိုယ်ကိုယ် အသက်တောင်
မရှူမိဟု ထင်မိလေသည်။

"ဟယ်လို … မေမေလား၊ မြဲပါ မေမေ"

"… … …"

"နေကောင်းရဲ့လား။ မေမေ့ကို မြဲ အရေးကြီးတာ တစ်
လောက် မေးချင်လို့ပါ"

"… … …"

"မြဲမှာ အမြွှာညီအစ်မတစ်ယောက် ရှိတယ် မဟုတ်လား
မေမေ"



အဲဒီမေးခွန်းကြောင့် တခက်သည် မြဲတသက်ကို
သွားလေသည်။ မေးခွန်းကား အံပိုင်သိနေသော သဘောမျိုး
လျက် တစ်ဖက်လူကို အပိုင်ချည်လိုက်သော မေးခွန်းဖြစ်သည်။
ခက်သည်လည်း ရင်တခုန်ခုန်နှင့် နားစွင့်နေသလို တစ်ဖက်မှ
ည်း ရှော့ခ်ရသွားဟန်ဖြင့် တော်တော်နှင့် မဖြေချေ။

"ဖြေလေ မေမေ။ မြဲ မေးတာ ဟုတ်တယ် မဟုတ်လား
ဟင်"

ဒီမေးခွန်းကို မေးလိုက်သော မြဲ ကိုယ်တိုင်သည်
ည်း ရင်တခုန်ခုန်ဖြင့် လက်ဖျားတွေ အေးစက်လာကာ စိတ်
လှုပ်ရှားလာရပြီဖြစ်သည်။ မြဲ မေးလိုက်သော မေးခွန်းသည်
င်မှတ်မထားစွာဖြင့် မေမေ့ကို တည့်တည့်ထိသွားသည့်ဟန်ဖြစ်
သည်။

အဲဒီမေးခွန်းကို မေမေ့ထံမှ တော်တော်နှင့် အဖြေပြန်
ချေ။ တစ်ခုခုကိုပြောဖို့ စဉ်းစားဆုံးဖြတ်နေသည်မှာ အမှန်တရား
သို့ နီးကပ်လာသလိုပဲ ဖြစ်သည်။ တကယ်တမ်းသာ မဟုတ်ခဲ့
ဆိုပါက အို … ဘယ်ကလာ၊ ဘာလာနှောက်နေတာလဲဟု
သွက်သွက် ပြန်ပြောရမည်သာဖြစ်သည်။ အခုတော့ …

"မေမေ ဖြေပါ။ မြဲ သူ့ကို တွေ့ခဲ့ရလို့ပါ။ သူ … သူနဲ့
မြဲ အခုတွေ့နေတယ် မေမေ၊ သူက စွဲတခက်တဲ့ …
ဟုတ်လား။ အဲဒါ မြဲရဲ့အမြွှာညီအစ်မလားဟင်"

"အင် … ကမ္ဘာကြီးက တကယ်တမ်းတော့လည်း ကျဉ်း
ကျဉ်းလေးပါလား မြဲရယ်။ မြဲတို့ တွေ့နိုင်မယ်လို့ ဟင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ထင်မိပါတယ်။ ဒါပေမဲ့ ဒီလောက် မြန်မြန်ကြီး တွေ့လိမ့်မယ်တော့ ထင်မထားဘူး ...

ဟုတ်တယ် သမီး။ သူက သမီးရဲ့အမြွှာညီမပါ။ သမီးက အကြီး၊ သူက အငယ်ပါ။ သမီးတို့က သုံးမိနစ်ပဲ ခြားတယ်။ သမီးတို့နှစ်ယောက်ကို ဘယ်နေရာကမှ ခွဲလို့ မရဘူး။ ခွဲလို့ရတာ တစ်နေရာပဲ ရှိတယ်။ အဲဒါကတော့ သူ့ရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာ မှဲ့နီလေးတစ်လုံး ပါတယ်။ သမီး သူ့ကို မေးကြည့်လိုက်ပါ”

မြသည် ထင်မထားသော စကားတွေကြောင့် လက်ထဲမှဖုန်းမှာ လွှတ်ကျတော့မလို ဖြစ်သွားသည်။ စွဲတခက်က် လှမ်းကြည့်လိုက်လျှင် ထိတ်လန့်ကြောင့်ကြနေသော မျက်ဝန်းအစုံ ဖြင့် မြကို လှမ်းရှုံငေးလို့နေသည်။

“မေမေ ... ဒါ ... ဒါတွေက တကယ် ... တကယ်ပဲလား ဟင်။ ဘာဖြစ်လို့ မေမေ မြကိုပြောမပြခဲ့တာလဲ။ တကယ် တွေပေါ့ ... ဟုတ်လား”

“ဟုတ်တယ် သမီး။ ဘဝတွေက ဘယ်လိုမှ ဆက်စပ်လို့ မရအောင် ခြားနားခဲ့ပြီမို့ ပြီးတော့ အဲဒီလူတွေနဲ့ ပတ်လည် မပတ်သက်ချင်တော့လို့ အတိတ်ကို ပြည်ဖုံးကားချခဲ့လိုက် တာပဲ ...

ဒါပေမဲ့ ရေစက်နဲ့ ကံကြမ္မာကိုတော့ မေမေ ဖန်တီး လို့မရပါဘူး။ မေမေနဲ့ သွားလေသူ သမီးအဖေက သမီးတို့ ညီအစ်မရဲ့ ကံကြမ္မာရေစက်ကို ခွဲခဲ့ပေမယ့် သမီးတို့မှာ



ဆုံစည်းရမယ့် ရေစက်က ကျန်ကိုကျန်နေသေးတော့ ပြန် ကိုဆုံတွေ့ကြရတာပဲလေ ...

ဒီတစ်ပတ်အတွင်း မေမေ ရန်ကုန်ကို ဆင်းခဲ့ပါမယ် မြ။ စွဲကိုလည်း မေမေ တွေ့ချင်ပါတယ်။ တစ်ခုတော့ရှိ တယ်။ သူ့ကို မှာထားပေးပါ၊ မေမေတို့ သားအမိနှစ် ယောက်နဲ့ သူနဲ့ ပြန်ဆုံတွေ့တာကို သူတို့အသိုင်းအဝန်း ကလူတွေ တစ်ယောက်မှ မသိပါစေနဲ့လို့။ ဟုတ်ပြီလား”

“ဟုတ် ... ဟုတ်ကဲ့ပါ မေမေ။ ဒါဆိုရင် သူဟာ မြရဲ့ ညီမလေး သေချာပြီပေါ့နော်။ သေချာတယ်ပေါ့နော်”

“သေချာပါတယ် မြရယ်။ သေချာပါတယ်”

မေမေက ဖုန်းချလို့သွားလျှင် မြသည် စွဲတခက်ကို မ်းကြည့်ပြီးနောက် ရင်မှာဆို့နင့်စွာဖြင့် မျက်ရည်တွေ ဝဲလို့လာ သသည်။ နှစ်ဆယ့်သုံးနှစ်တာမျှ ဝေးကွာနေခဲ့ရသော မြတို့ရဲ့ ကြမ္မာသည် ဒီအချိန်မှာတော့ တိုက်တိုက်ဆိုင်ဆိုင်ကြီးကို ပြန့် ည်ဆုံစည်းခဲ့ရပြီဖြစ်သည်။ မြသည် တခက်ကို မျက်ရည်စတွေ သိုင်းနေသည့်ကြားမှ ကြည်ကြည်နူးနူးကြီး ပြုံးပြလိုက်မိကာ ...

“စွဲ ... နင်က ငါ့ညီမတဲ့။ ငါနဲ့ သုံးမိနစ်ပဲ ခြားမွေးတဲ့ ငါ့ရဲ့အမြွှာညီမတဲ့ စွဲရဲ့။ နောက်တစ်ပတ်နေရင် နင်နဲ့တွေ့ ဖို့ မေမေ ရန်ကုန်ဆင်းလာလိမ့်မယ်”

“ဟယ် ... တကယ် ...။ တကယ်ကြီး ...”

စွဲက မြထက် ဆိုးကာ မျက်ရည်တွေ ပိုးပိုးပေါက် က် ကျလာလျက် မြရဲ့ရင်ခွင်ထဲသို့ တိုးဝင်လှမ်းဖက်လို့လာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မြဲသည် စွဲကို အလိုက်သင့် လှမ်းဖက်ထားရင်း ကြည်နူးစွာ ပြုံးမိသည်။ မျက်ရည်တွေနှင့် ငိုရှိုက်နေသော စွဲ ကျောပြင်မှာ သိမ့်သိမ့်တုန်၍ နေလေသည်။

"မြဲရယ် ... နင် ... နင်ကမှ မေမေနဲ့ တစ်သက်လုံး လာခဲ့ရတာ။ ကံကောင်းလိုက်တာ။ ကံကောင်းလိုက် ဟာ ...

ငါ ... ငါမှာတော့ ...။ ဘာပဲဖြစ်ဖြစ် ငါ သိပ်ဝ သာတယ်။ အရမ်းဝမ်းသာတယ်ဟာ။ ငါမှာ သွေးသ ရင်းချာ ငါ့အမေနဲ့ ငါ့အစ်မ ရှိတယ်ဆိုတဲ့ အဖြစ်ကို င အရမ်းဝမ်းသာတယ်။ ဝမ်းသာလိုက်တာ မြဲရယ်။ င အရမ်းပျော်တယ် သိလား"

"အင်းပါ စွဲရယ်။ ငါလည်း သိပ်ပျော်ပါတယ်"

အရမ်းပျော်နေသော တခက်သည် ဒီကံကြမ္မာကော ကို ဆောင်ကျဉ်းပေးလာသော ချစ်သူကိုဖြင့် သတိတောင်မရတော့ သို့သော် လင်းညို့ကတော့ ကျေနပ်ပါသည်။ တစ်သက်လုံ ကွဲကွာနေခဲ့ရသော အမြွှာညီအစ်မရဲ့ ပြန်လည်ဆုံစည်းခန်း မှုဒိတာအပြည့်ဖြင့် လက်ပိုက်ကာ ပြုံးပြုံးကြီး ကြည့်နေခဲ့သည် တစ်ယောက်နှင့် တစ်ယောက်၊ အတိုးချကာ ချစ်မဝနိုင် ကြည့်မ နိုင် ဖြစ်နေသော မြဲနှင့် စွဲကို ကြည့်ကာ သူ့ခေါင်းထဲတွင် အကြ ဉာဏ်တို့က လင်းလက်တောက်ပလို့ လာသည်။

မြဲနှင့် စွဲဟာ ဘယ်လိုမှ ခွဲမရ။ အကျီဆင်တူ ဝတ် ထားကာ ယှဉ်ရပ်ပြထားလျှင် သူတောင် ခွဲနိုင်မည် မထင်ရေ



ခါဆို မြဲနဲ့ စွဲဟာ အတူတူပဲ မဟုတ်ဘူးလား။ စွဲနေရာမှာ မြဲ အဝင်လိုက်လျှင်ရော ...။ သူ့နှုတ်ခမ်းမှ အပြုံးတွေသည် တဖြည်း ဖြည်း အဓိပ္ပာယ်ရှိလာကာ မျှော်လင့်ချက်ရဲ့ လမ်းစတစ်ခုကို သွားရောက်မြင်တွေ့လာရလေသည်။ ခယ်မဆိုတာ လိုက်ပွဲလို့ သတ်မှတ်ချင်ပေမယ့် ဆွေမျိုးတော်ဖို့တော့ ဒီခယ်မက စောင်မ ရပဲ ဖြစ်တော့မည်။

❦ ✻ ❦

www.burmeseclassic.com



## ၈

မေမေ ရောက်လာတော့မှပင် ဇာတ်ရည်မလည်ခဲ့သော အမြွာညီမနှစ်ယောက်ရဲ့ ဇာတ်လမ်းမှာ ဇာတ်ရည်လည်သွားခဲ့တော့တာ ဖြစ်သည်။ မေမေရဲ့ဇာတိက ရန်ကုန်ကပဲဖြစ်လျက် မေမေသည်လည်း မြဲလိုပင် အနုပညာကို ငယ်စဉ်တည်းက ဝါသနာပါကာ အရူးအမူး ဖြစ်ခဲ့သူဖြစ်သည်။ ဖေဖေကတော့ အဲဒီခေတ်တည်းက ကုမ္ပဏီတွေကို စတင်ဦးဆုံး လုပ်နေခဲ့ပြီးဖြစ်သော ဘိုးဘိုးဦးမြသာနှင့် ဘွားဘွားဒေါ်မြချယ်တို့၏ တစ်ဦးတည်းသောသား။

ထုံးစံအတိုင်း ကြေးရတတ် အသိုင်းအဝန်းမှ သူဌေးသားလေး ဖေဖေနှင့် အညတရအနုပညာရှင်လေး မေမေ့ကို ဖေဖေတို့အသိုင်းအဝန်းမှ လုံးဝသဘောမတူခဲ့ချေ။

ဒီလိုနှင့် အချစ်တစ်မျက်နှာကိုသာ ကြည့်ခဲ့သော ဖေဖေနှင့် မေမေဟာ မေမေ့ဆွေမျိုးတွေရှိသည့် မန္တလေးသို့ ရှုးရှူးမိုက်မိုက်နှင့် ခိုးပြေးခဲ့သည် ဆိုပါတော့။ သူဌေးသား ပေါ်ကြော့ ဖေဖေဟာ ဘာမှမလုပ်တတ် မကိုင်တတ် ဖြစ်သဖြင့်



မေမေကပဲ တီးဝိုင်းတစ်ခုမှာ သီချင်းဆိုရင်း ဝင်ငွေရှာဖွေ။ ဒီကြားထဲ ဖေဖေက မေမေ့ကို သဝန်တိုလွန်းသဖြင့် အိမ်ထောင်ရေး အဆင်မပြေတော့။ ဒီလိုနှင့် သမီးအမြွာလေးနှစ်ယောက်မွေးပြီး ခြောက်လလောက်အကြာတွင် ဘွားဘွားကလည်း နေမကောင်းဖြစ်နေသဖြင့် ဖေဖေက မေမေနှင့် မြဲကို ထားခဲ့ကာ စွဲကိုခေါ်လျက် ထွက်သွားတော့တာဖြစ်သည်။

အဲဒီစလို့ မြဲတသက်နှင့် စွဲတခက်တို့ရဲ့ ရေစက်သည် ကင်းစင်ဝေးလွင့်သွားခဲ့တော့သည်မှာ ယခုချိန် ပြန်မတွေ့ခင်ပဲ ဖြစ်တော့လေသည်။ စွဲတခက်သည် မေမေ့ကို မြင်တွေ့လျှင် ဖက်ကာငိုသည်။ မေမေကလည်း ငိုသည်။ အဲဒီမြင်ကွင်းကို မြဲတသက်နှင့် လင်းညို့က လက်ပိုက်ကာ ပြုံးကြည့်နေမိကြလေသည်။ မေမေက တခက်ကို ဒီအကြောင်းတွေ အဘိုးဖြစ်သူအား ပြန်မပြောဖို့ အထူးမှာလေသည်။ အဲဒီအချိန်မှာပဲ လင်းညို့က ဘယ်သူမှ ထင်မှတ်မထားသော စကားတို့ကို ပြောခဲ့တာဖြစ်သည်။

“မိသားစုအားလုံးဆုံတုန်း ကျွန်တော် တစ်ခုလောက်ပြောပါရစေ အန်တီ။ ကျွန်တော်က တခက်ရဲ့ချစ်သူပါ။ ကျွန်တော်က တခက်ကို အရမ်းချစ်ပါတယ်၊ တခက်ကလည်း ကျွန်တော့်ကို သိပ်ချစ်ပါတယ် ...

ကျွန်တော်လေ တခက်ကို မိသားဖသားပီပီ တောင်းရမ်းပြီး ခမ်းခမ်းနားနား လက်ထပ်ချင်ပါတယ်။ ဒါပေမဲ့ အန်တီ သိတဲ့အတိုင်းပဲ၊ အခြေအနေက ဘယ်လိုမှမကောင်းပါဘူး။ တခက်ရဲ့အဘိုးက ကျွန်တော့်ကို ခါးခါးသီးသီးပါ အန်တီ”

www.burmeseclassic.com



"ဟုတ်တယ်ကွယ့်၊ အန်တီနဲ့ သူတို့သားကို သဘောမတူတာကလည်း အန်တီက အဆိုတော် ဖြစ်နေလို့တဲ့ ...

သူက အနုပညာသည်ဆိုရင်ကို အထင်မကြီးတာလေ"

"ဟုတ်ကဲ့ ...၊ ကျွန်တော်နဲ့ ဘယ်လိုမှ ညှိလို့မရပါဘူး အန်တီ။ ဒီပုံအတိုင်းဆိုရင် ကျွန်တော်နဲ့ တခက်တို့ ဝေးရတော့မယ့်ပုံစံပါ ...

ဒါကြောင့် အန်တီ့ကို ကျွန်တော် ခွင့်တောင်းပါတယ်။ ကျွန်တော်နဲ့ တခက်ကို လက်ထပ်ခွင့်ပေးပါ အန်တီ"

တခက်ရဲ့အမေသည် ဒီစကားကို ကြားလျှင်တော့ မျက်လုံးပြူးထွက်သွားလျက် ...

"အို ... အဲဒါကတော့ အန်တီ ခွင့်ပြုလို့ မရဘူးလေကွယ်။ တခက်က သူ့အဘိုးရဲ့အုပ်ထိန်းမှုအောင်မှာပဲ ရှိနေတာ။ အန်တီ ခွင့်ပြုလို့လည်း ပြဿနာက အေးချမ်းသွားမှာမှ မဟုတ်တာ"

သူက လှို့ဝှက်စွာ တစ်ချက်ပြုံးလျက် တခက်ရဲ့ မျက်နှာကို လှည့်ကြည့်မိသည်။ တခက်ကလည်း သူ့အကြည့်ကို နားလည်စွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြသည်။ အားလုံးအတွက် အဆင်ပြေမည့် နည်းလမ်းတစ်ခုကို သူနဲ့ တခက်က တိုင်ပင်ထားပြီးကြပြီဖြစ်သည်။ အဲဒီစကားကို တခက်က ဆက်ပြောလေသည်။

"ဒီလိုပါ မေမေ။ သမီးနေရာမှာ မြို့ကို အစားထိုးပေးဖို့ပါ"

"ဟမ် ... ဘယ်လို"



"ဟဲ့"

အဲဒီ အာမေဋိတ်နှစ်ခုမှာ တခက်ရဲ့အမေနှင့် မြို့ တသက်ထဲမှ ပြိုင်တူထွက်ပေါ်လာတာဖြစ်သည်။ သူတို့ ဘာမှပြန်မပြောနိုင်ခင်မှာပင် တခက်က ဆက်ပြောသည်။

"ဟုတ်ပါတယ် မေမေ။ မေမေ့ကို မိဘအရာမှာထားပြီး သမီးတို့က အသိပေးတာပါ။ သမီးလေ လင်းကို မခွဲနိုင်ပါဘူး မေမေ။ ဒါ ... ဒါကြောင့် သူနဲ့ဘဝတစ်ခုကို တူထောင်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ သမီး ဘိုးရဲ့စည်းစိမ်ဥစ္စာတွေကိုလည်း မမက်ပါဘူး။ ဘိုး ကျန်းမာရေးတစ်ခုတည်းကိုပဲ ကြည့်နေခဲ့လို့ပါ။ မဟုတ်ရင် အစောကြီးတည်းက လင်းနောက်ကို လိုက်သွားပြီးပါပြီ ...

အခု အားလုံး အဆင်ပြေတုန်းမှာ မြို့ကို တခက်နေရာမှာ ထားခဲ့ချင်တာပါ။ မြို့က တခက်နဲ့ ဘယ်လိုမှ ခွဲမရအောင် တူပါတယ်။ ဘိုးလည်း ဘယ်လိုမှ သိနိုင်မှာ မဟုတ်ပါဘူး။ နော် ... မေမေ၊ မြို့ ငါ့ကို ကူညီပါဟာ ... နော်၊ နင် ကူညီမှ ငါတို့ စိတ်ချမ်းသာရမှာပါ။ ပြီးတော့ နင့်မှာလည်း ဒီစည်းစိမ်တွေကို ခံစားဖို့ အခွင့်အရေးက ငါနဲ့ထပ်တူ ရှိတာပဲလေ။ ဒါကြောင့် နင် တစ်လှည့်ခံစားပါ မြို့။ နော် ... ကူညီပေးပါ မြို့ရယ်"

"အာ ... ဘယ်ဖြစ်မလဲ။ ငါက ဒီအလုပ်တွေကိုလုပ်ဖို့ ရန်ကုန်ရောက်လာတာ။ နင့်နေရာမှာ ငါ ဝင်ရရင် အိမ်တွင်းပုန်း ဖြစ်သွားမှာပေါ့။ ပြီးတော့ ငါက နင့်လို ချက်ပြုတ်တာတွေ ဘာတွေလဲ ရတာမဟုတ်ဘူး ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဘိုးနဲ့ တစ်သက်လုံးက နေလာခဲ့တာလည်း မဟုတ်ဘူး။ တစ်ခုခုဆို အလိမ်ပေါ်သွားမှ ထောင်ထဲရောက်နေမယ်။ မဖြစ်ပါဘူးဟာ၊ အဲဒီစည်းစိမ်တွေကို ငါ မက်လည်းမမက်ပါဘူး။ တစ်သက်လုံးက ဒီလိုပဲ နေလာတာ နေသားကျနေပါပြီ”

လင်းညို့သည် သူ့လိုပင် အနုပညာသမားပီသသော မရီးတော်ကို သဘောကျစိတ်ဖြင့် စိတ်ထဲမှ အရာမိုပေးမိသည်။ သို့သော် ဒီကိစ္စမှာ ချစ်မရီး မကူညီ၍ မရပါ။

“မဟုတ်သေးဘူးလေ မြတသက်ရယ်၊ ဒီအတိုင်းကြီး ချက်ချင်း ဝင်မှာမှ မဟုတ်တာ၊ လုပ်မယ်ဆိုရင် သေချာ plan ချပြီးမှ လုပ်မှာပေါ့ ...

ကျွန်တော်တို့နှစ်ယောက် နီးစပ်ဖို့က ခင်ဗျား ကူညီမှဖြစ်မှာမို့ပါ။ မဟုတ်ရင် ဝေးဖို့က ကိုးဆယ်ရာခိုင်နှုန်းလောက် သေချာနေပြီလေ။ ကျွန်တော်က တခက်ကို ဒီအတိုင်း ခိုးပြေးသွားရင်လည်း ရတာပဲ။ အားလုံးက ဘိုးဘိုးကိုငဲ့နေလို့ပါ။ အဲဒီအရာတစ်ခုတည်းပါဗျာ ...

မြတသက်သာ တခက်ရဲ့နေရာမှာ ဝင်ပေးလိုက်ရင် အားလုံး အဆင်ပြေသွားမှာ၊ မြတသက်လည်း အဆင်ပြေ၊ ဘိုးဘိုးလည်း အဆင်ပြေ၊ နောက်ပြီး ကျွန်တော်နဲ့ တခက်လည်း အဆင်ပြေမှာပေါ့။ အားလုံး အဆင်ပြေဖို့ချည်းပါပဲ။ ပြီးတော့ မြတသက်က တခက်ထက် brave ဖြစ်ပါတယ်။ အဆင်ပြေနိုင်မှာပါ”



“ကျွတ် ... မြှောက်မနေစမ်းပါနဲ့၊ ရှင်တို့ကတော့ ဖွတ်တိုက်တွန်းမှာပေါ့၊ ရှင်တို့ အဆင်ပြေချင်လို့ မဟုတ်လား”

“အမှန်အတိုင်း ပြောရရင်တော့ အဲဒီလိုပါပဲ။ မဟုတ်ရင် ကျွန်တော်တို့ ဝေးရမှာ မြတသက်ရဲ့။ နော် ... အန်တီ။ မြတသက်ကို ပြောပေးပါဦးခင်ဗျာ”

တခက်ရဲ့အမေကတော့ ဘာပြောရမှန်း မသိပုံဖြင့် မြနှင့် စွဲကို တစ်လှည့်စီကြည့်၍ နေလေသည်။ မြက ငြိမ်နေ၍ တခက်က မြရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ကာ ...

“မြရယ် ... ငါ တောင်းပန်ပါတယ်ဟာ။ ငါတို့ကို ကူညီပါနော်၊ ဒါ နင်တတ်နိုင်တဲ့ကိစ္စပါ။ နင့်ဝါသနာအတွက်လည်း ဘာမှမပူပါနဲ့။ စားသောက်ဆိုင်မှာတော့ သီချင်းမဆိုနဲ့တော့ပေါ့ဟာ။ အဲဒီတစ်ခု စွန့်လွှတ်လိုက်ရပေမယ့် ကျန်တာအားလုံး နင့်အတွက် အဆင်ပြေအောင် ငါဖန်တီးပေးပါ့မယ် ...

နင် စီးရီးစ်ထွက်နိုင်ဖို့၊ သီချင်းအလုပ်တွေ ဆက်လုပ်နိုင်ဖို့ကိုလည်း လင်းက အများကြီး ကူညီပေးမှာပါ။ အဲဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့။ နင့်အတွက် ဘာမှ မနစ်နာစေရပါဘူး မြရယ် ... နော်၊ ကူညီပါဟာ။ ငါ တောင်းပန်ပါတယ်ဟယ် ... နော်”

“ဟုတ်ပါတယ် မြတသက်ရယ်။ ကျွန်တော်တို့ကို ကူညီပါ။ မြတသက်ကိုလည်း အဆင်ပြေအောင် ကူညီမှာပါ။ အတုံ့အလှည့် သဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်ပြေစေချင်လို့ပါ”

မြသည် ပူပူနွေးနွေး ပြန်တွေ့ရသော သူငွေးညီမနှင့် အောင်မြင်လက်စ အဆိုတော် လင်းညို့တို့ရဲ့စကားတွေကို နားထောင်ကာ တရားပင် ကျရလေသည်။ လူ့ကံတရားများဟာ ကြိုတင်မမြင်နိုင်ဘူးဆိုတာ သိပ်မှန်သည်။ အခုတော့လည်း မြရဲ့ ကံဇာတာဟာ တက်တာလား၊ ကျတာလားတော့ မြ ကိုယ်တိုင် ရေရေရာရာ မသုံးသပ်နိုင်သေး။

သို့သော် သူဌေးမြေးနေရာကို အခန့်သား ဝင်ရောက်ရတော့မလို အခြေအနေ။ ဒါတင်မကသေး ဘယ်သူ့ကိုမှ ကပ်ဖားယပ်ဖား သိပ်လုပ်စရာ မလိုတော့ဘဲ မိတ်ဆွေအပေါင်းအသင်း အဆင်သင့်ဖြင့် ဂီတလောကထဲသို့ အဆင်တပြေပြေ ဝင်ရောက်နိုင်တော့မည့် အခွင့်အရေး။ မတ်တော်မောင်၏ ကူညီစောင်မမှုဖြင့် မြ လျှောက်ရမည့် ဂီတလမ်းခရီးသည် အချောမွေ့ကြီး မဟုတ်တောင် ခလုတ်ကန်သင်းတွေ ရှိမှာမဟုတ်တော့။ မြ တစ်ယောက် ကိုယ့်ဝါသနာကိုယ် စိတ်အေးလက်အေး အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။

မြ တစ်သက်လုံး ခြေချနိုင်လိမ့်မည်ဟု မထင်ခဲ့သော အင်းလျားလမ်းမှ ခြံကျယ်ကြီးနှင့် နန်းတော်တမျှ ခမ်းနားသော တိုက်အိမ်ကြီးထဲတွင် နေထိုင်ရတော့မည်။ ခြွေရံ သင်းပင်းတွေနှင့် စည်းစိမ်ဥစ္စာတွေကို ခံစားရတော့မည်။

သို့သော် မြ ရင်ထဲတွင် ဘာကို မတင်မကျ ဖြစ်မှန်းမသိ ဖြစ်လို့နေသည်။ မြနှင့် စွဲသည် ဘယ်လိုမှ ခွဲမရအောင်



ဘုပင်တူပြား စွဲအဖြစ်နှင့် အဲဒီအိမ်မှာ သွားနေရမှာကို နည်းနည်းလန့်သည်။ မဟုတ်တာလုပ်မည့်သူ ဆိုတော့လည်း လိပ်ပြာက မလုံချေ။ ကိုယ့်ကို မျှော်လင့်ချက်ကြီးသော မျက်လုံးများဖြင့် ငေးကြည့်နေရှာသည့် စွဲကိုလည်း သနားလေသည်။ ကိုယ်ကူညီမှ သူတို့ရဲ့ဘဝတွေ အဆင်ပြေမှာကိုလည်း သိသည်။ မြ တစ်ယောက် စိတ်တွေရှုပ်လာကာ ခေါင်းကို ကုတ်မိလေသည်။

“ငါ စိတ်ရှုပ်တယ်ဟာ။ နင်တို့ကို ကူတော့ကူညီချင်ပါတယ်။ ဒါပေမဲ့ မဖြစ်ဘူး ထင်တယ်။ အလိမ်ပေါ်သွားရင် ငါ ကျိုးမှာဟ”

“နောက်ဆုံး အလိမ်ပေါ်သွားတောင် ဘာဖြစ်လဲ မြရယ်။ နင်လည်း မြေးအရင်းပါဟာ၊ သူစိမ်းမှ မဟုတ်တာ”

“ဟင်း ... ခက်တယ်ကွာ”

“မခက်ပါဘူး မြတသက်ရယ်။ ဒီလောက် ရုပ်တူနေတာ ဘယ်လိုမှ ရိပ်မိနိုင်စရာ အကြောင်းမရှိပါဘူး။ ပြီးတော့ တစ်ခုခုဆို တခက်နဲ့လည်း အချိန်မရွေး ဆက်သွယ်လို့ရနေတာပဲ ...

ဒီအတိုင်း ဘလိုင်းဝင်မှာမှ မဟုတ်တာ။ တခက်က အားလုံး သင်ပေး ပြောပြပေးထားမှာပေါ့။ အရေးကြီးတာတွေကို သိရင် ပြီးတာပဲလေ။ ပြီးတော့ နဂိုတည်းက တခက်က အဲဒီအသိုင်းဝန်းမှာ သိပ်လှုပ်လှုပ်ရှားရှား ရှိတဲ့သူ မဟုတ်ဘူး။ အနေအေးတယ် ပြောရမှာပေါ့။ ဒါကြောင့် အဆင်ပြေမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ပြောထားပေါ့ဟာ။ ငါက ဘယ်လောက်ကြာကြာကြီး ဟန်ဆောင်နေရမှာတဲ့တုန်း"

ဒီတစ်ခါတော့ တခက်နှင့် လင်းညို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ တော်တော်နှင့် မဖြေကြသဖြင့် မြကပဲ ငေါ့တော့တော့ဖြင့် ...

"ဘာလဲ ... အလိမ်မပေါ်မချင်းတဲ့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟာ၊ အဆင်ပြေသလိုပေါ့၊ ကူညီမယ် မဟုတ်လား မြရယ်၊ ကူညီပါနော်"

"ဟုတ်ပါတယ် မြတဲ့သက်ရယ်၊ ကူညီပါခင်ဗျာ။ ကျေးဇူးအများကြီး တင်ပါတယ်၊ ခင်ဗျား ကူညီမှပဲ ကျွန်တော်အိုရတော့မှာမို့ပါ"

လင်းညို့ရဲ့ ခပ်နောက်နောက် စကားကြောင့် အားလုံးက ရယ်မောမိကြသည်။ မြက လင်းညို့ကို မျက်စောင်းတစ်ချက်ထိုးကြည့်ကာ ...

"ရှင်က ကျွန်မညီမကို တစ်သက်လုံး စိတ်ချမ်းသာအောင်ထားမှာတော့ သေချာပါတယ်နော်"

"သြော် ... သေချာပါတယ်ဗျာ၊ ကတိပေးပါတယ်၊ ကျွန်တော်သူ့ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်လို့သာ ဒီလောက်ထိ စိတ်ဒုက္ခခံပြီး သည်းခံနေတာပေါ့။ သူနဲ့ ကျွန်တော်က သူ့အဘိုးကျပ်တာနဲ့ အေးအေးဆေးဆေး တွေ့ကြရတာလည်း မဟုတ်ပါဘူး ...

ဒီလိုပဲ အကျပ်အတည်းကြားက ချစ်ကြရတာပါ။ မုန်တိုင်းကြားက ချစ်သူတွေပါ ... ဟဲ ဟဲ"



မြသည် ဒီတစ်ခါတော့ မျက်စောင်းမထိုးမိတော့ဘဲ ခပ်ဟက်ဟက် ရယ်မောမိလေသည်။ ဒီလို ရယ်လိုက်ခြင်းအားဖြင့်လည်း ရင်ထဲက တင်းကျပ်ခြင်းတချို့က လွင့်စဉ်သွားသည်ဟု ထင်ရသည်။ နဂိုတည်းကမှ မြဟာ တစ်ခုခုဆိုလျှင် ရူးစမ်းစွန့်စားချင်စိတ်က ရှိသည်ဖြစ်လေရာ ဒါကိုလည်း စွန့်စားမှုတစ်ခုအဖြစ် စိတ်လှုပ်ရှားစွာ လုပ်ကြည့်ချင်လာသည်။

ပြီးတော့ ညီမဖြစ်သူ စွဲအပေါ်မှာ ချစ်ခင်စိတ်ဖြင့် စိတ်ချမ်းသာစေချင်သလို မတ်တော်အလောင်းအလျာ လွင်းညို့၏ မာန်မာနမရှိသော စိတ်ထားကိုလည်း သဘောကျတာပါသည်။ ကိုယ့်ညီမအပေါ်မှာ ကကယ်ချစ်မြတ်နိုးလေသော နှလုံးသားကိုလည်း အသိအမှတ်ပြုရသည်။ အရှင်းဆိုရသော် မြသည် သူတို့နှစ်ယောက်လုံးကို စိတ်ချမ်းသာစေချင်ပါသည်။ ဒါကြောင့် အကောင်းဆုံးကူညီဖို့ ဆုံးဖြတ်လိုက်သည်။ မြသည် ဆုံးဖြတ်ချက်ကို တိတိကျကျ ချပြီးဟန်ဖြင့် ခေါင်းကို ဆတ်ခနဲညိတ်ချကာ ...

"ကဲ ... ကောင်းပြီဟာ။ နင်တို့ကို ငါကူညီမယ်"

"ဟယ် ... တကယ်။ ဝမ်းသာလိုက်တာ မြရယ်။ ကျေးဇူးတင်လိုက်တာဟာ၊ နင့်ကျေးဇူးကို ငါတို့တစ်သက် မမေ့ပါဘူးဟာ။ တကယ်ပါ"

"ဟုတ်ပါတယ် မြ။ ကျွန်တော်လည်း ကျေးဇူးအရမ်းတင်ပါတယ်။ ပြောမပြတတ်အောင်ပါပဲ"

မေမေကတော့ ခေါင်းတညိတ်ညိတ်ဖြင့် ဘာမှမပြောချေ။ အားလုံးအဆင်ပြေအောင်သာ ကြည့်လုပ်ကြဖို့ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် အဘိုးဦးမြသာတို့ကို ခုထိ စိတ်နာနေတုန်းမို့ အဲဒီဘက်ကို မပတ်သက်ချင်သည့်ပုံစံ ဖြစ်သည်။ မြကိုတော့ ငယ်ငယ်လေးတည်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် သွန်သင်ခဲ့သူမို့ အစစအရာရာ စိတ်ချယုံကြည်ပြီးသားဖြစ်သည်။ စွဲရဲ့ပုံစံကတော့ အဲဒီလိုမဟုတ်။ ဘိုးဘိုးရဲ့တင်းကျပ်သော စည်းကမ်းတွေအောက်မှာ အား‌ငယ်သလို ကြောက်သလို မဝံ့မရဲပုံစံမျိုးရှိသည်။

မေမေရဲ့ အပြောအရတော့ ဖေဖေသည်လည်း အဲဒီပုံစံမျိုး ဖြစ်ခဲ့သည်တဲ့။ ဘိုးဘိုးနဲ့ ဘွားဘွားသည် သားသမီးကို အုပ်ချုပ်ပုံ လွဲခဲ့သည်ဟု ပြောရပါမည်။ မြသည် ခေါင်းကို တဆတ်ဆတ်ညိတ်မိကာ ...

"ကဲ ... လူလဲတာတော့ ဟုတ်ပါပြီ။ ငါ့ကို သေချာပြောပြထားဖို့တော့ လိုမယ် တခက်ရေ။ လုံးဝပိုင်ပြီဆိုမှ ငါဝင်မှာ"

"အိုကေ ... စိတ်ချ။ ခုတ်ပုံတွေ ဗီဒီယိုတွေနဲ့ကို လက်ချာပေးမှာ"

"ဟင်း ... ဒါမျိုးကျတော့ တက်ကြွနေလိုက်တာ။ ငါကတော့ နင့်နေရာဝင်တာ ဟုတ်ပါပြီ။ နင်တို့ကရော ဘယ်လိုလုပ်မှာလဲ။ မေမေ ... မေမေ့သမီးကို မေးဦးလေ။ ဒီအတိုင်းကြီး နင်က လင်းညို့နောက်ကို လိုက်နေမလို့လား ...

Living together ကြီးလား။ အဲဒီလိုကြီးတော့ မဖြစ်ဘူးနော်"



"အို ... မြကလည်း မဟုတ်တာ"

တခက်က မျက်နှာနီနီနှင့်ဆိုလျှင် မြက လင်းညို့ခပ်တင်းတင်း လှမ်းကြည့်မိသည်။ လင်းညို့က မြကို ဦးညွတ်ပုံစံမျိုးဖြင့် ကိုယ်ကို ကိုင်းညွတ်ကာ ...

"အဲဒီလို စိတ်ကူးတွေ မရှိပါဘူးဗျာ။ ကျွန်တော်နဲ့ တခက်က တရားရုံးမှာ တရားဝင်လက်ထပ်မှာပါ။ ဒီက တခက်ရဲ့မေမေ မပြန်ခင်ပေါ့ ...

အဲဒီနေ့ကျရင် မြတသက်ပါ လိုက်ခဲ့ပါ"

မြက မျက်ခုံးရှုံ့ရှုံ့နှင့် လက်ပိုက်နေလျက်သားမှ ...

"ရှင်တို့ လက်ထပ်ပြီးရင်ရော ဘယ်မှာနေကြမှာလဲ။ ရှင့်မိဘတွေကရော တခက်နဲ့ သဘောတူကြရဲ့လား"

အဓမ္မ မေးရမည့် မေးခွန်းတွေကို မြက အစ်မကြီးလုပ်ထားပြီး စေ့စေ့စပ်စပ် မေးနေတာကို မေမေကပြုံးကြည့်နေလေသည်။ လင်းညို့ကလည်း ကျေးဇူးရှင်သဖွယ်နေသော၊ ငါမတယ်လျှင် သေဖွယ်ရှိတော့မည်ဟူသော ဒီဇိုင်းမိန်းထားသည့် မြကိုသာလျှင် ရေးရှုပြီး ရိုရိုကျိုးကျိုး ဖြေရှာသည်။

"ကျွန်တော့်မိဘတွေကတော့ ကျွန်တော့်ကို ခမ်းခမ်းနားနားမင်္ဂလာဆောင်စေချင်ကြတာပေါ့။ ကျွန်တော်လည်း ကျွန်တော့်အသိုင်းအဝန်းနဲ့ဆိုတော့ Dinner လေးလောက်တော့ လုပ်ချင်တာပေါ့။ ဒါပေမဲ့ အဲဒီ အခွင့်အရေးက မရှိဘူးလေ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ တိုက်ခန်းတစ်ခန်း ရှိပါတယ်၊
မတော်ဘက်မှာပေါ့။ အဲဒီမှာ ကျွန်တော်နဲ့ တခက်
မယ်။ ဘာမေးချင်သေးလဲ ခင်ဗျ"

လင်းညို့ရဲ့ ခပ်နောက်နောက်ပုံစံကို မြဲက မျက်
ပိတ်ထိုးကာ ...

"ဘာမှ မမေးချင်ဘူး။ တစ်ခုခုဆို ငါကတော့ နင်
ပြေးလာမှာပဲ"

တခက်က မြဲရဲ့လက်လေးတွေကို လာရော
ကိုင်ကာ မျှော်လင့်ချက်၊ ကြည်နူးရိပ်တို့ဖြင့် တောက်ပနေ
မျက်ဝန်းများဖြင့် ...

"ဒါဆို တကယ်ကူညီတော့မယ်ပေါ့၊ ဟုတ်လား မြဲ
သာလိုက်တာ မြဲရယ်"

"နင် ဝမ်းသာတာက နင့်လူနဲ့ ပေါင်းဖက်ရတော့မှာ
မဟုတ်လား။ ဟင် ... နင့်ကံဇာတာကလည်း တော်
မြင့်နော်။ ငါနဲ့လည်းတွေ့ရော ယောကျ်ားလည်း ရ
ရော။ ပြီးတာပဲ"

"မြဲကလည်းကွယ်။ ဒါဆိုရင် တခက် စီစဉ်စရာရှိတာ
စီစဉ်ထားလိုက်တော့မယ်နော်"

"အိုကေ ... အိုကေ"

မြဲရဲ့တက်ကြွသော ကတိပေးသံကို ကြား
တခက်နဲ့ လင်းညို့တို့ရဲ့ အပြုံးတွေဖြင့် ကမ္ဘာကြီးတစ်ခု
ခါတိုင်းထက် ပိုလှလို့ သွားလေသည်။



မြဲသည်လည်း တစ်ဆစ်ချိုး ပြောင်းလဲလာတော့
ကြမ္မာအချိုးအကွေ့ကို ရင်တခုန်ခုန်ဖြင့် မျှော်လင့်လျက်
၊ ဘယ်လိုပုံစံ ဘယ်လိုအကြောင်းအရာတွေနဲ့များ ရင်ပေါင်
စည်းချင်းထိုးရမှာပါလိမ့်။ ဘိုးဘိုး ဆိုတာရော ဘယ်လို
ည်းနှလုံးမျိုးနဲ့ပါလိမ့်။

❣ ✻ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဒီအိမ်မှာ ဂရုစိုက်ရမယ့်သူက သုံးယောက်ပဲ ရှိတယ်
သူတို့က ဘိုးဘိုး၊ တခက်ရဲ့အထိန်းတော်ကြီး လေး
သူက ကရင်မကြီး။ တခက်ကို ခြောက်လသမီးတည်း
ထိန်းလာတာ။ သူနာပြုဆရာမဟောင်း တစ်ယောက်ပေ

နောက်တစ်ယောက်ကတော့ ရှေ့နေလေး နေ
သူ့ကို ဘိုးဘိုးက အရမ်းသဘောကျတယ်။ အထင်
တယ်။ သူ့အဖေနဲ့ ဘိုးနဲ့ကလည်း ပါတနာတွေပေါ့။ ဘိုး
လုပ်ငန်းတွေမှာ သူက ဥပဒေအကြံပေးအရာရှိပေါ့ ...

အဲဒီသုံးယောက်က အဓိကပဲ။ အဲဒီအထဲမှာမှ
စိုက်ရမှာက နေယံပေါ့။ နေယံက အရမ်းပြေးတဲ့ ဦးနှော
ကို ပိုင်ထားတယ်။ ဒါ နေယံပဲလေ"

မြသည် တခက်ရဲ့လက်ညှိုးလေး တစ်ချက်ရွေ့လို
တာနှင့် Lap-top Screen ပေါ်မှာ ပေါ်ထွက်လာသည့် နေ
ဆိုသော လူတစ်ယောက်ရဲ့ပုံကို စူးစူးစိုက်စိုက် ကြည့်မိသည်
စပို့ရှပ်လက်တိုနှင့် စတိုင်(လ်)ပန်ကို သပ်ရပ်စွာကို ဝတ်ဆင်ထာ



ကာ ခပ်တည်တည်နေပုံသည် သူ့ကိုယ်သူ အတော်ယုံကြည်မှုရှိသော ဒီဇိုင်းဖြစ်သည်။ မြင်လိုက်တာနှင့် ထက်မြက်ထူးချွန်နေသော လူတစ်ယောက်မှန်း သိသာစေသည်။

နောက်ထပ်ပုံတွေမှာလည်း အဲဒီလိုသာပင်။ အဘိုးနှင့် စကားပြောနေပုံ၊ အဘိုးနှင့် စစ်တုရင်ထိုးနေပုံ စသဖြင့် အဲဒီပုံတွေကိုတော့ တခက်က ဗီဒီယိုရိုက်ထားခြင်း ဖြစ်လေရာ သူ့လှုပ်ရှားမှုနှင့် အသံတွေကိုပါ ကြားနေရတာဖြစ်သည်။ စကားပြောဆိုပုံ၊ လေယူလေသိမ်းနှင့် အပြုအမူများဟာ တည်ငြိမ်မှုတစ်ခုရှိလျက် အဆင့်အတန်းတစ်ခု ဖော်ဆောင်သည်။

"ဒါက လေးမိုးပေါ့။ သူက ခရစ်ယာန်လေ"

"အင်း"

မြက ခေါင်းတညိတ်ညိတ်ဖြင့် ထိုကရင်မကြီးကိုလည်း မှတ်သားထားလိုက်သည်။ တခက်က လက်ညှိုးတစ်ချောင်းနှင့်ရွှေ့ကာ အိမ်ရှိလူတွေကို တစ်ယောက်ချင်း ပြသသွားသည်။

"ဒါက ခြံစောင့် ကိုဖိုးတုတ်။ ဒါက မာလီ ဦးဆာဒူး။ ဒါက ဘိုးဘိုးရဲ့ လက်စွဲတော် ဒရိုင်ဘာကြီး ဦးမြင့်တင်ပေါ့။ နင် မမှတ်မိရင် သေချာပြန်ကြည့်ထား။ အောက်မှာ သူတို့နာမည်နဲ့ အလုပ်အကိုင်တွေပါ ရေးထားတယ်"

"အင်း ... တော်တော်ကို စေ့စေ့စပ်စပ် လုပ်ထားတာပဲ"

"ဩော် ... လုပ်ထားရတာပေါ့ဗျာ။ ဒါဟာ ပေါ့သေးသေး စီမံကိန်းမှ မဟုတ်တာ စစ်ဆင်ရေးအမှတ်(၁၅၀၀)လေ ... ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းညို့က ရှတ်နောက်နောက် ဝင်ပြောလျှင် မြကနှုတ်ခမ်းကို တစ်ချက်မဲ့ပြလိုက်သည်။ တခက်က ဆက်ပြောပြသည်။

"သူတို့ကတော့ မီးဖိုချောင်နဲ့ အိမ်သန့်ရှင်းရေးသမားတွေပေါ့ ...

မမြင့်ကြည်၊ ရွှေဖောင်းနဲ့ မိမြိုင်။ မမြင့်ကြည်နဲ့ ကိုဖိုးတုတ်က လင်မယားတော်တယ်"

"အင်း... အင်း... အဲဒီ မမြင့်ကြည်က Chief cook လား"

"မဟုတ်ဘူး၊ Chief cook က တခက်လေ"

"ဘာရယ်"

မြက တခက်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လှည့်ကြည့်မိသည်။

"ဟုတ်တယ်၊ တခက်က အချက်အပြုတ် အရမ်းတော်တာ။ သူ့မှာ အင်္ဂလိပ်စာသင်တန်းဆင်းလက်မှတ်က တစ်ခုတည်း။ ကျန်တာတွေက မုန့်ဖုတ်သင်တန်း၊ အချက်အပြုတ်သင်တန်း၊ ပန်းထိုးသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ဖျော်ရည်မျိုးစုံလုပ်တဲ့သင်တန်း စသဖြင့် အဲဒီသင်တန်းဆင်းလက်မှတ်တွေက ပိုများတယ် ....

သူ့အဘိုးက အရေးကြီးဧည့်သည် အင်မတန်ခင်တဲ့ မိတ်ဆွေတွေဆိုရင် အိမ်မှာပဲ Dinner ဖိတ်ကျွေးတာ။ အဲဒီမှာ မရွှေတခက်တို့က လက်စွမ်းပြတော့တာပဲလေ။



ဧည့်သည်တွေထဲက သားရှင်တွေကလည်း သဘောတွေကျကြပေါ့ ...

အဲဒီလို မြတသက်ရေ"

အဲဒီစကားကိုတော့ တခက်ရဲ့ ပူပူနွေးနွေး ချစ်ခင်နီး လင်းညို့က ဝင်ရောက်ဖြေပေးတာ ဖြစ်လေသည်။ တခက်နဲ့ လင်းညို့သည် မေမေ မန္တလေးသို့ မပြန်ခင် တစ်ရက်အလိုမှာပဲ လက်မှတ်ရေးထိုးကာ လက်ထပ်ပြီးကြပြီဖြစ်သည်။ မေမေကတော့ သမီးနှစ်ယောက်စလုံးကို အထွေအထူး မပြောကြားဘဲ အစစအရာရာ သတိဝီရိယရှိဖို့သာ မှာသွားခဲ့သည်။ အထူးသဖြင့် မေမေက မြကို သိပ်ယုံကြည်ပါသည်။

"ဟင် ... အဲဒီတော့ ငါက ဘယ်လိုလုပ်ရမှာတုန်း။ အဲဒါမှ တကယ့်ပြဿနာနော်၊ ငါက နင့်လို Chief cook ဖြစ်ဖို့မပြောနဲ့ ကြက်ဥတောင် ပြုတ်တတ်တာ မဟုတ်ဘူး။ ခေါက်ဆွဲထုပ်တောင် အစိမ်းလိုက် ဖောက်စားပြီး ရေနဲ့မျှောချတာ"

"လွယ်ပါတယ်ဟျာ၊ စိတ်မပါလို့ မချက်ဖူးပေါ့။ ဟဲ ဟဲ"

"ကျွတ် ... လွယ်တယ် လုပ်မနေနဲ့။ တခက် ... အဲဒါက ဘယ်လိုလုပ်မှာလဲ"

"အဲဒါက သိပ်ပြဿနာတော့ မဟုတ်ပါဘူး။ မမြင့်ကြည်ကလည်း တခက်လောက်နီးနီး ချက်တတ်ပါတယ်။ တခက်က ဒီနေ့ ဘာချက်မယ် ဆိုတာလောက်ပဲ စီစဉ်ပေးတာပါ။ တစ်ခါတလေဆို ဝင်တောင် မချက်ပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့လည်း စိုးရိမ်စရာ မရှိပါဘူး မြရယ်။ စာအုပ်တွေဖတ်ပြီး ရှိုးလို့လည်း ရပါတယ်။ တခက်နဲ့လည်း နေ့တိုင်း ဖုန်းပြောလို့ ရနေတာပဲ။ ညတိုင်းပြောမယ်လေ။ တခက်ရဲ့ ဟန်းဒ်ဖုန်းကိုတော့ မြပဲ ယူထားလိုက်တော့။ လိုအပ်ရင်လည်း တခက်ဆီဆက်ဆက်၊ လင်းဆီဆက်ဆက် ရတာပဲ ...

အဲဒီမှာ မြ ဂရုစိုက်ရမှာက နေယံပဲ။ သူ့ရှေ့မှာ ဘာစကားမှ မမှားဖို့၊ စကားမကျွံဖို့ လိုတယ်။ ဘိုးရှေ့မှာလည်း အဲဒီလိုပဲ။ ကျန်တဲ့လူတွေက ဘာပြဿနာမှ မရှိဘူး ...

ဒီမှာကြည့် ... ဒါက အိမ်။ ဘုရားခန်းဘေးက ဘိုးရဲ့စာကြည့်ခန်း။ ပြီးတော့မှ ဘိုးရဲ့အခန်း။ လှေကားရင်းနားက တခက်ရဲ့အခန်းပေါ့ ...

ကဲ ... တခက်ရဲ့အခန်းကို ဝင်ကြည့်ကြမယ်"

တခက်ရဲ့အခန်းသည် တိုက်ခန်း တစ်ခန်းစာလောက်ကျယ်ဝန်းကာ နတ်သမီးပုံပြင်ထဲက အခန်းလို သားနားပြည့်စုံနေသည်။ မှန်တင်ခုံ၊ နံရံကပ် အဝတ်အစား ဗီရိုကြီးများ LCD TV ကြီးနှင့် DVD စက်များ၊ Sound Boxs များဖြင့် တခြားအရာတွေထက် အဲဒီ လျှပ်စစ်ပစ္စည်းတွေကိုသာ မြက သွားရေယိုလျက်ရှိသည်။

အင်း ... ဒီအခန်းထဲမှာ ကီးဘုတ်တစ်လုံးလောက်ထပ်ထည့်လိုက်ရင်တော့ ရှယ်ပဲ။ ကိုယ့်အခန်းလေးထဲမှာကိုယ့်



ဓိမ်ကျကျ ဂစ်တာခေါက် သီချင်းရေး၊ နှစ်သက်သော ရုပ်ရှင်ကားတွေကိုကြည့်၊ အားပါး ... တွေးကြည့်တာနဲ့ကို ကြွေချင်လာသည်။

"ကျန်တာတော့ ထူးထူးခြားခြား မရှိပါဘူး။ ကောင့်မလေးနှစ်ယောက်ကတော့ အောက်ထပ်မီးဖိုနားက အခန်းမှာ အိပ်ကြတာ ...

ကျန်တဲ့အလုပ်သမားတွေကတော့ ခြံနောက်က ဆားဗင့်ကွာတားမှာ နေကြတာပေါ့။ အဲဒါပါပဲ။ အိမ်မှာ ကားသုံးစီးရှိတယ်။ ဘိုးဘိုး စီးတာက မာစီးဒီးအနက်ပေါ့။ ဒရိုင်ဘာမောင်းတယ်။ နောက်တစ်စီးက ကရီနာနှစ်ရောင် အဲဒါက တခက်စီးတာ။ တခက်က သိပ်မမောင်းတတ်ဘူး။ သွားစရာရှိရင် ခြံစောင့်က မောင်းပို့တယ်။ နောက်တစ်စီးကတော့ Hilux surf ပေါ့။ ဒီစိမ်းပြာရောင်ကတော့ ဈေးသွားတာတို့ ဘာတို့၊ အိမ်ကိစ္စသုံးတာ များတာပေါ့။ အဲဒါပါပဲ"

မြသည် အကြမ်းသုံးသည်ဆိုသော Double cup Hilux surf စိမ်းပြာရောင်ကြီးကို သဘောတကျဖြင့် ငေးကြည့်ကာ ...

"နင်တို့ကားတွေတော့ မကြိုက်ပါဘူး။ ငါက ဒီကားမျိုးမှ ကြိုက်တာ။ မန္တလေးမှာဆို ရှယ်ပဲ။ ဒီကားနဲ့ ပြင်ဦးလွင်တက်လိုက်ရရင် အတော်မိုက်မှာ"

"မြက ကားမောင်းတတ်လား"

"မောင်းတတ်တာပေါ့။ အကြမ်းပတမ်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုင် ... သတိထားဦးနော်။ တခက်က ကားမမောင်းဘူး။ မောင်းခဲတယ်။ အိမ်နားတစ်ဝိုက်လောက်သာ မောင်းတာ။ မြို့ထဲတွေ ဘာတွေဆို မမောင်းတတ်တော့ဘူး။ ပြီးတော့ မောင်းရင်လည်း ဖြည်းဖြည်းလေးရယ်"

"အင်းပါဟာ။ ကဲ ... တခြား ဘာတွေ မိန့်တော်မူဦးမှာလဲ။ ဘာတွေ ရှောင်ရန် ဆောင်ရန် ကျန်သေးလဲ"

"တခက် ဘက်ကတော့ ပြောစရာက ကုန်ပါပြီ။ တခက်နဲ့ မြနဲ့က ရုပ်ချင်းခွဲမရအောင် တူတယ်ဆိုပေမယ့် အပြောအဆို အပြုအမူကတော့ ထခြားဆီပဲ ...

မြက အရမ်း Active ဖြစ်နေတယ်။ အဲဒါလေး နည်းနည်း သတိထားရမယ်။ ကျန်တာတွေကတော့ မြ မှတ်မိတယ် မဟုတ်လား။ ဘိုးရဲ့နေ့စဉ်အလုပ်တွေကိုလေ စာနဲ့လည်း ရေးပေးထားတော့ သေချာပြန်ဖတ်ပြီး မှတ်ထားပေါ့"

"အင်းပေါ့ ... အေးပါ။ နင်လည်း ဆံပင်တွေကောက်သွားဖို့ မမေ့နေနဲ့ဦး"

"ကောက်မှာပါ။ ဆံပင်ကောက်ပြီး နှစ်ရက်လောက်နေပြီဆိုရင်တော့ တခက်တို့ရဲ့ စစ်ဆင်ရေးကို စလို့ရပြီပေါ့နော်"

"ကဲ ... အဲဒီတော့ အကြိုလက်ဝါးချင်း ရိုက်ထားလိုက်ရအောင်"

လင်းညို့ရဲ့စကားသံ အဆုံးတွင် မြတို့ သုံးယောက်လုံး တညီတညာတည်း လက်ဝါးချင်း ရိုက်မိကြလေသည်။ အစက တိုင်ပင်ထားသည်မှာ တခက် ဆံပင်ကောက်ပြီးမှ လူလဲဖို့ စီစဉ်ထားသော်လည်း စီစဉ်ထားသလို ဖြစ်မလာဘဲ အရေးပေါ် လူလဲလိုက်ရတော့သည်မှာ နေယံ ဆိုသောသူကြောင့်ပဲ ဖြစ်သည်။ အဲဒီအချိန်တည်းက မြသည် အလစ်ချောင်းရိုက်တတ်သော ကံကြမ္မာကို သတိထားရတော့မည် ဆိုတာ နားလည်သွားတော့တာဖြစ်သည်။



❦ ✻ ❦

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် ကံကြမ္မာသည် လူကို surprise လုပ်တတ်လေသည်။ အဲဒီအခါမျိုးတွင် ဘယ်လောက်ပဲ အဆင်သင့် ပြင်ဆင်ထားပါသည်ဟုပြောပြော လူက တစ်မျိုးတော့ဖြစ်တတ်ကြတာပင်။ ထိုနေ့က ကံကောင်းထောက်မစွာဖြင့် တခက်ကလည်း ဆံပင်ကောက်ဖို့ အပြင်ရောက်နေချိန်ဖြစ်သည်။ မြနှင့် တခက်သည် ဆံပင်ကောက်ပြီးမှ ဆုံဖို့ချိန်းထားလေရာ မြိက မြို့ထဲသွားဖို့ရာအတွက် အဆောင်မှထွက်လာပြီးနောက် ကားငှားဖို့ ရပ်စောင့်နေခြင်းဖြစ်သည်။

လိမ္မော်ရောင် စပို့ရှပ်အသား ခါးရှည်အင်္ကျီကို ခါးတိုလှလှပတ်လျက် အောက်က အသားကပ် Stocking.အနက်ဝတ်ထားသော တခက်သည် ပြဒါးရောင် Shopping Bag အိတ်အကြီးကြီးကိုလွယ်ကာ ခပ်တည်တည်ပဲ Taxi ငှားဖို့ ရပ်စောင့်နေခိုက်ဖြစ်သည်။ Taxi တွေက လာပင်လာသော်ငြား လူပါသောကြောင့် တော်တော်နှင့်မရ။ မြိသည် လက်ကနာရီကို တစ်ချက်ငုံ့ကြည့်နေတုန်းမှာပင် အနားသို့ ကားတစ်စီးက လျှောခနဲလာရပ်သည်။ မြိကလည်း ဘာပါလိမ့်ဟု ပြန်အငုံ့ကြည့်၊ ကားပေါ်မှ



လူတစ်ယောက်ကလည်း မြိကို အံ့သြသလိုပုံစံဖြင့် မျက်ခုံးပင့်ကြည့်နေသည်။

မြိကလည်း ဒီလူကို ငါ မသိပါလားဟု ဇဝေဇဝါရှိနေတုန်းမှာပဲ သူ့ထံမှ စကားသံ ထွက်လာသည်။

“တခက် ! ။ တူပါတယ်လို့ ကြည့်နေတာကွာ။ ဒီဗိုင်းတွေ ဖြောင်းထားတော့ မမှတ်မိဘူး။ ဘယ်လိုဖြစ်တာလဲ၊ လမ်းဘေးမှာ မတ်တတ်ကြီးပါလား”

“အင်း ... ဟိုဟာလေ”

မြိရဲ့ မသွက်သေးသော ဦးနှောက်သည် မပီပြင်သော အပြုံးတစ်ခုနှင့် ဟင်းဟင်းဟဲဟဲလုပ်ကာ အမြန်အဆန် စဉ်းစားနေရသည်။ ကျွတ် ... ဘယ်သူလဲ၊ ဘယ်သူလဲ။ မှတ်ရတာတွေများလို့ တကယ့်တကယ်တမ်းမှာ ရုတ်တရက် အဖြေက ထွက်မလာတော့ချေ။

“ဘယ်သွားမှာလဲ။ တက်လေ တခက်။ အိမ်ပြန်မှာလား”

“အင်း ... ဟုတ်”

“ဩော် ... အတော်ပဲပေါ့။ တက်လေ။ ကျွန်တော်လည်း တခက်တို့အိမ်ကို သွားမှာပဲ”

ဖိုက် ... ဘုရားသခင်။ မြိသည် ရင်ထဲမှာ ဒုတ်ခနဲ ခြည်သွားကာ အမြန်ဘုရားတမိလေသည်။ အခုကျတော့မှပဲ ဒီလူဟာ ဘယ်သူဆိုတာ ဦးနှောက်က ရှော့ရိုက်လိုက်သလို အသိဉာဏ်တွေက ဖြန်းခနဲ ပွင့်သွားသည်။ ထိုသူဟာ မြိ ကောင်းကောင်းကြီး သတိထားရမည့် ခနယ်ဖေါ ခနယ် ဆိုသော

www.burmeseclassic.com



ပုဂ္ဂိုလ်ပဲ ဖြစ်တော့သည်။ မြသည် သတိဝီရိအပြည့်ဖြင့် သူ့ကား
ပေါ်သို့ အသက်ရဲရဲ မရှုရဲဘဲ တက်လိုက်ရလေသည်။

မြ တက်ပြီးလျှင် သူက ကားကို မောင်းထွက်ကာ
မြဘက်သို့ တစ်ချက်ငဲ့ကြည့်ရင်း ...

"တခက် နေ့ချင်း ညချင်း ဒီဇိုင်းတွေ ပြောင်းပစ်လိုက်
တဲ့ အကြောင်းရင်းကို သိခွင့်ရှိမလား"

"အဲ ... ဟိုဟာလေ၊ စိတ်ရှုပ်လို့ပါ"

သူက လက်ခံသလို ပုံစံမျိုးဖြင့် ခေါင်းတဆတ်ဆတ်
ညိတ်လေသောကြောင့် မြမှာ နည်းနည်းအသက်ရှူချောင်သွားသည်
အခုချိန်ကစပြီး မြဟာ မြ မဟုတ်တော့ဘဲ တခက်ဆိုသည့် အ
ကို သွင်းထားရသဖြင့် လူက ခါတိုင်းလို မဖြစ်ဘဲ တင်းတင်
ကျပ်ကျပ်ကြီး ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ် သတိထားမိ
သည်။

ဟင်း ... ဒီလိုသာ အမြဲတမ်း ဆိုရင်တော့ ခ
ခက်ရချည်ရဲ့။

"ဒါပေမဲ့ အခြေအနေတွေက တည်ငြိမ်လာတယ်
တခက်က ကိုယ့်စကားကို နားထောင်ပြီး အကောင်အထ
ဖော်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

မြသည် ဘာပြန်ပြောရမှန်း မသိသဖြင့် နှုတ်
ကိုက်ကာ အသာငြိမ်နေမိသည်။ အဲဒီလိုငြိမ်နေတာကိုက တ
ရဲ့ပုံစံအမှန်ပဲ ဖြစ်ပါလိမ့်မည်။

"တခက် ... ဘယ်လိုစဉ်းစားထားသေးလဲ"



အဲဒီမေးခွန်းကြောင့် မြမှာ မတ်ခနဲ ဖြစ်သွားသည်။
ဘာဖြေရမှန်း မသိသဖြင့် ချွေးတောင်ပြန်ချင်လာလေသည်။
သို့သော် ... ဒီနေရာမှာ တကယ့် တခက်သာဆိုလျှင်လည်း ဘာ
ဖြေတတ်မှာမဟုတ်ပါ။

အဘိုးကိုလည်း မပြတ်နိုင်၊ ချစ်သူကိုလည်း မစွန့်
လွှတ်နိုင်သော မိန်းကလေးတစ်ယောက်အတွက် ရှေ့မတိုး နောက်
ဆုတ်နိုင်သော အခြေအနေမှာပဲ ရှိလိမ့်မည်။

"ဘာကိုစဉ်းစားရမှာလဲ ကိုနေ ... ကိုယ် ... အဲ ... အဲ ...
ကို ... နေယံရယ်။ စဉ်းစားရင် စိတ်ဆင်းရဲလွန်းလို့ မစဉ်း
စားတော့ဘူး။ ဒီလိုပဲ နေလိုက်တာ။ စိတ်အပြောင်းအလဲ
ဖြစ်မယ် ထင်တာတွေ လျှောက်လုပ်နေတာပေါ့"

မြက မှင်သေသေဖြင့် လိမ့်လိုက်လျှင် သူက ခေါင်း
တစ်ချက် ညိတ်ပြန်သည်။ ကားနည်းနည်း ရှုပ်လာသည်မို့ သူက
မြကို စကားထပ်မပြောတော့ဘဲ ကားမောင်းတဲ့အထဲသို့ အာရုံ
စိုက်ထားသဖြင့် မြသည် သူ့ကို မသိမသာ ခိုးပြီးအကဲခတ်ခွင့်
ရနေသည်။

အဝါနုရောင်နှင့် နက်ပြာရောင် ကန့်လန့်စင်းများ
ပါသော စပို့ရှပ်လက်တိုကို နက်ပြာရောင် စတိုင်လ်ပန့်ဖြင့်
တွဲဖက် ဝတ်ဆင်ထားသော သူ့ပုံစံသည် လူငယ်တစ်ယောက်ပုံစံ
သို့သော်လည်း တည်ငြိမ်သော လူငယ်တစ်ယောက်နှင့် ပို၍တူလေ
သည်။

မြတို့ လင်းညို့တို့လို အသွက်ဒီဇိုင်းမဟုတ်ဘဲ
ခက်နှင့်သာ လိုက်ဖက်သော ဒီဇိုင်းဖြစ်သည်။ သို့သော် အချစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာထူးဆန်းကြောင်း တခက်က သက်သေပြခဲ့ပြီးသားဖြစ်သည်။ မြသည် ပွဲ့ကြည့်မိသွားသဖြင့် စင်တီရာတိုင်ပေါ်တွင် တင်ထားသော သူ့လက်ချောင်းများကို အသာစေးမောနေမိသည်။ ရှည်သွယ်ကာ လတ်ဆတ်သော ပန်းနုရောင်ပြေး လက်သည်းခွံများနှင့် သူ့လက်တွေဟာ မြ တွေ့ဖူးသမျှ ယောကျ်ားတွေရဲ့ လက်တွေထဲမှာတော့ ကြည့်အကောင်းဆုံးပဲ ဖြစ်သည်။

"တခက်တို့ အဆင်ပြေကြရဲ့လား"

"အင်း ... ဒီလိုပါပဲ"

သူ ဘာကိုဆိုလိုပြီး မေးတယ်ဆိုတာကို သိသဖြင့် အဲဒီမေးခွန်းကိုတော့ မြက အေးအေးဆေးဆေးပဲ ပြန်ဖြေလိုက်နိုင်သည်။

"တခက် ကြိုးစားဦးမှာလား"

တခက်က ဘာကြိုးစားစရာ လိုတော့လဲရှင်။ သူက လင်းညို့နဲ့ လောကကြီးကို မေ့နေလောက်ပြီ။ ကျုပ်သာ ကျွန်ဝယ်ရာ အဆစ်ပါနေရတာ။

မြသည် အဲဒီ စကားလုံးတွေကိုတော့ စိတ်ထဲမှ အကျယ်ကြီး အော်မိကာ အပြင်ဘက်မှာတော့ အဆင်ပြေမည့်စကားလုံးကို ရွေးချယ်နေရသဖြင့် သူ မေးတာကို ချက်ချင်းမဖြေနိုင်ဘဲ မျက်ခုံးရှုံ့ရှုံ့ဖြင့် စဉ်းစားနေရသည်။

"အင်း ... ကြိုးတော့ ကြိုးစားရမှာပေါ့"

နောက်ဆုံးတော့ မြသည် အားမရှိသည့် ဖျော့တော့တော့လေသံနဲ့ပဲ ဖြေပေးလိုက်ရသည်။ သူကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...



"ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီပါ့မယ်။ သိပ်တော့ စိတ်မညစ်ပါနဲ့ တခက်ရယ်။ ကျွန်တော် တခက်ကို ကိုယ်ချင်းစာပါတယ်။ စိတ်လည်း ချမ်းသာစေချင်တယ်၊ အစစအရာရာ အဆင်ပြေစေချင်ပါတယ်"

"ဟုတ် ... ကျေးဇူးပါပဲ"

မြရဲ့အပြောကို သူက ပြုံးကာလှည့်ကြည့်သည်။ အဲဒီလိုကြည့်ရင်းနဲ့မှ ...

"ကျွန်တော့်မျက်စိတွေကပဲ ပြာနေလို့လား၊ တကယ်ပဲလားတော့ မသိဘူး။ တခက် အသားနည်းနည်း ညိုသွားသလိုပဲ၊ ဟုတ်လား ... ညိုသွားတာလား"

အမယ်လေး ... ဘုရားသစ္စာ။ မြသည် သိနိုင်လွန်းသော ကိုဉာဏ်ကြီးရှင်ကို ကြည့်ကာ တုန်လှုပ်ထိတ်လန့်လာသည်။ တကယ်ပဲ မြဟာ မန္တလေးမှာ တစ်သက်လုံး ကြီးပြင်းလာခဲ့သူမို့ တခက်လိုတော့ ဖွေးနုဥမနေပါ။ ရွှေဖွန်းကိုက်ကာ ကြီးပြင်းလာခဲ့ရသော တခက်သည် ဘယ်သွားသွား Air-con ကားလေးနှင့် နေခြည်မထိသော ဖြူနုသော အသားအရေကို ပိုင်ဆိုင်ထားသည်မှာ ဘာမှအဆန်းမဟုတ်သော်လည်း မြသည်လည်း ဆိုင်ကယ်တစ်စီးနှင့် အညာနွေပူမှာ ပတ်ကဲသောကြောင့် မမည်းတူးတောင် တခက်လောက် ဖြူနုမဖွေးသည်မှာလည်း အဆန်းမဟုတ်တော့ချေ။

သို့သော် ဒီနေရာမှာတော့ ချွတ်စွပ်တူတဲ့ အမြွှာညီမဖြစ်နေလည်း အသားအရောင်မှာတော့ ချွတ်စွပ်တူဖို့ မဖြစ်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်မယ် ထင်တယ်၊ ပြောတော့ ပြောကြတယ်၊ ဘာဖြစ်လို့လဲတော့ မသိဘူး။ ည,ညအိပ်မပျော်လို့နဲ့တူတယ်"

မြဲရဲ့စကားကို သူက ခေါင်းညိတ်ကာ ဘာမှပြန်မပြောတော့ချေ။ မြဲကတော့ ခေါင်းတွေ တဆစ်ဆစ် ကိုက်ချင်လာလေသည်။ ဒီလောက် ခွဲမရအောင် ရုပ်တူပြီး နှစ်ဦးတိုင်ပင်ကာ အစစအရာရာ ထောင့်စိအောင် စီစဉ်ထားသော်လည်း တစ်နေရာကတော့ ဟ,နေတတ်စမြဲဆိုတာကို သဘောပေါက်ထားရပြီဖြစ်သည်။

ဟူး ... မလွယ်ပါလား မိတခက်ရေ။ ဒီပုံအတိုင်းဆို UV Rays တွေကို အသည်းအသန်ရှောင်၊ Body Lotion တွေကို နေ့ညမပြတ်လူးပြီး အသားဖြူဆေးတွေပါ ကျွေးရတော့မယ် ထင်ပါရဲ့။

"သြော် ... ဒါနဲ့ တခက် ဘယ်ကပြန်လာတာလဲဟင်"

"အင်း ... ဆံပင် ... ဆံပင်ကောက်ပြီး ပြန်လာတာ"

"အိမ်ကကား ဘာလို့မယူတာလဲ"

"ကားလား၊ ဒီလိုပါပဲ မယူချင်လို့"

"အင်း ... အင်း"

သူက ဆက်မမေးတော့ချေ။ မေးလည်းပဲ မြဲကတော့ စိတ်ပျက်လက်ပျက်ဖြင့် မဖြေတော့ဘူးဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဒီနေ့ တခက် ဆံပင်ကောက်မှာကို လင်းညို့က လိုက်ပို့မှာဖြစ်သဖြင့် အိမ်ကကား မယူလာသောကြောင့် မြဲမှာ ကံကောင်းသွားခြင်း ဖြစ်လေသည်။ မဟုတ်လို့ကတော့ မြဲမှာ ဝင်ဝင်ချင်းကို



အလိမ်ပေါ်ကာ ထောင်ထဲရောက်ကိန်းရှိသည်။ ဒါတောင် အိမ်ထဲရောက်လျှင် ဘာတွေကြုံရမှန်း မသိသေး။

ဘယ်လောက်ပဲ ကြိုတင်ပြင်ဆင်ထားပါသည်ဟုပြောပြော အခုလာရတဲ့ပုံစံဟာ မထင်မှတ်ဘဲ လာရတာဖြစ်သောကြောင့် ကိုယ့်အတွက် **Ready** မဖြစ်သေးတာတော့ အမှန်ပဲဖြစ်သည်။ အိမ်ကလူတွေကရော ထွက်သွားတုန်းက တစ်ပုံစံ၊ ပြန်လာတော့ တစ်ပုံစံဖြစ်သော မြဲကို ဘာတွေများ စစ်မေးကြဦးမှာပါလိမ့်။ အမယ်လေး ... လေးမိုး ဆိုသော ကရင်နာနီမကြီး။ ဘုရား ... ဘုရား ... ဖြူဖြူတုတ်တုတ်နှင့် ခေါင်းကောင်းကောင်း ကရင်မကြီးကတော့ လွယ်လင့်တကူ ယုံပါ့မလား။ သင်္ကာမကင်း ဖြစ်နေရင်တော့ ပြီးတာပဲဖြစ်သည်။

မြဲသည် မျက်မှောင်ကြုတ်ကြုတ်နှင့် အကြံအိုက်အိုက်ရှိနေတုန်းမှာပဲ သူမောင်းလာသောကားက ကျယ်ဝန်းခမ်းနားသော ခြံကျယ်ကြီးတစ်ခြံရှေ့မှာ ရပ်တန့်သွားသည်။ သူက ခြံစောင့်ကို တံခါးဖွင့်ဖို့ ဟွန်းတစ်ချက်တီးကာ နှိုးဆော်လိုက်သံသည် မြဲနှလုံးသားကိုပါ ဆတ်ခနဲပုတ်ပြီး လှမ်းနှိုးလိုက်သလိုပဲ ဖြစ်သည်။ ရီမုတ်ဖြင့်ဖွင့်သော ခြံတံခါးကြီးသည် တဖြည်းဖြည်းနှင့် လျှောခနဲ ပွင့်သွားကာ ခြံထဲကို လှမ်းမြင်လိုက်ရသည်။ မြဲသည် ရုပ်ရှင်တွေထဲမှာ မြင်ဖူးသော အိမ်တွေထက်ပင် သားနားတောက်ပနေသော ခြံဝင်းကြီးကို ငေးနေမိသည်မှာ မျက်တောင်ပင် မခတ်စတမ်း ဖြစ်သည်။ တိုက်ကြီးရှိရာသို့ ကားမောင်းလာရာ လမ်းတစ်လျှောက်တွင် အလှဆင်ရောင်စုံအုတ်တွေကို အကွက်လှလှဖော်၍ ခင်းထားလေရာ ခေတ်မီဆန်းသစ်နေသည်။ တစ်ခြံဝင်းလုံးသစ်

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းမာန်တွေကို ဂရုတစိုက် စိုက်ပျိုးထားလေရာ စိမ်းလန်းအေ
မြ၍ နေလေသည်။

မြသည် ပါးစပ်အဟောင်းသား မပွင့်ရုံတမယ် ေ
မောနေတုန်းမှာပင် ကားက ပေါ်တီကိုအောက်သို့ ထိုးရပ်သွားသည်
အိမ်ပေါက်ဝသို့ ရောက်ပြီ။ ဆင်းရမည်ဟူသော အသိရှိသော်လည်
ရုတ်တရက် မဆင်းနိုင်သေး။ တခေါက် တစ်ယောက် အပြင်ကပြ
လာလျှင် အိမ်ထဲကို ဘယ်လိုဝင်သွားတတ်သလဲ။ (ကင်းမြီးကော
ထောင်ပြီး မဝင်မှာတော့ သေချာပါသည်။) အကြာကြီး ငြိမ်နေ
မကောင်းတတ်သဖြင့် မြက ကားပေါ်မှ ရှုံ့တွန့်တွန့်နှင့် ဆင်
လိုက်ရသည်။

အိမ်ထဲသို့ အတူတူ ယှဉ်ဝင်လာရစဉ်တွင် မြသည်
ဘာလုပ်လို့ လုပ်ရမယ်ဆိုတာ မသိဘဲ ယောင်ချာချာ ဖြစ်လို့နေ
သည်။ နေယံနဲ့ပဲ ဧည့်ခန်းထဲမှာ ထိုင်နေရမလား၊ ဒါမှမဟုတ်
ကိုယ့်အခန်း ကိုယ်တက်ပြီး အဝတ်အစား လဲရမလား။ ဟုတ်ပြီ
အဲဒီအကြံကောင်းသည်။ မဟုတ်ရင် ဒီလန်ပျံထွက်နေသော ပုံစံကို
ဘိုးဘိုးကား မျက်စိစပါးမွေးစူးသွားနိုင်သည်။ မြသည် အဲဒီအတွေး
နှင့် တခက်ရဲ့အခန်းရှိရာသို့ အမြန်လစ်ပြေးဖို့ ပြင်သည်။

"ကိုနေယံ ခဏနော်။ ကျွန် ... အဲ ... တခက် အဝတ်
အစား လဲလိုက်ချင်လို့"

"ဪ ... ဟုတ်။ ရတယ် ... ကျွန်တော် ဘိုးဘိုးဆီ ဝင်
တွေ့လိုက်ဦးမယ်"

ဘိုးဘိုးဆီ ဝင်တွေ့မယ်ဆိုတော့ ဘိုးဘိုးက ဘယ်
နေရာမှာ ဆိုတာလဲ မြ မသိချေ။ မတတ်နိုင်တော့။ မြသည်



လှေကားပေါ်သို့ ခပ်သွက်သွက် ပြေးတက်လိုက်စဉ်မှာပဲ အပေါ်
ထပ်မှာ ကြမ်းတိုက်နေသော ကောင်မလေးတစ်ယောက်က မြကို
ခေါင်းထောင်ပြီး အံ့အားတသင့်ကြည့်ကာ ...

"ဟင် ... မမလေး ဆံပင်တွေ ကောက်လာတယ်။ ဟယ် ...
အကျီနဲ့ ဘောင်းဘီကလည်း လှလိုက်တာ။ ဟီး ဟီး ...
မမလေးက မင်းသမီးနဲ့ တူသွားတယ်။ နောက်လည်း
ဒီလိုပဲ ဝတ်ပါလား။ မိုက်တယ်"

"အေး ... ဟုတ်လား။ အေး ... အေး"

ကောင်မလေးက မြကို သဘောတကျဖြင့် လှည့်ပြန်
လိုက်ကြည့်လို့နေလေသည်။ မြသည် အရုပ်လေးကပ်ထားသော
တခက်ရဲ့အခန်းကို ဖျတ်ခနဲဖွင့်ကာ လစ်ခနဲ ဝင်ချလိုက်သည်။
ပြီးတော့ တံခါးကို လော့ခ်ချပစ်လိုက်လေသည်။ ဒီအခန်းထဲကို
ရောက်တော့မှပဲ စိတ်က ပိုလုံခြုံသွားတော့တာဖြစ်သည်။ မြသည်
အခန်းထဲသို့ မျက်နှာမူပြီး လှည့်လိုက်လျှင် ရှုမောဖွယ်ကောင်း
သော တခက်ရဲ့အခန်းကို ခေတ္တမျှ ငေးစိုက်သွားရသည်။

အကောင်းတကာ့ အကောင်းဆုံး အရာများနှင့်
ဖွဲ့စည်းထားသော တခက်ရဲ့ အခန်းကျယ်ကြီးသည် မြ အတွက်
တော့ အိပ်မက်ထဲက ကမ္ဘာငယ်လေးလို ဖြစ်သည်။ မန္တလေးက
မြရဲ့ သုံးထပ်သား ကာရံထားသော အခန်းလေးနဲ့တော့ တခြား
စီပဲ ဖြစ်လေသည်။ အင်း ... သုံးမိနစ်သာခြားတဲ့ အမြွှာညီမဖြစ်
ပေမယ့်လည်း ကုသိုလ်ကံခြင်းကတော့ တခြားစီပါပဲလား။ မြသည်
အတွေးတွေကို ခဏသိမ်းဖယ်ရင်း နံရံကပ်ဗီရိုကြီးတွေထံသို့
လျှောက်လာခဲ့ကာ အိမ်နေရင်းဝတ်ဖို့ သင့်တော်မည့် ဝတ်စုံများ

www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေသည်။ တခက်ရဲ့ အဝတ်အစားတွေမှာ မြ တစ်ယောက်
အနားမကပ်နိုင်ခဲ့သော တန်ဖိုးကြီး အဝတ်အစားများဖြစ်သည်
MK ဆိုင်များမှာ ရောင်းချသော L'OFFICIEL, LACOSTE
BOSSINK, ITOKIN စသဖြင့် တစ်စုံလျှင် သိန်းချီနေသော ဝတ်စုံ
များ ဖြစ်ကြသည်။

ဟင်း … ဘာကြီးတွေမှန်းလဲ မသိဘူး။ မြသည်
ပေ့ါပေ့ါပါးပါး ဝတ်စုံတွေကို ရှာဖွေနေရင်းမှ ဝတ်နေကျဖြစ်သည့်
စွပ်ကျယ်တစ်ထည်နှင့် ချည်သားဘောင်းဘီတို့ကို လွမ်းလာသည်။
နောက်ဆုံးတော့ ချည်သားစကတ်အရှည်တစ်ထည်နှင့် မီးခိုးမဝတ်
တီရှပ်အဖြူတစ်ထည်ကိုသာ ကောက်စွပ်လိုက်ရတော့သည်။
ဒါတောင် အိမ်နေရင်းဝတ်သည့် တီရှပ်အဖြူအကျပ်လေးမှာ
GIORDANO တံဆိပ်ဖြစ်သည်။ ဟင်း … ကြီးပွားချမ်းသာလိုက်
ကြတာ။

အကျီလဲပြီးသွား၍ မှန်တစ်ချက် ကြည့်နေတုန်းမှာ
ပင် အခန်းတံခါးကို လာခေါက်သံ ကြားရလျှင် မြသည် ဆတ်
ခနဲ ဖြစ်သွားသည်။

"ဘ … ဘယ်သူလဲ"

"ခက်လေး … လေးမိုးပါ"

ဟိုက် … နာနီမကြီး လာပြီ။ မြသည် စိတ်ညစ်ညစ်
နှင့် ခေါင်းကုတ်မိကာ အခန်းတံခါးဝနားသို့ သတိအနေအထား
ဖြင့် တရွေ့ရွေ့ တိုးကပ်သွားမိသည်။

နောက်ဆုံးတော့ အသက်ကိုအောင့်ကာ လက်ကိုင်ဖု
ကိုလှည့်၍ ဖွင့်ပေးလိုက်လျှင် ပြုံးဖြဲဖြဲဖောင်းဖောင်း မျက်နှာကြီး



တစ်ခုကို ဘွားခနဲ တွေ့လိုက်ရလေသည်။ မြက မင်သေသေနှင့်
ပင် …

"ဘာလဲဟင် လေးမိုး"

"ဩော် … ခက်လေး ဆံပင်ကောက်လာတယ်ဆိုလို့ လာ
ကြည့်တာပါ။ အဆင်ပြေသွားပဲကွယ်။ ခက်လေးနဲ့ မလိုက်
လောက်ဘူး ထင်နေတာ။ ခုတော့ အထာကျပြီးသား ပုံလိုပဲ"

အင်း … ကျမှာပေါ့။ အစတည်းက ဒီပုံပဲဟာကို။
မြသည် အခုမှပဲ တခက်ထံကို ဖုန်းဆက်ဖို့ သတိရသည်။ အရေး
ပေါ်အခြေအနေနှင့် မြ တစ်ယောက် ဒီကိုရောက်လာတာကို
တခက် မသိသေးချေ။ တော်ကြာ ဒီအိမ်ကို ပြန်လာလို့ကတော့
ဘူးပေါ်သလို ပေါ်သွားတော့မည့် လိမ်ဆင်များအတွက် တွေးပြီး
ကျောချမ်းလို့ လာလေသည်။

"ကိုနေယံ ရောက်နေတယ် လေးမိုး၊ တခက် သူ့ကားနဲ့
ပြန်လာတာ"

"အေး … မမြင့်ကြည် ပြောတယ်။ မဆင်းတော့ဘူးလား"

မဆင်းတော့ဘူးဆိုတော့ မဆင်းလည်း ရတယ်ဆို
တဲ့ သဘောပေါ့။ မြသည် ကိုယ့်အတွေးနှင့်ကိုယ်ဖြင့် ခေါင်းကို
တစ်ချက်ယမ်းပြကာ …

"မဆင်းတော့ပါဘူး။ ဘိုးနဲ့ စကားပြောဖို့ လာတာပဲဟာ။
ဘိုးရော နေကောင်းတယ် မဟုတ်လား"

"အင်း … အရင်ကထက်စာရင်တော့ အခြေအနေက
အများကြီး တိုးတက်လာတာပေါ့။ လာမယ့် မန်းဒေးတောင်
ရုံးပြန်တက်မယ် ပြောနေတယ် …

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ခက်လေး ဟိုကောင်လေးနဲ့ တွေ့ဖြစ်သေးလား”

“ဟင့်အင်း”

မြဲရဲ့ အားပျော့သော လေသံကို ဘွားတော်ကြီးက ယုံကြည့်သွားဟန်ရှိသည်။ သက်ပြင်းတစ်ချက်ကို အသာချကာ ...

“အင်းပေါ့လေ။ အချိန်က ကုစားပေးသွားမှာပါ ခက်လေး ရယ်။ နောက်ကျတော့လည်း ငါ ဆုံးဖြတ်ခဲ့တာတွေဟာ တယ်မှန်ပါလားလို့ တွေးမိလာမှာပေါ့ ...

ဖြေသိမ့်စရာ ထွက်ပေါက်တွေ ရှိလာမှာပါ”

မြဲသည် နာနီကြီး ပြောလိုက်သော နောက်ဆုံးစကား ကြောင့် အတွေးထဲတွင် လက်ခနဲ ဖြစ်သွားကာ လက်ဖျောက် တစ်ချက် တီးမိလေသည်။

“ဟုတ်တယ် ... ကျွန် ... အဲ ... တခက်လည်း အခုကိုပဲ ထွက်ပေါက်တစ်ခု ရှာတွေ့ထားပြီ”

“ဟင် ... ဘာကိုလဲ”

“သြော် ... သတင်းစာထဲမှာ ကြော်ငြာတဲ့စာသားကို လေးမိုး မဖတ်ဖူးဘူးလား၊ အိမ်မှမကွာဘဲ ထွက်ပြေးချင်ပါသလား၊ ဂစ်တာတီးပါ ဆိုတာလေ။ ခက်လေး ဂစ်တာတီးမယ်၊ ကီးဘုတ်တစ်လုံး ဝယ်မယ်။ အခန်းထဲ ထည့်ထားမယ် ...

ဒါဆို အားလုံးကို မေ့လို့ရမယ် ထင်တာပဲ။ ပြီးတော့ တခက်ရဲ့ထွက်ပေါက်လည်း ဖြစ်လာမယ်လေ”

နာနီကြီး လေးမိုးမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ရင်ဘတ်ကို ဖိကာ ...



“အမယ်လေး ... တခက်လေးရယ်။ သမီးဘိုးဘိုး ရှိတဲ့ နေရာမှာများ ဂစ်တာတီးဦးမလို့တဲ့လား။ ကီးဘုတ်ပါ ဝယ်ဦးမတဲ့။ ဟင်း ... မလုပ်ပါနဲ့ကွယ်။ တစ်ခါတည်း နှလုံးလေဟပ်သွားပါဦးမယ်”

“အာ ... ဘာလေဟပ်စရာရှိလဲ။ သူ့အနား သွားတီးမှာမှ မဟုတ်တာ။ ကိုယ့်အခန်းထဲ ကိုယ်တီးမယ့်ဟာပဲ ဥစ္စာ၊ မဖြစ်ပါဘူး တခက်ကို အဲဒီလောက်ကြီး ချုပ်ချယ်ထား လို့တော့ မရဘူး”

မြဲရဲ့သွက်သွက်လက်လက် အပြောကို နာနီကြီးက အံ့သြသလိုဖြင့် ငေးကြည့်လို့ နေလေသည်။ မြဲသည် တခက်ထံ ဖုန်းဆက်ရဦးမှာ ဖြစ်သဖြင့် ဒီမိန်းမကြီးကို ဘယ်လိုပ,ထုတ်ရ မယ်ဆိုတာ စဉ်းစားနေမိသည်။ အင်း ... ဗိုက်တောင် ဆာလာ သလိုပဲ။ ဟုတ်သည်။

အဆောင်က ထွက်လာကတည်းက မြဲမှာ နေ့ခင်း စာ မစားရသေးချေ။ အပြင်ရောက်မှ ထမင်းပေါင်း ဝင်စားမည် ဟု အတွေးရှိခဲ့သော မြဲမှာ နေယံနဲ့တွေ့ကာ တစ်ခါတည်းပါလာ ရသဖြင့် ထမင်းစားဖို့တောင် သတိမရတော့။ အခုမှပဲ ဗိုက်ထဲ က အစာကို တောင့်တရကောင်းမှန်း သိလာတာဖြစ်သည်။

“လေးမိုး ... မြဲ ... အဲ ... တခက် ဗိုက်ဆာတယ်”

“သြော် ... စားတော့မှာလား။ သမီးဘိုးဘိုးနဲ့ အတူတူ စားမှာ မဟုတ်လား။ နေယံလည်း ဒီမှာပဲ စားမယ်နဲ့တူ တယ်”

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူတို့က ဘယ်တော့စားကြမှာလဲ။ မြ ... အဲ ... တခက်က ဗိုက်အရမ်းဆာနေပြီ"

"သမီးဘိုးဘိုးက ဆယ့်နှစ်နာရီ ဒင်,ဆိုတာနဲ့ စားနေကြ လေကွယ်၊ ဘယ်တုန်းက နောက်ကျဖူးလို့လဲ။ နောက်ထပ် ဆယ့်ငါးမိနစ်ဆိုရင် စားတော့မှာပါ"

"ဟုတ် ... ဟုတ် ... အဲဒါဆိုလည်း စားခါနီးကျရင် ခေါ် လိုက်နော်"

လေးမိုးက မြကို တစ်ချက်ကြည့်ကာ ...

"တခက်က အခု ဘာလုပ်မလို့လဲ"

မြသည် ယောင်အအ ပုံစံနှင့် လက်ခါးနှစ်ဖက်ကို ပွတ်ကာ ...

"ဟင် ... ဘာလုပ်ရမှာလဲ"

လေးမိုးက လက်မှာပတ်ထားသော နာရီကြီးကို ဟန်ပါပါမြှောက်ပြလျက် ...

"ဆယ့်နှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်လေ။ ဒီအချိန်ဆို ခက်လေးက ထမင်းစားခန်းထဲဆင်းပြီး လိုအပ် တာ ညွှန်ကြားနေကြ မဟုတ်လား ...

အဲဒါ မပြောတော့ဘူးလား မစီစဉ်တော့ဘူးလား"

မြသည် မှားပြီဆိုတာ သိလိုက်သော်လည်း ဘာမှ မဖြစ်သောပုံ ခပ်တည်တည်နှင့်ပင်။

"မစီစဉ်တော့ဘူးလေ။ မမြင့်ကြည် ကြည့်လုပ်ထားလို့ ပြောလိုက်ပေါ့။ လေးမိုးလည်း ရှိနေတာပဲ။ တခက်ကိုယ်



စား လေးမိုး ကြည့်လုပ်ပေးပေါ့။ ပြောပေးပေါ့။ ဟုတ်ဖူး လား ...

ကဲ ... ကဲ ... သွားပြောပေးပါ။ တခက် သူငယ် ချင်းတစ်ယောက်ဆီ ဖုန်းဆက်စရာကိစ္စလေးရှိနေလို့ နော် ချစ်မိုးကြီးကလည်း ဆီမွှာပါတယ် ... ဟဲ ဟဲ"

မြသည် လုပ်နေကျပုံစံအတိုင်း ဘွားတော်ကြီးရဲ့ပါး ကိုတောင် တစ်ချက် ဆွဲလိမ်ရလိုက်လျှင် ထိုမိန်းမကြီးက မြကို မမြင်ဖူးသောသူလို ငေးကြောင်ပြီးကြည့်နေလေသည်။

"တခက်တစ်ယောက် ဆဲပင်စတိုင်(လ်)တင် ပြောင်းတာ မဟုတ်ဘဲလူစတိုင်(လ်)ပါပြောင်းထားတာကိုး။ ကြည့်ဦး ဘာတွေ စိတ်ချမ်းသာစရာများတွေ့လို့ ဒီလောက်တက်ကြွ ပျော်ရွှင်နေရတာလဲ"

ဘုရား သစ္စာ။ ထိုမိန်းမကြီးမေးတော့မှပင် မြသည် လျှာတစ်လစ်ထုတ်ကာ ဇက်ပုမိတော့မလို ဖြစ်သွားသည်။ အဘိုး တစ်ယောက်လုံး အိမ်ရာထဲလဲလောက်သည်အထိ ချစ်သူဘက်က အတိုက်အခံလုပ်ထားသော မိန်းကလေးတစ်ယောက်ဟာ ဒီလို ရွှင်ရွှင်လန်းလန်း နေနိုင်သတဲ့လား။ အင်း ... သိပ်တော့နေနိုင် မည်မထင်ပါ။ မြသည် အီလည်လည်မျက်နှာနှင့်ပင် နာရီကြီးကို မှီးပြလိုက်ရသည်။

"တက်ကြွနေတာတော့ မဟုတ်ပါဘူး လေးမိုးရယ်။ ဟို ... ဟိုလေ ဘယ်လိုပြောရမလဲ ... ဗိုက်ဆာလာပြီ ... ဟဲဟဲ နော် ... သဘောပေါက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အကောင်းပြောမလို့ဟာကနေ ဆက်မပြောတတ်တော့သဖြင့် ရှုံးချင်ယောင်ဆောင်လိုက်ရသော မြဲ့ရဲ့ပုံစံကို လေးမိုးက မျက်ခုံးတစ်ချက်ရှုံ့ကြည့်ကာ ဘာမှမပြောတော့ဘဲ အသာလှည့်ထွက်သွားတော့မှပင် မြဲသည် သက်ပြင်းကို အသာချလျက် အခန်းထဲသို့ လှစ်ခနဲ ပြန်ပြေးဝင်လာရသည်။ တံခါးကို လော့ခ်ပြန်လုပ်ပြီးမှ ခုတင်ဆီက ကော့ဒ်လက်စ်ဖုန်းကိုယူကာ တခက်ရဲ့ဖုန်းနံပါတ်တွေကို အမြန်နှိပ်လိုက်ရလေသည်။ ဖုန်းဝင်မှဝင်ပါ့မလားလို့ စိုးတထိတ်ထိတ်နှင့် ဖုန်းကို ကိုင်ထားသော မြဲမှာ ထိုင်ရမလို ထရမလိုဖြင့် ကုန်းကုန်းကွကွ ဖြစ်လို့နေလေသည်။

ဖုန်းက လိုင်းဝင်သွားပြီ။ ဖွင့်၍ ထူးသံကြားတော့မှပင် အလုံးတစ်လုံးက အရင်ပြုတ်ကျသွားသည်။

"ဟယ်လို"

"ဟဲ့ ... မိတခက် ငါပါ"

"ဟင် ... မြဲ၊ မြဲက အိမ်ကိုရောက်နေတာလား၊ ဘယ်လိုလုပ်ရောက်သွားတာလဲ"

"ဘယ်လိုလုပ်ရောက်ရမှာလဲ၊ နင့် နေဇယ်က ငါ့ကို လမ်းမှာတွေ့တာနဲ့တင် ခေါ်လာတာနဲ့ ပါလာတာပေါ့။ ငါ အခု နင့်အခန်းထဲက ဆက်နေတာ၊ ခဏနေရင် ဘိုးဘိုးနဲ့ ထမင်းစားရတော့မှာ"

"ဟယ် ... ဟုတ်လား၊ အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ နင် ဒီကိုတော့ ပြန်လာဖို့ မဖြစ်တော့ဘူးပေါ့။ မထူးတော့ဘူး တစ်ခါတည်း လူလဲလိုက်ကြတာပေါ့၊ ကောင်းလား"



"အို ... ကောင်းတာပေါ့"

"ဟင်း ... ဒါမျိုးကျတော့ သွက်သွက်ကြီး။ အဲဒါက အရေးမကြီးဘူး၊ အဆောင်မှာ ငါ့ပစ္စည်းတွေက ဒီအတိုင်းကြီးဖြစ်နေတယ်၊ အဲဒါ နင်ပဲ ခပ်တည်တည်နဲ့ ငါ့ပုံစံနဲ့ပဲ ဝင်သွားတော့။ ငါ့ပစ္စည်းတွေအားလုံး နင်တို့တိုက်ခန်းကို ရွှေ့ထားလိုက်တော့၊ ငါ့ဂစ်တာကို ဂရုစိုက်နော်၊ အဲဒါ ငါ့ အသက်"

"အင်းပါ ... စိတ်ချပါ။ ဒါနဲ့ မြဲ အဲဒီမှာ အဆင်ပြေရောပြေရဲ့လားဟင်"

"ဒီလိုပဲပေါ့၊ မီးစင်ကြည့်ကနေရတာပဲ။ အားလုံးကတော့ ယုံပုံပါပဲ။ ကဲ ... ငါ အဲဒါလှမ်းပြောတာ။ ကြာကြာပြောလို့ မကောင်းဘူး။ ဖုန်းချတော့မယ်၊ အဆင်ပြေရင် မနက်ဖြန် နင့်ကို ငါ လာတွေ့မယ်၊ ဘာတွေယူခဲ့ပေးရဦးမလဲ"

"ဟင့်အင်း ဘာမှမယူခဲ့ပါနဲ့"

"ဟင် ... နင်က ငါ့အဝတ်အစားတွေ ဝတ်မလို့လား။ နင့်ဟာတွေက တကယ့်ဈေးအကြီးကြီးတွေ၊ Classics တွေဟာ၊ ပျင်းလိုက်တာ။ ဂျင်း(န်)တွေ ဘာတွေလဲ မရှိဘူး ...

နင့်သုံးတဲ့ Skin Care Set တွေကလည်း ခေါင်ခိုက်တွေ။ အဲဒါတွေ ယူခဲ့ပေးရမလား"

"အင်း ... အဲဒါတွေတော့ ယူချင်ယူခဲ့ပါ။ တခြားဟာတွေတော့မယူပါနဲ့။ မြဲပဲသုံးပါ။ ဗီရိုထဲက အံဆွဲထဲမှာ တခက်ရဲ့ ဘဏ်စာအုပ်ရှိတယ်၊ မြဲ သုံးချင်တာသုံးပါနော်။ ဂျင်း(န်)တွေလည်း ကြိုက်ရာသာ အသစ်ဝယ်ဝတ်လိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



မြသည် အချစ်အတွက်နှင့် အားလုံးကို ရဲရဲဝံ့ဝံ့စွန့်သွားတော့မည့် ညီမငယ်၏စကားဦ ခေတ္တမျှောသွားသည်။ အင်း... သူမလေးလည်းပဲ အချစ်သူရဲကောင်းပဲ။ ဒီလို ခမ်းနားကြီးကျယ်တဲ့ စည်းစိမ်တွေကို စွန့်လွှတ်ကာ ချစ်သူနောက်ကိုပဲ ကောက်ကောက်ပါအောင် လိုက်သွားတော့မယ်ပေါ့။ မြသာဆိုရင်ကော ဒီလိုမျိုး စွန့်လွှတ်နိုင်ပါ့မလား။ မြကတော့ ကိုယ့်ကိုယ်ကိုယ် အာမ,မခံနိုင်ချေ။

ဩော် ... ဒါကြောင့်လည်း သီချင်းတွေက ရေးစပ်ထားကြတာပေါ့။ တပင်တိုင်မြနန်း ရွှေဘုံပေါ်မှာ စံနေရလည်း အချစ်မရှိရင် ဘာဝအဓိပ္ပာယ်မရှိတော့ပါတဲ့။ မြသည် ခေတ်သစ်ဂျူလီယက်ကို ပါရမီဖြည့်ပေးရသည့်အတွက် စိတ်ချမ်းသာလာပါသည်။

"အင်း ... နင်ပျော်နေလား တခက်"

"ပျော်တာပေါ့ စိတ်ဖြောင့်လက်ဖြောင့်ကို ပျော်တာ၊ ရှဥ့်လည်းစွဲသာ ပျားလည်းလျှောက်သာဆိုတာ ဒါမျိုးပေါ့နော် ဟင်း ဟင်း"

မြသည် တခက်ရဲ့ စကားပုံတလွဲကြီးကို ဖွီးခနဲ အော်ရယ်မိလေသည်။

"ဟား ဟား ... တခက်ရာ ပြောလိုက်ရင်တလွဲ၊ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ လုပ်စမ်းပါဟာ၊ နင့်ကို လင်းညို့က အဲဒီလိုပဲ သင်ထားလား"

"အဲ ... ဟုတ်သားပဲ။ ဆောရီး ... ဆောရီး။ ဒါဆို မြက မနက်ဖြန် လာမှာလားဟင်"



"အခြေအနေအရပဲလေ။ နင့်အဘိုးအကြောင်း နင် အသိဆုံးပဲ မဟုတ်လား"

"အင်းပါ၊ အဲဒီ မြတစ်ယောက်ကလည်းလေ သူ့အဘိုး မဟုတ်တာ ကျနေတာပဲ"

"ငါ့အဘိုးမဟုတ်ဘူး။ ငါ့အမေ့ကို မတူသလို မတန်သလို ဆက်ဆံခဲ့တဲ့ နင့်အဘိုးကို ငါ မကျေနပ်ဘူး"

"ဩော် ... ဘာအာဃာတတွေမှ မထားပါနဲ့ မြရယ်။ ကဲ ဆယ့်နှစ်နာရီထိုးတော့မယ်။ ဘိုးနဲ့ ထမင်းသွားစားတော့လေ။ ဘိုးနဲ့ အဆင်ပြေအောင်နေနော် သိလား။ ဘိုးက သူ့ကို ပြန်ပြောရင် ကြိုက်တာ မဟုတ်ဘူး"

"စိတ်ချ မဟုတ်တာပြောရင်တော့ ပြန်ပြောမှာ"

"ဟယ် ... အဲလို"

တခက်ရဲ့စကားမှ မဆုံးသေးခင် မြက ဖုန်းကို စိတ်ချပစ်လိုက်လေသည်။ အဲဒီနောက် ထမင်းစားဖို့အတွက် ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းကျယ်ကြီးထဲတွင် ထမင်းဝိုင်းကို ပြင်ဆင်ထားပုံမှာ ဟိုတယ်မှာ တက်စားရသာထက်တောင် သားနားသေးလေသည်။ ဒါတွေဟာ အိမ်ရှင်မကောင်းကြီး စွဲတခက်ရဲ့ စီမံကွပ်ကဲမှုတွေကြောင့်ဟု သိထားလျှင် မြသည် ပခုံးကို အသာတွန့်မိလေသည်။ အင်း ... အဆောင်မှာ ဆိုရာတန် ထမင်းထုပ်တစ်ထုပ်နှင့် ဘာလချောင်ကြော်တစ်ထုပ် ရလျှင် ထမင်းစားလို့ဖြစ်သော၊ ညစာကို ချဉ်စပ်ခေါက်ဆွဲပြုတ်တစ်ထုပ်နှင့် အေးအေးဆေးဆေး ဖြတ်ကျော်တတ်သော မြအတွက်တော့ နေရှင်းထိုင်ရှင်း ဖုတ်သွင်းရထားဆိုက်တာပဲ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသည် ဟီးထနေသော ထမင်းဝိုင်းကြီးကို တစ်ချ
ကြည့်ကာ မဆာသောဗိုက်ပင်လျှင် ပိုဆာလာသလို ခံစားရသေ
သည်။ ပုစွန်တုပ်ကြီးများကို မီးဖုတ်ကာ ရောက်သီးဆမ်းထားသော
ဟင်းပန်းကန်က မြကို အစွဲဆောင်ဆုံးပဲ ဖြစ်တော့သည်။ အမယ်
လေး ... ပုစွန်တုပ်တွေ။ ဒီလို ပုစွန်တုပ်တွေ မစားရတာ ဘယ်
လောက်တောင်များကြာခဲ့ပြီလဲ။ အနားကို မကပ်နိုင်ခဲ့သော ကိုရေ
ပုစွန်တို့ကို မြက အံတကြိတ်ကြိတ်ဖြင့် ကြိမ်းထားလိုက်သည်
မှန်းစမ်း ... ကျန်တာတွေက ဘာတွေလဲ။ ဟင်း ... ဟိုဟာက
ဆိတ်သားနှပ်။ ကရဝေးရွက်တွေ ဘာတွေနဲ့ မွှေးကြိုင်နေအောင်
ဘယ်လိုများ နှပ်ထားပါလိမ့်။ ဒါက ငါးရံ့ခြောက်ကို ထောင်
ကြော်ထားတာ၊ အိုး ... မွှေးလိုက်တာ။ ဟင်း ... ဒါက ငါးခူ
ရဲယိုရွက် အုပ်ထားတာပဲ။ ကောင်းမယ်ပုံ။ အမယ်လေး ... ဟိုမှာ
ကြက်သွန်ကြော်ရဲရဲလေးတွေ လွှမ်းထားတာက မြင်းခွာရွက်သုပ်
နဲ့တူတယ်။ အိုး ... ပုစွန်ဆိတ်လေးတွေ ခတ်ထားတဲ့ ကင်ပွန်းရွက်
ဟင်းရည်ကလည်း အငွေ့တထောင်းထောင်း။

မြသည် ဟင်းပွဲတွေကို သဘောတကျနှင့် ခေါင်
တဆတ်ဆတ်ညိတ်နေတုန်းမှာပင် မမြင့်ကြည်က မြအနားသို
ကပ်လာကာ ...

"ဒီနေ့ မြန်မာဟင်းအလှည့်မို့ ဒီလို စီစဉ်ထားတယ်
မလေး။ အဆင်ပြေရဲ့လား"

"အင်း ... ပြေတာပေါ့။ သိပ်ပြေတယ်"

"အချိုပွဲအတွက်တော့ ပန်းသီးပါပဲ။ တခြား ဘာစီစဉ်ဦး
မလဲ။ ဧည့်သည်လည်း ရောက်နေတော့လေ"



"မသိဘူး၊ ကြိုက်တာလုပ်"

"ရှင် ..."

"ဩော် ... အင်း ... မဟုတ်ပါဘူး၊ ပန်းသီးပဲ ရှိတာလား။
တခြားဘာရှိသေးလဲ"

"မလေး ထိုးထားတဲ့ သီးစုံကျောက်ကျောတွေရှိတယ်"

"အေးလေ၊ အဲဒါ ချပေးပေါ့"

"ဟုတ်ကဲ့၊ ဒါဆို မောင်းတီးလိုက်တော့မယ်နော်"

"ဟင် ... ဘာမောင်းတီးမှာလဲ"

မြရဲ့နားမလည်သလိုအမေးကို မမြင့်ကြည်က အံ့ဩ
သလိုကြည့်သည်။ အဲဒီအကြည့်ကြောင့် မြသည် ကိုယ့်ကိုယ်ကိုယ်
ဒေါ်တပျက်သွားရလေသည်။ တစ်ခါတည်းပါ သင်ခန်းစာလည်း ရ
သွားသည်။ နောက်ဆို ကိုယ်နားမလည်သောစကားဆိုလျှင် အလိုက်
သင့်ငြိမ်နေတတ်ရမည်ဆိုတာကို သဘောပေါက်သွားလေသည်။

"ဆယ့်နှစ်နာရီအတိ ရှိပြီလေ၊ အဘိုးကို ထမင်းစားကြွဖို့
တီးတဲ့မောင်းကို ပြောတာလေ"

"ဩော် ... အင်း ... တီးလေ၊ ဒါများ အထူးအဆန်းလုပ်ပြီး
လာပြောနေတာကိုး။ ဒီတော့ ကြောင်သွားတာပေါ့"

"မဟုတ်ပါဘူး၊ ခါတိုင်းဆို မလေးက အားလုံးကို စိတ်
တိုင်းကျပြီဆိုမှ မောင်းတီးတော့လို့ အမိန့်ပေးမှ တီးရတာ
ပါ"

မြသည် မျက်နှာကို မရှုံ့မိအောင် အတန်ငယ်ထိန်း
သားရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျတယ် ... ကျတယ်။ တီးစရာရှိတာ တီးသာတီး နောက်ဆို ကျွန်တော် အဲ ... တခက် အပြောကို ရှောင် မနေနဲ့"

မြဲ့ရဲ့အပြောကို စားဖိုချောင်ချုပ် မမြင့်ကြည်က ဘာမှ မပြောတော့ဘဲ ထမင်းစားခန်း ထိပ်နားက ခုံလေးတွင် တင်ထားသော ငွေမောင်းလေးကို သွားတီးသည်။ သူ ငွေမောင်း တီးတာကိုကြည့်ပြီး မြဲ့မှာ ဘယ်လိုဟာကြီးတွေတုံးဟု တွေးကာ စိတ်ပျက်၍နေတော့လေသည်။ ထမင်းစားဖို့အရေးကို နာရီ မိနစ် စက္ကန့် အတိအကျဖြင့် တွက်ကာ စားဖို့သောက်ဖို့အရေးကိုလည်း မောင်းတီးပြီး ပင့်တော်မူရသော အလေ့အထများကို ဘယ်ခေတ် ထိများ လက်ဆင့်ကမ်း ယူနေမှာပါလိမ့်။

များမကြာမီမှာပင် ဧကရာဇ်ကြီးတစ်ပါးလို ကြွချီ တော်မူလာသော ဘိုးဘိုးဦးမြသာကို ဖူးတွေ့ရပါသည်။ ဘိုးဘိုး သည် ပါတိတ်ရှပ်အင်္ကျီအကောင်းစားကို ပုဆိုးဖြင့် တွဲဖက်ဝတ်ဆင် ထားကာ အရပ်ရှည် လူထွားကြီး ခန့်ခန့်ညားညားကြီး ဖြစ်သည်။ မျက်မှန်မတပ်ထားသော မျက်လုံးများမှာလည်း စူးရှကာ တစ်ဖက် သားရဲ့ရင်ထဲအထိ ထွင်းဖောက်ကြည့်မည့် မျက်လုံးများဖြစ်လေ သည်။ အသားအရေ ဥပဓိရုပ်ပါကောင်းလျက် အရှိန်အဝါကြီးသော သူဌေးကြီးတစ်ဦးမှန်း မြင်လိုက်တာနှင့်ကို သိသာစေလေသည်။

ဘိုးဘိုးက မြဲ့ကို ရှုတင်းတင်း တစ်ချက်ကြည့်ကာ ...

"မနက်က ဘယ်သွားတာလဲ"

"အဲ ... ဆံပင် ... ဆံပင်သွားကောက်တာပါ ... ဟဲ ဟဲ"



မြဲ့ရဲ့ ရယ်သွမ်းသွေးပုံစံကို ဘိုးက မကြည့်သလို ကြည့်ကာ ထမင်းစားပွဲထိပ်က CEO ခုံတွင် ဝင်ထိုင်သည်။ တော့မှပင် မြဲ့သည် သတိဝင်လာလျက် နေယံကိုပါ လက်တွေ ခြေတွေပါ ပါမတတ် ဖိတ်ရသည်။ ကုလားထိုင်တွင် လက်ညွှန် ပြကာ ...

"ကိုနေယံ ထိုင်ပါ"

"ဟုတ် ... ရပါတယ် တခက်"

"အဟဲ ... ဒီနေ့ဟင်းက မြန်မာစီးရီးစ်လေ၊ ဘိုး ... ဘိုး အတွက် ငါးခူနဲ့ရဲယိုစပါယ်ရှယ် ဦးချမယ်နော်"

ပြောလည်းပြော ထည့်လည်း ထည့်ပေးသော မြဲ့ကို ဘိုးက ဘာမှမပြောဘဲ ကြည့်ရုံသာကြည့်နေသည်။ အဲဒီအကြည့် တွေဟာ အကဲခတ်သလို ကြည့်နေသည့်အကြည့်တွေမို့ မြဲ့သည် ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ကိုယ်ရှိန်သတ်လိုက်ရသည်။ တောင် မေးခွန်းတစ်ခုက ဒိုင်းခနဲဝင်လာသေးသည်။

"တခက် ... ညည်းကြည့်ရတာ ဆံပင်တွေ ဘာတွေကောက် နဲ့ ပျော်နေတဲ့ပုံပဲ၊ ဘာတွေများ အကြိုက်ကောင်းတွေ့နေရ တာလဲ ပြောစမ်း"

"အို ... ဘိုးကလည်း ဘာအကြိုက်ကောင်းတွေ့စရာရှိလဲ၊ ဆံပင်ကောက်တာက စိတ်အပြောင်းအလဲဖြစ်အောင်လို့ပါ၊ ကိုရီးယားကားတွေကြည့်ပြီး ကိုရီးယားမင်းသမီးတွေကို အားကျလို့လေ ... ဟင်း ဟင်း"

"တခက်နဲ့ အဆင်ပြေပါတယ်၊ အမြဲထားနေကြ ပုံစံလို့ အထာကျနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေယံကပါ အမှတ်ဝင်ပေးလျှင် မြသည် နေယံ၏ ကျေးဇူးစကားသည့်သဘောဖြင့် ခေါင်းလေးဆတ်ပြီးပြုံးပြကာ မျက်မတစ်ချောင်း ထောင်ပြမိသည်။ အဲဒီပုံစံကို နေယံက အံ့သြသွားသလိုဖြင့် ရယ်ဟဟကြည့်လျှင် မြသည် မှားပြန်ပြီဟု စိတ်ထဲအကျယ်ကြီး အော်မိပြန်လေသည်။ ကျွတ် ... ခွဲတခက်မှာ ဒီလကို သိပ်ကြည့်တာမဟုတ်ဘူး။ ပြီးတော့ ငါလို သွက်သွက် လက်လက်ပုံစံလည်း ရှိတာမဟုတ်ဘူး။

ဟင်း ... သေတော့မှာပဲ။

မြသည် စိတ်ပျက်လက်ပျက်ဖြင့် အံကိုကြိတ်ကာ ထမင်းစားဖို့သာ အာရုံထားတော့သည်။ ရှောက်ရည်ဆမ်းထားသော ပုစွန်တုပ်ကြီးကို အားရပါးရကိုင်ဆွဲလိုက်လျှင် ဘိုးထံမှ အသံထွက်လာသည်။

"ဟင် ... ညည်း အဲဒါ ဘာလုပ်တာလဲ"

"ရှင် ... စား ... စားမလို့လေ ဘိုးရဲ့"

"ဟေ ... ညည်းက ပုစွန်တုပ်စားမယ်"

"ဟုတ် ... ဟုတ်ကဲ့"

မြသည် ဘာများမှားပြန်ပြီလဲဟု တွေးကာ ငိုတောင်ချင်၍လာလေသည်။ အဘိုးကလည်း မြကို အံ့အားသင့်သလို မျက်လုံးများဖြင့်ကြည့်ကာ ...

"ပုစွန်တွေစားရင် ညည်း တစ်ကိုယ်လုံး အဖုအပိန့်တွေထွက်ပြီး Allergic ဖြစ်တာကို မေ့နေလို့လား။ ညည်း ဘယ်တုန်းက စားခဲ့ဖူးလို့လဲ"



မြသည် ငိုချမိတော့မတတ် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ တခေါ်က အဲဒီလိုဖြစ်တာတော့ မြ မသိချေ။ မြကတော့ ဘာဆိုဘာမှမဖြစ်တတ်ပါ။ ပုစွန်တုပ်တွေကို အစားအစာထဲမှာ အကြိုက်ဆုံးဖြစ်သော်လည်း သောင်းဂဏန်းချီနေသည့်အစားအစာတွေမို့ ဝယ်မစားနိုင်ခဲ့။ ကြော့ပုစွန်လောက်သာ အကောင်းသုံး၍ အားသာမြေရှ စားခဲ့ရတာဖြစ်သည်။

ဒီပုစွန်တုပ်တွေကို မြင်ပြီးမှတော့ မစားဘဲမနေနိုင်တော့ပါ။

"မစားခဲ့ဖူးတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ စိတ်ထဲမှာ အရမ်းစားချင်စိတ် ပေါ်လာလို့ပါ။ စားမယ်နော် ဘိုး ... ဟဲ ဟဲ"

ပြောပြောဆိုဆို ပုစွန်အသားကို ဖဲ့ကာ ပါးစပ်ထဲသည့်ဝါးလိုက်သော မြကို အဘိုးက အံ့သြသလိုဖြင့် မျက်မှောင်ကြုတ်ကြည့်နေသည်။

မြက အသားတွေကို အသာဝါးရင်းမှ အဘိုးကို တစ်ချက် ရယ်သွမ်းသွေးပြကာ နေယံကိုလည်း ပုစွန်ပန်းကန်ကို လက်ညွှန်ပြလျက် ...

"ကိုနေယံ ထည့်စားနော်။ အားမနာပါနဲ့ ... ဟင်း ဟင်း"

"ဟုတ်ကဲ့၊ ကျွန်တော်က ပုစွန် သိပ်မကြိုက်ပါဘူး"

"သြော် ... ဒါဖြင့်ရင် ဆိတ်သားနှပ်စား၊ ဆိတ်သားနှပ်က ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြကဆိတ်သားနှပ်တစ်တုံးကို လက်သွက်သွက်နှင့် ပင် ထည့်ပေးလိုက်သည်။ နေယံက မျက်ခုံးတစ်ချက်ပင့်ကာ ပြုံးရင်း "သင့်ခ်ယူ"ဟု ခပ်တိုးတိုးဆိုသည်။ မြသည် အပြုံးလေး တစ်ချက်နှင့် ခေါင်းဆတ်ကာ ...

"စားနော် တခြားဟင်းတွေလည်း ထည့်စား၊ ကိုယ့်အိမ်လို သဘောထားပြီးစားပါ အားမနာပါနဲ့"

သူက မြရဲ့အပြောကို သဘောတကျနှင့်ရယ်ကာ စတင် စားသောက်သည်။ မြသည် အားလုံးစားသောက်ပြီဆိုမှ ကိုယ်လည်း အားရပါးရပင် ဖြောင့်ဖြောင့်တန်းတန်းစားသောက်နိုင် တော့လေသည်။

ထမင်းမှာလည်း ရှမ်းဆန်လား ဘာလားတော့မပြော တတ် စေးစေးလေးဖြစ်ကာ တစ်စေ့ချင်း ကော့ပျံတက်ပြီး မွှေးနေ သဖြင့် ထမင်းကိုက အရသာသပ်သပ် ရှိနေတာဖြစ်သည်။

ဆိတ်သားနှပ်ကလည်း နူးပြီးမြည့်နေအောင် ဘယ်လို နှပ်ထားသလဲတော့ မသိ။ တကယ့်ကို ပထမတန်းစားဆိတ်သားနှပ် ဖြစ်သည်။ ပုစွန်ဆိတ်လေးများ ခတ်ထားသော ကင်ပွန်းရွက်ဟင်း ချဉ်ချဉ်လေးမှာလည်း ဘယ်လိုကောင်းမှန်းမသိချေ။ ထမင်းဝိုင်း တွင် မြတစ်ယောက်သာ အသွက်ဆုံးဖြစ်သည်။ ဘေးမှ လိုက်ပွဲ ထမင်းကိုပင် ထမ်ယူသေးလျက် ဆွဲလိုက်သေးသည်။

"ဘိုး ... ထမင်းယူမလားဟင်"

"အင်း ... ညည်း စားနေတာကိုကြည့်ပြီး ငါ့ဗိုက် စားကောင်း လာပြီ၊ ကဲ ... ကဲ ... ထည့်"



"ဟုတ် ... စားပါဘိုးရဲ့၊ ဘိုးများစားတော့ အားရှိတာပေါ့။ ကိုနေယံရော ထမင်းထည့်ဦးနော်"

သူက အသာပြုံးကာ ခေါင်းဆတ်ပြသည်။ မြသည် သူနှင့်အဘိုး ပန်းကန်ထဲသို့ ထမင်းထပ်ထည့်ပေးကာ ကိုယ်တိုင် လည်း အားရပါးရ စားမိလေသည်။ အထူးသဖြင့် ပုစွန်တုပ်တွေမှာ မြတစ်ယောက်တည်း ဒိုင်ခံစားပေးတာဖြစ်သည်။ အဘိုးကတော့ မြ ပုစွန်တွေယ်တာ မြင်လေတိုင်း မျက်မှောင်ကုတ်ကြည့်ကာ ...

"ညည်းတော့ ဆရာဝန်ဆီသွားရမှာ မြင်ယောင်နေတယ် တခက်ရေ"

"ဘိုးကလည်း ကြည့်နေပါ မသွားရပါဘူး။ ဆေးသောက် ထားပါတယ် ဘိုးရဲ့ ... ဟဲ ဟဲ"

တကယ်လည်း ဘာမှမဖြစ်ချေ။ စားသောက်ပြီးလျှင် ရှေ့မှာ အချိုပွဲတည်းကြပြန်သောအခါ အဘိုးက မြကို ရှုတင်းတင်း ကြည့်လျက် ...

"တခက် ... ငါ မနက်ဖြန် ရုံးပြန်သွားမှာ၊ ညည်း ငါ့ကို စိတ်ဆင်းရဲအောင် ထပ်လုပ်ဦးမှာလား"

"ရှင် ... ဘိုး ဘာကိုပြောတာလဲဟင်"

"အူကြောင်ကြောင်ပုံစံ လာလုပ်ပြမနေနဲ့ တခက်။ ငါ ဘာပြောချင်တယ်ဆိုတာကို ညည်း သိတယ်။ ငါ မေးတာ ကိုသာဖြေ"

"ဟို ... ဘိုးကို တခက် စိတ်ဆင်းရဲအောင် မလုပ်ပါ ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးက မြကို စူးရှသော မျက်လုံးများဖြင့် တစ်ချက်စိုက်ကြည့်ကာ ...

"သေချာတယ်နော် မိတခက်"

"အင်း ... သေချာပါတယ်"

"ဟင်း ... ပြန်ဖြေတဲ့အသံကိုက အားမရှိတဲ့လေသံနဲ့၊ ထားလိုက်ပါလေ့၊ ကောင်းပြီ။ ညည်းကို ငါ ယုံလိုက်မယ်။ ညည်း ငါ့ကို ပြောတဲ့အချိန်မှာ နေယံလည်း ရှိတယ်နော်။ သူက သက်သေပဲ"

မြသည် ဘာမှပြန်မပြောနိုင်ဘဲ အောင့်သက်သက်နှင့်သာ ပြုံးနေရသည်။ စိတ်ထဲကတော့ ဆယ်ခါပြန်ကတိပေးတယ် ဘိုးရေ ဟုသာ အော်နေမိလေသည်။ တကယ်တမ်းမှာ မြက အနေသာကြီးပဲဖြစ်လေသည်။ တစ်ခုပဲစိုးရိမ်တာဖြစ်သည်။ အဆိုတော်လင်းညို့ကို ခါးခါးသီးသီးဖြစ်နေသော ဘိုးဟာ မြတစ်ယောက်သီချင်းတွေကို ဝါသနာကြီးမှန်း သိသွားရင်ရော ဘယ်လိုများဖြစ်မှာပါလိမ့်။ အဲဒါကိုတော့ မြ ရင်မောရသည်။ မတတ်နိုင်တော့။ ဒီအခြေအနေရောက်မှတော့ မီးစင်ကြည့်ကဖို့သာ ရှိတော့လေသည်။

မြသည် တွေးတောနေရင်းမှ အိမ်ရှေ့မှာရပ်ထားသော နေယံရဲ့ကားထံသို့ အကြည့်ရောက်သွားလျှင် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသွားလေသည်။

"ဘိုးကို တခက် ပြောစရာတစ်ခု ရှိသေးတယ်"

"ဘာလဲ"



"တခက် ကားပြန်မောင်းချင်တယ်"

"ဘာစိတ်ကူးပေါက်လာပြန်ပြီလဲ"

"စိတ်ကူးက အစောတည်းကရှိနေတာပါ။ တစ်ခါတလေ ကျတော့လည်း ကိုယ့်ဟာကိုယ်လေး မောင်းသွားချင်တာပါ။ ကိုဖိုးတုတ်ကလည်း အဲမြဲအားတာမဟုတ်ဘူးလေ၊ သူများ မိန်းကလေးတွေ မောင်းတာလည်း အားကျလို့ပါ ...

ဒါကြောင့် ကားပြန်မောင်းချင်တယ် ဘိုး"

"ညည်း မဟုတ်တရုတ်တွေ လုပ်မလို့တော့ မဟုတ်ပါဘူးနော်"

"အာ ... ဘိုးကလည်း တခက်က ဘာလုပ်ရမှာလဲ။ ခုထိ တခက်ကို မယုံသေးဘူးလား၊ လောကမှာ တခက်အတွက် ဘိုးထက်အရေးကြီးတာ ဘာမှမရှိပါဘူး ဘိုးရယ်"

မြက အကယ်ဒမီအိုက်တင်အပြည့်ဖြင့် ပြောလိုက်လျှင် ဘိုးက နည်းနည်းစိတ်ချသွားသည်။ ဒီနေရာတွင် နေယံရဲ့ ကားသံက ဖောက်ထွက်လာသည်။

"တခက် မောင်းချင်တယ် ဆိုရင်လည်း ခွင့်ပြုလိုက်ပါ ဘိုး။ ဘာမဆိုတတ်ကျွမ်းနေတော့ ကောင်းပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ရှိတာပေါ့"

"အိမ်း ... ဆင်ဆင်ခြင်ခြင်တော့လုပ်"

မြသည် အဘိုးထံက ခွင့်ပြုချက်ရလျှင် လှိုက်ခနဲ ပျော်သွားလေသည်။ ခါတိုင်းက တခြားကောင်မလေးတွေ ကားတစီစီနှင့် ဖြတ်မောင်းသွားတာ မြင်လေတိုင်း အားကျမောခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရမှုများကို ပြန်သတိရမိသည်။ မြဲရဲ့ ကံဇာတာတွေ သိပ်တက်နေတယ်နဲ့တူပါရဲ့။

"ဟား ... စိတ်ချပါ ဘိုး၊ အဟဲ ... နောက်ဆိုရင်လေ ဘိုးကိုတောင် တခက်က ရုံးကို ကားမောင်းပို့ဦးမှာ ... သိလား"

ဘိုးက မြဲရဲ့ ခပ်သွက်သွက်ပုံစံကို ရှုတည်တည် တစ်ချက်လှမ်းကြည့်ကာ အကဲခတ်နေသဖြင့် မြဲမှာ ကိုယ်ရှိန်သတ်လျက် အသာငြိမ်နေလိုက်ရသည်။ အဲဒီနောက်မှာတော့ အဲဒီစကားဝိုင်းမှ အသာလစ်ထွက်လာကာ ကိုယ့်အခန်းထဲသို့ တက်လာခဲ့သည်။ အခန်းထဲရောက်လျှင်တော့ မြဲသည် ကမ္ဘာသစ်တစ်ခုကို ရောက်သွားသလို ပေါ့ပါးလွတ်လပ်သွားလေသည်။

အခုမှပဲ အခန်းထဲသို့ သေချာကြည့်ဖြစ်သည်။ ဘေးတံခါးကိုဖွင့်လိုက်လျှင် လမ်းပေါ်ကို လှမ်းမြင်ရသော ဝရန်တာလေးလည်းရှိသည်။ ကျယ်ဝန်းလှသော မွေ့ရာကြီးပေါ်သို့ မြဲက အားရပါးရ ပစ်လှဲချလိုက်ကာ အားပါးတရ ဇိမ်ခံပစ်လိုက်သည်။ အင်း ... တစ်မအေတည်းမွေးတဲ့ အမြွှာညီအစ်မချင်းအတူတူကိုတောင် ကုသိုလ်ကံချင်းက မတူခဲ့ကြချေ။ မြဲသည် ချို့ချို့တဲ့တဲ့ မကြီးပြင်းခဲ့ရသော်လည်း ပြည့်စုံသည်ဆိုသော အတိုင်းအတာမှာတောင်မရှိ။ လက်ရှိ တခက် ခံစားခဲ့ရသော စည်းစိမ်မျိုးကို အိပ်မက်တောင် မမက်ခဲ့ဖူးခဲ့ချေ။ ကိုယ်တိုင်ပိုင်ဆိုင်ဖို့ဝေးစွ အဲဒီလို အသိုင်းအဝိုင်းက လူမျိုးကတောင် ကိုယ့်ကို စိတ်ဝင်စားဖို့မမျှော်လင့်ခဲ့။



အခုတော့ မြဲတစ်သက်ဟာ လှချမ်းသာကြီးတွာစ်ယောက်ရဲ့မြေးအရင်းတဲ့။ အဲဒီစည်းစိမ်တွေကို ခံစားဖို့ အချိန်တန်လာတော့လည်း တခက်ကိုယ်တိုင်က လိုလိုလားလား နေရာဖယ်ပေးသွားသည်။ မြဲသည် ဆန်းကြယ်လှသော ကံတရားကို အံ့သြပြီးရင်း အံ့သြကာ ထမင်းဆိပ်၊ မွေ့ရာဆိပ်တက်လျက် ခဏအကြာမှာပဲ သောက်ကင်းဝေးစွာ အိပ်စက်ခြင်းသို့ ရောက်လေသည်။

❣ ✳ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နောက်တစ်ရက်တွင် မြသည် အဘိုးလည်း ရုံးသို့ထွက်သွားတာနှင့် နောက်ကနေ၍ လစ်ထွက်တော့တာပဲဖြစ်သည်။ ဘယ်လဲ ဘာလဲ စူးစမ်းနေသော နာရီကြီးကိုလည်း မြက သိပ်ကြည့်မရချင်တော့ပေ။ ဒါကြောင့် တစ်ခါတည်း အပြတ်ပြောထားလိုက်သည်။

"တခက်ကို ဘိုးက ယုံကြည်သွားပြီ လေးမိုးရဲ့။ ဘယ်သွားသွား ဘာလုပ်လုပ် ဘာမှ မပြောတော့ဘူး။ မနေ့ကပဲ ဘိုးကို တခက်က ကတိပေးလိုက်တာ ...

တခက် အရင်ကလို ခပ်ပျော့ပျော့ မနေတော့ဘူး။ အချစ်ကို စွန့်လွှတ်လိုက်လို့ စိတ်ဓာတ်တွေလည်း မာကျောသွားပြီ။ ကားတောင် ကိုယ်တိုင်မောင်းတော့မှာ"

နာရီကြီးက မြကို ဘာမှပြန်မပြောနိုင်ချေ။ အံ့ဩသော မျက်လုံးများဖြင့် ငေးကြည့်ကာ ကျန်ခဲ့သည်။ မြသည် တခက်ရဲ့ဝတ်စုံတွေထဲက ခေတ်အဆန်ဆုံးဖြစ်မည်ထင်သော ဝတ်



စုံကို ရွေးချယ်ဝတ်ဆင်လာသည်။ တခက်ရဲ့ ဝတ်စုံတွေဟာ ဈေးအင်မတန်ကြီးလျက် Classicဖြစ်တာမှန်သော်လည်း မြက သိပ်မကြိုက်ပါ။ အဲဒီဝတ်စုံတွေကို ဝတ်လိုက်လျှင် အထက်တန်းလွှာက မိန်းမတစ်ယောက်ပုံစံ ပေါက်သွားတာမှန်သော်လည်း မြက Free Style ကိုသာ နှစ်သက်သူဖြစ်သည်။

မြသည် အဖြူရောင်ချည်သား အင်္ကျီလက်ပြတ်လေးကို ကာကီရောင်သရီးကွာတာဘောင်းဘီအကျပ်ဖြင့် တွဲဖက်ဝတ်ဆင်ကာ မီးဖိုခန်းထဲသို့ ကြွကြွရွရွလေးဝင်လာခဲ့သည်။ မီးဖိုထဲမှာ ချက်ပြုတ်နေသော မမြင့်ကြည်နှင့် အပေါင်းအပါများကို စုဝေးခေါ်ယူကာ ...

"ဒီမှာ ရှင်တို့ကို ပြောထားမယ်၊ နောက်နေ့ကစပြီး ဟင်းအမယ်တွေကို တစ်နေ့နဲ့ တစ်နေ့ မထပ်ရလေအောင် ရှင်တို့ Idea နဲ့ ရှင်တို့ စီစဉ်ပါ ...

ကျွန်မကို ဘာမှလာမမေးနဲ့၊ လိုအပ်ရင်ပြောမယ်။ ကျွန်မ အခု ဒီအလုပ်တွေကို စိတ်ကုန်နေတယ်။ စိတ်လည်း သိပ်မဝင်စားဘူး။ ဒီတော့ ရှင်တို့ဘာသာ အစွမ်းရှိသလို ပြင်ဆင်ချက်ပြုတ်ပါ ...

ဒီနေ့ကစပြီး မီးဖိုချောင်ကို မမြင့်ကြည် လက်ကိုဝကွက်အပ်လိုက်ပြီ။ ရှင် အကောင်းဆုံးစီစဉ်ပါ။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မလေး၊ ဒါဖြင့် အဘိုးက ညှိသည့်အတွေ ဘာတွေ ထမင်းစား ဖိတ်ကျွေးရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါဆိုလည်း ကျွန်မ ပါသင့်ရင် ပါရမှာပေါ့။ ဒါပေမဲ့ ရှင်တို့မှာ အတွေ့အကြုံရှိပြီးသားပါ။ ဟုတ်တယ်မှုလား၊ ကဲ ... ကြိုးစားကြ ...

လိုအပ်တာရှိရင်လည်း လေးမိုးကိုပဲပြော ဟုတ်ပြီနော်"

အားလုံးက တညီတညွတ်တည်း ခေါင်းညိတ်ကြလျှင် မြသည် ကျေနပ်စွာနှင့် တစ်ချက်ပြုံးကာ မီးဖိုခန်းထဲမှ အပြင်သို့ ထွက်လာခဲ့သည်။ ပြီးပြီပေါ့ ဘာလိုသေးလဲ။ တခက်မဟာ ဒီလိုဗိမ်ရှိရှိ မနေတတ်ဘဲနဲ့ ဘာကြောင့်များ အိမ်တွင်းမှုလုပ်သိမ်းထုပ်သေချာ လုပ်ချင်နေရတာပါလိမ့်။ မြက အတွေးနှင့် အတူ အိမ်အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ပေါ်တီကိုအောက်မှာက မြကို အပြင်ပို့ဖို့ရာအတွက် ကားနှင့် ဒရိုင်ဘာက အဆင်သင့်။ မြသည် ကိုယ့်အခြေအနေကိုယ် ကျေနပ်စွာဖြင့် တစ်ချက်ပြုံးကာ ကားနောက်ခန်းထဲသို့ ဝင်ထိုင်လိုက်သည်။

"လသာကို မောင်းမှာ ကိုဖိုးတုတ်။ လသာက လမ်းမတော်ဘက်ကိုမောင်း"

"ဟုတ်ကဲ့"

ကားက ငြိမ့်ခနဲထွက်သွားလျှင် မြသည် နောက်ကနေ၍ လမ်းကြောများကို ဂရုတစိုက်မှတ်သားလာရသည်။ မြို့ထဲရောက်လျှင် မြက PIM အကျီဆိုင်ရှေ့မှာ ရပ်ခိုင်းလိုက်သည်။

"ကျွန်တော် ပြန်လာကြိုရမှာလား မလေး"

"ဟင့်အင်း မကြိုနဲ့။ ကျွန်မဘာသာပဲ ပြန်လာမှာ"



ကိုဖိုးတုတ်က ခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်သွားတော့မှ မြသည် တခက်ကို တိုက်ခန်းရှိမည့် လိပ်စာကို ရှာရသည်။ တခက်တို့က အောက်ဘက်လောက်မှာဖြစ်သဖြင့် အောက်ဘက်အခြမ်းသို့ ဆင်းလာရသည်။ လိပ်စာကိုတွေ့လျှင် သုံးလွှာကို တက်လာခဲ့သည်။ ဘဲလ်တီးလိုက်လျှင် အခန်းတံခါးကို လာဖွင့်ပေးသော တခက်ကို တွေ့မြင်လိုက်ရသည်။ မြနှင့် ထပ်တူတစ်ပုံစံတည်း ဆံပင်ကောက်ထားသော တခက်သည် မြနှင့် ဘယ်နေရာမှ ခွဲမရတော့ပေ။

"လာ ... မြ၊ နင့်ကို မျှော်နေတာ"

မြသည် အခန်းထဲသို့ လှမ်းဝင်လာရင်း အခန်းအခြေအနေကို လှည့်ပတ်အကဲခတ်မိသည်။ သပ်သပ်ရပ်ရပ်ရှိသော်လည်း ပစ္စည်းပစ္စယ အစုံအလင်တော့ မရှိသေးချေ။

"နင်တို့ အဆင်ပြေကြရဲ့လား"

"ပြေတာကတော့ ဘာပြေသလဲမမေးနဲ့။ ပြောလိုက်စမ်းပါ မြရာ၊ နေယံဆိုတဲ့ကောင်ကို ကျေးဇူးအများကြီးတင်တယ်လို့။ သူ မြကို မှားခေါ်သွားလို့ တခက်က ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာတာ ... ဟဲ ဟဲ"

အဲဒီစကားကို ဝင်ပြောသူမှာ ရေချိုးပြီးစ ပုံစံဖြင့် အခန်းထဲမှ ထွက်လာသော လင်းညို့ပဲဖြစ်သည်။ မြက ရှင်းလင်းနေသော အခန်းကို တစ်ချက်ဝေ့ဝဲကြည့်ကာ ...

"နင်တို့ အခန်းကိုတော့ ပြင်ဆင်ရဦးမှာပေါ့၊ ဘာတွေဝယ်ရဦးမှာလဲ။ တခက် နင့်စာအုပ်ကို ငါ ယူခဲ့ပေးရမလား"

www.burmeseclassic.com



"အာ ... မြကလည်းဗျာ၊ မဟုတ်တာ။ ကျွန်တော့်မှာ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်တဲ့ အရည်အချင်း ရှိပါတယ်ဗျာ။ နဂိုကမှ ဘိုးတော်ကြီးက အထင်သေးရတဲ့ကြားထဲ ...

ဘာမှမလိုဘူး မြ။ အားလုံး အိုကေတယ်၊ ကျွန်တော့်တို့က မြ ဒီကို မြန်မြန်ရောက်လာပါစေ ဆုတောင်းနေတာ။ ချောင်းသာကို ဟန်းနီးမွန်း ထွက်မလို့ဗျ"

"ဟုတ်လား ကောင်းသားပဲ"

"ကောင်းတာတော့ ဘာကောင်းသလဲ မမေးနဲ့။ ဟိုမှာ အေးအေးဆေးဆေး တစ်ပတ်လောက်နေမှာဆိုတော့ မြကို စောင့်နေရတာ မြ ထွက်လာလို့ ရမှရပါ့မလားလို့လေ"

"အင်း ... ရတာပေါ့၊ တခက်ရေ နှင့်အဘိုးကို မနေ့ကပဲ ငါ ကတိပေးလိုက်ရတယ် သိလား"

"ဟုတ်လား၊ ဘိုးဘိုး တော်တော်ဝမ်းသာသွားမှာပဲနော်"

"အင်း ... မှုန်ကုပ်ကုပ်နဲ့ပါပဲ"

"တခြားသူတွေနဲ့ရော အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်၊ မီးဖိုချောင်ကိုတော့ ပြောခဲ့ပြီ။ ငါ မချက်နိုင်ဘူးလို့။ ဘယ်လိုလဲ လင်းညို၊ နှင်ကရော အဆင်ပြေရဲ့လား"

"ဟာ သိပ်ပြေ၊ တခက်ရဲ့လက်ရာကို အခုမှပဲ စားဖူးတာ။ အတွေ့နောက်ကျတယ် ရွှေမရီးရာ ... ဟဲ ဟဲ"

မြက လင်းညိုကို မျက်စောင်းတစ်ချက်ထိုးရင်းမှ တခက်ကို မေးဆတ်ပြမိကာ ...



"နှင်တို့လည်း သတိဝီရိယရှိကြဦးနော်၊ မီးမမြင်လေမမြင် စွတ်ပျော်မနေနဲ့။ သွားရင်းလာရင်း မျက်လုံးလည်း ရှင်ရှင်ထား။ ဘိုးလည်း ဒီနေ့ ရုံးပြန်တက်တယ် တခက်"

"ဟုတ်လား !... ဒါဆို တော်တော်နေကောင်းသွားပြီပေါ့။ နှင် ရှိနေတော့ ဘိုးကို စိတ်ချတယ် မြရယ်။ ဒါနဲ့ နေယံနဲ့ရော အဆင်ပြေရဲ့လားဟင်"

မြသည် နေယံဆိုသော တည်တည်ကြည်ကြည်တစ်ယောက်ကို မျက်လုံးထဲတွင် ဖျတ်ခနဲမြင်ယောင်လာသည်။ ဉာဏ်ပညာကြီးသလောက် ပြတ်သားတတ်မည့် မျက်ဝန်းများကို သတိတော့ထားရမည်သာပင်။

"ပြေပါတယ်၊ ဒီလိုပဲ ကြည့်ကျက်နေရတာပေါ့ဟာ"

မြရဲ့အပြောကို တခက်က ကရုဏာသက်သလို ငေးကာ ...

"အင်း ... မြလည်း တခက်အတွက်နဲ့ စိတ်တော့ကျဉ်းကျပ်မှာပဲနော်။ ဘာပဲဖြစ်ဖြစ် အဆင်ပြေသွားလို့ တော်သေးတာပေါ့။ ဩော် ... ရော့ ဒီမှာ မှတ်မှတ်ရရ ယူသွားဦး မြ"

တခက်က မြရဲ့ရှေ့သို့ သူမရဲ့ ဟန်းဒ်ဖုန်းကို ချပေးသည်။ မြသည် ဟန်းဒ်ဖုန်းကို တစ်ချက်ကြည့်ရင်းမှ ...

"ငါ့ဂစ်တာရော"

"ရှိပါတယ်၊ တစ်ခါတည်း ယူသွားတော့မလို့လား"

"အင်း ... ယူမှာပေါ့။ နှင်တို့က ချောင်းသာ ဘယ်တော့သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်သွားမယ်၊ လိုက်ခဲ့ပါလား မြ"

"စိတ်ထဲကမပါတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့ဟာ၊ ကဲ … ဓာခက် ဒါဆို ငါ သွားတော့မယ်၊ နင်လည်း အရေးအကြောင်းရှိရင် ငါ့ဆီ ဖုန်းဆက်။ မေမေ့ဆီလည်း ဖုန်းလေးဘာလေး ဆက်လိုက်ဦး"

"ဆက်ပါတယ် မြရဲ့။ မနေ့ကတောင် ဆက်ပြီး အကျိုး အကြောင်း ပြောလိုက်သေးတယ်"

"အင်း … ဒါဆိုလည်းပြီးရော၊ ကဲ … ငါ သွားတော့မယ်"

"ဖြည်းဖြည်းသွားနော် မြ"

"အေးပါ"

မြသည် ကိုယ့်ရဲ့ အသက်တမျှမြတ်နိုးလှသော ဂစ် တာကြီးကို လွယ်ကာ သုံးလွှာမှ ပြန်ဆင်းလာခဲ့သည်။ ဒီဂစ်တာကြီး နှင့်တော့ မြတစ်ယောက် ရှော့ပင်လုပ်၍ မရသေး။ ဒီနေ့တော့ အိမ်ပဲပြန်မှဖြစ်မည်။ အတွေးနှင့်အတူ မြက Taxi ငှားဖို့ရာအတွက် Taxi တွေကို စောင့်ရသည်။ Taxi တွေက လာသော်လည်း လူတွေနဲ့မို့ တော်တော်နှင့်မရ၊ ဂစ်တာအိတ်ကို တစ်ချက်ပင့်တင် ရင်းမှ အိမ်ကိုလည်း မပြန်ချင်သေးသော မြသည် ဘယ်ကိုသွားရင် ကောင်းမလဲလို့ စဉ်းစားအကြံထုတ်မိသည်။

ဟုတ်ပြီ၊ ဒီအိတ်ကြီးနဲ့သွားလို့လည်း လူသိပ်အကြည့် မခံရမယ့်နေရာပေါ့။ အဲဒီနေရာကို မန္တလေးမှာ ကြားတည်းက မြ သွားချင်နေတာကြာပြီဖြစ်သည်။ အနုပညာသမားတွေ ခံစား တတ်ကြသော နေရာတစ်ခုမို့ မြသည် အဲဒီနေရာလေးမှာ အေး အေးဆေးဆေးသွားထိုင်ဖို့ စိတ်ကူးလိုက်လေသည်။ တစ်ခါတလေ



တော့လည်း လူဖြစ်ရတဲ့ဘဝမှာ လောဘတွေသိပ်မကြီးဘဲ ဖြစ်ချင် တာ လုပ်ချင်တာလေးတွေ လုပ်ခွင့်ရတဲ့ဘဝမျိုးကို ပိုမက်မောမိပါ သည်။

မြ တွေးနေတုန်းမှာပဲ Taxi တစ်စီးက မတားပါဘဲနှင့် မြအနားသို့ လာရပ်သည်။

"ဆာကူရာတာဝါကိုသွားမှာ"

"တစ်ထောင့်ငါးရာ"

"ဟင် … တစ်ထောင်ပါ။ လမ်းက တန်းနေတဲ့ဥစ္စာ၊ ဒီနား လေးတင်ပဲကို"

"တစ်ထောင့်သုံးရာတော့ ပေးပါဗျာ"

မြသည် ထပ်မဆစ်ချင်တော့သဖြင့် ကားနောက်ခန်း ထဲသို့ ဝင်ထိုင်လိုက်သည်။ ဆာကူရာတာဝါကြီးရဲ့ အထပ်နှစ်ဆယ် မြောက်က ကော်ဖီဆိုင်တွင် မြတစ်ယောက် ကော်ဖီသောက်ရင်း ရန်ကုန်မြို့ရဲ့ရှုခင်းကို ရင်ခုန်ခံစားမှာဖြစ်သည်။ မန္တလေးမြို့က သူငယ်ချင်းတွေ ရန်ကုန်ရောက်လေတိုင်း ဒီအရသာကို လာခံစား တတ်တာ။ မြကို ပြန်ပြောပြတည်းက အားကျနေခဲ့ရတာဖြစ်သည်။

မြသည် ဆာကူရာတာဝါကြီးရှေ့သို့ ရောက်သော အခါ မိုးမျှော်တိုက်ကြီးကို တစ်ချက်မော့ကြည့်မိသည်။ အဲဒီနောက် အပေါ်သို့တက်ဖို့ရာအတွက် ဓာတ်လှေကားရှေ့မှာ ရပ်စောင့်နေ စဉ် ဓာတ်လှေကားတံခါးက ဖျတ်ခနဲ ပွင့်လာသည်။ ဓာတ်လှေ ကားထဲမှ ထွက်လာသောလူတစ်ယောက်ကို မြင်လျှင် မြဟာ အံ့သြစိတ်ဖြင့် မျက်ခုံးပင့်သွားရသည်။ သူကလည်း မြကိုတွေ့သဖြင့် အံ့သြသွားသည့်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



"တခက် !... ဘယ်ကိုလာတာလဲ"

သူက အံ့အားသင့်သည့်ပုံစံဖြင့် မြကို စတင်နှုတ်ဆက်သည်။ မြသည် Formal ကျကျ ဝတ်စားဆင်ယင်ထားသော သူ့ပုံစံကို ငေးနေမိသည်။ အဖြူခံပေါ်တွင် အနက်ရောင်ကွမ်းရိုးစင်းကျဲကျဲများပါဝင်သော ရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်ဝတ်ထားကာ Sknney ဘောင်းဘီနက်ဖြင့် သပ်ရပ်စမတ်ကျလွန်းသည်။ ဆံပင်တွေက နောက်သို့ ပုံကျကျ လှန်ဖြီးထားသော်လည်း နဖူးပေါ်မှာ တစ်စ နှစ်စ ကျနေပုံက သူ့ကို စတိုင်လ်တစ်မျိုးဖြစ်စေသည်။

"ဒီကိုလာတာလေ"

မြက သူ့ကို ငေးနေမိရင်းမှ ဖြေမိဖြေရာ ယောင်ဝါးဝါးဖြေလိုက်လျှင် သူက ရယ်ချင်သွားသောမျက်နှာဖြင့် ခေါင်းငုံ့ပြုံးသည်။ ကြည့်စမ်း ... အဲဒီလိုပုံစံကို မြ အရမ်းကြိုက်တာပဲ၊ တည်ကြည်ပြီး ဣန္ဒြေထိန်းတယ်ဆိုသော ယောကျာ်းလေးတစ်ယောက်ရဲ့ပုံစံကိုပေါ့။

"ဒီကိုလာမှန်းတော့ သိတာပေါ့ တခက်ရဲ့။ ဒါပေမဲ့ ဒီက ဘယ်နေရာကို လာတာလဲလို့ မေးတာလေ"

"ဪ ... တခက် အထပ်နှစ်ဆယ်မှာ ကော်ဖီသွားသောက်မလို့"

"ကော်ဖီသောက်မယ် !"

သူက မြရဲ့စကားကို သံယောင်လိုက်ကာ ရေရွတ်သည်။



"ဟုတ်တယ်၊ လိုက်သောက်ပါလား အချိန်ရမယ် ဆိုရင်ပေါ့"

မြရဲ့ ဖိတ်ခေါ်မှုကြောင့် သူက မြကို အံ့သြသလို ကြည့်လာပြန်သည်။ မြက သူ့ကို ဘာဖြစ်လို့လဲဟူသော အဓိပ္ပာယ်မျိုးပါဝင်သည့် အပြုံးတစ်ခုဖြင့် ခေါင်းကိုငဲ့ပြမိသည်။ အစက တစ်ယောက်တည်း ကော်ဖီသောက်ဖို့ ရည်ရွယ်ချက်ရှိပေမယ့်လည်း ရန်ကုန်မြို့မှာ ရှားရှားပါးပါးရှိသည့် မိတ်ဆွေတစ်ယောက်နှင့်အတူ ကော်ဖီသောက်ရသည့်အရသာကိုလည်း ခံစားသွားချင်၍ဖြစ်သည်။

သို့သော် ဒီမိတ်ဆွေဆိုတာမျိုးကလည်း မြရဲ့ မိတ်ဆွေအစစ်တော့ မဟုတ်ပါ။ သူက တခက်မှတ်၍ ခင်ရာနေခြင်းပဲဖြစ်သည်။

"ဪ ... ကိုနေယံ သွားစရာရှိလည်း သွားနော်။ အားမနာပါနဲ့"

"မဟုတ်ပါဘူး၊ ကျွန်တော်က တခက်က ဖိတ်လို့အံ့သြနေတာပါ။ ကျွန်တော် သွားစရာမရှိပါဘူး။ ဒီက ရုံးတစ်ရုံးကို ကိစ္စတစ်ခုနဲ့ လာတာ။ အခု ပြန်တော့မှာ။ ဒါပေမဲ့ တခက်နဲ့အတူတူ ကော်ဖီလိုက်သောက်ချင်ပါတယ်၊ သွားမယ်လေ ... လာ"

သူကပင် ဦးဆောင်၍ ခေါ်သွားလျှင် မြသည် ပြုံးပြုံးလေးနှင့်ပဲ သူနဲ့အတူ ဓာတ်လှေကားထဲသို့ ဝင်လိုက်သည်။ သူက ခလုတ်တစ်ခုကို လှမ်းနှိပ်ရင်းမှ မြ လွယ်ထားသော ဂစ်တာအိတ်ကြီးကို ငဲ့ကြည့်ကာ ...

"ဒါက ဂစ်တာလား တခက်"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟုတ်တယ်"

"တခက်က ဂစ်တာတီးသင်မလို့လား"

"အင်း ... ဟုတ်တယ်၊ သင်မလို့"

"သြော် ..."

သူက ခေါင်းတစ်ချက်ညိတ်ကာ ထပ်မမေးတော့ချေ။ မြသည် စပ်စပ်စုစု သိပ်မလုပ်တတ်သော သူ့ကို သဘောကျသွားသည်။ ကော်ဖီဆိုင်ထဲသို့ ရောက်လျှင် သူနှင့်မြသည် ကော်ဖီတစ်ခွက်စီမှာပြီး မြကတော့ ချောကလက်ကိတ်တစ်တုံးပါ မှာစားသည်။ သူက လွတ်လပ်စွာ စားသောက်ရင်း အပြင်ဘက်သို့ လှမ်းငေးနေသော မြကို တစ်ချက်ကြည့်ကာ ...

"တခက်ကို ကြည့်ရတာ အရင်ပုံစံနဲ့ သိပ်မတူသလိုပဲ"ဟု ဖြည်းဖြည်းနှင့် အေးအေးဆေးဆေးစပြောလျှင် မြသည် စားလက်စ ကိတ်မုန့်တောင် အောက်သို့ ပြုတ်ကျသွားတော့မလိုဖြစ်သွားသည်။ ကိတ်မုန့်ဟာ လည်ချောင်းမှာ နင်သွားလျက် ကော်ဖီနဲ့ အမြန်မျှောချလိုက်ရသည်။

"ဘာ ... ဘာမတူတာလဲဟင်"

"ဘာမတူတာလဲဆိုတော့ အင်း ... ကိုယ့်စိတ်ကပဲထင်နေလို့လားတော့မပြောတတ်ပါဘူး။ ဒါပေမဲ့ တခက်ကိုကြည့်ရတာ အဖြေတစ်ခုကို ရှာတွေ့သွားတဲ့သူလို အဲလိုမျိုးပေါ့၊ အေးအေးဆေးဆေး ဖြစ်သွားတယ် ...

ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"



မအောင့်နိုင်စွာ ဆက်မေးသော မြကို သူက ရယ်ချင်ဟန်ဖြင့် တစ်ချက်ပြုံးသည်။ အဲဒီအပြုံးကြောင့် မြ အနည်းငယ်စိတ်ညစ်သွားလေသည်။ ကိုယ်ကပဲ မလုံရာ၊ ပျာယီးပျာယာဖြစ်ရာ ကျနေပြီလားဟု တွေးမိသွား၍ဖြစ်သည်။

"တခက်က ကျွန်တော့်ကို အမြင် ကြည်လင်လာသလိုပဲလေ"

"အမယ် ... ကျွန်မ ဘယ်တုန်းကမှ မျက်လုံးမမွဲခဲ့ဘူး။ မြင်းခွာရွက်သုပ်လည်းကြိုက်တယ်၊ ဟိုတစ်နေ့ကတောင် စားထားသေးတယ်"

"အင်း ... အဲဒီအပြောမျိုးတွေ အရင်က မကြားခဲ့ရဖူးဘူးလေ၊ တခက်က ကျွန်တော့်ကိုဆိုရင် အဘိုးကို အပိုင်ပေါင်းထားတဲ့လူဆိုပြီး အမြင်မကြည်လင်ဖြစ်နေတာမဟုတ်လား။ ဒါပေမဲ့ အခု အဲဒီပုံစံမျိုးတွေ မတွေ့ရတော့ဘူး၊ တခက်မျက်လုံးတွေထဲက အရိပ်တွေမှာ မြင်နေရတယ်။ တခက် ကျွန်တော့်ကို အေးဆေးဖြစ်သွားပြီ"

သြော် ... သူက အဲဒီလို ထင်ရှာတာကိုး။ ကောင်းပါတယ်၊ ကောင်းပါတယ်။ မြသည် အခုမှပဲ ခေါင်းတညိတ်ညိတ်နှင့် ဘဝင်ကျသွားကာ ...

"ဟုတ်တယ်၊ ရှင့်ကို အေးဆေးဖြစ်သွားပြီ"

မြရဲ့ အေးဆေးပေါ့ပါးသောပုံစံကို သူက တစ်ချက်အကဲခတ်သလိုကြည့်ရင်းမှ ...

"တခက်ကို တစ်ခုမေးမယ် ရမလား"

www.burmeseclassic.com

www.burmeseclassic.com



မြကြ ကုလားထိုင်ခုံရဲ့ နောက်ကို မှီချလိုက်ရင်းမှ သူ့ကို တည့်တည့်စိုက်ကြည့်လျက် လက်နှစ်ချောင်း ထောင်ပြမိသည်။

"နှစ်ခုမေး"

"တခက် ... လင်းညို့နဲ့ လမ်းခွဲလိုက်ပြီလား"

"အင်း ... ဆိုပါတော့"

သူ့မျက်ခုံးတွေက အနည်းငယ်မြင့်တက်သွားသည်။ မြကို အံ့သြသလိုကြည့်ကာ ...

"ဘာဖြစ်လို့လဲ တခက်။ တခက် သူ့ကို တကယ်ချစ်ခဲ့တာပဲမဟုတ်လား"

"ချစ်တိုင်းလည်းမညားဆိုတဲ့ စကားကိုရော ဘယ်နားသွားသိမ်းထားမလဲ ကိုနေယံရယ်။ ဒီလောက် အဆင်မပြေတဲ့ဘဝမှာ သူလည်း တခက်ကို စိတ်ကုန်သွားပါပြီ၊ ဘယ်လိုမှ မဖြစ်နိုင်ကြတော့ဘူးလေ။ ဒါကြောင့်ပါ"

"တခက်တို့ နည်းနည်းလောက်ဖြစ်ဖြစ် ညှိလို့မရကြဘူးလား"

"ဟင့်အင်း"

မြရဲ့ ခေါင်းခါငြင်းဆန်ပြပုံကို သူက မသက်မသာပုံစံနှင့် တစ်ချက်ကြည့်ကာ သက်ပြင်းလား ဘာလားမသိ မပီဝိုးတဝါးချသည်။ မြကတော့ မှင်သေသေနှင့် လုပ်ကြံဇာတ်လမ်းတွေ ချွေနေရတာကို ရယ်ချင်နေမိလေသည်။ အင်း ... လိမ့်ကောင်းကောင်းနဲ့ ဆက်လိမ့်ဦးမှပါ။



"သူကလည်း တခက်ကို တကယ်မချစ်ဘူးနဲ့တူပါတယ်။ အင်းပေါ့လေ၊ ချစ်တာ မချစ်တာထက် စိတ်ရှုပ်တဲ့ဒဏ်တွေလည်း မခံနိုင်တော့ဘူးလို့ပြောတယ်။ ပြီးတော့ သူ့နားမှာက ဝိုင်းဝိုင်းလည်နေတာမဟုတ်လား။ သူလည်း သူ့မာနနဲ့သူပေါ့လေ။ ဒီလိုတွေနဲ့ပဲ ပြီးသွားတယ် ပြောရမှာပေါ့။ တခက်လည်း ဘိုးက တစ်ဖက်၊ သူကတစ်ဖက်၊ နှစ်ဖက်ညှပ် တိုက်ခိုက်တဲ့ဒဏ်တွေကို မခံနိုင်တော့ဘူးလေ ...

ဘိုးကိုလည်း တခက်ရဲ့ ကျေးဇူးရှင်အဖြစ် မလွန်ဆန်နိုင်ဘူး၊ သနားလည်းသနားတယ်၊ သူကလည်း ညှော်နေတာ အမြဲတမ်းဆိုတော့ အင်း ... ဒီလိုပဲ ဇာတ်သိမ်းသွားရတာ မဆန်းပါဘူး ကိုနေယံရယ်"

အမယ်လေး ... ဟေး ဟေး။ တယ်ဟုတ်တဲ့ ငါပါလား။ ဒီပုံအတိုင်းဆို အဆိုတော်မလုပ်ဘဲ မင်းသမီးလုပ်စားလို့တောင်ရပြီနဲ့တူပါတယ်။ မြသည် မျက်နှာကို အရမ်းဝမ်းနည်းသည့်ပုံစံလည်းမဟုတ်ဘဲ လောကကြီးအကြောင်းကို တရားကျနေသောကျေသည့်ပုံစံမျိုးထားကာ အေးအေးဆေးဆေး ပြောပြနေလျှင် သူက တကယ်ပဲ ယုံကြည်သွားဟန်တူပါသည်။ ထပ်၍ ယုံကြည်သွားအောင် မြက ခေါင်းတစ်ချက်ဆတ်လျက် ...

"ကိုနေယံကိုလည်း တခက်က မကြည်လင်တဲ့သဘောတော့မဟုတ်ပါဘူး။ စိတ်တွေရှုပ်နေတာလည်းပါပါတယ်။ ဒဲ... အခုတော့ ကိစ္စအားလုံးရှင်းသွားပြီ ဆိုတော့ အေးအေးဆေးဆေး ဖြစ်သွားပြီပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ကစပြီး တခက်နဲ့ ကိုနေယံလည်း ကြည်ဖြူတဲ့ မိတ်ဆွေတွေပေါ့ ဟုတ်ဖူးလား”

မြဲရဲ့ မေးဆတ်ပြီး ခပ်ပြုံးပြုံးမေးသောပုံစံကို သူက မမြင်ဖူးသလို ငေးကာ ကြည့်နေလေသည်။ ပြီးတော့မှ သတိဝင်လာသလိုဖြင့် ...

“တခက်သာ အဲဒီလို သဘောထားမယ်ဆိုရင် ကျွန်တော်က ဝမ်းသာရမှာပါ”

“အိုကေ ... ဝမ်းသာလိုက်၊ အင်း ... သူငယ်ချင်းက ပို ကောင်းမယ်နဲ့တူတယ်၊ မိတ်ဆွေဆိုတာကတော့ စိမ်းနေသလိုပဲ။ ကိုနေယံနဲ့ တခက်နဲ့က အသက်မှ သိပ်မကွာတာ၊ သူငယ်ချင်းပဲ လုပ်လိုက်ရအောင် မကောင်းဘူးလား”

“ကောင်းပါတယ်”

“ဟုတ်တယ် ကောင်းတယ်နော်။ သူငယ်ချင်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ဟန်ဆောင်ပန်ဆောင် အဆင်ကြီးတွေ မရှိတော့ဘူးပေါ့ ...

ပြောချင်တာပြောလို့ရတယ်၊ ပွင့်ပွင့်လင်းလင်းရှိတာပေါ့ ...

တခက်မှာ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းလည်း မရှိတော့ နေယံ့ကိုပဲ Best friend လုပ်ပစ်ရတော့မှာပဲ။ အဲ နေယံလို့ပဲ ရင်းရင်းနှီးနှီးခေါ်မယ်လေ ရမလား”

မြဲရဲ့ ခပ်သွက်သွက် အပြောတွေကို သူကတော့ မျက်ခုံးတွေ ပင့်ပြီးရင်းပင့်ကာ ...



“ရပါတယ် တခက်ရဲ့”

“အိုကေ... ဒါဆို နေယံနဲ့ တခက်နဲ့ ခုချိန်ကစပြီး PEACE နော်။ ဘာမဆို အေးဆေး၊ ပွင့်ပွင့်လင်းလင်း ပြောကြေး၊ ဟုတ်ပြီနော်”

“ဟုတ်ပါပြီ”

“ဟုတ်ရင် ဒီဝိုင်းကို နေယံ ရှင်းနော်”

သူက ရယ်ချင်သွားသော မျက်နှာထားဖြင့် ခေါင်းညိတ်ပြသည်။

“ရှင်းပါ့မယ်”

“အိုကေ ... ဒါမျိုးမှပေါ့၊ နေယံ့ကို ခင်သွားပြီ”

“ဟား ... ဟုတ်လား။ ကိုယ်လည်း တခက်ကို အခုမှ ပိုခင်သွားသလိုပဲ။ အရင်တုန်းက တခက်ရဲ့ပုံစံက ကိုယ့်ကိုလည်းမကြည်၊ အင်း ... နောက်ပြီးတော့ စကားတွေ ဘာတွေလဲ သိပ်မပြောဘူးလေ။ ဘယ်လိုမျိုးလဲမသိ၊ တစ်မျိုးပဲလို့ ...

အခုတော့ အခွံတွေ ခွာချလိုက်သလိုပဲ၊ နေ့ချင်းည ချင်းကို အပြောင်းလဲကြီး ပြောင်းလဲသွားတယ်”

“ဟုတ်လား ဒီပုံစံကို ကြိုက်လားဟင်”

မြဲက ဒီမေးခွန်းကို ရိုးရိုးသားသားမေးလိုက်တာဖြစ်သော်လည်း သူက ရယ်ပြုံးနေရာမှ တစ်မျိုးဖြစ်သွားလျှင် မြဲသည် တော့မှပဲ ကိုယ့်မေးခွန်းဟာ နှစ်ခွထွက်သည့်မေးခွန်း ဆိုတာ နန်းစစ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလေ တစ်မျိုးတော့ မထင်ပါနဲ့။ တခက် မေးတာကလေ အဲဒီလို ပွင့်ပွင့်လင်းလင်းပုံစံက ကောင်းလား ဒါမှမဟုတ်"

မြဲရဲ့စကားမဆုံးသေးခင် သူက လက်ကာပြသည်။

"ရတယ် တခက်၊ ကိုယ် သဘောပေါက်ပါတယ်။ ဘယ်သူမဆို ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား ဆက်ဆံတာကို သဘောကျကြတာပေါ့ တခက်ရယ်"

အမယ်လေး ...။ သင်းကလည်း ရှေ့နေလို့မပြောရပေဘူး။ စကားကြီးဆယ်မျိုး သုံးနှုန်းနည်းကို အရည်ကျိုသောက်ထားပုံရတယ်။ မြဲက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးမိကာ ...

"ဒါဆို နေယံကရော တခက်ကို အဲဒီလို ဆက်ဆံမှာလား"

"ဟင် ... ကိုယ်က မပွင့်လင်း မရိုးသားတဲ့ပုံ ပေါက်နေလို့လား"

"အဲဒီလိုပုံစံတော့ မပေါက်ဘူးပေါ့။ ဒါပေမဲ့ ဣန္ဒြေကြီး တစ်ခွဲသားနဲ့ လူငယ်စတိုင်လ် မရှိဘူးပေါ့။ အဲဒီလိုကြီး မနေနဲ့ပေါ့လို့။ Hip Hop စတိုင်(လ်)တွေ ဘာတွေလေ၊ အဲဒါမျိုးနေပေါ့ ... ဟဲ ဟဲ"

သူက မြဲရဲ့စကားကို သဘောတကျရယ်မောလေသည်။

"ဘောင်းဘီအပွကြီးတွေ ဝတ်ရမယ်ပေါ့။ မလုပ်ပါနဲ့ တခက်ရာ။ ဘိုးက တုတ်ကောက်နဲ့ ရိုက်ထုတ်နေပါဦးမယ် ကိုယ်လည်း တစ်ခါတလေကျတော့ လူငယ်ဆန်ဆန် ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေချင်တာပေါ့ -



ဒါပေမဲ့ ကိုယ်လုပ်ရတဲ့အလုပ်နဲ့ ပတ်သက်ဆက်ဆံရတဲ့ ပတ်ဝန်းကျင်အနေအထားနဲ့ အဲဒါမျိုးတွေ ဝတ်ဖို့ရာ သိပ်မသင့်တော်ဘူးလေ၊ အဝတ်အစားဆိုတာကလည်း လူတစ်ယောက်ရဲ့ Impression ကို ပြနေတာပဲမဟုတ်လား"

"အမ်း ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

သူက မြဲရဲ့အပြောကို အသာအယာပြုံးကာ ...

"တခက်လည်း ဒီဇိုင်းတွေ လုံးဝပြောင်းပစ်ထားတယ်နော်၊ ဒါပေမဲ့ အဆင်ပြေတယ် သိလား"

"အဟင်း ... thanks နေယံ"

"အင်း ... ဒီနေ့တော့ ထူးခြားတဲ့ ရက်မြတ်လေးတစ်ခုအဖြစ် သတ်မှတ်ရတော့မှာပဲ။ တခက်နဲ့ မမျှော်လင့်ဘဲ လာဆုံပြီး အဆင်ပြေသွားတယ်လေ ...

တကယ်တော့ ကိုယ်က ဒီလို ဆက်ဆံရေးမျိုးကို အစောကြီးတည်းက လိုချင်နေတာပါ တခက်ရယ်"

"ဩော် ... ဒါများ စောစောက ပြောရောပေါ့ နေယံရယ်"

အဲဒီစကားလေးဟာ သိပ်မရယ်ရပါဘဲနှင့် မြနှင့်သူသည် မြိုင်တွေရယ်မိကြလေသည်။ မြဲသည် ရယ်လိုက်လျှင်သွားတက်လေးတစ်ခုက လှစ်ခနဲထွက်လာသော သူ့မျက်နှာကိုငေးကာ ရင်ထဲတွင် သဘောကျစိတ်က ဖြစ်ထွန်းလို့လာသည်။ စိမ်းကာ သွယ်တန်းနေသော မျက်ခုံးထူထူအောက်မှာ မျက်လုံးများသည် စူးရှပြတ်သားတတ်မည့်ပုံ ပေါ်သော်လည်း နွေးထွေးမှုကို ရှုရသည်ဟု ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ်ဦးစားပေး သတိထားဆက်ဆံဖို့ နေရာချခံရှိသော နေဇယံ ဆိုသည့်လူတစ်ယောက်နှင့် မမျှော်လင့်ဘဲ အဆင်ပြေသွားသည့်အတွက်လည်း မြဲက ဝမ်းသာရသည်။ ထိုနေ့က သူက မြဲကို အိမ်အထိ ပြန်လိုက်ပို့ပေးလေသည်။ အိမ်အထိ ပြန်လိုက်ပို့တာကို ဘိုးလည်း သိသွားသောကြောင့် မြဲကို ဘဝင်ကျသောမျက်လုံးများနှင့် ကြည့်တာကိုလည်း ကြုံရသည်။ ထိုညက မြဲသည် ကင်းကွာနေသော ဂစ်တာကို လက်ချွေးတီးခတ်ရင်း တစ်ညလုံးလိုလို မအိပ်ဖြစ်ချေ။ အခုမှ ပူပူနွေးနွေးစ,ကိုင်ဖူးသော ဟန်းဒ်ဖုန်းလေးကိုလည်း တကြည့်ကြည့်နှင့်ရှိကာ Message ပို့ချင်သောစိတ်တို့ကိုလည်း အောင့်အည်းထိန်းချုပ်ထားရင်း မိုးလင်းခါနီးမှ အိပ်ပျော်လို့သွားရလေသည်။

❢ ✳ ❢



၁၁

"ခက်လေးရေ ထတော့လေ၊ ဘယ်နနာရီထိုးပြီလဲ"

"အင် ... ဘယ်သိမလဲကွာ၊ အိပ်နေတဲ့လူကို လာနှိုးမေးရသလား"

"ဟောတော် ခက်လေးကို အန်ကယ်ကြီး မေးနေတယ်၊ ကိုးနာရီထိုးတော့မယ်၊ အန်ကယ်ကြီး ရုံးသွားတော့မှာလေ"

"အင်း ... အင်း ... သွားလို့"

"ဟာ ... ဒုက္ခပါပဲ၊ အိုးမိုင်ဂေါ့ဒ် ဘာတွေဖြစ်နေတာလဲ ဒီမိန်းကလေးတော့၊ မြန်မြန်ထ ခက်လေး၊ ကြာရင် ဘိုး စိတ်ဆိုးလိမ့်မယ်"

"ဟာ ... စိတ်ညစ်လိုက်တာကွာ၊ ကျွတ် ... တကယ်ပဲ"

မြဲသည် အိပ်ရေးမဝတာထက် အံနားမှာ ပကျိပကျိနှင့် လာနှိုးနေသော နာရီပြီးသည့်ဒဏ်ကို မခံနိုင်သောကြောင့် ကိုယ်ပေါ်မှ စောင်ကိုခွာကာ ခုတင်ပေါ်မှ ဝုန်းခနဲ ခုန်ဆင်းမိသည်။ ရေချိုးခန်းထဲသို့ အမြန်ထင်ကာ မျက်နှာကို ရေနှင့်ဖြစ်သလိုပွတ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ေ…ွဲ့ေသါ ရှိ တစ်သျှူးတစ်ရွက်ကို ရွပ်ခနဲ ဆွဲထုတ်ရင်း မျက်နှာကိုသုတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

ဆံပင်အကောက်ထားရတာ အဲဒီတစ်ခုတော့ သက်သာသည်။ ခေါင်းဖြီးနေစရာမလို။ အချိန်မရလျှင် လက်နှင့် တစ်ချက်နှစ်ချက် သပ်တင်ပြီးရင် ပြီးသွားပြီဖြစ်သည်။ မြတစ်ယောက် ညဝတ်အင်္ကျီ၊ ဘောင်းဘီရှည်တို့ဖြင့် လှေကားပေါ်မှ အိပ်ချင်မူးတူး ဆင်းလာသောပုံစံကို ရုံးသွားဖို့ အဆင်သင့်ဖြစ်နေသော အဘိုးက လှေကားထိပ်မှ ခါးထောက်ကာ မှုန်တင်းတင်းစိုက်ကြည့်နေလျှင် မြသည် နည်းနည်းလန့်သွားသည်။

ဒါကြောင့် မျက်နှာချိုသွေးသည့်အနေဖြင့် စပ်ဖြဲဖြဲ ရယ်ပြကာ လက်တစ်ဖက်ထောင်ပြလျက် …

"ဟိုင်း … မောနင်း ဘိုး … ဟဲ ဟဲ"

"ဘာမောနင်းလဲ၊ မြန်မြန်ဆင်းခဲ့စမ်း အောက်ကို"

"ဩော် … ဟုတ်၊ ဘိုး ရုံးသွားတော့မလို့လားဟင်၊ Breakfast ရော စားပြီးပြီလား"

"စကားရောဖောရော လာလုပ်မနေနဲ့၊ ညည်း ဘယ်အချိန်ထိ အိပ်နေဦးမှာလဲ၊ ဘာကိစ္စ အိပ်ရာထ နောက်ကျနေရတာလဲ၊ ပုံစံကိုလည်းကြည့်ဦး၊ ခေါင်းစုတ်ဖွားနဲ့ မျက်နှာပြောင်၊ ကျက်သရေကို မရှိဘူး …

ဘာတွေဖြစ်နေတာလဲ မိတခက် … ဟမ်"

ဘိုးဘိုးရဲ့ ကြိမ်းမောင်းသံက မာန်အပြည့်ပါသော်လည်း မြက လုံးဝမမှုချေ။



မိတခက်သာ ဒါမျိုးတွေကို ကြောက်တာ။ မြတို့ကတော့ ဒါမျိုးတော့ လာမလုပ်နဲ့။ လူ့ဘဝရဲ့ မြင့်မားတဲ့နေရာတစ်ခုကို ရတုန်းရခိုက်မှာ စည်းစိမ်ဥစ္စာကို မခံစားရချင်ရင်နေ ကျလှတဲ့ဘဝကိုတော့ ဖြတ်သန်းလိုလှသည်။

မြက အိပ်ရေးမဝသော မျက်လုံးများကို ပွတ်ကာ …

"ဘာမှ မဖြစ်ပါဘူး ဘိုးကလည်း၊ ညက ကိုရီးယားစီးရီးစ်တွေကြည့်တာ မိုးအလင်းပေါက်ထိလေ၊ ဒါကြောင့် မနက်မနိုးတာပါ"

"နင် အတတ်ကောင်းတွေ တော်တော် တတ်နေတယ်ပေါ်လေ၊ ဘာကိစ္စ အဲဒီအချိန်ထိ ကြည့်ရတာလဲ၊ မိန်းကလေးဆိုတာ နေဖင်ထိုးအောင်ထိ အိပ်ရသလား"

"အာ … ဘိုးကလည်း ဒီခေတ်မှာ နေဖင်ထိုးတဲ့ခေတ် မရှိတော့ဘူး"

"ဘာ … ဘာမရှိရမှာလဲ"

"ဟုတ်တယ်လေ၊ အဲဒီအယူအဆတွေက အေဒီ (3000)မှာ ကျန်ခဲ့ပါပြီ ဘိုးရာ၊ မိန်းမဆိုရင် ယောကျ်ားထက် စောစောထရမယ်တို့တွေ ဘာတွေ ဒါတွေ မရှိတော့ပါဘူး၊ အိုင်တီခေတ်လေ ဘိုးရာ …

ပြီးတော့ သမီးအခန်းက ခန်းဆီးတွေအပြည့်ကာထားတာ၊ နေက ဘယ်နားကထိုးမှန်းတောင်မသိဘူး … ဟဲ ဟဲ"

"မိတခက် … ညည်း တော်တော်အပိုးမကျိုးပုံစံ ပေါက်နေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အပိုးမကျိုးတာမဟုတ်ဘူး ဘိုး။ အပိုးကျိုးလွန်းလို့ တစ်
စီပြတ်သွားတာ၊ ဟုတ်တယ်လေ၊ သမီး ဘိုး စိတ်ချမ်းသာ
အောင် ဖြည့်ဆည်းပေးထားတာပဲ မဟုတ်လား၊ သမီး
တစ်သက်လုံးလည်း ဒီလို Formalဘဝကြီးထဲမှာ နေလာတာ
ပျင်းလာပြီ ...

ဘယ်သူ့ကိုမှ မထိခိုက်တဲ့ ကိစ္စမျိုးမှာတော့ သမီး
စိတ်ချမ်းသာသလိုပဲ နေချင်တယ်၊ သမီး တစ်ညလုံး T
ကြည့်ချင်ကြည့်မယ်၊ ဂစ်တာတီးချင်တီးမယ်၊ ဒါ ဘယ်
သူ့ကိုမှ ထိခိုက်တာမှ မဟုတ်တာ၊ ဒီလောက်တော့ ဘိုး
နားလည်ပေးရမှာပေါ့"

ရင်ထဲကစကားတွေကို စိတ်ပါလက်ပါ ပြောနေသော
မြကို ဘိုးက တစ်ခါမှ မမြင်ဖူးသူလို ကြောင်ပြီး ကြည့်နေမိသော်
သည်။ မြက ခေါင်းကို တစ်ချက်ဆတ်လိုက်ရင်း ...

"မြ ... အဲ ... တခက် အဘိုး မကြိုက်တာကို ဘာမှမလု
ဘူး ဘိုး၊ ဒီလိုပဲ တခက် စိတ်ချမ်းသာသလိုလေး နေ
တာကိုလည်း ဘိုး ခွင့်ပြုပေးပါ ... နော် ဘိုး"

မြက ဘိုးရဲ့ လက်မောင်းကို ကိုင်ကာ ခပ်ချွဲချွဲ
လိုက်လျှင် ဘိုးက ရှုတည်တည်ကြည့်ကာ ဘာမှမပြောဘဲ လှည့်
ထွက်သွားလေသည်။ ဘိုးရဲ့မန်နေဂျာက ဘိုး နောက်မှနေ၍
ကုပ်ကုပ်လိုက်ပါသွားသည်။ မြသည် ကိုယ့်ကိုယ်ကိုယ် သဘော
စွာဖြင့် လှစ်ခနဲပြုံးကာ ပခုံးကို အသာတွန့်မိလေသည်။ နောက်
လှည့်လိုက်လျှင် လေးမိုး၏ မျက်နှာပုံ့ပုံ့ကြီးကို ဘွားခနဲ ရင်ဆိုင်
လိုက်ရလေသည်။



"ဗျူး ... လန့်လိုက်တာ၊ ဘာရပ်ကြည့်နေတာလဲ"

"တခက် ... တခက်ကို ကြည့်ရတာ ဖျက်ပြီး အသစ်ပြန်
လုပ်ထားတဲ့အရုပ်လိုပဲ။ အံ့သြဖို့ကောင်းလိုက်တာ။ သတ္တိ
တွေ ဘယ်ကရှိနေတာလဲဟင်"

"ဘယ်ကမှ မရှိဘူး။ တခက် ပြောခဲ့တာတွေ လေးမိုး
ကြားတယ်မဟုတ်လား။ ဘဝတိုတိုလေးထဲမှာ စိတ်ထဲကရှိ
တဲ့အတိုင်းပဲ နေချင်တယ် လေးမိုးရာ ...

ဘိုး စိတ်ချမ်းသာဖို့ တခက် နှလုံးသားတစ်ခုလုံး
အကွဲခံခဲ့ပြီးပြီ၊ ဒီတော့ အခု တခက် စိတ်ပြေလက်ပျောက်
ဖြစ်အောင် စိတ်ချမ်းသာသလို နေနေတာလေ။ အဲဒါလေး
တော့ နေခွင့်ရှိတယ် မဟုတ်ဖူးလား"

"အင်း ... ဒီစကားမျိုးတွေ နားရှိလို့သာ ကြားရတယ်၊
အံ့သြစရာကြီးပဲ"

"မအံ့သြနဲ့ လေးမိုး။ နောက် ဒီထက် ထပ်ကြားရဦးမှာ။
ကဲ ... တခက် သွားပြန့်အိပ်ဦးမှာ။ နိုးတဲ့အချိန်မှ ထမင်း
ထစားမယ်၊ လာမနိုးနဲ့နော်"

မြသည် လေးမိုးရှေ့သို့ လက်ညှိုးတစ်ချောင်းထောင်
ဟန်ပါပါပြောခဲ့ပြီးနောက် အပေါ်ထပ်သို့ ပြန်တက်လာခဲ့
သည်။ ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲလိုက်တုန်းမှာပဲ ခုတင်ဘေး
စားပွဲပေါ်တွင် တင်ထားသောဖုန်းမှ မြည်သံထွက်ပေါ်လို့လာ
သည်။

"ဟယ်လို"

"မြ ... ငါပါ"

www.burmeseclassic.com



တစ်ဖက်မှ ခေါ်ဆိုသူမှာ တခက် ဖြစ်သည်။

"အင်း ... ပြော"

"နိုးနေပြီလား"

"နိုးသေးပါဘူးအေ၊ နင့်အဘိုးပေါ့ လာနှိုးခိုင်းလို့ နိုးသွား တာ၊ ငါ ညက သီချင်းရေး အခွေကြည့်နေတာနဲ့ လေ နာရီလောက်ကမှ အိပ်တာ ...

အဲဒါ ငါ့ကို နှိုးပြီး ရစ်တော်မူနေတယ်။ ဘာတွေ လဲဟာ နင်တို့အိမ်ကလည်း၊ ကိုယ်အိပ်ချင်တဲ့အချိန် အိပ် လို့ ထလို့တောင်မရဘူးလား။ ထမင်းစားရင်လည်း အချိန် အတိအကျနဲ့ ပွဲတော်တည်ကြ၊ ပွဲတော်တည်ဖို့ရာကိုလည်း မောင်းတီးပြီး ပင့်တော်မူကြ၊ ဟင်း ... ခေတ်ပျက်လိုက်တာ"

မြဲရဲ့ တရှည်တလျား ညည်းညူသံကို တခက် တခစ်ခစ်နဲ့ ရယ်မောလို့နေလေသည်။ သူ့ကြည့်ရတာ အတော် ကြီး စိတ်ချမ်းသာနေသော အသံမျိုးနဲ့ဖြစ်သည်။

"မနက်ဆိုရင် တခက်က ခုနစ်နာရီထနေကျ မြဲရဲ့။ အဲဒီ အချိန်လောက်ဆို ဘိုးကလည်း လမ်းလျှောက်က ပြန်လာ ပြီ။ အဲဒါ ဘိုးနဲ့အတူတူ Breakfast စားရင်း စကားလေး ဘာလေးပြော၊ အဲဒီလိုနေကြတာ။ ဘိုးက ဘာမဆို အချိန် ဇယားနဲ့ တိတိကျကျ လုပ်တတ်တာ မြဲရဲ့"

"ဟင်း ... ငါကတော့ မတိကျပါဘူး။ ငါက ညဉ့်နက် သန်းခေါင် အိပ်တတ်တာ မဟုတ်ဘူး၊ ညကို နေချင် သလောက်နေပြီး မနက်ကျ ငါထချင်တဲ့အချိန်ကျမှ ထတာ ငါ စားချင်တဲ့အချိန်ကျမှ စားတာ ...



အဲဒီအကျင့်onနှင့် ခန်းဆီးအပြည့်ချကာ ထွန်းထား ထဲက ဘဝမျိုးကြီး ကြောင့် တကယ်ပဲ နေရောင်ဝင်လာတာ ဘိုးကို တစ်ခါတည်းခဲလှသော စည်းစိမ်ကိုခံစားကာ ခိုမ် "ဟင် ... ဟုတ်လား။ဘားသည်။

ဘူးလား"

"မကြောက်ပါဘူး၊ ဒီလို့ လန်းဆန်းသွားလျှင် မိုက်ထဲက စောထနေရမှာပေါ့။ မလုပ်နိုင်သာသဖြင့် အခန်းထဲသို့ ထမင်း အိမ်တက်နေမှတော့ ခိမ်ကျကျင်ဘအခန်းဟာ အကျယ်ကြီးမို့ နင်တို့က ချောင်းသာသွားမှာဆို၊ ဒိုဖာနှင့်စားပွဲက မျက်နှာ

"အခု သွားနေတာပဲလေ၊ ကားပေါ်က ပြောနေတာ

"သြော် ... အင်း။ ဟဲ့ ... ပြောရဦးမယ်။ နေယံနဲ့ အဘ ဆာကူရာတာဝါပေါ်မှာ ကော်ဖီဆိုင်ကိုသိ တယ် သိလား"

"အမယ် ... တယ်ဟုတ်နေပါလား။ အဆင်ပြေသွားပြီ ပေါ့"

"အင်း ... ပြေတယ်။ ငါက နင့်ပုံစံမျိုးနဲ့ လူတွေကို ဆက်ဆံတာမဟုတ်ဘူး၊ နင် လင်းညို့နဲ့ပြတ်ပြီး လောက ကြီးကို အရွဲ့တိုက် လူသစ် စိတ်သစ်နဲ့ ဘဝကို ရင်ဆိုင်နေတဲ့ ပုံစံမျိုးနဲ့ ဆက်ဆံတာ။ ငါ့ နဂိုပုံစံပေါ့။ အဲဒီတော့ နေယံ နဲ့ အဆင်ပြေတယ်"

"ဟိ ... ဆက်ပြီး အဆင်ပြေလိုက်လေ၊ ဘိုးရဲ့ ဆန္ဒလည်း ပြည့်ဝသွားတာပေါ့"

"တော်စမ်းပါဟာ၊ နင့်တောင် မကြိုက်ဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ခေါ်ဆိုသူမှာ ကြိုက်ချင်လည်းကြိုက်

"အင်း ... ပြော"

"နိုးနေပြီလား"

"နိုးသေးပါဘူးအေ၊ နင့်အား ခံစားမှုက ကွာသေးတယ် ဘာ၊ ငါ ညက သီချင်းစေက်ရှူတာချင်းက တူမှမတူ နာရီလောက်ကမှ အိပ်တယ်၊ မြနဲ့ တခုက်ဟာ ရုပ်ချင်း

အဲဒါ ငါ့ကို နိုးသူ ရအောင်ခွဲနိုင်တယ်တဲ့၊ မြကို လဲဟာ နင်တို့အိမ် သားက ဘာမှ မထူးခြားဘူးတဲ့။ လို့ ထလို့တော့ဆိုလို သိတယ်တဲ့ ...

အတိအကျတွေကျတော့ ခွဲခြားလို့ ရတယ်လေ"

မောင်းဖိုး ခွဲခြားကြပါ၊ ခွဲခြားကြပါ။ တစ်ခုတော့ရှိတယ်

တခက်၊ ငါ လုပ်နေတာတွေက နင် အဆင်ပြေစေဖို့ ဆိုတာကို နင် ခေါင်းထဲထည့်ထားဦး။ အမှန်တရားဆိုတာ တစ်နေ့နေ့တော့ ပေါ်မှာပဲ။ အဲဒီကျမှ အားလုံးကို ရင်ဆိုင် နိုင်ဖို့ နင် ကြိုးစားထား"

"ငါ နားလည်ပါတယ် မြရယ်။ နင့်ကိုလည်း ကျေးဇူးအရမ်း တင်ပါတယ်"

"ညီအစ်မတွေကြားမှာ ကျေးဇူးတွေက မလိုအပ်တော့ဘူး လေ၊ အိုကေ ... အဲဒါဆို ဒါပဲ"

"ဟုတ်ပြီ ... ဟုတ်ပြီ။ နောက်မှ တွေ့မယ်နော်"

တခက် ဖုန်းချသွားလျှင် မြသည် ခုတင်ပေါ်မှာ ဆန့်ဆန့်ကြီးလှဲကာ အကြောတွေကို ဖြေလျှော့ထားမိသည်။ နံနက်ကိုးနာရီ ထိုးပြီးသွားပြီဖြစ်သော်လည်း တစ်ခန်းလုံး အေးစိမ့်



အောင်ဖွင့်ထားသော Air Conနှင့် ခန်းဆီးအပြည့်ချကာ ထွန်းထားသော မီးအလင်းရောင်တွေကြောင့် တကယ်ပဲ နေရောင်ဝင်လာတာကို မမြင်ရပါ။ မြသည် ရခဲလှသော စည်းစိမ်ကိုခံစားကာ ဇိမ်ကျကျဖြင့် ခံစားအိပ်ပျော်သွားသည်။

အိပ်ရာက ပြန်နိုးသောအခါ နေ့ခင်းတစ်နာရီထိုးတော့မည်ဖြစ်သည်။ ရေမိုးချိုး လန်းဆန်းသွားလျှင် ဗိုက်ထဲက တကျုတ်ကျုတ်မြည်အောင် ဆာလာသဖြင့် အခန်းထဲသို့ ထမင်းဟင်းလာပို့ခိုင်းလိုက်သည်။ မြနေသောအခန်းဟာ အကျယ်ကြီးမို့ ဆောင်းတစ်ခြမ်းမှာက LCD TVနှင့်အတူ ဆိုဖာနှင့်စားပွဲက မျက်နှာချင်းဆိုင်မှာ တည်ရှိသည်။ 5 Movieကလာသော ရုပ်ရှင်တစ်ကားကို ကြည့်ရင်းမှ နေ့လယ်စာထမင်းကို ဖြည်းဖြည်းနှင့် အေးဆေးသုံးဆောင်လေသည်။ ဝက်သားနဲ့ပုန်းရည်ကြီးဟင်း၊ ကြက်ရိုးနှင့် ကြာဆံဟင်းချို၊ ချဉ်ပေါင်ကြော်၊ ငါးခူအစပ်ကြော်တို့ဖြင့် မြ အကြိုက်ဟင်းတွေပဲဖြစ်သည်။

အဲဒီအချိန်မှာပဲ မြရဲ့ဖုန်းလေးက ထမြည်လို့လာသည်။ ရုပ်ရှင်ကကောင်း၊ ထမင်းကစားကောင်းနှင့် မြသည် ဖုန်းကို မျက်စောင်းထိုးကြည့်မိသည်။ နောက်တော့ မကိုင်၍ မကောင်းသည်မို့ ဖုန်းကိုဖွင့်ကာ ထူးလိုက်သည်။

"ဟယ်လို"

"မတခက်လားခင်ဗျာ"

တစ်ဖက်က တည်တည်ကြည်ကြည် အသံမို့ မြ နည်းနည်းရှိန်သွားသည်။

"ဟုတ်ပါတယ် ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မတခက်၊ ကျွန်တော် ကိုအောင်လင်းပါ။ အန်ကယ်က မတခက်နဲ့ စကားပြောချင်လို့ပါတဲ့၊ ခဏကိုင်ထားပါခင်ဗျာ"

မြသည် အောင်လင်းဟူသော နာမည်ကို မျက်မှောင်ကြုတ်လျက်စဉ်းစားနေတုန်းမှာပဲ အဘိုး၏ အောင်မြင်သောအသံဝါကြီးက နားထဲတွင် ဟိန်းထွက်လာသည်။ ဒီတော့မှပဲ ကိုအောင်လင်းဆိုသူဟာ အဘိုးရဲ့မန်နေဂျာဆိုတာ မှတ်မိတော့သည်။

"အေး ... မိတခက် ဘာလုပ်နေတာလဲ၊ ဘယ်မှာလဲ"

"အိမ်မှာဖေ့ ဘိုးရဲ့၊ တခက် ဘယ်မှမသွားဘူး"

"အင်း ... ကောင်းပါရဲ့၊ အိပ်ရေးရောဝရဲ့လား"

"ဟုတ် ... ဝပါပြီ။ ဘိုးရော ဘာလုပ်နေတာလဲ၊ စားပြီးပြီလား"

"အိပ်ချင်မူးတူးနဲ့ ရှူးကြောင်မူးကြောင်တွေ လျှောက်မမေးနဲ့။ နင့်ဆီကို ပျင်းလို့ဆက်တယ်များထင်နေလား၊ လားရှိုးက အန်တီလွမ်းတို့ နေ့လယ်သုံးနာရီဖလိုက်နဲ့ ရောက်လာလိမ့်မယ် ...

အဲဒါ ဖိုးတုတ်ကို ကားမောင်းပို့ခိုင်းပြီး နင် သွားကြိုလိုက်၊ ငါ မအားလို့ ငါ့ကိုယ်စား နင့်ကို လွှတ်တာ၊ သေချာကြိုလာခဲ့။ ဘာတစ်ခုမှ အလွဲအမှား မဖြစ်စေနဲ့"

"ဟို ... ဟို ကြိုပြီးတော့ ဘယ်ကိုပို့ရမှာလဲဟင်"

"ဘာ ... ဘယ်ကိုပို့ရမှာလဲ။ သူတို့လာခိုင်းအိမ်မှာတည်းနေကျဆိုတာ မေ့နေပြီလား၊ အိမ်ကလူတွေကိုလည်း သေချာမှာ၊ သူတို့တည်းမယ့်အခန်းကို သေချာပြင်ဆင်ထား



လို့၊ အခု တစ်နာရီခွဲပြီ၊ ညည်း ဘာလုပ်နေတာလဲ၊ သွားကြိုဖို့ပြင်ဆင်တော့"

"ဟုတ် ... ဟို ... ဟိုလေ"

"ဘာလဲ ဘာပြောဦးမှာလဲ၊ ငါ အလုပ်ရှုပ်နေတယ်နော်၊ တခက်။ ညည်းနေချင်သလိုနေ၊ အိမ်ထဲမှာပဲ အကွပ်မဲ့တဲ့ ကြမ်း မရမ်းပဲတာ ဖြစ်နေတာကို ငါ ဘာမှမပြောလို့တော့ဘူး၊ ဒါပေမဲ့ ညည်းနဲ့လည်း သိတဲ့ ဧည့်သည်တွေမို့ ငါ့ကိုယ်စား ကြိုခိုင်းတာ ...

သူတို့ဆီသွားတုန်းက ဘယ်လောက်ဧည့်ဝတ်ကျေခဲ့တယ်ဆိုတာ ညည်းလည်း အသိပဲ။ ဒီတော့ ငါ့ စိတ်ချပါရစေ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့၊ ဧည့်သည်တွေက ဘယ်နှယောက်လဲဟင်"

"ငါသိတာတော့ ဒေါ်လွမ်းခင်နဲ့ သူ့သမီးနဲ့ပဲ၊ တခြားဘယ်သူတွေ ပါဦးမယ်တော့ မပြောတတ်ဘူး။ ကြည့်ကျက်သာလုပ်တော့ မိတခက် ...

ဒါပဲ ငါ ဖုန်းချလိုက်ပြီ"

"ဟယ်လို ... ဘိုး ... ခဏ ခဏ ... ဟယ်လို"

မြခေါ်တာတောင် မကြားတော့။ စိတ်မြန်လက်မြန်ရှိသော အဘိုးက ဖုန်းချသွားပြီဖြစ်သဖြင့် မြသည် လက်ကိုင်ဖုန်းကိုပြူးကြောင်ကြောင်ကြည့်ကာ စိတ်ပျက်လက်ပျက်ဖြင့် ကျန်ရစ်ခဲ့သည်။ အဲဒါမှ ပြဿနာပဲဖြစ်သည်။ အဲဒီဧည့်သည်တွေဆိုတာ တစ်ခါမှလည်း မမြင်ဖူး၊ သိလည်းမသိပါဘဲနှင့် မြက ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြို့ရပါမည်နည်း။ ပြီးတော့ လေယာဉ်ကွင်း ဆိုတာလည်း တစ်သက်နဲ့တစ်ကိုယ် ရောက်ဖူးတာလည်း မဟုတ်ချေ။ ဘယ်ကနေဝင်၍ ဘယ်ကနေ ပြန်ထွက်ရမှန်းတောင်မသိပေ။ မြသည် စိတ်ပျက်လက်ပျက်နှင့် ခေါင်းတွေကို တဗျင်းဗျင်းကုတ်မိသည်။

ချက်ချင်းပဲ တခက်ရဲ့ဖုန်းကို ခေါ်မိသည်။ အရေးရယ် အကြောင်းရယ်ဆို ဖုန်းတွေကလည်း ခေါ်၍မရ။ ဆက်သွယ်သောလူကြီးမင်းတို့စုံတွဲဟာ စကြဝဠာရဲ့အပြင်ဘက်ကို ရောက်နေသည်ဟု ထင်ရသည်။ ထိုင်နေ၍ ဘာမှမထူးသော မြဟာ မတ်တတ်ထရပ်လျက် အရင်ဆုံး ကိုယ့်မျက်နှာကိုယ် ကြည့်ကောင်းအောင်ပြင်ဆင်ရသည်။ မျက်နှာပြင်ဆင်ပြီးလျှင် အဝတ်အစားလဲရသည်။

မရန်းစေ့ရောင် လည်ထောင် လက်ပြတ်ကိုယ်ကျပ်ကို အဖြူခံပေါ်တွင် မရန်းရောင်အပွင့်အပြောက်များပါဝင်သော စကတ်အတိုတစ်ထည်နှင့် ပြောင်းလဲဝတ်ဆင်ပြီးလျှင် အပြင်သွားဖို့ကတော့ အဆင်သင့် ဖြစ်သွားပြီဖြစ်သည်။

ထိုအချိန်မှာပဲ မြရဲ့ အခန်းထဲသို့ဝင်လာသော လေးမိုးကိုမြင်လျှင် မြသည် အားရုံတစ်ချက် လင်းသွားသည်။ သူကလည်း အပြင်သွားဖို့ အဝတ်အစားလဲထားသော မြကို တစ်ချက်ကြည့်ကာ ...

"ခက်လေး အပြင်သွားမလို့လား"

"အင်း ... ဟုတ်တယ်၊ လားရှိုးက အန်တီလွမ်းတို့ကို သွားကြိုမလို့"

"ဟုတ်လား၊ ဘိုး ဖုန်းလှမ်းဆက်တာလား"



"အင်း ... ဟုတ်တယ်၊ လေးမိုး လိုက်ခဲ့ပါလား၊ လိုက်မလားဟင်"

"မလိုက်တော့ဘူးလေ၊ တော်ကြာ ကားမဆန့်ဘဲနေဦးမယ်"

မြက လိုက်မည့်ပုံ မပေါ်သော မိန်းမကြီးကို ကြည့်ကာ ထပ်ခေါ်ဖို့ မကြိုးစားတော့ချေ။ လက်ကိုင်အိတ်ကို ဆွဲယူကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ တခက် ကိုင်သော လက်ကိုင်အိတ်အဖြူ ဗစ်တိုးရီးယားမျက်မှန်ခပ်ကြီးကြီးကို ဟန်ပါပါတပ်လျက် လှပုံစံကတော့ မီလျှံနာသူဌေးသမီးဒီနိုင်း ပေါက်နေအောင် နေတတ်သော မြဟာ လေယာဉ်ကွင်းရောက်တော့မှပဲ အရုက်ကွဲမလားတော့ မပြောတတ်ချေ။ ဟန်ကိုယ့်ဖို့ မာန်သွေးဖို့ဟု တင်းထားရသော်လည်း စိတ်ထဲမှာတော့ စိုးရိမ်စိတ်တွေက ဘောင်ဘင်ရိုက်ခတ်ပြီးနေသည်။

မြသည် အိမ်ကလူတွေကို လိုအပ်တာညွှန်ကြားပြီး ခပ်ကွယ်ကွယ်လေးကနေ၍ တခက့်ထံ ဖုန်းဆက်ခေါ်သည်။ ဖုန်းက ဘယ်လိုမှ ခေါ်မရချေ။ မြ စိတ်တိုလာသည်။ ရှိုးစမိုးအပြည့်သဲ့ထားသော်လည်း လူက ချွေးပြန်လာပြီဖြစ်သည်။

"တောက် ... သင်းတို့ကတော့ မိုးမမြင်လေမမြင် ပျော်နေကြပြီနေမှာပေါ့။ ကျွတ် ... သေတော့မှာပဲ ငါ့နှယ်နော်၊ ဘယ့်နှယ်လုပ်ရပါ့"

မြသည် စိတ်ပျက်လက်ပျက်နှင့် ဖုန်းနှိပ်ရင်းမှ ပေါ်တီကိုအောက်သို့ ရောက်လာသည်။ ပေါ်တီကိုအောက်မှာ ကားကို အဆင်သင့်ဖုန်သုတ်နေသော ကိုဖိုးတုတ်ကို တစ်ချက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ဒီလူကတော့ အူတူတူ အတတပုံစံမို့ အကဲစမ်းမေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

“ကိုဖိုးတုတ်”

“ခင်ဗျာ ... မလေး”

“ရှင် ... လေယာဉ်ကွင်း ရောက်ဖူးလား”

“ဟုတ် ... ရောက်ဖူးတယ်လေ မလေးရဲ့၊ မလေး ဧည့်သည်ကြိုရင် ကျွန်တော်ပဲ လိုက်မောင်းပို့ရတာလေ”

“ဟုတ်လား ... အထဲကိုရော”

“အထဲကို ကျွန်တော် လိုက်မဝင်ဘူးလေ၊ ကျွန်တော်က ကားနားကပဲ စောင့်နေခဲ့တာ၊ ဘာဖြစ်လို့လဲ မလေး”

“ဘာမှမဖြစ်ဘူး၊ အင်း ... အင်း သုတ်၊ ခဏနေသွားမယ်”

မြသည် စိတ်ရှုပ်စွာနှင့် ဒန်းစင်လေးရှိရာ မြက်ခင်းပေါ်သို့ နှင်းဖြတ်လျှောက်လာခဲ့သည်။ မြ ဘယ်လိုလုပ်ရမှာတဲ့လဲ။ လေယာဉ်ကွင်းကိုလည်း တစ်ခါမှမရောက်ဖူး။ တစ်ခါမှ မတွေ့ဖူး မသိဖူးသောလူတွေကို မြက ဘယ်လိုကြိုရမှာတဲ့လဲ။ လေယာဉ်ကွင်း ဆိုတာကရော အထဲတွင်းကို ဝင်ချင်သလို ဝင်လို့ရတဲ့ နေရာလည်း ဟုတ်ချင်မှဟုတ်မည်။ စကြိုလက်မှတ်တွေ ဘာတွေ ဖြတ်ရဦးမည်ထင်သည်။

မြသည် ဒန်းစင်၏လက်ရန်းကို မှီရင်းမှ ဘာလုပ်ရပါ့ဟု အကြံထုတ်နေတုန်းမှာပဲ စိတ်က လူတစ်ယောက်ကို ဖျတ်ခနဲ သွားသတိရသည်။ ကြည့်စမ်း သူ့ကို မြ ဘာကြောင့်မေ့နေတာပါလိမ့်။ သူ့ကို အကူအညီတောင်းရင် ရတာပေါ့။ မြသည် ခပ်သွက်သွက်ကြီးပြုံးမိကာ နေယံရဲ့ဖုန်းကို ခေါ်လိုက်သည်။ ဘုရား



တရားမလို့ သင်းတစ်ယောက် အားပါစေ။ အားတဲ့အလျောက်လည်း မြကို ကူညီစောင်မနိုင်ပါစေ။

“ဟယ်လို”

“အဲ ... နေယံလားဟင်၊ တခက်ပါ”

“ဪ ... တခက် ပြောလေ”

“ဟို ... နေယံ အခု ဘယ်မှာလဲဟင်၊ အားလား”

“အင်း ... ကိုယ် IBCမှာ Seminar တစ်ခု လာတက်နေတာ၊ အားလား ဆိုတော့ ခုပဲ ပြီးသွားတယ် ပြောရမှာပေါ့၊ အခု ကားနားကို ရောက်နေပြီလေ၊ ရုံးကို ပြန်တော့မှာ၊ ဘာလို့လဲ တခက် ဘာလုပ်ချင်လို့လဲ ပြောလေ”

မြသည် သူ့ရဲ့ နွေးထွေးပျူငှာသော အသံလေးကို ကြားလျှင် မျက်ရည်လည်မတတ် အားတက်သွားသည်။

“ဪ ... ဟိုလေ တခက် လေဆိပ်မှာ ဧည့်သည်တွေကို သွားကြိုရမှာ၊ အဲဒါ နေယံ အားရင် အဖော်လိုက်ပေးပါလားလို့ပါ”

“ဧည့်သည်တွေ ! ... ဘယ်သူတွေလဲ”

“ဟိုဟာလေ လားရှိုးက အန်တီလွမ်းတို့ပါ”

“ဪ ... သူတို့လား ရတယ်လေ၊ ကိုယ်က လောလောဆယ် အရေးကြီးတဲ့အလုပ်တော့ မရှိပါဘူး၊ လိုက်ခဲ့ပေးပါ့မယ်၊ အင်း ... နေဦး တခက်က အခု ဘယ်မှာလဲ...”

“အိမ်မှာ ... အိမ်မှာပါပဲ။ တခက် အဲဒီ IBCကိုလာခဲ့မယ်လေ၊ ဧည့်သည်တွေက ပစ္စည်းတွေများလာတော့ မသိဘူး၊ အဲဒါ တစ်ယောက်တည်းလည်း ဖြစ်နေတာနဲ့”

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ … အိုကေ … ရတယ် တခက်။ လာခဲ့လေ လမ်းသင့်တာပဲ၊ ကိုယ် IBC ကပဲ စောင့်နေလိုက်မယ်"

"ဟုတ် … ဟုတ် … ကျေးဇူးပဲနော်"

"နဲ့ဗားမိုင်း အိုကေ … ဘိုင့်ဘိုင်"

သူက ခပ်သွက်သွက်နှုတ်ဆက်ကာ ဖုန်းချသွားလျှင် မြသည် ဘာတတ်နိုင်သေးလဲဟူသော ပုံစံဖြင့် ပခုံးကို တစ်ချက်တွန့်ကာ ပေါ်တီကိုအောက်သို့ ခပ်မြှုးမြှုး လှမ်းလာခဲ့သည်။ ပေါ်တီကိုအောက်မှာ အဆင်သင့်ရပ်စောင့်နေသော ကိုဖိုးတုတ်ကို မျက်လုံးနဲ့ပဲ အချက်ပြကာ ကားနောက်ခန်းထဲသို့ ဝင်ထိုင်လိုက်သည်။

ကိုဖိုးတုတ်က ကားကိုခြံထဲမှမောင်းထွက်လာလျှင် —

"IBC ကိုပဲ မောင်း ကိုဖိုးတုတ်"

"ဗျာ … ဘယ်လို"

"ဩော် … IBC လေရှင်၊ လမ်းသင့်နေတဲ့ဟာပဲ၊ အဲဒီကို အရင်ဝင်မယ်၊ ကျွန်မ နေယံ့ကို ဝင်ခေါ်ရဦးမှာ"

"ဩော် … ဟုတ်ကဲ့"

ကိုဖိုးတုတ်က ဘာမှဆက်မမေးတော့ဘဲ ကားကို အသာမောင်းထွက်သည်။ မြသည် လမ်းဘေးဝဲယာ ရှုခင်းများကို ငေးမိငေးရာ ငေးမောနေရသော်လည်း ရုတ်တရက်မအေးနိုင်သေးချေ။ တစ်ခါမှ မမြင်ဖူးသောလူတွေကို အနှစ်နှစ်ကာလက ရင်းနှီးခဲ့လေသယောင် ဟန်ဆောင်ပြလျက် အိုက်တင်တွေ ထုတ်ရမှာကို တွေးကာ ရင်လေးနေမိသည်။ အဆင်မှပြေပါ့မလား ဟူသော စိုးရိမ်ပူပင်မှုသည် မြကို နှိပ်စက်နေလေသည်။



စာရေးဆရာမတစ်ယောက်လို စိတ်ထဲမှာ စကားလုံး ဆွဲစဉ်လိုက်၊ မကြိုက်လျှင် ပြန်ဖျက်လိုက်ဖြင့် အလုပ်တွေရှုပ်နေသော မြသည် IBC သို့ရောက်လာတာတောင် မသိလိုက်ချေ။ ကိုဖိုးတုတ်က နေယံရဲ့ကားအနားမှာ ရပ်ပေးလိုက်မှသာ ဆင်းရကောင်းမှန်း သတိရသည်။ ကားတံခါးကိုမှီလျက် ဖုန်းပြောနေသော နေယံသည် မြကို မြင်လိုက်တာနဲ့ လက်တစ်ချက်လှမ်းပြသည်။ မြသည် အဲဒီလက်လှမ်းပြသောပုံစံကို ရင်ထဲမှာ နှစ်ခြိုက်စွာပင် ငေးမိသည်။

ခရမ်းပုပ်ရောင် ရှပ်အင်္ကျီလက်ရှည်ကို Sknney ဘောင်းဘီရှည်အနက်တို့ဖြင့် လိုက်ဖက်ညီအောင် ဝတ်ဆင်ထားသော သူ့ပုံစံသည် တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ပုံစံပေါက်သည်။ မြင်လိုက်တာနှင့်ကို တစ်ဖက်သားက အားကျအထင်ကြီးစေသော ကိုယ်ရည်ကိုယ်သွေးမျိုးကို သူက ပိုင်ဆိုင်လေသည်။ သင်းညို့နဲ့ ရွယ်တူပင်ဖြစ်သော်ငြားလည်း သူက လူငယ်တစ်ယောက်ပုံစံမျိုးမနေ။ သို့သော် လူငယ်ဆန်သည့် ရဲရင့်တက်ကြွမှုမျိုးကတော့ သူ့ဆီမှာ ရှိသည်။

မရည်ရွယ် မတိုင်ပင်ထားပါဘဲနှင့် သူနှင့် မြမှာ အဝတ်အစားအရောင်ချင်းက သွားရောက်တူညီနေသဖြင့် မြကလည်း သဘောတကျဖြင့် ပြုံးမိသည်။ သူကလည်း အဲဒါကို ရိပ်မိဟန်ဖြင့် အသာပြုံး၍ နေလေသည်။

"တခက်က ကိုယ့်ကားနဲ့ လိုက်မှာလား"

သူ့အမေးကို မြက မျက်ခုံးတစ်ချက်ဝင့်ကာ မေးဆတ်ရင်းမှ …

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"ဟု ပြန်ပြောလိုက်လျှင် သူက တစ်ချ
ပြုံးကာ ခေါင်းညိတ်သည်။ မြသည် မလှမ်းမကမ်းရှိသော ကိုဖိုးတုတ်
ကို နောက်ကလိုက်လာခဲ့ဖို့မှာပြီးနောက် သူမောင်းသောနေရာ
အေားခုံမှာ ဝင်ထိုင်လိုက်သည်။ မြထိုင်ပြီးလျှင် သူက ကား
ကျင်လည်စွာ မောင်းထွက်သည်။ မြသည် ကားမောင်းနေသော
သူ့လက်ချောင်းရှည်သွယ်သွယ်များကို ငေးမိငေးရာငေးလျှ
ပါးစပ်ကလည်း ထွက်မိထွက်ရာ ထွက်သွားသည်။

"လက်တွေက အနုပညာဆန်တယ်နော်"

"ဗျာ ... တခက် ဘာပြောတာလဲ"

"သြော် ... ဟို နေယံ့လက်တွေကလေ အနုပညာဆန်တ
လို့ပြောတာပါ၊ အနုပညာတစ်ခုခုများ ဝါသနာမပါဘူးလာ
ဟင်း"

မြရဲ့အမေးကို သူက နူးညံ့စွာ တစ်ချက်ပြုံးသည်
မြသည် ဒီလူ ဒီလိုပြုံးတိုင်း ငေးခနဲဖြစ်သွားကာ ရင်ထဲမှာ
တွေးသွားတတ်ပါသည်။ ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ ဒီလူ
အနှစ်နှစ်အလလက တွေ့ခဲ့ရသူတွေလို ရင်းနှီး၍နေသည်။ အ
ကတော့ ကိုယ့်အဘိုးရင်းချာမို့ သွေးကစကားပြောတာမို့ ထ
ပါတော့။ သူ့ကိုလည်း စိမ်းမနေပါ။ မြရဲ့စိတ်ထဲတွင် အလိုလို
တွေးကာ ခံစားမှုက တစ်မျိုးဖြစ်နေသည်။ သူ့အနားရောက်သွ
လျှင် လူက အလိုလို လုံခြုံနေသလို ခံစားရကာ အရိပ်တစ်
အောက်မှာ ရောက်နေသည်ဟူသော ဖီလင်ကတော့ တကယ်
ဆန်းပါသည်။



"ပါတယ်လေ"

"ဟင် ... ဟုတ်လား၊ ဘာပါတာလဲ"

"စာဖတ်တာလေ"

"ဟင် ... စာဖတ်တာက အနုပညာမှ မဟုတ်တာ"

မြရဲ့ မကျေနပ်သလို ရှုပွပွ အပြောကို သူက
သဘောကျသလို တစ်ချက်ရယ်သည်။ သူ့ အရင်ကရော ဒီလိုပဲ
အမြဲ ပြုံးတတ် ရယ်တတ် သလားတော့ မသိပါ။ မြ အခုတွေ့ရ
သလောက်ကတော့ မြ ပြောလိုက်တဲ့စကား၊ လုပ်လိုက်တဲ့အပြုအမူ
သဖြင့် အားလုံးကို သူက အမြဲတမ်း သဘောတကျနှင့် ပြုံးနေ
တတ်တာပဲဖြစ်သည်။

"ဒါဆို စာရေးဆရာတွေက အနုပညာရှင်တွေ မဟုတ်ဘူး
ပေါ့"

သူ့အပြောကို မြက ရုတ်တရက် ဘယ်လိုချေပရ
မှန်း မသိပေ။ သို့သော် အလွယ်တကူ အရှုံးပေးတတ်သော စိတ်
ခာတ် မရှိသူပီပီ ...

"အဲဒါတော့ ဟုတ်တယ်လေ။ ဒါပေမဲ့ နေယံ ဖြေတဲ့အဖြေ
က မှားနေတာ မဟုတ်လား။ စာရေးတာ အနုပညာတစ်ခု
ပါ။ နေယံက စာရေးတာ ဝါသနာပါတယ် ဆိုရင်တော့
ဒီအဖြေက ဆီလျော်တာပေါ့၊ စာဖတ်တာ ဝါသနာပါတယ်
ဆိုတာကျတော့ အနုပညာကို ဝါသနာပါတယ်လို့ ပြောလို့
မရတော့ဘူးလေ"

"အင်း ... ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောက ကလေးတစ်ယောက်ကို တမင် အလျှော့ပေးသလို ပြောသော အပြောမျိုးမို့ မြကမကျေနပ်သေးချေ။

"အံမယ် ... ဒီလို အလွယ်တကူတော့ ပြီးပြီးရော လက်မခံပါနဲ့။ တကယ် စိတ်ထဲကပါမှပဲ ဟုတ်ပါတယ်ပါ"

သူက ကားမောင်းရင်းနဲ့မှ လက်တစ်ဖက်က နားထင်ကို လက်ညှိုးနှင့် တစ်ချက်ထောက်လျက် မျက်ခုံးကို အနည်းငယ်တွန့်ချိုးကာ "ဘာဟုတ်ပါတယ်ပါလဲ"ဟု ပြန်မေးသည်။ ဒီလိုပြန်မေးသော ပုံစံလေးဟာ ဘယ်လိုကြည့်ကောင်းမှန်း မသိပေ။ အင်း ... မြ တစ်ယောက်တော့ ခက်ရချည်သေးရဲ့။

"ဟုတ်ပါတယ်လုပ်ပါကို အတိုကောက်ပြောလိုက်တော့ ဟုတ်ပါတယ်ပါပေါ့၊ အဲဒီ နေယံက အရမ်းဝေးတယ်ကွာ"

"မဝေးပါဘူး၊ နီးနေတာပဲဟာ"

သူက အဲဒီစကားကို ပြုံးပြုံးလေး လှည့်ပြောတာဖြစ်သည်။ မြသည် အဲဒီအပြုံးကြောင့် ရင်ထဲမှာ တစ်မျိုးလှုပ်သွားရပါသည်။ အဲဒီလှုပ်ရှားမှုကြောင့် မြသည် သူ့ကို ချက်ချင်းစကား ပြန်မပြောနိုင်ပေ။ သူကလည်း ဆက်မပြောတော့ပါ။ ဒီလိုနှင့် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ရောက်လာသည်။ လေဆိပ်ထဲရောက်လျှင် ထင်သည့်အတိုင်း အလွယ်တကူ ဝင်ခွင့်မရဘဲ အထဲဝင်ဖို့ ရင်ထိုးကတ်ပြားတွေ ဘာတွေ လုပ်ရသေးတာဖြစ်သည်။ ဒါတွေကို သူကပဲ ရှေ့ကနေ ဦးဆောင်လုပ်သွားသဖြင့် မြက ဘာမှ မလုပ်ရချေ။ သူ့နောက်က အသာလေးလျှောက်လိုက်သွားရုံပဲဖြစ်သည်။



အားလုံးပြီးစီးလျှင် သူက နာရီကို တစ်ချက်ကြည့်ကာ ...

"အင်း ... လေယာဉ်ဆိုက်ဖို့က နာရီဝက်လောက် လိုသေးတယ် တခက်"

"ဟုတ်"

ဟုတ်ဟု ဆိုလိုက်သော မြမှာ အသံက သိပ်မထွက်နိုင်တော့။ ဧည့်သည်ကို ကြိုဖို့ အထဲရောက်သောကိစ္စက အဆင်ပြေသွားပြီ ဖြစ်သော်လည်း ဧည့်သည်တွေကို တစ်ခါမှ မမြင်ဘူးတာက ခက်လှသည်။ သူ့ရော မြင်ဖူးလား မသိပါ။ ဒါကြောင့် မြသည် ပညာသားပါပါနှင့် သူ့ကို မေးလိုက်ရသည်။

"အင်း ... အန်တီလွမ်းတို့ကို မတွေ့တာကြာတော့ ဘယ်လိုပုံစံတွေများ ဖြစ်နေလဲ မသိဘူးနော်"

"လူကြီးကတော့ သိပ်ပြောင်းလဲမှာ မဟုတ်ပါဘူး"

ထပ်သရီး သေပါတော့။ ဒါတော့ သူပြောမှတဲ့လား။ မြသည် လိုချင်တဲ့အဖြေ မရ၍ စိတ်ပျက်သွားရသည်။ သို့သော် သိပ်တော့လည်း စိတ်မပူပါ။ ဧည့်သည်တွေကို သူ့ကို ရှာခိုင်းရုံပဲ ရှိသည်ဟု သဘောပိုက်ထားလိုက်လေသည်။ ဒါကြောင့် စိတ်အေးအေးပဲ ထားလိုက်တော့ကာ ပြတ်နေသော စကားကို ပြန်ဆက်ဖို့ ကြိုးစားရသည်။

"အခုနစကားကို ပြန်ဆက်ရဦးမယ်၊ နေယံက စာဖတ်တာ အပြင် တခြားဘာဝါသနာပါသေးလဲဟင်။ ဥပမာ သီချင်းနားထောင်တာတို့ ဘာတို့ပေါ့"

"သီချင်းနားထောင်တာတော့ ဝါသနာပါ,ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဂစ်တာတွေ ဘာတွေရော တီးတတ်လား ဟင်"

"အင်း ... မတီးတတ်ဘူး"

"တကယ်လား ... တခက်တောင် တီးတတ်နေပြီ"

သူက တခက်ဘက်ကို မျက်လုံးတစ်ချက် ဝင့်ကြည့်ကာ ...

"ကိုယ်ကတော့ ဂစ်တာတီးတာထက် တခက် ချက်တဲ့ဟင်းတွေကိုပဲ ပိုစားချင်တာ ... ဟဲ ဟဲ။ ဟိုတစ်ခါချက်တဲ့ ဘဲသားအုန်းနို့ဆမ်းက တော်တော် စားကောင်းတယ်နော်"

မြသည် အဲဒီအပြောကြောင့် ရှုံ့မဲ့မိတော့မလို ဖြစ်သွားသည်။ ချက်ကျွေးခိုင်းရင်တော့ ပြဿနာပါပဲ။

"ဟုတ်လား ... ဟင်း ဟင်း ... ဒါပေမဲ့လေ မြကတစ်သက်လုံး အဲဒီအလုပ်တွေကို လုပ်ခဲ့ရလို့လားတော့ မသိဘူး။ အခု ဟင်းတွေ ဘာတွေ ချက်ဖို့ကို သိပ်စိတ်မပါတော့ဘူး ဖြစ်နေတယ်။ နည်းနည်း အပျင်းကြီးနေတာ။ ဘိုးကတောင် ဆူနေတယ် ...

ဒါနဲ့ နေယံကရော မိန်းကလေးဆိုရင် ချက်တတ်ပြုတ်တတ်တဲ့ မိန်းကလေးကိုမှ သဘောကျတာလားဟင်"

သူက အဲဒီမေးခွန်းကို ချက်ချင်းမဖြေချေ။ ခေါင်းဆတ်ဆတ်ညိတ်ကာ တွေးတောနေပြီးမှ ...

"ကိုယ့်မှာ ဘယ်လိုမိန်းကလေးကိုမှ သဘောကျမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုး မရှိပါဘူး"

"ဟုတ်တယ် ... မထင်ရဘူးနော်"



"ဘာဖြစ်လို့ မထင်ရတာလဲ"

"ဟင် ... နေယံ့ ပုံစံက ဘာမဆို တိတိကျကျ ပြတ်ပြတ်သားသားပုံစံလေ။ အရာရာကို စနစ်တကျနဲ့ စည်းစနစ်ကြီးမယ့် ပုံစံမျိုးဆိုတော့ အချစ်ရေးတို့ အိမ်ထောင်ရေးတို့မှာလည်း အဲဒီလို ပုံစံခွက်ကြီးနဲ့လို့ ထင်လို့ပါ"

မြရဲ့အပြောကြောင့် သူက နှုတ်ခမ်းဖျား ပြုံးလေသည်။ အဲဒီအပြုံးဟာ မြကို အမြဲတမ်းပဲ မချင့်မရဲ ဖြစ်စေသည်။ သူ ပြုံးလိုက်လျှင် ဘယ်တော့မှ အပြုံးကြီးရယ်လို့ မပီပြင်။ နည်းနည်းပဲ ပြုံးတတ်သူ ဖြစ်သည်။ ပြုံးတယ်ဆိုရုံ သိသာစေသော အပြုံးမျိုး လောက်သာဖြစ်သည်။ သူ့ကို နည်းနည်းစားသော မေးခွန်းတစ်ခု လောက်များ မေးလိုက်လျှင် ချက်ချင်းမဖြေတတ်ဘဲ အဲဒီလို အရင်ပြုံးတတ်တာကလည်း သူ့ရဲ့ကိုယ်ပိုင်စတိုင်လ် ဖြစ်ပုံရပါသည်။

"တစ်ခါတလေကျတော့လည်း လူတစ်ယောက်ကို ပုံမှန်တွက်ထားလို့ မရတာမျိုးရှိတယ် တခက်ရဲ့။ ကဲ ... အနီးစပ်ဆုံး ဥပမာ တခက်ကိုပဲ ကြည့်လေ"

"အွန်း"

သူ့ဥပမာက ထိရောက်လွန်းသဖြင့် မြသည် အွန့်ခနဲ ဖြစ်သွားရလေသည်။ မြ ဖြစ်သွားပုံကို သူက သဘောတကျနှင့် ရယ်မောသည်။ သူ ရယ်သောအခါ မြပါ လိုက်လံရယ်မောဖြစ်ပါသည်။

"ကိုယ်က အဲဒီလို သတ်မှတ်ချက်မျိုးတွေ တစ်ခါမှကို မတွေးဖူးတာ တခက်ရဲ့။ ဒီလိုကိစ္စတွေက မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာတာမှ မဟုတ်တာ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ချို့မှတောင် မစဉ်းစားဖြစ်ပါဘူး

"ဟင်း ... ပျင်းစရာကြီး"

"ဘယ်လို ! ... ကိုယ့်ပုံစံက ပျင်းစရာကြီး ကောင်းနေလို့လား"

"အင်းပေါ့"

"အင်း ... ဟုတ်မယ်နော်။ ဘယ်လိုလုပ်ရင် ပျော်ရမှာလဲ။ နည်းနည်းလောက် ပြောပြပါလား"

"တခက်နဲ့ ရှော့ပင်ထွက်လေ။ ဒါဆို ပျော်စရာကောင်းသွားမယ်"

သူက တကယ်လားဟူသော ပုံစံဖြင့် မျက်ခုံးတင်ချက် ပင့်ပြသည်။ မြဲက ခေါင်းကို တည့်တည့်ညိတ်ပြကာ ...

"မြဲကို တစ်ရပ် တစ်ရွာက လာတဲ့သူလို သဘောထားပြီးတော့ နေရာစုံကို လိုက်ပို့လေ။ မြဲ ... အဲ ... တခက်က ရှော့ပင်လုပ်မယ်။ ဩော် ... နေယံပါ ဈေးဝယ်ပေါ့၊ ဘယ်နေ့အားလဲ။ နေယံ တစ်ခါမှ အဲဒီလို မသွားဖူးဘူး မဟုတ်လား။ သွားကြမယ်လေ။ သွားမှာလား"

"အင်း ... ဒီတစ်ပတ် ဆန်းဒေးတော့ အားပါတယ်။ ဆက်တခေးကတော့ မေမေ့ကို ပဲခူးလိုက်ပို့ဖို့ ချိန်းထားပြီးသား ဖြစ်နေလို့။ ရတယ် မဟုတ်လား"

"အိုကေ ... ရတာပေါ့။ ဟော ... ကြော်ငြာနေပြီ၊ လေယာဉ်ဆိုက်တော့မယ်နဲ့ တူတယ်နော်"

"အင်း ... ဟုတ်တယ်"



"နေယံရဲ့ အရပ်အမြင့်ကြီးနဲ့ ရှာဦးနော်၊ တခက်က မျက်လုံးနည်းနည်းမွဲတယ် ... ဟင်း ဟင်း ... တွေ့ရင်ပြော၊ တခက် ပြေးသွားမယ်"

သူက မြဲကို ချစ်စနိုးပုံစံဖြင့် ပြုံးငဲ့ကြည့်ကာ ခေါင်းညိတ်ပြသည်။ လေယာဉ်ဆိုက်ပြီးပြီဖြစ်၍ ခရီးသည်တွေ တဖွဲဖွဲဝင်ရောက်လို့လာသည်။ မြဲ တစ်ယောက်သည်လည်း သိသလိုလိုတွေ့သလိုလိုဖြင့် ဟိုဟိုဒီဒီ ကြည့်ရသေးသည်။ လားရှိုးကဆိုတော့လည်း အသားဖြူဖြူ ရှမ်းလူမျိုးပုံစံပေါက်တာကို ရွေး၍ရှာဖွေရလေသည်။

"ဟိုမှာ တခက်၊ ကိုယ်တို့ကို မြင်ကြတယ်၊ လက်လှမ်းပြနေတယ်"

သူက လှမ်းအပြ မြဲကလည်း လှမ်းကြည့်လိုက်လျှင် အသားဖြူဖြူ၊ ခပ်ချောချော အန်တီကြီးက လက်လှမ်းပြနေတာကို မြင်လိုက်ရသည်။ မြဲသည်လည်း အကယ်ဒမီအိုက်တင်ဖြင့် ဝမ်းသာအားရပုံစံဖြင့် အဲဒီနားသို့ ပြေးသွားရသည်။

"အန်တီလွှမ်း နေကောင်းတယ်နော်"

"အေး ... ကောင်းပါတယ်၊ တခက်က ဒီဇိုင်းတွေပြောင်းထားတော့ လူတောင်မှားတယ်၊ နေဒယံကို လှမ်းမြင်လို့"

"ဟုတ်ကဲ့ အန်တီ နေကောင်းတယ်နော်"

"အေး ... ကောင်းတယ် ... ကောင်းတယ်"

"ဟုတ် ... ပစ္စည်းတွေ များလား။ မရွေးရသေးဘူးနဲ့တူတယ်"

www.burmeseclassic.com



"အင်း ... နည်းနည်းတော့များတယ်။ မြေအကြီး စာမေးပွဲ ပြီးတာနဲ့လေ လာလည်ကြတာ၊ လူကလည်း ခြောက် ယောက်တောင်"

"ဟုတ် ... ရပါတယ်။ ကားက နှစ်စီးပါတယ် အန်တီ။ ရပါတယ်။ အဆင်ပြေသလို ထိုင်ပါ"

"အေး ... တော်သေးတာပေါ့။ ကဲ ... ပူစူးတို့ အိတ်တွေ သွားရွေးမယ်"

မြသည် အရွယ်စုံ ဆိုဒ်စုံ ညှော်သည်တွေကို မအီ မလည်ကြည့်ကာ သူ့ကို တစ်ချက်မော့ကြည့်လျက် ပြုံးပြမိသည်။ သူက မြရဲ့အဖြစ်အပျက်ကို နားလည်သဲလိုဖြင့် ...

"တခက်တော့ အလုပ်တွေ ရှုပ်ဦးတော့မှာပဲနော်"

"အင်း ... ဒီလိုပါပဲ"

"ဒီဧည့်သည်တွေကိုရော ဘာဟင်းတွေနဲ့ လက်စွမ်းပြပြီး ချက်ကျွေးဦးမှာလဲ"

"အဟင်း ... အဆင်ပြေသလိုပေါ့"

သူက ဟုတ်ပါပြီ ဟူသော သဘောဖြင့် ဘာမှဆက် မပြောတော့ချေ။ အဲဒီနေ့က သူ့ရဲ့အကူအညီဖြင့် ဧည့်သည်ကြို သည့်ကိစ္စမှာ ချောချောမောမော ပြီးသွားခဲ့သော်လည်း နောက်ပိုင်း ကိစ္စတွေမှာ မပြီးသေးချေ။ ဒီအိမ်မှာ ဘိုး ပြီးလျှင် တခက်က အိမ်ကို အုပ်ထိန်းအုပ်ချုပ်ရတာဖြစ်သည်။ တစ်အိမ်လုံးရဲ့ အလုပ် သမားတွေ၏ လစာကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျန်းမာရေး ကိစ္စ စသဖြင့် ဒါတွေအားလုံးကို ဘိုးက တစ်ခုမှ ပြန်လှည့်မ ကြည့်။ တခက်နှင့် လေးမိုးသာ လုပ်ရသည်။



တစ်ခြံလုံး၊ တစ်အိမ်လုံး သာယာလှပကာ ခမ်းနား နေဖို့ ကိုယ်တိုင်ကိုယ်ကျ လက်နှင့် လိုက်မလုပ်ရတာပဲရှိသည်။ မျက်လုံးနှင့်ကြည့်ကာ ပါးစပ်နှင့် ကွပ်ကဲသည့်အလုပ်၊ လက်ညှိုး ထိုးသည့် အလုပ်ကိုတော့ လုပ်ရသည်သာပင်။ မြတွင် အဲဒီလို မြင်တတ်သောမျက်စိနှင့်၊လက်ညှိုးထိုးခိုင်းနိုင်သော အရည်အချင်း ကို မရှိချေ။

ကိုယ့်ဟာကိုယ် အေးရာအေးကြောင်း ကိုယ့်ဖိုးလ်နဲ့ ကိုယ် နေလိုသည် ဖြစ်လေရာ ဒီလိုအလုပ်တွေကို လုပ်လည်းမ လုပ်ချင်၊ စိတ်လည်းမဝင်စား။ လောကမှာ ကိုယ်မလုပ်ချင်သည့် အလုပ်တစ်ခုကို လုပ်ရတာလောက် စိတ်ညစ်ဖို့ကောင်းတဲ့အလုပ် မရှိလေရာ မြ အတွက်တော့ စိတ်ပျက်ဖွယ် အတိပင်။ ဒီကြားထဲ မလုပ်ချင်ပါဘူးဆို လုပ်လည်းမလုပ်တတ်သေးတော့ ပြောဖွယ်ကို မရှိတော့ပြီ။

ကိုယ်နဲ့လည်း မသိသော ဧည့်သည်တွေကို သိသ ယောင်ယောင်ဖြင့် ပါးစပ်ကြီး တဖြဲဖြဲလုပ်ပြထားရတာကလည်း အလုပ်တစ်ခု။ မြ စိတ်ညစ်လှသည်။ ဒီကြားထဲ အဘိုးကတစ် မျှော်၊ အချွန်နဲ့မ,သေးသည်။ (အမှန်တော့ သူကလည်း အချွန်နဲ့ မ,တာတော့ မဟုတ်ပါ။ ဒီအလုပ်တွေကို တကယ်ကျွမ်းကျင်ခဲ့ သော တခက်ထင်၍ ပိုင်ပိုင်နိုင်နိုင်ကြီး ခိုင်းတာဖြစ်သည်။ ဒီက လည်း တခက် မဟုတ်တော့ များစွာခက်ရပြီ။)

"တခက် ... ထုးထုးဆန်းဆန်း ဟင်းတွေ စီမံပါ။ မြင့်ကြည်တို့ချည်းပဲ လွှတ်ထားမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မြ တစ်ယောက် မီးဖိုချောင်ထဲသို့ ဝင်သော်လည်း နှမ်းဖြူးနေခြင်းကိုလည်း ဘိုးက ရိပ်မိဟန်တူသည်။ မြသည် အဘိုးကိုတော့ စိတ်ထဲမှ စူပွပွလုပ်ရင်း ပါးစပ်ကတော့ အစွဲ့တိုက်ဖို့ ပြင်သည်။

"ထူးထူးဆန်းဆန်းဟင်း ဆိုတာ ဘာလဲ ဘိုးရဲ့၊ ဒီထက်ထူးအောင် စီမံဖို့ဆိုရင်တော့ ဂေါ်ဇီလာအသည်းနှလုံးနုပ်နဲ့ တီကောင်အကြွပ်ကြော်၊ ကင်းခြေများရဲ့ခြေထောက်တွေချည်းပဲဖြုတ်ပြီး ချက်ထားတဲ့ဟင်း၊ အဲဒါမျိုးတွေလား"

ဘိုးက မြကို မျက်တောက်နီကြီးနှင့် စိုက်ကြည့်သည်။ အနားမှာရှိသော လေးမိုးကြီးကတော့ ကိုယ်ကိုလှုပ်ကာ တအစ်အစ်နှင့် ရယ်၍နေလေသည်။

"ပေါက်ကရတွေ မပြောစမ်းနဲ့ တခက်။ ခုတလော ညည်း ဘာဖြစ်နေတာလဲ၊ အချိုးကိုမပြေဘူး"

"ဟုတ်တယ်လေ၊ ဘိုးက ထူးထူးဆန်းဆန်းဟင်းလို့ ပြောတာကိုး။ ထူးဆန်းတာဆိုလို့ အဲဒါတွေပဲ ရှိတော့တာပဲ။ တော်ပြီပေါ့၊ ဒီလောက် ကောင်းနေတာတွေ ကျွေးနေတာပဲ ...

ဒီထက် ကောင်းရဦးမှာလား"

"ဟင် ... အရင်က ညည်း ချက်ချက်နေတဲ့ ဟင်းတွေလေ။ ကြက်သားနာနတ်သီးတို့၊ ပုစွန်လိပ်ပြာတို့၊ ဘာတို့နောက် တရုတ်ဟင်းတွေလေ၊ သင်တန်းတောင် တက်ထားရတဲ့ဟင်းတွေ ဘယ်မှာလဲ၊ ချက် ... အဲဒါတွေချက်စမ်း"



"အာ ... ဘိုးကလည်း"

"ဘိုးကလည်း လုပ်မနေနဲ့။ ဒီနေ့ညနေ ဒင်နာကို စပါယ်ရှယ် ပြင်ဆင်စမ်း။ ညည်းကိုယ်တိုင် ဝင်ချက်ရမယ်။ ဒီညနေ နေယံတို့ သားအဖကိုပါ ဖိတ်ထားတယ်၊ သူတို့ပါ စားမှာ၊ အထူးတဆန်းဟင်း မပါလို့ကတော့ သေပြီသာမှတ်"

"ဟာ ... ဘိုး"

မြက ခေါင်းကိုမော့ကာ စိတ်ညစ်စွာဖြင့် အော်ဟစ်မိသည်။ ခုလောလောဆယ်မှာ ရွှေဥသည်များက ရှိမနေချေ။ သူ့တို့ရဲ့ ကိစ္စဝိစ္စများဖြင့် အပြင်ထွက်နေကြသည်။ ညနေစောင်း ထမင်းစားချိန်ကျမှ ပြန်ရောက်လာကြမှာဖြစ်သည်။

အခုမှ နေ့ခင်းစာ ထမင်းစားပြီးရုံရှိသေး။ ထမင်းလုံးတောင် မစီရသေး။ ဘိုးက အနားတောင်မခံဘဲ ပညာစပြပြီ ဖြစ်လေသည်။

တခက်မကတော့ ထင်ပေလိမ့်မည်။ မြသည် သူ့နေရာတွင် အခန့်သားဝင်ရောက်၍ ဇိမ်နှင့် နေထိုင်ရလိမ့်မည်ဟု။ အခုတော့ ဇိမ်နှင့် နေရတာနဲ့တောင် မကာမိချေ။ ကိုယ်မတတ်နိုင်သော ကြိုမသိနိုင်သော ကိစ္စတစ်ခုခု လာပြီဆိုလျှင် ဘယ်အချိန်မှာများ အလိမ်ပေါ်သွားလေမည်နည်းဟု တွေးကာ ရတက်မအေးနိုင်။ အဆင်ပြေပါ့မလားဟဲ့၊ ဘယ်လိုကြံရဖန်ရပါ့ဟဲ့ဟူသော အတွေးတွေဖြင့် မျက်လုံးပြူးကာ လျှာထွက်မတတ်ဘဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေကားယား လက်ကားယားနှင့် ထပ်၍ ငြင်းချက်ထုတ်ဦးတော့မည့် မြဲကို ဘိုးက တစ်ချက်လွှတ်အမိန့်ဖြင့် အော်သည်။

"ဘာမှလျှောက်ပြောဖို့ စဉ်းစားမနေနဲ့။ ရေခဲသေတ္တာထဲတို သွားကြည့်၊ မရှိရင် ခုချက်ချင်း ဈေးသွားဝယ်။ သေချာကောင်းအောင် ပြင်ဆင်ထား။ ဟင်းတွေက ထူးဆန်းပြီး အရသာရှိပစေ"

"ဟာ ... ဘိုး။ အရသာရှိတာကို သမီး လက်ခံတယ်။ ထူးဆန်းတယ်ဆိုတာက ဘာလဲ။ ထူးဆန်းတဲ့ဟင်းလို့ ရှိလား ဘိုးရဲ့"

မြဲက တကယ်ကိုပဲ စိတ်ပျက်လက်ပျက်နှင့် ပြောမိတာဖြစ်သည်။ အရသာရှိဖို့ ကောင်းမွန်ဖို့ဆိုတာတွေကို မြဲ လက်ခံနိုင်သေးသည်။ ထူးဆန်းရမည် ဆိုတာကိုတော့ မြဲ မစဉ်းစားတတ်တော့ချေ။ စိတ်ထဲမှာလည်း အဘိုး သက်သက်ရစ်နေသည်ဟု ထင်လေသည်။

"ဘိုး"

"ထပ်မပြောနဲ့တော့၊ ငါ တုတ်ကောက်နဲ့ ရိုက်မိတော့မယ်"

ဘိုးပုံစံက တကယ်ကို စိတ်တိုလာသောပုံစံမျိုးဖြစ်သည်။ မြဲကလည်း မလျှော့ချင်သေး။ အဲဒီအချိန်မှာပဲ လေးမိုးက မြဲရဲ့လက်ကို လာတွဲကာ အသာကျိတ်ခေါ်သည်။ ကွယ်ရာရောက်တော့မှပဲ ခပ်တိုးတိုးဖြင့် ...



"ဘာဖြစ်လို့ ဘိုးကို ဘုကန့်လန့်တွေ လုပ်နေရတာလဲ တခက်ရယ်။ ဘိုး နေကောင်းထားတာ မကြာသေးဘူးလေ။ ခုတလော ခက်လေး ဘုကန့်လန့်တွေ သိပ်လုပ်တယ်နော်"

"ဟာ ... ဒါ ဘုကန့်လန့်လုပ်တာ မဟုတ်ဘူး လေးမိုးရဲ့။ အထူးအဆန်းဟင်း ဆိုတာ ဘာကိုပြောတာလဲ။ ဒီအတိုင်း ချက်ခိုင်းတော်ပြီပေါ့၊ ဘိုးက သက်သက်ရစ်နေတာ"

"အေး ... အဲဒီ ဘိုး အမြင်မှာကျတော့လည်း ခက်လေးက မလုပ်ပေးချင်လို့ ဂျစ်တိုက်နေတယ်လို့ ထင်ပြန်ရော။ အရင်ကဆို ခက်လေးက တစ်ပတ်ကို တစ်ခါလောက်တော့ စပါယ်ရှယ်ဒင်နာဆိုပြီး ဖန်တီးပေးနေကြလေ။ ဘိုးမိတ်ဆွေတွေ ဧည့်သည်တွေ လာရင်လည်း စပါယ်ရှယ် ကျွေးနေကြဆိုတော့ ...

ကဲ ... စိတ်မပါလည်း တာဝန်လို့ သဘောထားလိုက်ပေါ့ကွယ်"

"လေးမိုးရော ဝင်ချက်လေ၊ နေစမ်းပါဦး ကရင်ဟင်းတွေထဲမှာ ထူးဆန်းတဲ့ဟင်း မရှိဘူးလား။ အဲဒါ ဝင်ချက်ပေး"

"ဟင်း ဟင်း ... လေးမိုးအကြောင်း မသိတာကျလို့ ခက်လေးရယ်"

လေးမိုးကတော့ သူ့အစီပွာယ်နှင့်သူ ဘာကိုဆိုလိုချင်မှန်းမသိ ဆိုလိုက်ကာ ထွက်သွားပြီဖြစ်သည်။ မြဲသည် စိတ်ရှုပ်လာသဖြင့် ခေါင်းတွေကို တဗြင်းဗြင်းကုတ်ဖွမိကာ အော်ငိုချင်စိတ်ပေါက်လို့ လာလေသည်။ လူသူရှင်းသော နေရာသို့သွားကာ

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်လျက် တခက်ထံသို့ ဖုန်းခေါ်သည်။ ဖုန်းက ခေါ်ဆို၍မရ။ စိတ်တိုလွန်းသဖြင့် ဖုန်းကိုတောင် ရိုက်ခွဲပစ်ချင်စိတ် ပေါက်လို့လာသည်။

အရွဲ့တိုက်ပစ်ချင်စိတ်များသည် မြဲ ရင်ထဲတွင် တဖျင်းဖျင်းနှင့် ဖြစ်လို့လာလေသည်။ ဒီလောက်တောင် ထူးဆန်းချင်ဦး ဟူသော အတွေးဖြင့် မြသည် အဟုတ်ကိုပဲ အထူးအဆန်းဟင်းလျာများကို စီမံတော့သည်။ ကိုယ်တိုင်တော့ မချက်တတ်သဖြင့် ဝင်မချက်ချေ။ သို့သော် ပါးစပ်ကတော့ ဘယ်လိုချက်ဆိုတာကို ညွှန်ကြားသည်။ ညနေခင်းရောက်လျှင်တော့ အထူးအဆန်းဟင်းပွဲကြီးများကို တင်ဆက်ဖို့ အချိန်ကျရောက်လို့လာပြီဖြစ်သည်။ နေယံတို့သားအဖကိုပါ ထမင်းစားဖို့ ဖိတ်ထားသဖြင့် သူလည်းရောက်ရှိလို့လာသည်။ နေယံကတော့ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် မင်းသားပဲဖြစ်သည်။ TRAFFICO ရှပ်အင်္ကျီ မိုးပြာရောင်လွှင်လွှင်လေးနှင့် ဂျင်း(န်)ဘောင်းဘီကို တမူထူးစွာ တွဲဖက်ဝတ်ဆင်လာသဖြင့် မျက်လုံးထဲတွင် အမြင်ဆန်း၍နေသည်။

မြသည်လည်း အပြာနုရောင်ဇာလက်ပြတ်ကို ဂျင်း(န်)အရှည်ဖြင့် ခပ်မိုက်မိုက် တွဲဖက်ဝတ်ဆင်ထားတာဖြစ်သည်။ ထပ်၍ ပုံသွင်းထားသော မြဲရဲ့ နီညိုရောင် ဆံနွယ်အခွေအလိပ်တွေသည် ဟဲလ်စပရေးတို့၏အစွမ်းဖြင့် အမှန်တွေလင်းကာ လက်ကာဖြင့် တောက်ပသားနားလို့နေသည်။ မျက်လုံးတွေကို အိုင်းလိုင်နာ ခပ်ထူထူ ဆိုးထားသော တစ်ဘာသာထူးခြားနေသည့် မြဲကို သူက ခပ်နက်နက် ပြုံးကြည့်ကာ ...



"ဒီနေ့ တခက်ရဲ့စပါယ်ရှယ်ဒင်နာဆို၊ တော်တော်ပင်ပန်းသွားလားဟင်"

"အင်း ... ဒီလိုပါပဲ၊ သိပ်မပင်ပန်းပါဘူး"

"တခက်ကို Appreciate (ရိုးသားစွာချီးကျူး)လုပ်ဦးမယ်နော်၊ တခက် ခုတလောတွင်းမှာ ပိုလှလာသလိုပဲ"

"ဟုတ်လား ... ကျေးဇူးပဲ။ ပြောင်းလဲသွားတယ်လို့ရော မထင်ဘူးလား"

"အင်း ... ဟုတ်တယ်။ ပြောင်းလည်း ပြောင်းလဲသွားတယ်။ အပြောအဆို အနေအထိုင်တွေရော၊ နောက် ... ဝတ်ပုံစားပုံကလည်း ပိုမိုက်လာတယ်။ အားလုံးကို ပြောင်းလဲပစ်လိုက်တယ်နဲ့ တူတယ်"

"ဟုတ်တယ်နေယံ။ အရာအားလုံး အသစ်က ပြန်စတဲ့သဘောပေါ့"

"ကောင်းပါတယ် တခက်။ ဒီလိုကြားရတာ ဝမ်းသာပါတယ်။ ဒါနဲ့ ဧည့်သည်တွေ ရောက်နေတော့ ရှော့ပင်သွားဖို့ အဆင်ပြေပါ့မလား"

"ပြေပါတယ် ... သူတို့က သန်ဘက်ခါဆိုရင် ပြန်တော့မှာ"

"သြော် ... သြော် ... အဆင်မပြေရင်လည်း ကိုယ်က ရပါတယ်လို့ ပြောမလို့ပါ"

"မရပါဘူး။ အစီအစဉ်ကိုတော့ မဖျက်နိုင်ပါဘူးနော်။ ကဲ ... လာ၊ အိမ်ထဲသွားရအောင် ထမင်းစားရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ရောက်လျှင် သူ့ကိုစည့်ခန်းထဲ၌ ထားခဲ့ကာ မြကြ မီးဖိုချောင်ထဲသို့ ဝင်လာခဲ့၍ ထမင်းဝိုင်းကို စတင်ပြင်ဆင်ဖို့ ညွှန်ကြားလိုက်သည်။ အသီးသီး ပြင်ဆင်လိုက်၍ သိပ်မကြာမီမှာပင် ဟီးထနေသော ထမင်းဝိုင်းကြီးကို ရရှိလေသည်။ ခဏအကြာတွင် ဘိုးဘိုးရော ဧည့်သည်တွေရောပါ ထမင်းစားခန်းထဲသို့ ရောက်ရှိလာကြသည်။

ဘိုးဘိုးက လှပစွာ ပြင်ဆင်ထားသော ဟင်းပန်းကန်တွေကို တစ်ချက်ငေ့ကြည့်ကာ ...

"ကဲ ... မနန်းလွှမ်းတို့ အားမနာစတမ်းသာ သုံးဆောင်ပါ။ ကျုပ်မြေးက အချက်အပြုတ်မှာတော့ လက်ရာက ပထမတန်းစားပဲ။ ဧည့်သည်တွေ လာပြီဆို အထူးအဆန်းဟင်းလျာတွေနဲ့ချည်း ဧည့်ခံတော့တာ။ ကဲ ... ငါ့မြေး ဒီနေ့ ဘာဟင်းတွေလဲဆိုတာ ပြောပြလိုက်ပါဦး"

မြသည် လျှာကို တစ်ချက်သပ်ကာ ခေါင်းညိတ်လိုက်သည်။ အကြည့်တစ်ချက်က နေယံထံသို့ ရောက်သွားလျှင် သူကလည်း မြကို ငေးနေတာနှင့် ကြုံသည်။

"ဟုတ် ... ဒါက ကြက်သားပန်းသီးနှပ် ဘိုး။ ဒါက ဖရဲသီးဟင်းချိုပါ။ နောက်တစ်မျိုးက နာနတ်သီးနဲ့ ဝက်သားနဲ့ နှပ်ထားတာ။ ဒါကတော့ ကိုရီးယားကမ်ချီကို ပုစွန်နဲ့ သုပ်ထားတာ။ အင်း ... ဒီကောင်က ငုံးကိုကင်ပြီး အာလူးနဲ့ ကတ်တလိတ် လုပ်ထားတာ။ ဒါလေးတွေက ငုံးဥဟင်း ဖရိုက်ပါ။ ကလေးလေးအတွက် စပါယ်ရှယ်ဟင်းလျာ ...



ဒီဟင်းကတော့ ဒီနေ့အတွက် စပါယ်ရှယ်ပါ။ Heart of fish တဲ့။ ဒီငါးရဲ့နှလုံးသားကို ခွဲတော့မှပဲ ထူးဆန်းတဲ့ဟင်းက ဒီထဲက ထွက်လာမှာပါ။ ကဲ ... ဒီတော့ ဒီဒင်နာကိုဖွင့်တဲ့ အထိမ်းအမှတ်နဲ့ ဘိုးကပဲ ဒီငါးရဲ့အသည်းနှလုံးကို ခွဲရပါမယ်။ ခွဲပြီးရင် ဧည့်သည်တော်များက ဘေးမှာရှိတဲ့ ဝိုင်ခွက်တွေကိုမြှောက်ပြီး ချီးယားစ်လုပ်ပေးပါ။ ဒီဝိုင်တွေဟာ သက်တမ်းအားဖြင့် (၁၉၈၀)ခုနှစ်က ထုတ်လုပ်ခဲ့တဲ့ စပျစ်ဝိုင် ဖြစ်ပါတယ်။ ကျွန်မနဲ့ရွှယ်တူပါ။ ကဲ ... အိုကေပြီနော် ဘိုး၊ ဘိုးဘေးက ငွေရောင်ဓားလေးနဲ့ ခွဲလိုက်ပါ"

ဘိုးက မြကို မယုံသင်္ကာမျက်လုံးတွေဖြင့် ကြည့်ကာ ဘေးနားက ငွေရောင်ဓားလေးကို ကောက်ကိုင်သည်။ ဧည့်သည်တွေ အားလုံးကလည်း အဲဒီငါးကြီးထဲမှာပဲ စိတ်ဝင်စားမှုကအပြည့်။ ဘိုးရဲ့လက်တွေက ငါးရဲ့ဆက်ထားသော ဗိုက်နေရာဆွကို ခွဲချလိုက်လျှင် တင်းနေအောင် ဆွဲစိချုပ်ထားသော အရေပြားက ဘတ်ခနဲ ကွာသွားကာ အထဲမှ ဟင်းလျာက ပေါ်ထွက်လို့လာသည်။

ဘိုးက မျက်မှောင်ကြုတ်ကြည့်လျက် ...

"ဒါ ... ဘာတွေလဲ"

"ဒါ ငါးရဲ့အသည်းနှလုံးတွေလေ၊ နိုင်ငံခြားမှာဆို သိပ်ဈေးကြီးတဲ့ ဟင်းလျာတစ်မျိုးပေါ့၊ မြည်းကြည့်ပါ ဘိုး"

"ဒါ ငါးဥတွေ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ငါးရဲ့အသည်းနှလုံးဆိုတာ ငါးဥတွေ
ဘိုးရဲ့။ အပြင်ဘက်က ငါးရဲ့ဆိမ့်တဲ့အရသာရော၊ ငါ
တွေရဲ့ ချိုတဲ့အရသာကိုရော နှစ်မျိုးလုံး တစ်ပြိုင်န
ခံစားနိုင်ပါတယ်။ အိုကေနော် ... ဘိုး"

မြကြ ဘိုးကို ပြုံးစစဖြင့် မျက်စိတစ်ဖက်ပါ မှိတ်
လိုက်လျှင် ဘိုးမှာ ဘာမှမပြောသာတော့ချေ။ ဒီတော့မှပဲ ေ
သည်တွေကပါ ထ၍ တစ်ယောက်တစ်ပေါက် ချီးကျူးကြ
ဖြစ်သည်။ ဧည့်သည်ထဲကလေးနှစ်အရွယ် ကလေးလေးမှာ မြ
ငုံးဥဟပ်ဖရိုက်ကို အလွန်ကြိုက်ရှာသဖြင့် အဲဒါတစ်မျိုးတည်းနှ
စားလေသည်။ အန်တီလွမ်းကတော့ နာနတ်သီးဝက်သားနှပ်
အားပေးသည်။ နေယံက ငုံးအာလူးကတ်တလိတ်နှင့် ဖရဲသီးဟ
ချိုကို ကြိုက်ပါသည်။ ဘိုးသည်လည်း ငါးအသည်းနှလုံးဟင်း
အားပေးသည်။

အချိုပွဲကတော့ ရွှေပုစွန်မှ မှာယူထားသည့် ေ
မုန့်များ ချပေးခြင်းဖြင့် ကိစ္စအေးသွားလေသည်။ အားလုံးပြီး
သွားလျှင် မြရဲ့ဘောင်းဘီအိတ်ကပ်ထဲမှာ ထည့်ထားသော ဖုန်း
ရုတ်တရက် ထမြည်လာသဖြင့် အားတုံ့အားနာ ပုံစံမျိုးဖြင့် ေ
ခန်းထဲမှ အပြေးတစ်ပိုင်း ထွက်လာရသည်။ အမှန်တော့ ဖု
လာသဖြင့် ပျော်သွားတာဖြစ်သည်။ မြသည် ခြံထဲက မြက်ခ
စပ်သို့ လျှောက်လာရင်းမှ ...

"ဟယ်လို"

"မြ ... ငါပါ"



"ဩော် ... သတိရသေးတယ်နော် မယ်မင်းကြီးမ၊ အခု
ဘယ်ကနေ ဆက်နေတုန်း"

"အဟင်း ... ချောင်းသာကပဲ၊ အဆင်ပြေလား"

"နှင့်ကြီးတော်ကြီး အဆင်ပြေရမှာလား။ တကတဲမှပဲ ...
ဖုန်းခေါ်တာလည်း ခေါ်လို့ကို မရဘူး။ သေတော့မှာပဲ။
နှင့်နေရာ အစားဝင်ရတာ ရင်တုန်ရတာနဲ့ သေတော့
မယ်။ တော်ပြီ ... ပြန်လာရင် ကိုယ့်နေရာ ကိုယ်ပြန်ဝင်၊
ဒါပဲ"

"ဟယ် ... မြကလည်း၊ ဘာဖြစ်လို့လဲ။ ဒီအတိုင်း အဆင်
ပြေနေတာပဲ မဟုတ်လား"

"ဘာအဆင်ပြေရမှာလဲ၊ ဘာအဆင်ပြေတာလဲ၊ ဟင်း ...
နှင့်နေရာမှာ ငါက ဇိမ်နဲ့နေ,နေရတယ်များ ထင်မနေနဲ့။
နှင့်အဘိုးကလည်း ဂျပန်ဝက်အူရစ် ရစ်တာ ...

ဟိုတစ်နေ့ကလည်း လားရှိုးက ဘုရားတော်တွေကို
ငါ့မှာ လေယာဉ်ကွင်းကို သွားကြိုရတယ်။ တစ်ခါမှလည်း
မသိတဲ့လူတွေကို ကြိုရ ဆိုရနဲ့ နှင့်ဆီဖုန်းဆက်တာလည်း
ဆက်လို့ကိုမရ၊ ခုလည်း အဲဒီဧည့်သည်တွေကို စပါယ်ရှယ်
ဒင်နာချက်ကျွေးခိုင်းလို့ ချက်ကျွေးနေရတယ်"

"ဟင် ... ဟုတ်လား၊ အဆင်ပြေရဲ့လား မြရယ်"

"ဒီလိုပဲ ကြံရဖန်ရတာပေါ့။ ကြာရင်တော့ ငါလည်း
ဆံပင်မွေး မြန်မြန်ဖြူမှာပဲ၊ နင်တို့လည်း ပျော်မဆံး မေ့
မဆုံး လုပ်မနေကြနဲ့။ စဉ်းစားကြဦး"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ။ ခဏတော့ သည်းခံပါ မြရယ်။ ဒါ့ထက် နေယံနဲ့ရော အဆင်ပြေရဲ့လားဟင်။ သူကရော ဘယ်လိုလဲ၊ ရိပ်တော့ မရိပ်မိဘူး မဟုတ်လား"

"အင်း ... မရိပ်မိသေးဘူး ထင်တာပဲ။ နေဦး ... ငါတစ်ခု မေးမယ်။ သူ့မှာ ရည်းစားရှိသလား"

"ရည်းစား ! ။ ဟင့်အင်း ... ငါ သိသလောက်တော့ မရှိပါဘူး။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာ"

"မေးကြည့်မနေပါနဲ့။ တစ်ခါတည်း အဆင်ပြေအောင် လုပ်လိုက်ပါလား မြရဲ့။ ဒါဆို ဘိုးရဲ့ဆန္ဒတွေလည်းပြည့်ပေါ့။ မကောင်းဘူးလား။ နေယံက ချောပါတယ်၊ ဘယ်ဘက်ကမှ ပြောစရာမရှိတဲ့လူပါ"

"ဒါဖြင့်ရင် ညည်းက ဘာလို့မကြိုက်တုန်း"

"ဩော် ... ဒါကတော့ ..."

"ဒါကတော့တွေ လုပ်မနေနဲ့။ ငါ ပြောတာကိုလည်း စဉ်းစားထားဦး။ ငါလည်း သီချင်းသွင်းစရာတွေ ရှိသေးတယ်။ လင်းညို့ကိုလည်း ပြောလိုက်၊ မိုးမမြင် လေမမြင် ပျော်မနေနဲ့လို့ ... ဟွန်း"

"အင်းပါ မြရယ်။ ငါတို့တွေက နင့်ကို ကျေးဇူးတင်နေတာပါ။ နင်က အားလုံးကို အဆင်ပြေအောင် ဖန်တီးပေးနိုင်မယ်လို့ ထင်ပါတယ်။ နေယံနဲ့လည်း အဆင်ပြေအောင်နေပါနော်။ နင်က ငါ့ထက် တော်ပါတယ်ဟာ၊ နေယံနဲ့တောင် အဆင်ပြေတယ်ဆိုတော့ နင်က တော်လို့ပေါ့"



"မြှောက်မနေစမ်းပါနဲ့ဟာ၊ ပြောရင်း ဆိုရင်း ကိုယ်တော်ချောက အိမ်ထဲက ထွက်လာပြီ။ နင်လည်း ငါ့ဆီကို နေ့တိုင်း ဖုန်းဆက် တခက်။ အပျော်တွေလွန်ပြီး မေ့မနေနဲ့ဦး၊ အရေးအကြောင်းဆို ဆက်သွယ်လို့က မရတော့ဘူး"

"အင်းပါ ... ဆက်ပါ့မယ်။ ဒါဆို ဖုန်းချရတော့မလား"

"ချလိုက်တော့လေ ... ဒါပဲ"

မြသည် ဖုန်းကိုပိတ်လိုက်ပြီးနောက် အနားသို့ ရောက်လာပြီဖြစ်သော နေယံကို ပြုံးပြလိုက်သည်။ သူက မြကို အေးချမ်းစွာ ငေးကြည့်ကာ ...

"ကိုယ် ရောက်လာလို့ ဖုန်းပြောတာ အနှောင့်အယှက်ဖြစ်သွားလား"

"မဖြစ်ပါဘူး၊ ပြီးသွားပါပြီ။ ထိုင်လေ နေယံ၊ စားလို့ကောကောင်းရဲ့လား"

သူက မြနှင့် တစ်ခုံခြားတွင် ဝင်ထိုင်သည်။

"ကောင်းတယ်၊ ထူးထူးဆန်းဆန်း ဟင်းတွေကို စားရတာပဲ။ တခက်က ဘယ်ဆိုးလို့လဲ idea ကောင်းသားပဲ။ အဲဒါ တခက်ဘာသာ ထွင်ထားတာလား"

"ဟုတ်တယ်လေ၊ ဆန်းရင်ပြီးရော လျှောက်ချက်ထားတာ"

"ဘယ်လို"

မြသည် စကားမှားသွားပြီဆိုတာ သိသဖြင့် မျက်လုံးပြူးသွားသည်။ သို့သော် ဟန်မပျက်ပင် တဟင်းဟင်း ရယ်မောကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘိုးပေါ့။ သူက ထူးဆန်းရမယ် ဆိုတာနဲ့ လျှောက်စဉ်းစားပြီး ထွင်ပြီး ချက်ကြည့်တာပါ။ ဟင်း ဟင်း ... အဲဒါကိုပြောတာ"

"ဝိုင်ကရော တခက်နဲ့ အသက်တူတူပဲ ဆိုတာ တကယ်လား"

မြသည် အဲဒီစကားကြောင့် ဟက်ဟက်ပက်ပက်ကြီး ရယ်မောမိလေသည်။ သူက မြ ရယ်နေတာကို ငေးပြီးနေသည်။ သူ ငေးနေသဖြင့် မြပင်လျှင် ကြောင်တောင်တောင်ဖြစ်သွားရကာ "ဘာကြည့်နေတာလဲ"ဟု ပြန်မေးမိသည်။

သူက အပြုံးတစ်ခုဖြင့် ...

"တခက် ရယ်နေတာကို သဘောကျလို့ပါ။ တခက် ဒီလို ရယ်တာမျိုး တစ်ခါမှမတွေ့ဖူးဘူးလေ။ ပြီးတော့ ဒီခေတ်ကြီးထဲမှာ ဒီလိုရယ်တာမျိုးက ရှားသွားပြီ"

"ဟင် ... တကယ်လား"

မြ ပြန်မေးသော ပုံစံကို သူက သဘောတကျ ရယ်သည်။

"တကယ်ပေါ့။ မိန်းကလေးတွေက ပဲများလာကြတယ်။ အင်း ... နောက်ပြီးတော့ အခြေအနေ အချိန်အခါနဲ့လည်း ဆိုင်ရမှာပေါ့လေ။ လူကြား သူကြားထဲမှာ အော်ရယ်တာမျိုးကလည်း ရှားတယ်၊ အထူးသဖြင့် ကိုယ့်ရှေ့မှာ မိန်းကလေးတွေက သိပ်မရယ်ရဲကြဘူး"

"အောင်မယ်"



မြက မျက်စောင်းတစ်ချက်ချီလိုက်လျှင် သူက မြရဲ့မျက်ဝန်းတွေထဲသို့ နူးညံ့ရီဝေစွာ ကြည့်လာသည်။ အဲဒီအကြည့်တွေနဲ့ ဆုံချိန်ဟာ လေးစက္ကန့် ငါးစက္ကန့်လောက်ပဲ ရှိပေမယ့် မြရင်ထဲတွင် ငလျင်လှုပ်သွားတာကတော့ ရစ်တာစကေး(၁၅၀၀)ပဲဖြစ်တော့သည်။ မြသည် ကိုယ် ဒီလိုဖြစ်သွားတာကို သူ မသိအောင် အသေအလဲ ဟန်ဆောင်ဖုံးကွယ်လိုက်ရလေသည်။

"ဟုတ်တယ် တခက်။ ကိုယ့်ကို မိန်းကလေးတွေက ရှိန်ကြတယ်။ အစက အဲဒီထဲမှာ တခက်တောင် ပါသေးတယ် မဟုတ်လား"

"အင်း ... ထားပါတော့"

"ထားပါတော့လို့တော့ မပြောပါနဲ့၊ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးပေါ့"

"အင်း ... အရင်ကတော့ နေယဲ့ပုံစံက တစ်မျိုးကြီးကိုး"

"တခက်လည်း တစ်မျိုးကြီးပါပဲ"

"ကဲပါ ... အဲဒါနဲ့ လိုရင်းပျောက်နေပြန်ပြီ။ အဲဒီ ရယ်တာက ဘာဖြစ်လဲ ဆက်ပြော။ တခက်ကို အဲလိုကြီး ရယ်လို့ မိန်းကလေးဣန္ဒြေပဲ့တယ်ဆိုပြီး အထင်သေးတာလား ပြော"

"ဟာ ... မသေးပါဘူး တခက်ကလည်း။ အဲဒီလိုပုံစံကြီးမှ မဟုတ်တာ။ အဲဒီလို ရယ်ပုံမျိုးက တခြားပါ။ မတူပါဘူး။ အဲဒီလို ရယ်တာမျိုးက အရမ်းပွင့်လင်း ရိုးသားတဲ့ ပုံစံ ပေါက်တယ်။ တခက် ဒီလို ဝတ်စားတာမျိုးနဲ့ ဒီလို ရယ်ပုံမျိုးက လိုက်ဖက်တယ်"

www.burmeseclassic.com

"အမယ်လေး ... ဟား ဟား ဟား"

သူ ပြောမှပင် တခက်သည် လက်ခုပ်ပင် တီးလိုက်သေးကာ သဘောတကျ ထပ်၍ရယ်မိလေသည်။ သူက အဲဒီပုံစံကို ငေးရင်းမှ ...

"တခက်ကို တစ်ခုမေးမယ်၊ ရမလား"

မြသည် လုပ်နေကျပုံစံအတိုင်း သူ့မျက်နှာရှေ့တည့်တည့်သို့ လက်နှစ်ချောင်း ထောင်ပြကာ "နှစ်ခုမေး" ဟုပြောလိုက်သည်။

"တစ်ခုပဲ မေးမှာပါ။ တခက့် လင်းညို့ကို တကယ်မေ့နိုင်သွားပြီလား"

မြသည် ဒီနာမည်ကိုကြားလျှင် အလိုလို Stand By သတိဆွဲပြီးသား ဖြစ်သွားသည်။ မြ ဘယ်လိုဖြေရမှာလဲ။ ဒီအတွေးကြောင့် မြ ဦးနှောက်နည်းနည်းစားသွားသည်။ သူကလည်း ဒါကို ချက်ချင်းရိပ်မိသည်။

"ဆောရီး ! တခက်ကို ပြန်ဆွပေးရာ ရောက်သွားရင်"

"အို ... အဲဒီလို မဟုတ်ပါဘူး။ ပြီးခဲ့တာတွေက ပြီးသွားပါပြီ။ ပြန်ဆွပေးရာလည်း မရောက်ပါဘူး။ တခက် သူ့ကို မေ့ထားလို့ ရပါတယ်"

"ဩော်"

"ဘာဖြစ်လို့ မေးတာလဲဟင်"

"ဘာမှတော့ မဖြစ်ပါဘူး။ တခက် ပုံစံက အဲဒီလိုပုံပေါက်နေလို့ မေးကြည့်တာပါ"



"သူ့အကြောင်းများ မေးမနေပါနဲ့တော့"

"ဟုတ်ကဲ့ပါ၊ နောက်ကို မမေးတော့ပါဘူး။ ဒါနဲ့ ကိုယ်မေးတာလည်း တခက် မဖြေဘူးနော်"

"ဘာကိုလဲ"

"ဩော် ... တခက် တိုက်တဲ့ စပျစ်ဝိုင်က တကယ်ပဲ တခက်နဲ့ အသက်တူတူပဲလားလို့"

"ဒါလား၊ သိဘူးလေ"

"ဟင် ... ဒါဖြင့်ရင် (၁၉၈၀)ခုနှစ်ထုတ်တွေ ဘာတွေက"

"အဟား ... ယုံတာပဲလား။ ဒါက ကြော်ငြာတာပါ၊ ကောင်းတယ် မဟုတ်လား"

"ဟင် ... ကြည့်စမ်း"

သူက မြကို လိမ်တယ်ပေါ့ ဟူသော သဘောဖြင့် ရယ်ဟဟ ကြည့်သည်။ မြသည် မချိုမချဉ် မျက်နှာပေးနှင့်ပင် ခုံးတစ်ဖက်ကိုတွန့်ကာ ...

"ဟုတ်တယ်လေ၊ စိတ်ဝင်စားအောင် ဒီလို Attrection ထည့်ရတာပေါ့။ ဒါကြောင့် နေယံတောင် တကယ်ထင်ပြီး မေးတာမဟုတ်လား။ ဒီလိုပြောလိုက်တော့ သောက်တဲ့လူကလည်း ပိုအရသာရှိတာပေါ့။ ဒါဟာ စိတ်ပညာသဘောတရားနဲ့လည်း ဆိုင်တယ်လေ ... ဟဲ ဟဲ"

"ကြည့်စမ်း ... တခက်ကကွာ မထင်ရဘူး။ လိမ်တတ်တယ်နော်"

"အောင်မာ ... ရှေ့နေကြီးနော်။ ဘာလိမ်တတ်တာလဲ။ ရှင်ရော မလိမ်တတ်ဘူးလား။ လျှောက်ပြောမနေနဲ့"

www.burmeseclassic.com



“ကိုယ်ကတော့ တကယ် မလိမ်တတ်ဘူး”

သူကတော့ အဲဒီစကားကို အလေးအနက်ဟန်ဖြင့် ပြောတာဖြစ်သည်။ မြသည် သူ အဲဒီလို ပြောလိုက်လျှင် တကယ်ကို နောက်ကျောမလုံ ဖြစ်သွားသည်။ မြကတော့ ဒီမှာရှိသမျှ လူအားလုံးကို လာလိမ်နေသည့်သူ မဟုတ်ပါလား။ မြ မျက်နှာ ပြောင်းလဲသွားတာကို ပါးနပ်သောသူက ချက်ချင်းရိပ်မိဟန်တူသည်။ မြ တစ်ယောက် စိတ်မကောင်း ဖြစ်သွားတယ်ဟုထင်ကာ ချက်ချင်းချော့လေသည်။

“ဆောရီးနော် တခက်။ ကိုယ်က နောက်တာပါ”

“အင်း ... ရပါတယ်”

“ရပါတယ် ဆိုတာကွာ၊ မျက်နှာကြီးက စိတ်ကောက်တဲ့ အထာကြီးနဲ့။ စိတ်မကောက်ပါနဲ့ကွာ”

“အင်း ... အဲလိုပြောမှပဲ ဒါဟာ စိတ်ကောက်စရာပါလား၊ စိတ်ကောက်လို့ရတယ် ဆိုတာကို သိသွားတယ်။ ဟုတ်တယ်နော် ... နေယံကို တခက် တစ်ခါမှ စိတ်မကောက်ဖူးဘူး။ စိတ်ကောက်လို့ ရတယ်မဟုတ်လား။ နေယံ စိတ်ကောက်နေတဲ့ ကောင်မလေးတစ်ယောက်ကို ချော့ဖူးလား”

“ဟား ... ပြောကာမှ ခွင်တွေ့သွားပြီကွာ”

သူက သူ့နဖူးသူ ပိတ်ရိုက်ကာ ညည်းညည်းညူညူ ပြောလျှင် မြသည် အဲဒီပုံစံကို စိုက်ကြည့်ကာ နူးနူးညံ့ညံ့ ပြုံးမိသည်။ သူ့ကို ... သူ့ကို ... အင်း ... ကြာရင်တော့ ခက်တော့မှာပဲ။ သူ့ကို ဂစ်တာတီးပြီး သီချင်းတွေ ဆိုပြချင်လိုက်တာ၊ သူ့



ကိုသာ သီဆိုပြခွင့် ရရင်တော့ မြ တစ်ယောက် ဘယ်လောက်တောင်များ Mood တွေ ဝင်နေမလဲ မသိချေ။

“ဖြေလေ”

မြရဲ့ခပ်ပျစ်ပျစ် ချိုလေးလေး အသံကို သူက အသာပြုံးငဲ့ကာ ကြည့်သည်။ အင်း ... ဒီအပြုံးတွေနဲ့ပဲ ခက်ကုန်တာပါ။

“ကိုယ်က ဘယ်သူ့ကို ချော့ရမှာလဲ တခက်ရဲ့။ ကိုယ့်ကို ဘယ်ကောင်မလေးကမှ စိတ်မကောက်ဖူးဘူး”

“သိပ်ချစ်တယ်ပေါ့လေ”

ရတ်တရက် လွှတ်ခနဲ ထွက်သွားသော မြရဲ့အပြောကို သူက တစ်ချက်အံ့ဩသလို ငဲ့ကြည့်သည်။ မြသည် ပြောပြီးမှ စကားမှားသွားပြီ ဆိုတာကို သိသော်လည်း ဘာမှမတတ်နိုင်တော့။ ခပ်တည်တည် စတိုင်လ်ပဲ ဖမ်းထားလိုက်ရသည်။

“ကိုယ့်ကို ချစ်တဲ့ ကောင်မလေး မရှိပါဘူး တခက်ရယ်”

သူ့အပြောက တိုးလျှစွာ ထွက်ပေါ်လာသည်။ အဲဒီအသံတိုးတိုးလေးသည် မြရဲ့ နှလုံးသားကို ခေါင်းလောင်းထိုးသလို လာရိုက်ခတ်သွားသည်။ အဲဒီအပြောကြောင့် မြသည် နောက်ထပ်မေးခွန်းတစ်ခုအား မေးချင်စိတ်ကို အထူးပဲ ထိန်းချုပ်ထားရလေသည်။

ရင်ထဲက မေးခွန်းသည် နှလုံးသားထဲမှ လှိုက်တက်လာကာ ပါးစပ်ဖျားတွင် ကျလိ ကျလိနှင့် အသည်းယားအောင် လာလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မနေနိုင်တော့၍ ...

"ဒါဖြင့် ကိုယ်က ချစ်ရတဲ့ ကောင်မလေးကရော"

သူက မြ်ကို မျက်လုံးတစ်ချက် လှန်ကြည့်သည်။ အဲဒီအကြည့်ကြောင့် အသည်းထဲတွင် အေးခနဲ ဖြစ်လို့သွားလေသည်။ မဖြေဘူးထင်သော်လည်း သူက ခပ်တိုးတိုးပဲ ဖြေသည်။ အဲဒီအဖြေဟာ မြ် မေးသော မေးခွန်းရဲ့အဖြေ မဟုတ်သော်လည်း အခြေအနေအားလုံးကို ခြုံ၍သုံးသပ်သော အဖြေဟု သတ်မှတ်၍ ရလေသည်။

"အချစ်ဆိုတာ ထူးတော့ ထူးဆန်းတယ်နော် တခက်။ အရင်က အချစ်ဆိုတာကို ပုံစံတစ်မျိုးနဲ့ မြင်ခဲ့တယ်။ ဒါပေမဲ့ အဲဒါဟာ လွဲတယ်။ အချစ်ဆိုတာ တကယ်ထူးဆန်းတယ်"

အဲဒီလို ပြောပြီဆိုတည်းက ထူးဆန်းတဲ့အရာကို သူ တွေ့ထားလို့ပေါ့ဟု မြ်က နားလည်လေသည်။ ဒီလိုသတ်မှတ်ချက်မျိုးဆိုတာ ကိုယ်တိုင် ခံစားဖူးမှပဲ ဘာဆိုတာကို သတ်မှတ်ပေးနိုင်တာ မဟုတ်လား။ ဘာအတွက်နဲ့ ထူးဆန်းတာလဲဟု သူ့ကို မြ်က မမေးတော့ပြီ။ မြ်မှာ ကိုယ့်ဝမ်းနာ ကိုယ်သာသိလေသည်။

အချိန်တိုတွင်းလေးမှာ ငြိတွယ်မိသော သံယောဇဉ်ရဲ့ပမာဏကို ကိုယ်က သိပေမယ့် သူကကျတော့ ကိုယ့်ကိုမြင်ထားတာက တစ်မျိုးဖြစ်သည်။ သူ့ရင်ထဲတွင် ဘာတွေပဲ ခံစားနေရ ခံစားနေရ အဲဒါဟာ ဇွဲတခက် ဟူသော အသိနှင့်ဖြစ်သည်။



သူဟာ မြ်တသက် ဆိုသည့် အဆိုတော်ရူးတစ်ယောက်ကို သူ မသိချေ။ မြ်တသက်သည် သူ့ဘဝထဲတွင်မရှိ။

မြ်သည် ဒီအကြောင်းအရာကို စဉ်းစားမိလျှင် ရင်နင့်လာသည့်ကြားမှ သူ့ကို အားတင်းကာ ကြိုးစားပြုံးပြလိုက်မိသေးသည်။ သူကလည်းပဲ ပြန်ပြုံးပြပါသည်။ သို့သော် မြ်ဟာ မမှန်ကန်သော ဘဝအတွက် အဲဒီအပြုံးတစ်ခုကိုလည်း ဂုဏ်မယူတော့လေပြီ။

❢ ✳ ❢

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

စနေနေ့တွင် သူနဲ့မြသည် ချိန်းထားသည့်အတိုင်း ရှော့ပင်းထွက်ဖြစ်ကြသည်။ ရှော့ပင်သွားဖို့အတွက် အေးဆေး ကျယ်ဝန်းသော Capital Hyper Mart ကို ရွေးချယ်လိုက်ကြသည်။

သူက ကားကိုအေးဆေးစွာ မောင်းရင်းမှ ...

"တခက်တော့ မသိဘူး။ ကိုယ်ကတော့ အဲဒီမှာ ဈေးဝယ်ရတာကို ကြိုက်တယ်။ အေးအေးဆေးဆေး ကျယ်ကျယ်ဝန်းဝန်း ရှိလို့လေ"

မြက ပြုံးရင်းမှ အလိုက်သင့်ပဲ ခေါင်းညိတ်ပြလိုက်ရသည်။ သူပြောသော အဲဒီ Hyper Market ကြီးကို တစ်ခါမှ မရောက်ဖူးသေးချေ။ ဒါကြောင့် မသိတာတွေ သိပ်မပြောဘဲ သိချင်တာကိုသာ မေးခွန်းထုတ်ရသည်။

"နေယံက ရှော့ပင်းထွက်တာ ဝါသနာပါလားဟင်"

"အင်း ... ပါတယ်။ တစ်ခါတလေတော့လည်း အဲဒါမျိုးတွေက စိတ်အပန်းပြေသလိုပဲ၊ City Mart ဆို တစ်လ



တစ်ခါလောက်တော့ ရောက်ဖြစ်တယ်။ ဘာရယ်မဟုတ်ဘူး၊ မျက်စိထဲ သဘောကျတာလေးတွေကို ခြင်းထဲကောက်ထည့်ရတာကလည်း အရသာတစ်ခုပဲလေ ...

မေမေ့ကိုဆို အမြဲအဖော်လိုက်ပေးဖြစ်တယ်"

"ဟုတ်လား ... သားလိမ္မာကြီးပေါ့"

"အင်း ... သားလိမ္မာကြီးတော့လည်း မဟုတ်ပါဘူး။ ဒီလိုပါပဲ မိန်းကလေးတွေလို ပလာဇာတွေ ရှော့ပင်းမောလ်တွေ ခြေတိုအောင် လျှောက်ပတ်တာမျိုးတော့ သိပ်ဝါသနာမပါဘူးပေါ့ ...

ဒါနဲ့ တခက်ရော"

"တခက်လား၊ အင်း ... သိတဲ့အတိုင်းပဲလေ"

"ကိုယ်သိတဲ့အတိုင်း ဆိုရင်တော့ တခက်က အပြင်ကို သိပ်မထွက်တတ်တဲ့ မိန်းကလေးမျိုးပဲ"

ဟိုက်ရှားဘား သတော့မှာပဲ။ မြကတော့ အပြင်ထွက်ရရင် မနေနိုင်တဲ့ မိန်းကလေးမျိုးပဲ ဖြစ်တော့သည်။ ဆက်ပြောနေလျှင် အဖြစ်မှန်တွေ ဖွင့်ပြောရတော့မှာမို့ မြက စကားလမ်းကြောင်း လွှဲလိုက်သည်။

"နေယံ ဝတ်တဲ့ အဝတ်အစားတွေက တည်ငြိမ်ပြီး နေယံနဲ့လိုက်တယ်နော်၊ အဲဒါတွေရော ကိုယ်တိုင် ဝယ်တာပဲလား"

သူက မြရဲ့အပြောကို တစ်ချက်ရယ်ကာ ...

"အင်း ... ကိုယ်တိုင်ပဲပေါ့ တခက်ရဲ့။ ကိုယ့်မှာ ဝယ်ပေးမယ့် ကောင်မလေး မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကြော်ငြာကလည်း ဖွတ်ဝင်နေပြန်ပြီ။ အဲဒ
တော့ မထင်ပါဘူး၊ စိတ်ချ ! နေယံ့အမေ ဝယ်ပေးတယ်
ထင်တာ"

"ဟာ ... ကိုယ် အဲဒီလောက်တော့ မညံ့သေးပါဘူ
တခက်ရယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် သိဖို့ အရေးကြီ
တယ် တခက်ရဲ့။ ကိုယ် ဘာနဲ့လိုက်တယ် မလိုက်ဘူးဆို
တာ သိဖို့ အရမ်းလိုအပ်တယ်"

"အင်း ... ဟုတ်ပါပြီ။ ဒီတော့ ကိုယ့်အတွက် လိုအပ်တဲ့
အသုံးအဆောင်၊ ပစ္စည်းပစ္စယ ဘာညာ ကိုယ်တိုင်ပဲ ဝယ
ခြမ်းရတော့တယ်ပေါ့။ နေယံက အဲလိုဝတ်တာ ကောင်
တော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော
လည်း ဟော့ရှော့တ်တွေ ဘာတွေလဲ ဝတ်ပေါ့လို့ ...

အတိုတွေ ဘာတွေလေ။ ဝတ်ကြည့်ပါလား၊ အ
ကောင်လေးတွေ ဝတ်နေကြတာ၊ စတိုင်လ်အတိုလေးတွေ
မိုက်တယ်။ ဒူးအတိုလေးတွေလေ၊ အစင်းလေးတွေနဲ့အရမ်
လည်း မကလက်ပါဘူး"

"ဟား ... ကိုယ်က အတိုဝတ်ရမယ်၊ တခက်က သူ
ဟော့ရှော့တ်ပြောင်းတိုင်း အဖော်လာဆွယ်နေပြန်ပြီကွာ"

သူက အဲဒီစကားကို ကားမောင်းရင်းမှ မြဲဘက်
လှည့်ကာ ပြုံးပြီးပြောတာဖြစ်သည်။ သူ့အပြောတွင် အဲဒီလို
ခိုင်းခြင်းအပေါ် အကြီးအကျယ် ဆန့်ကျင်သည့် အရိပ်အယော
တွေ ရှိမနေချေ။ တိုက်တိုက်တွန်းတွန်း ထပ်ပြောလျှင် လာ
မည့် အနေအထားမှာရှိသည်။ ပြီးတော့ သူ သိထားသော တခ



ဆိုသည့် မိန်းကလေးအပေါ်မှာလည်း သံသယ ဝင်မနေ။ စိတ်
သစ် လူသစ် နှလုံးသားအသစ်ဖြင့် ဒီဇိုင်းပြောင်းထားသည်ဟုသာ
လက်ခံထားပုံရသည်။ မြဲသည် အဲဒီအတွက်လည်း တိတ်တခိုး
စိတ်ချမ်းသာရပါသည်။

"သြော် ... လူဆိုတာ အမြဲတမ်း တသမတ်ကြီးတော့
ဘယ်ကောင်းပါ့မလဲ နေယံရဲ့။ ဒီဇိုင်းလေး ဘာလေးလဲ
ပြောင်းပေးရတာပေါ့။ မဟုတ်ရင် ကိုယ့်ကိုယ်ကိုယ်တောင်
ငြီးငွေ့လာတတ်တာပဲလေ ...

နှစ်လတစ်ခါလောက် ဆံပင်ပုံ ပြောင်းပေးတာတို့၊
မျက်နှာဆေးတာတို့ ဘာတို့ လုပ်ပေးရတယ်၊ အင်း ...
နေယံလည်း Hair Style အသစ်ပြောင်းလိုက်ပါလား။
နည်းနည်း ထောင်ထောင်လေးလေ ... ဟား ဟား"

"ဟာ ... တခက်ကကွာ"

"တခက်က မကွာဘူး။ ကပ်နေတယ် ကူရှင်နဲ့ ကျောနဲ့
တစ်သားတည်းပဲ။ ကဲ ... ပြောကွာ၊ ဟိုရောက်ရင်
အားလုံးလုပ်ရမယ်၊ မျက်နှာကို ကြေးချွတ်ပါ။ ပေါင်းမ
တင်ချင်ရင်နေ။ ပြီးရင် ဆံပင်ညှပ်ပါ။ တခက်လည်း
ခေါင်းလျှော်မယ်၊ ဆံပင်နည်းနည်းတိမယ်၊ ပုံသွင်းမယ်၊
မန်နီကျူးဝါး ပယ်ဒီကျူးဝါး လုပ်မယ် ...

ပြီးရင် နေယံ အတွက် အဝတ်အစားတွေ ဝယ်မယ်၊
ဒီနေ့ဟာ တခက့်နေ့ မဟုတ်ဘူး။ နေယံ့ဒေး။ ဟုတ်ပြီ
လား"

"ဟင်း ... တခက်ကတော့ လုပ်ပြီကွာ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ … မလုပ်ချင်ဘူးလား ပြော။ ဒီက စေတနာနဲ့ ပြောနေတာနော်၊ အဲဒါတွေ လုပ်ခြင်းအားဖြင့် ဒီနေ့အဖို့ နေယံ ဘယ်လောက် fresh ဖြစ်သွားမယ် ထင်လဲ၊ ဟင်း … သဘောပေါက်”

“ပေါက်ပါတယ်၊ အဲဒါတွေ လုပ်ခြင်းအားဖြင့် အိတ်ထဲက ငွေတွေ တော်တော်လျော့သွားမယ် ဆိုတာလည်း သဘောပေါက်တယ်။ ကိုယ် ပိုက်ဆံသိပ်ထည့်မလာဘူးနော်။ လိုရင် တခက်ဆီက ချေးရမှာပဲ”

“ဟင်း … ဦးကပ်စီးနဲ့ လာတွေ့နေပြန်ပြီကွာ။ ဒီမှာ ကိုယ့်ဆီမှာရှိတဲ့ အပေါ်ဆုံးအရာတွေအကြောင်း လာမပြောစမ်းပါနဲ့။ ငွေရေးကြေးရေး ခြေသလုံးမွေးပါ … ဟဲ ဟဲ”

သူက တခက်ရဲ့ ပြောင်စပ်စပ်အပြောကို ပြုံးကာ လှည့်ကြည့်သည်။ အဲဒီအခိုက်မှာ ကားက ပွိုင့်မိသွားပြီမို့ ကားရပ်ထားရင်းမှ သူက ထပ်ပြီး လှည့်ကြည့်ပြန်သည်။ ဘာမှမပြောဘဲ အဲဒီလို ပြုံးပြီးစိုက်ကြည့်နေခြင်းဟာ မြ်ကို တကယ်ပဲ နေရထိုင်ရ ခက်စေသည်။ မြ်ရဲ့ရင်ထဲမှာ ဘယ်လိုဖြစ်လာမှန်းမသိ။ လက်ဖျားတွေ အေးစက်လာသည်။ ဘုရားရေ … ဒီခံစားမှုမျိုးကို ခံစားရတာ မြ်ရဲ့တစ်သက်မှာ ဒါ ပထမဆုံးပါပဲလား။

မြ်က သူ့ကို တစ်ခုခုပြောဖို့ ကြိုးစားနေဆဲမှာပင် သူ့ထံက စကားသံက ထွက်ပေါ်လို့လာသည်။

“တခက်က အခုမှ ပိုပြီးချစ်ဖို့ကောင်းလာသလိုပဲ”

“ရှင် ! ။ အဲ … အဲဒါ ဘာကိုပြောတာလဲ”



“ဘာကိုပြောတာလဲ ဆိုတော့ ဘယ်လိုပြောရမှာလဲ။ အဲဒီ စကားကို ခွဲခြမ်းစိတ်ဖြာပြီး ရှင်းပြပေးရမှာလား”

“အောင်မယ် … ရှင်းချင် ရှင်းပေါ့”

သူက စိန်ခေါ်သလို မေးသောကြောင့် မြ်က သွေးမနည်းကြောင်း သက်သေပြလိုက်လေသည်။ သူက ပခုံးတစ်ဖက်ကို တွန့်ကာ …

“မိန်းကလေးတစ်ယောက်က ချောတာ လှတာနဲ့ ချစ်ဖို့ကောင်းတာနဲ့ မတူဘူး တခက်ရဲ့။ အရင်တုန်းက တခက်နဲ့ကိုယ် သိခဲ့တာပဲ။ တခက် လှတယ်လို့လည်း စိတ်ထဲမှာ လက်ခံခဲ့တာပဲ။ ဒါပေမဲ့ ဒီ့ထက် ဘာမှမပိုခဲ့ဘူး …

နောက်ပိုင်းကျမှ သေချာသတိထားမိတာ။ တခက်ရဲ့ပုံစံက အရေခွံနွာချလိုက်သလိုပဲ။ ပွင့်လင်းရိုးသားတဲ့ပုံစံလေးက တကယ် ချစ်ဖို့ကောင်းတယ် …

ချစ်စရာကောင်းတယ်လို့ မြင်လာတယ်လေ”

“ချစ်စရာကောင်းတော့ ဘာဖြစ်လဲ”

မြ်ရဲ့ဘုတောလေသံကို သူက ဟက်ခနဲ တစ်ချက်ရယ်သည်။ ပွိုင့်က မီးစိမ်းသွားပြီမို့ သူက ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်ရင်းမှ အဲဒီစကားကိုတော့ မြ်ကို မကြည့်ဘဲ ပြောလေသည်။

“ချစ်ရာကောင်းတော့ ဘာဖြစ်လဲ ဆိုတဲ့ အဖြေကိုတော့ ကိုယ် ဆက်မပြောချင်သေးဘူး။ အဲဒီလို အလွယ်တော့ မပြောချင်ဘူးလေ”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကြောင့် မြ ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။ သူ ဘာကိုဆိုလိုချင်တယ် ဆိုတာကို မသိရတဲ့အထိတော့ မြ မညံ့သေးပါ။ မြသည် အဲဒီအပြောကြောင့် ရင်ထဲတွင် ဝမ်းသာရမလို ဝမ်းနည်းရမလို ခံစားချက်တွေက နင့်လာသည်။ သူ့ကို တည်ကြည်နှစ်လိုဖွယ်ကောင်းသော ယောကျ်ားတစ်ယောက်အဖြစ် စိတ်ထဲမှာကျိတ်၍ သဘောကျနေတာ မှန်သော်လည်း သူ ဒီလိုပြောလာတဲ့အခါမှာ မြရဲ့ ရင်ခုန်သံတွေက ပျော်ရွှင်မှုဖြင့် အတိမပြီးပါ။

မြရဲ့အဖြစ်သည် ကြာလျှင် ဆုပ်လည်းစူး စားလည်းရူးတော့မှာဖြစ်သည်။

"တခက် ဘာဖြစ်သွားတာလဲဟင်"

သူက ပါးနပ်သောသူပီပီ အခြေအနေကို ရိပ်စားမိလေသည်။ မြသည် ခေါင်းကို ခပ်သွက်သွက် ခါယမ်းရင်းမှ သူ့ကို အလျှင်အမြန် ပြုံးပြလိုက်ရသည်။ အင်း ... တွေဝေဖေး မောခံစားဖို့ အချိန်မရောက်သေးပါဘူးလေ။

"ဘာမှမဖြစ်ပါဘူး၊ အေးဆေးပါ"

မြက တတ်နိုင်စွာဖြင့် သူ့ကို မျက်လုံးတစ်ဖက်ပါ မှိတ်ပြလိုက်လျှင် သူက ကြည်နူးစွာ ပြုံးသည်။ အဲဒီနောက် မြတို့ဟာ သူ ပြောသည့် ဈေးပင်းစင်တာကြီးထံသို့ ရောက်သွားကြသည်။ ကြီးမားကျယ်ပြောလှသော Market ကြီးထဲတွင် မြသည် တောကျီးကန်း မြို့ရောက်သလို တောင်ကြည့် မြောက်ကြည့် ဖြစ်နေသည်။ အင်္ကျီဆိုင် တစ်ဆိုင်ထဲမှ လှပသော အင်္ကျီများကို လည်ပြန်ငေးနေသော မြကို သူက ...



"တခက် ဝင်ကြည့်ချင်ရင် ကြည့်လေ"

"ရပါတယ်"

"ဝင်ကြည့်ပါ။ ကိုယ်ပါ ကြည့်မှာပေါ့ ... လာ။ ကိုယ်ကြိုက်တာတွေ့ရင် ဝယ်မှာလေ"

မြက မျက်လုံးပြူးကြည့်လျှင် သူက ထုံးစံအတိုင်း ခုံးတွန့်ပြသည်။ ဆိုင်ထဲတွင် ရောင်းချသော အဝတ်အစားများမှာ Classic ဆန်ဆန် ရယ်ဒီမိတ်များဖြစ်သည်။ ဝတ်လိုက်လျှင် ကျက်ရှင်တော်တော်ကျသော ဒီဇိုင်းများ ဖြစ်သည်မို့ မြဟာ ဟိုဟာ လည်းကြိုက် ဒီဟာလည်းကြိုက် ဖြစ်နေသည်။ သူကပဲ မြနဲ့လိုက်မည့် အဝတ်အစားများကို ရွေးချယ်ပေးပါသည်။

"ဒီကျောက်စိမ်းရောင်လေး ယူပါလား တခက်။ တခက် အသားက ဝင်းတော့ ဟပ်နေမှာပဲ"

သူ့အပြောကြောင့် မြက ခစ်ခနဲ ရယ်မိလျှင် သူက ဘာရယ်တာလဲဟု ခပ်တိုးတိုး မာန်မဲလေသည်။ အဲဒီနောက် သူ့အတွက်ပါ အဝတ်အစားတွေ ကြည့်သည်။ မြက မြှောက်ပေးသဖြင့် သူ့ဘတ်ဂျက်မှာ တော်တော်ထိ၍ သွားသည်။ နောက်ဆုံးအစီအစဉ်ကတော့ Beauty Saloon တစ်ခုမှာ နှစ်ယောက်စလုံးနဲ့ ဆံပင်ညှပ်ကြခြင်းပဲ ဖြစ်သည်။ ဆံပင်ကို ဆေးဆိုးပြီး ဟိုက်လိုက်ချ်ဖောက်ဖို့ပါ အကြံပေးနေသော မြကို သူက အလန့်တကြား ငြင်းဆိုလေသည်။

"ဟား ... ဆေးတော့ မဆိုးပါရစေနဲ့ တခက်ရယ်။ ဘယ့်နှယ် ... ဟိုက်လိုက်ချ်ပါ ဖောက်ရမယ်လို့၊ မလုပ်ပါနဲ့ကွာ၊ ဖေဖေ သတ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကလေးလည်း မဟုတ်ဘဲနဲ့"

"ကလေးမဟုတ်လို့ပေါ့။ တော်ပါပြီ တခက်ရာ၊ ဆေးဆေ

မဆိုးပါရစေနဲ့"

"ဟဲ့ ... ဆေးဆိုးဆိုတာ ရဲပဒေါင်းထနေတဲ့ ခေါင်း

တောက်အဆင်ကို ပြောတာမှ မဟုတ်တာ။ ခပ်မိုက်မိုက်

နဲ့ ငြိမ်တဲ့အရောင်တွေ ရှိတာပဲ"

"ဘာအရောင်လဲ၊ အဖြူရောင်လား"

သူက ရယ်ဟဟနှင့် စိတ်ရှုပ်သလိုဆိုလျှင် မြသည် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားကာ သူ့ကို အလျှော့မပေးဘဲ ...

"နေယံနော် ... ဒီက စေတနာနဲ့ ပြောနေတာ။ ဆံပင်

အနက်က လူကို ရုပ်ရင့်စေတယ်၊ ဟုတ်တယ်နော် အင်း

ပြောပြပေးပါဦး"

မြက ဆံပင်ညှပ်ပေးမည့် အစ်မကြီးကိုပါ အားကိုး တကြီး တိုင်တည်လိုက်လျှင် အစ်မကြီးက တစ်ချက်ရယ်က အခြေအနေကို နားလည်သဘောပေါက်ဟန်ဖြင့် ...

"အနက်နဲ့လည်း လိုက်ပါတယ်၊ နည်းနည်း ပုံသွက်တ

လေး ညှပ်လိုက်ပေါ့။ အပြင်သွားရင် ဂျယ်လ်တော့ နည်း

နည်းသုံးပေးရမယ်။ အဲဒီလောက်ဆို တော်တော်လိုက်သွာ

မှာပါ ညီမလေးရဲ့။ ဖြစ်တယ် မဟုတ်လား"

"အင်း ... ဖြစ်ရတော့မှာပေါ့"

သူ့မှာ မြရဲ့ခွင့်ပြုချက်ကို ရတော့မှပင် ဆံပင်ညှ ခွင့် ရတော့လေသည်။ ဆံပင်ညှပ်ပြီးသွားလျှင် Alter Style ဖြ



သွက်သွားသော သူ့ပုံစံကိုကြည့်ကာ မြက သဘောတကျဖြင့် လက်မထောင်ပြမိသည်။

"ကဲ ... ကြည့်စမ်း၊ အခု ဘယ်လောက် မိုက်သွားလဲ။

ပန်ပန် လုပ်ဦးမလား"

နားဖောက်ဦးမလားဟု ဆိုလိုပြီး မေးတာကို သူက သဘောပေါက်သည်။ မျက်နှာကို ရှုံ့မဲ့လျက် ဆိုင်ထဲမှနေ၍ မြရဲ့ လက်ကို မဆွဲရုံတမယ် ခေါ်လေသည်။ အားလုံးပြီးစီးသွားပြီမို့ ရှော့ပင်းက အပြန်တွင် သူနဲ့မြက ဆိုင်တစ်ဆိုင်မှာ ထမင်းဝင် စားကြသည်။

မြသည် သူ့ကို သွေးတိုးစမ်းချင်စိတ်ဖြင့် ...

"နေယံ့ကို တစ်ခုမေးမယ်။ ထမင်းဟင်း မချက်တတ်တဲ့

မိန်းကလေးတွေကို အထင်သေးလားဟင်"

"ဟင့်အင်း ... မသေးပါဘူး။ ဘာဖြစ်လို့ သေးရမှာလဲ"

"ဪ ... သိဘူးလေ။ တချို့ယောကျ်ားလေးတွေက

မိန်းကလေးတွေကို ချက်တတ် ပြုတ်တတ်မှ သဘောကျ

တာတို့ ဘာတို့ ကြားဖူးလို့ပါ"

"အဟော် ... ဟော် ... တခက်ရယ်။ ကိုယ့်ကိုများ မင်းက

အဲလို သိပ်ထင်တာပဲနော်။ ပုံစံခွက်ကြီးထဲက ယောကျ်ား

တစ်ယောက်လို့ ထင်နေတယ်ပေါ့၊ ဟုတ်လား ...

အဲဒီလို လူတစ်ယောက်က သိပ်ချစ်တတ်မယ်လို့

ရော မထင်ဘူးလား"

"ဟင်း ... ထင်ပါဘူး။ ဒီရုပ်ကြီးလား ချစ်တတ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် … တခက်ရယ်။ ကိုယ့်လိုလူတစ်ယောက်က မိန်းကလေးတစ်ယောက်ခိုင်းတဲ့ အလုပ်တွေကို လုပ်တာ ဘဝမှာ ဒါ ပထမဆုံးပဲ။ တခက်လည်း သိပါတယ်။ ကိုယ်က ဘယ်လိုလူမျိုးလဲ ဆိုတာကို။ ဒီလောက်ဆို တခက် သဘောပေါက်သင့်ပါတယ်ကွာ"

"အံမယ် … ဒါက ရှင် လုဖို့ ပြောနေတာလေ။ ရှင့်အတွက်ပဲ မဟုတ်လား"

"ကိုယ့်အတွက်က မလိုဘူးလေ။ ဒါက တခက် ဖြစ်စေချင်တဲ့အတိုင်း ကိုယ်က လုပ်ပေးတာ။ တခက် အတွက်ပဲပေါ့"

"အောင်မာ … ဒါဆိုရင် နားဖောက်လေ၊ ဆံပင်ကိုဆေးဆိုး၊ ဟိုက်လိုက်ချ်ဖောက်ပေါ့"

မြဲရဲ့ ရန်တွေ့စကားကို သူက ကလေးတစ်ယောက်ကို ခွင့်လွှတ်သည့် အပြုံးမျိုးဖြင့် နူးညံ့စွာ ပြုံးကြည့်သည်။ သူ့အကြည့်တွေထဲတွင် ရိုးရိုးသာမန်အရိပ်တွေ လုံးဝမပါဝင်ဘဲ နက်ရှိုင်းစွာ တောက်ပနေတာကို မြဲ-မြင်တွေ့နေရသည်။ တစ်ခါတလေမှာ ဘာစကားမှ မပြောဘဲ အဲဒီလိုကြည့်သော အကြည့်တွေဟာ စကားတွေ အများကြီး ပြောတာထက် ထိရောက်တတ်သည်။

"ဘာကြည့်နေတာလဲ"

"တခက်က အရင်ကထက် ပိုချစ်ဖို့ ကောင်းလာသလို အရင်ကထက်လည်း ပိုဆိုးလာသလိုပဲ"

"ဘာပြောတယ်"



"မဟုတ်ဘူး၊ ပိုဆိုးလာတာ မဟုတ်ဘူး၊ အခုမှ ဆိုးလာတာ၊ အရင်က မဆိုးဘူး"

အရင်က ကျူပ်မှ မဟုတ်ဘဲတော့။ မြဲသည် အဲဒီစကားကို စိတ်ထဲမှာ ရေရွတ်ပြီးနောက် သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ …

"အဲဒီတော့ ရှင်က မကြိုက်ဘူးပေါ့၊ ဟုတ်လား"

"ကိုယ် မပြောမိပါလား"

"ဒါဆို ဘာလို့ ဆိုးတယ်တွေ ဘာတွေ ဘာလို့ ပြောလဲ"

"ဆိုးတယ်လို့ ပြောတာဟာ ပြောရုံသက်သက်ပဲလေ တခက်ရယ်။ အဲဒီ ဆိုးတာကို မကြိုက်ဘူးလို့ ပြောတာမှ မဟုတ်တာ"

"ဒါဖြင့်ရင် ကြိုက်လား"

"ကြိုက်တယ်"

"ပြီးတာပဲ၊ ကမ်းကုန်အောင် ဆိုးပြမယ်"

ပုစွန်တစ်ဖတ်ကို ယူဝါးရင်း ပါးစပ်နဲ့အပြည့်ပြောသော မြဲရဲ့ပုံစံကို သူက ကုလားထိုင်ကိုမှီကာ ပြုံးပြီးကြည့်နေသည်။ အဲဒီအပြုံးကြောင့် မနေတတ် မထိုင်တတ် ဖြစ်လာသော်လည်း မြဲက ဘာမှမဖြစ်သလို တောင့်ခံထားရကာ စကားလမ်းကြောင်းကို လွှဲယူရသည်။

"နေယံကို တစ်ခုမေးမယ်"

"နှစ်ခုမေး"

သူကလည်း မြဲရဲ့စကားအတိုင်း ပြန်လည်တုံ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ နှစ်ခုမေးမယ်။ ပထမတစ်ခုက နေယံ ငှေလာကမှာ ဘာကိုအမုန်းဆုံးလဲဟင်"

မြရဲ့မေးခွန်းကို သူက သဘောကျဟန်ဖြင့် မျက်ခုံးတစ်ဖက်ကို ပင့်ပြသည်။

"ကိုယ်လား ... ကိုယ့်ကို လိမ်တာကို အမုန်းဆုံးပဲ"

အဲဒီအပြောကြောင့် မြ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ သူ့မျက်နှာကို ကယောင်ကတမ်း လှမ်းကြည့်မိလျှင် သူက မြကို တစ်ချက်ပြုံးပြသည်။ အဲဒီပြုံးပြတာသည် ပြုံးပြတာနှင့်မတူဘဲ မြကို ဖြဲခြောက်လိုက်သလိုပင် ရင်ထဲက ချက်ချင်းပူတက်လာသဖြင့် လိမ္မော်ရည်အေးအေးကို တဂွတ်ဂွတ်မြည်အောင် မော့သောက်ပစ်လိုက်သည်။ အဲဒီပုံစံကို သူက တစ်ချက်ရယ်ကာ ...

"တခက်ကရော ဘာကို အမုန်းဆုံးလဲ"

"ဟင့်အင်း ... အမုန်းဆုံးဆိုတာ မရှိဘူး"

"အလို ... တကယ်ပေါ့၊ မယုံပါဘူးကွာ။ လိမ်တာကို မမုန်းဘူးလား၊ တခက်ကို လူတစ်ယောက်က လိမ်နေညာနေမယ်ဆိုရင် ဘယ်လိုမှ မခံစားရဘူးလား"

"အင်း ... အဲလိုမျိုး မကြုံဖူးတော့ မသိဘူး။ စိတ်တိုရင်တော့လည်း တိုမိမှာပေါ့။ ဒါပေမဲ့ အမုန်းဆုံးကြီးရယ်လို့တော့ မသတ်မှတ်ပါဘူး ...

တစ်ခါတလေတော့လည်း လူတစ်ယောက်က လိမ်တယ်ဆိုတာ သူ့အကြောင်းနဲ့သူတော့လည်း ရှိမှာပေါ့ နေယံရယ်။ ဘယ်လိုမှ မဖြစ်သာလို့ မတတ်သာတဲ့ အခြေအနေမျိုးမှာ လိမ်ထားရတာမျိုးတွေလည်း ရှိမှာပဲ။ ဘယ်



သူ့ကိုမှ မထိခိုက်တဲ့ စိတ်ချမ်းသာအောင် လိမ်နည်းမျိုးတွေလည်း ရှိတာပဲ။ White lies လို့တောင် အင်္ဂလိပ်ဘာသာစကားမှာ ရှိသေးတာပဲ ...

အရာရာတိုင်းမှာ ခြွင်းချက်အကြောင်းတရားတွေတော့ ရှိပါတယ် နေယံရယ်"

"အင်း ... ဒီပုံစံကျတော့လည်း တခက်နဲ့ တူသွားပြန်ရော"

အဲဒီအပြောသည် မြရဲ့ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလို ရှိသည်။ မြသည် တံတွေးကို မျိုချရင်း စိတ်လှုပ်ရှားမှုကို ထိန်းကာ သူ့မျက်နှာကို အကဲခတ်ကြည့်မိသည်။ သူ သိများသိနေတာလား။ မဖြစ်နိုင်ပါဘူး။ တစ်အိမ်တည်းနေတဲ့ လူတွေတောင် မသိဘဲနဲ့။ သို့သော် သူဟာ ပါးနပ်သော ယောကျ်ားတစ်ယောက်၊ လျှော့မတွက်သင့်သော ယောကျ်ားတစ်ယောက်ဟု တခက်က သတိပေးဖူးထားသည်။

မြသည် ဘာမှမဖြစ်သော စတိုင်လ်ဖြင့် ခပ်တည်တည်ပင် ...

"တခက်ဟာ တခက်နဲ့ မတူလို့ ဘယ်သူနဲ့ တူရမှာလဲရှင့်"

"ဩော် ... လူတွေက ဘယ်လိုပဲ ပြောင်းလဲထား ပြောင်းလဲထား မူလပင်ကိုစိတ်ကတော့ ရှိကြတာပဲလေ။ ကိုယ်က ဒါကို ဆိုလိုတာပါ။ တခက်က အရင်ကထက် ပွင့်လင်းဖော်ရွေပြီး ချစ်စရာကောင်းလာတယ် ဆိုပေမယ့် ဒီလိုနေရာတွေကျတော့လည်း အရင်လို နူးညံ့တဲ့စိတ်လေးက လှစ်ခနဲ ထွက်လာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အရင်က နူးညံ့တယ် ဆိုတော့ ခုက ကြမ်းတမ်းတယ်ပေါ့"

"ဟား ... တခက်က အပြတ်ကို တိုက်ခိုက်နေတယ်ကွာ။ ဘာတွေ အလိုမကျ ဖြစ်နေတာလဲ။ တခက် စိတ်တိုင်းကျ ကိုယ် ဒီနေ့ အကုန်လုပ်ခဲ့တယ်နော် ...

စိတ်မကောက်နဲ့ ကောင်မလေး"

မြသည် သူ့ကို မျက်စောင်းတစ်ချက် ပိတ်ထိုးမိလေသည်။ ဘာမှတော့ ဆက်မပြောမိ။ မြ ဆက်မပြောပေမယ့် သူက ဆက်ပြောသည်။

"ကိုယ့်မှာ အမုန်းဆုံးလည်း ရှိသလို အချစ်ဆုံးလည်း ရှိတယ် တခက်ရဲ့။ အဲဒီ အချစ်ဆုံးကိုရော ပြောပြရမလား"

သူက သွေးတိုးစမ်းသလိုမေးလျှင် မြသည် သူ့ကို မျက်လုံးပြူးကြီးဖြင့် ကြည့်မိသည်။ ဘာပြောပြရမှန်းလဲ ချက်ချင်း ဆုံးဖြတ်၍မရ။ ပြောပြပါ ဆိုရင်လည်း သူ့ကို လမ်းဖွင့်ပေးရာကျမည်။ မပြောနဲ့ ဆိုတော့ရော ...

မြ ဦးနှောက်စားနေတုန်းမှာပဲ သူက စကားဆက်ပါသည်။

"အခုတော့ မပြောတော့ပါဘူး။ တခက်က ကိုယ့်ရဲ့အမုန်းဆုံးကို ကြားရတော့ သိပ်မကြိုက်သလိုပဲ၊ အချစ်ဆုံးကို သိရရင် ပိုတောင်ဆိုးမယ်နဲ့ တူတယ် ...

စိတ်ဆိုးသွားမလားဘဲ။ စိတ်ဆိုးမှာ ကြောက်လို့ မပြောတော့ဘူး။ တခက် စိတ်မဆိုးလောက်တဲ့ အချိန်ကျမှပဲ ပြောပြတော့မယ်နော်"



မြသည် သူ့စကားကို အင်းမလုပ် အဲမလုပ်ဖြင့် အငြိမ်သား ကြောင်ကြည့်နေမိသည်။ သူ ဘာကိုပြောချင်တယ် ဆိုတာ မရိပ်မိသည်အထိ မြ မညံ့သေးပါ။ သို့သော် မြဟာ သူ ချစ်စိတ်ဝင်နေသည့် တခက်မှ မဟုတ်တာ။ ဒီ့အတွက် ဒီချစ်ခြင်းကို မြက ရင်ခုန်ကျေနပ်သင့်နေပါသလား။ နေယံရေ ... ရှင့်ရဲ့ အချစ်ဆုံးနဲ့ အမုန်းဆုံးဟာ တစ်ယောက်တည်းပဲဆိုရင် ရှင် ဘာဆက်လုပ်ရမှာလဲဟင်။

သူကတော့ မြကို ချစ်ရည်ရွှန်းသည့် မျက်ဝန်းများဖြင့် ကြည့်လျက်သာတည်း။

❢ ✳ ❢

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အခြေအနေတွေဟာ မြဲ တစ်ယောက် ထိန်းထိန်းသိမ်းသိမ်း နေခဲ့တာမို့ ဘာမှထူးထူးခြားခြား ပြောင်းလဲတာမျိုး၊ အမှားအယွင်းတစ်ခုခု ဖြစ်ခဲ့တာမျိုး မရှိခဲ့ပါ။ (အမှားအယွင်းကတော့ ရှိတာပေါ့လေ၊ သို့သော် မြဲက ဖြတ်ထိုးဉာဏ်ကောင်းကောင်းဖြင့် ကျော်လွှားတတ်၍သာ ဒီအတိုင်းပဲ ပြီးသွားတာဖြစ်သည်။) ခုချိန်ထိတော့ မြဲကို ဘယ်သူကမှ သံသယမဝင်ကြသေးချေ။ ရန်ကုန်ရောက်တာ ကြာလာသဖြင့် မြဲတစ်ယောက် အသားတွေပိုဖြူလာသောကြောင့် တခက်နှင့်လည်း ပိုတူသွားသည်။ ပြီးတော့ အိမ်ထဲမှာပဲ ကောင်းကောင်းနေ ကောင်းကောင်းစားကာ ဇိမ်ကျလှသဖြင့် လူက စိုပြည်နုဖပ်ပြီးနေသည်။

တခက်တစ်ယောက်ဟာလည်း လင်းညို့နှင့်တွဲကာ ပျော့ရွှော့တ်ဖြစ်လာသောကြောင့် မြဲနဲ့ တခက်ဟာ ဘယ်လိုမှခွဲမရတော့။ ကြာလေ ပိုတူလာလေဖြစ်သည်။ တစ်ခါတလေ တခက်တစ်ယောက် အပြင်တွေ ဘာတွေသွား၍ ရှားရှားပါးပါးရှိသော



ရဲ့မိတ်ဆွေတွေမှာ တခက်ကို မြဲ ထင်သည်။ မြဲကိုကျတော့ ခက် ထင်သည်။ နှစ်ယောက်စလုံးက စည်းဝါးကိုက် မီးစင်ည့်က,ဖို့ ညှိထားကြသောကြောင့် အခက်အခဲတော့ သိပ်မရှိ။ င်းဟင်းဟဲဟဲဖြင့် ဖောရှောရိုက်လိုက်ကြတာများသည်။ များသောားဖြင့် ပြဿနာသိပ်မရှိပါ။ သို့သော် လင်းညို့နှင့် တခက်ကရားဝင် ပေါင်းသင်းနေထိုင်ကြပြီဖြစ်သော အကြင်လင်မယားတွေ ဖြစ်နေသည်မို့ တချိန်ချိန်မှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘိုး သိသွားနိုင်သည်ဟု မြဲက ယူဆသည်။

ပြီးတော့ လင်းညို့က သာမန်လူတစ်ယောက်လည်း ဟုတ်။ ကောင်မလေးတွေ သည်းသည်းလှုပ်ကြသော အဆိုတော်တစ်ယောက်မို့ လူတွေက အာရုံစူးစိုက်တာကို ခံရတာပင်။ အဆိုတော် လင်းညို့မှာ မိန်းမရှိနေတယ် ဆိုတာကို ဘယ်အချိန်ထိ ဖုံးဝှက်ထားလို့ ရမှာတဲ့လဲ။ မြဲက သုံးမိနစ်သာကြီးသော အမြွာ အစစအရာရာ ထောင့်စေ့အောင် လိုက်တွေးသည်။ အခုဆိုလျှင် Live Show တစ်ခုမှာ မြဲက ဝင်ဆိုတော့မှာမို့ အဲဒီကိစ္စတွက်လည်း အုံးစားလျက်ရှိသည်။ အချိန်ရလျှင် ရသလို ခက်နှင့် လင်းညို့တို့ နေထိုင်ရာ တိုက်ခန်းကို လာတတ်သော ြဲက ဒီကိစ္စကိုပဲ အမြဲရေ့တန်းတင်ကာ ပြောဆိုသည်။

"နင်တို့ အေးဆေးလုပ်မနေကြနဲ့၊ ဒီ Live show မှာ ငါ နာမည်ကို ဘယ်လိုစာတန်းထိုးရမှာလဲ။ မြဲတသက်လား စွဲတခက်လား၊ ဘာတွေလဲ"

"ရွှေမရီးရာ အုံးစားမနေစမ်းပါနဲ့။ ဘယ်ဟာမှ မထိုးနဲ့"

www.burmeseclassic.com

www.burmeseclassic.com


တခက် ချက်ကျွေးသမျှ စားကောင်းကောင်းနှင့် စားနေသောကြောင့် ဝလာသော လင်းညို့က ဆန္ဒင်းမကောင်းတွေကို ပလုတ်ပလောင်းစားရင်းမှ ဝင်ပြောသည်။ မြဲသည် မတ်တော်မောင်ကို မျက်စောင်းတစ်ချက် ပိတ်ထိုးရင်း ...

"မထိုးလို့ ရလား။ နင်တို့ စားပြီး နားမလည်လုပ်မနေကြနဲ့။ ဒါ ငါ့အိပ်မက်နော်၊ ဒီအိပ်မက်တွေ အကောင်အထည်ဖော်ဖို့ ငါ ရန်ကုန်ကို ရောက်လာတာ။ နင့်တို့အတွက်နဲ့ ငါက ဒီလိုပဲ နေရတော့မှာလား။ ဒီအတိုင်းပဲ တစ်သက်လုံး ဖုံးထားလို့ ရမယ်များ ထင်နေလား"

မြဲက ခပ်ဆတ်ဆတ်ဆိုလျှင် စိတ်တိုတော့မည်ဆိုတာ တခက်က ရိပ်မိသည်။ သူ့ယောက်ျားကို တံတောင်နှင့် တစ်ချက်တွက်ကာ ...

"ဟုတ်သားပဲ လင်းကလည်း၊ နည်းနည်းပါးပါး စဉ်းစားပေးဦးမှပေါ့။ တစ်သက်လုံး ဒီအတိုင်း ပြီးသွားမှာမှ မဟုတ်တာ"

"စဉ်းစားပါတယ်ကွာ၊ ဒါပေမဲ့ ကိုယ်မှ မစဉ်းစားတတ်တာ။ စဉ်းစားလည်း ခေါင်းတွေနောက်လာတာပဲ အဖတ်တင်တယ်၊ အဖြေက မထွက်ဘူး ...

သီချင်းဆိုရင်တော့ နာမည်ကို မြဲလို့ တစ်လုံးတည်းပဲ သုံးချင်သုံးပေါ့။ ဒါမှမဟုတ်လည်း အနုပညာနာမည် တစ်ခုခု ရွေးထားလိုက်ပေါ့၊ မဟုတ်ဘူးလား"

"အနုပညာနာမည် ရွေးတော့ရော ငါ့ရုပ်ကြီးကို မမြင်မှာကျနေတာပဲ"

"သြော် ... မြင်ပေမယ့် သူတို့ ချက်ချင်းတော့ မသိနိုင်ပါဘူး၊ ဒီဇိုင်းတွေ ဘာတွေလဲ ရေလည်ပြောင်းထားလိုက်ပေါ့။ ဘယ်သူမှ သိပ်သိမှာ မဟုတ်ပါဘူး"

"အောင်မာ ... ဘာမသိရမှာလဲ။ ငါ့ကိုယ်ငါ သိတယ်ဟဲ့။ ငါ့သီချင်းက ပေါက်ကိုပေါက်မှာ။ ငါ့သီချင်းကိုရော ငါ့အသံကိုရော နောက် ငါ့ Performance ကိုရော ယုံတယ်။ လူမသိ သူမသိ ဖြစ်မှာ မဟုတ်ဘူးဟဲ့၊ နားလည်လား ...

နင့်ထက်တောင် နာမည်ကြီးသွားဦးမယ်"

အခုလောလောဆယ်မှာတော့ ဘာနာမည်မှ မကြီးသေးသည့် အဆိုတော်ရူးတစ်ယောက်၏ အငေါက်အငမ်းကို လင်းညို့မှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ခံနေရလေသည်။ သူ့ကျေးဇူးကြောင့် တခက်နှင့် ကြင်နာစွာ ပေါင်းဖက်ရခြင်း ဖြစ်လေရာ သူ့ကိုလည်း လုံးဝမတော်လှန်ရဲ။

ရွှေမရီးတော် မြဲတသက်သည် တခက်နှင့် ရုပ်ချင်းသာ တူလွန်းသော်လည်း စိတ်ဓာတ်ကတော့ အကြမ်းပတမ်းဖြစ်သည်။ ထစ်ခနဲဆို ဒေါသထွက်ဖို့ကလည်း ဝန်မလေး။

"ဟုတ်ပါတယ် မြဲရာ၊ ဒါပေမဲ့ ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်ဘူးလေ"

"အဲဒါ ပြောတာပေါ့ နင့်ကို။ စားပြီး နားမလည်ဆိုတာ နင့်လိုလူမျိုးမှ အစစ်ပဲ။ မတတ်နိုင်ဘူး ငါကတော့ ငါ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ။ ဖြစ်လာသမျှ ပြဿနာကို ရင်ဆိုင်မှာပဲ။ နင်တို့လည်း ရင်ဆိုင်ဖို့သာ ပြင်ထားကြ"

www.burmeseclassic.com

www.burmeseclassic.com



မြသည် စိတ်တိုတိုနှင့် ပြောပြီးတော့ နှုတ်တောင်မဆက်ဘဲ ထွက်လာခဲ့သည်။ သူတို့ကတော့ အဆင်ပြေနေကြသူတွေမို့ ရှေ့ရေးကို ဘာမှမစဉ်းစားကြ။ မြ တစ်ယောက်သာလျှင် ရှေ့တိုးရမလို နောက်ဆုတ်ရမလိုဖြင့် ဘာကိုမှ စိတ်ဖြောင့် လက်ဖြောင့်မရှိနိုင်။ အဘိုးနဲ့ကတော့ အဘိုး ဒီလောက်တင်းသည့်ကြားထဲမှ မြက ပြောင်နောက်တတ်သဖြင့် ရင်းနှီးမှုတွေက ပိုလာသည်ဟု ပြော၍ရသည်။ အဘိုးနဲ့အတူတူ မနက်ခင်းမှာ လိုက်ပြီးလမ်းလျှောက်တာတို့၊ ဘုရားအတူတူ လိုက်တက်ပေးတာတို့၊ အဘိုးတို့ခေတ်က သီချင်းတွေကို ကာရာအိုကေ ဆိုပြတာတို့ ပေါက်ကရတွေလည်း လျှောက်လုပ်ပြသဖြင့် အရယ်အပြုံးနည်းလှသော အဘိုးပင်လျှင် ရယ်တတ် ပြုံးတတ်လာပြီဖြစ်သည်။

အဘိုးကို ကုပေးနေကျ ဆရာဝန်ကတောင် ပြုံးပြုံးရွှင်ရွှင်ဖြင့် ...

"အန်ကယ့် အခြေအနေက အရမ်းတိုးတက်လာတယ်ဗျာ။ အားရစရာ ကောင်းလိုက်တာ၊ အဲဒါပဲဗျာ အဓိက,က. စိတ်ပဲဗျ။ တခက်ကလည်း အပြုအစု ကောင်းတယ်နဲ့တူတယ်"

ဟုတောင် ပြောသွားသေးသည်။ အဘိုးကတော့ ခပ်တည်တည်ကြီးနှင့်ပင် "အပြုအစု ကောင်းတာမဟုတ်ဘူးဗျို့ ပေါက်ကရတွေ လျှောက်ပြီးလုပ်ပြနေတာ၊ ပေါချာချာနဲ့"ဟု ပြောတတ်သည်။ ဘယ်လိုပဲပြောပြော ဘိုး ကျေနပ်ပျော်ရွှင်နေသည်ဆိုတာကိုတော့ မြ ယုံပါသည်။



ဘိုးနှင့် အဆင်ပြေသလို နေယံနဲ့ကလည်း အခြေအနေတွေ ဘိုးတက်လျက်ရှိသည်။ နေယံရဲ့အကြည့်တွေသည် အထူးတလည် ဘာသာပြန်ဖို့ မလိုတော့အောင် အချစ်ရိပ်တွေ ရွှန်းလဲ့နေကာ လျှံကျနေသလားဟုတောင် ထင်ရလေသည်။ သူ့အပြောအဆို သူ့အပြုအမူတိုင်းတွင် တခက်ကို သိပ်ချစ်နေတယ်ဟူသော စကားသံတွေကို အတိအလင်း မကြော်ငြာရုံပါဘဲနှင့် ကြားနေရသလို ရှိလေသည်။ သို့သော် မြသည် သူ့မျက်ဝန်းတွေနှင့် ဆုံလိုက်တိုင်း ရင်လေးရလေ့ရှိသည်။ စိတ်ရှုပ်ရှုပ်နှင့် အိမ်ပြန်ဖို့ပဲ စိတ်ကူးပြီးကာမှ မပြန်ချင်သေးဘဲ ဆာကူရာဘာဝါပေါ် ကော်ဖီတက်သောက်ဖို့ စိတ်ကူးဝင်လာသဖြင့် အဲဒီကိုပဲ ထွက်လာခဲ့သည်။

ကော်ဖီတစ်ခွက်မှာကာ မှန်ချပ်ကြီးတွေမှတစ်ဆင့် လှမ်းမြင်နေရသော ရန်ကုန်မြို့ရဲ့ရှုခင်းကို ငေးမောနေတုန်းမှာပဲ ဖုန်းမြည်သံက ထွက်ပေါ်လို့လာသည်။ မြသည် စိတ်မပါ လက်မပါဖြင့် ဖုန်းကိုကြည့်လိုက်လျှင် နေယံထံက ဖြစ်နေသည်။ မြက သက်ပြင်းတစ်ချက်ကို ရှိုက်လျက် ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"တခက်"

သူ့အသံက တစ်မျိုးဖြစ်နေသည်။ နာသံလိုလို လည်ချောင်းကပ်နေသလိုလို အသံမျိုးဖြစ်သည်။ ဂုကယ်ဆို သူ့ဆီက ဖုန်းမလာသည်မှာ ဒီနေ့နဲ့ပါဆို သုံးရက်ရှိပြီဖြစ်သည်။ မြကလည်း စိတ်တွေရှုပ်နေသဖြင့်မဆက်။ သတိကတော့ ရနေပေမယ့် စကားပြောချင်စိတ်လည်းမရှိသဖြင့် ဖုန်းမဆက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နေယံ ပြောလေ"

မြကလည်း အားပြတ် အားလျော့နေသော အသံမျိုး ဖြစ်သည်။ အခါများစွာက တက်ကြွနေတတ်သော အသံနှင့် ခြား နားနေသည်မို့ သူကလည်း ရိပ်မိဟန်တူသည်။

"တခက် နေမကောင်းဘူးလား"

နေမကောင်းဘူးလားဟု မေးသော လူရဲ့အသံက လည်း ခုချက်ချင်းပဲ ဆေးရုံတင်ရတော့မည့် အသံမျိုးဖြစ်သည်။

"ကောင်းပါတယ်။ ရှင်ရော နေကောင်းရဲ့လား"

သူက နှာတစ်ချက်ရှုံ့လိုက်ကာ ...

"အင်း ... ကိုယ် နေမကောင်းဘူး"

"ဟုတ်လား၊ ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲလို့ မေးဖော်ရလို့ ကျေးဇူးတင်ပါတယ်"

"ရစ်မနေစမ်းပါနဲ့။ အကောင်းမေးနေတာ"

"အကောင်းပြောနေတာပဲ။ စိတ်ထဲမှာ မရှိတော့ဘူး ထင် နေတာ။ ဖုန်းတောင် ဆက်ဖော်မရဘူး တခက်ရာ၊ နေနိုင် လိုက်တာ။ နေမကောင်း ဖြစ်နေတာ နှစ်ရက်ရှိပြီ။ ဖုန်း ဆက်ပြီး သတင်းလေး ဘာလေး မေးဖော်တောင် မရဘူး"

"သိမှ မသိတာ"

"အင်းပေါ့ ... ဘယ်သိပါ့မလဲ၊ စိတ်ထဲမှာမှ မရှိတာ"

"ကျွတ် ... နေယံကကွာ၊ အဲလိုတွေ ပြောမနေစမ်းပါနဲ့ ဒီမှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။ ကဲ ... ပြောပါ လွန်တာရှိ ဝန္ဒာမိ တောင်းပန်တယ်ကွာ ...



ဘာဖြစ်တာလဲ၊ တော်တော် ဆိုးနေလား"

"သေတော့မယ် ထင်တာပဲ"

"ဟုတ်လား ... ရှင့်အိမ်ကို မုန့်ပုံးနဲ့မလာဘဲနဲ့ ပန်းခွေနဲ့ လာရမှာလား"

"အင်း ... အဲဒီလို အပြောတွေကိုပဲ ကြွေနေတာ ခက်တယ်"

"ကြွေနေရင်လည်း ကောက်လိုက်တော့ နေယံရေ။ ရှင့်ကို အစက ဒီလောက်ရစ်တတ်မှန်း မသိခဲ့ပါလား။ တော်ပြီ မမေးတော့ဘူး"

"ကိုယ့် နေမကောင်းဖြစ်မှ မင်းကို ဘယ်လောက်လိုအပ် တယ်ဆိုတာ သိလာရတယ် တခက်။ ဒီနှစ်ရက်အတွင်း မှာ မင်းကို လူးလိမ့်နေအောင် လွမ်းတယ်။ ဖုန်းမဆက် ဘဲ တမင်နေကြည့်ထားတာ။ ဘယ်လိုမှ မနေနိုင်တော့လို့ ဆက်လိုက်တာ ...

ကိုယ့်ဘဝမှာ ဒီလိုခံစားချက်မျိုး ဘယ်တုန်းကမှ မခံစားခဲ့ဖူးဘူး တခက်။ အခု ကိုယ် သီချင်းတစ်ပုဒ်ကိုပဲ ထပ်တလဲလဲ နားထောင်နေတယ်။ ကိုယ့်ခံစားချက်နဲ့ အရမ်းကိုက်ညီတဲ့ သီချင်းပေါ့။ မင်းကို ဖွင့်ပြမယ် နား ထောင်မှာလား"

"အင်း ... နားထောင်မယ်"

"အိုကေ ကိုယ် ဆိုပြနေတယ်လို့ သဘောထားပြီး နား ထောင်နော်"

သူ့အသံပျောက်သွားပြီး ခဏအကြာ၌ မြရဲ့နားထဲ သို့ ဂစ်တာသံတစ်ခုက တိုးဝင်ပြီးလာသည်။ မြသည် ဂစ်တာသံ

www.burmeseclassic.com

www.burmeseclassic.com



Intro ကို နားထောင်လိုက်တာနှင့် ဘယ်သူ့သီချင်းဆိုတာ ချ
ချင်းသိသည်။ သီချင်းမှာ ဝိုင်ဝိုင်း၏ နောက်ဆုံးစီးရီး
"ထာဝရ"အခွေထဲမှ "ဒူးထောက်ပြီ"ဟူသော သီချင်းလေးဖြစ်
သည်။ ဂစ်တာသံလေးတစ်ခုနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း သီ
သွားကာ စာသားလေးတွေက ထူးခြားကောင်းမွန်သဖြင့် မြလ
အဲဒီသီချင်းလေးကို အရင်တည်းက ကြိုက်ခဲ့တာဖြစ်သည်။

"ရင်ခုန်သံများ ချုပ်ထိန်းမရ ... သူသိအောင် ဖွင့်ပြောမည်
ကိုယ့်ဘက်က အကြင်နာတွေ မင်းသိဖို့လိုမည် ... ဝေး
ရင်ဝေး ... ခဏလောက် ဆုံဖြစ်ရင် ငါ့ရဲ့ကမ္ဘာကို
နပ်ပြီ ...

အို ... ရင်ခုန်သံများ ချုပ်ထိန်းမရ .. သူသိအော
ဖွင့်ပြောမည် ... ကိုယ့်ဘက်က အကြင်နာတွေ မင်းသိ
လိုပြီ ... ဝေးချင်ရင်ဝေး ခဏလောက် ဆုံဖြစ်ရင် င
ကမ္ဘာကို ကျေနပ်ပြီ ...

အို ... မင်းရှေ့မှာ ငါ ဒူးထောက်ပြီ"

သီချင်းဆုံးသွားလျှင် သူ့အသံက ပြန်ထွက်
သည်။

"သိလား ... အဲဒီသီချင်းကို"

"သိသားပဲ"

"အင်း ... အဲဒီသီချင်းက ကိုယ့်ခံစားချက်နဲ့ တိုက်
တယ်ကွာ၊ ကိုယ်လည်း ကောင်မလေးတစ်ယောက်ကို
ထောက်ချင်နေတယ်၊ ကိုယ့်ရင်ထဲက အကြင်နာ
အကြောင်း သူသိအောင် ဖွင့်ပြောချင်နေပြီ"



အဲဒီအပြောကြောင့် မြသည် အသက်ရှူရပ်သွားတော့မလို ဖြစ်သွားသည်။ စိတ်လည်း အင်မတန်ညစ်ရလေသည်။ သူက ဘယ်သူ့ကို ချစ်တာလဲ၊ မြကိုလား၊ တခက်ကိုလား။ တခက်ကိုပဲ နေမှာပါ။ သူ သိတာက တခက်ပဲဥစ္စာ။ သူက တခက်ပဲ ထင်၍ ရည်းစားစကား ပြောတော့မည့်အရေးကို မြက ဘယ်လိုတားမြစ်ပိတ်ပင်ရပါမည်လဲ။

ကျွန်မဟာ ရှင် ချစ်နေတဲ့ တခက် မဟုတ်ပါဘူးလို့ ပြောရမည်လား။ အဲဒီလို ပြောလိုက်လျှင် သူ ဘယ်လိုဖြစ်သွားမှာလဲ။ တော်တော့်ရှက်သွားမှာတော့ သေချာသည်။

သူ့ကိုလည်း အဲဒီလို မခံစားစေချင်။ မနာကျင်စေပါ။ ဒီလိုမခံစားစေချင်ရင် မြကတော့ ဘယ်လိုခံစားရမှာလဲ။ လွဲမှားနေတဲ့ အချစ်တစ်ခုကို ရင်ခုန်ခံစားနေသင့်လား။ အဆုံးသတ်မှာ နာကျင်ရမှာက ဘယ်သူလဲ။ မေးခွန်းပေါင်းများစွာသည် မြရဲ့ရင်ကို တိုးဝင်ထိုးနှက်လို့ နေကြသည်။

"တခက် ဘာဖြစ်လို့ ငြိမ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ နားထောင်နေတာပါ"

မြရဲ့စကားကို သူက ဘယ်လိုအဓိပ္ပာယ်ပေါက်သွားလဲတော့ မပြောတတ်ချေ။

"ကိုယ့်ရင်ထဲကို မင်း လှမ်းမြင်နေရလား တခက်"

"ရင်ထဲ ! အင်း ... မသိပါဘူး၊ ရှင် နေမကောင်းတာ ဆေးခန်းမသွားဘူးလား၊ တော်တော်ဆိုးနေလားဟင်၊ ဘာဖြစ်တာလဲ၊ ရေချိုးမှားတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်က ဆေးကုပေးလည်း မသက်သာပါဘူးကွာ။ အနာနဲ့ ဆေးနဲ့မှ မတွေ့တာ၊ ဖြစ်တာကတော့ ခေတ်မီရောဂါပေါ့"

"တုပ်ကွေးလား"

"ဒါပေါ့ ... ဒါပေမဲ့ တုပ်ကွေးက ရိုးရိုးတုပ်ကွေး မဟုတ်ဘူး၊ အချစ်တုပ်ကွေး ကွေးနေတာ။ အရမ်း Heat တက်နေတယ်ကွာ။ ဒီအချိန်မှာ တခက် မျက်နှာလေးကို အရမ်းမြင်ချင်နေတယ်"

"မြင်ချင်ရင် ဆာကူရာတာဝါကို လာခဲ့"

"ဟင် ... အဲဒီမှာ ရောက်နေတာလား၊ ကော်ဖီသောက်နေတယ်ပေါ့၊ ဘယ်သူနဲ့လဲ၊ ဩော် ... ဒီမှာတော့ ခံစားရလွန်းလို့ သေတော့မယ်။ သူကတော့ ကော်ဖီနဲ့ အေးဆေးငြိမ့်နေနိုင်တယ်ပေါ့၊ ဟုတ်လား"

"ဘယ်က ငြိမ့်ရမှာလဲ၊ ပျင်းလို့ တစ်ယောက်တည်းသောက်နေတာ"

"တခက် ! "

သူ ခေါ်လိုက်သောအသံက ဆွေးဆွေးလျုလျု တမ်းတမ်းတတနှင့် မက်မက်မောမောဖြစ်သည်။ အဲဒီအသံကို နားထောင်ကြည့်ခြင်းအားဖြင့် သူ့ရင်ထဲတွင် ဘယ်လိုအခြေအနေရှိတယ်ဆိုတာကို ခံစားနားလည်ပေး၍ ရပါသည်။ သို့သော် မြဲဟာ တခက် မဟုတ်တာက ခက်သည်။

"တခက်ရဲ့ ရင်ထဲမှာ တစ်စုံတစ်ယောက်ကို မေ့နိုင်ပြီလား ဟင်"



အဲဒီ အမေးကြောင့် မြဲ စိတ်ညစ်သွားရသည်။ ထို့ကြောင့် အကောင်းဆုံး အဖြေကို စဉ်းစားကာ ...

"မေ့တာ မမေ့တာကို မမေးပါနဲ့တော့ နေယံ။ တခက်ဘဝမှာ အဲဒီတစ်ယောက်ကို ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးလို့ သတ်မှတ်ပေးပါ"

မြဲရဲ့အဖြေစကားကြောင့် သူ့ထံမှ အသံတိတ်သွားသည်။ မြဲသည်လည်း ဒီဘက်မှနေ၍ ရင်ထဲမှာ နင့်လာသည်။ မြဲရဲ့အဖြစ်သည် ဘယ်လိုမှ အဖြေရှာ၍ မထွက်သော ပုစ္ဆာတစ်ပုဒ်လို ဖြစ်နေသည်။ အဖြေရှာ၍ရတောင် အမှားတွေချည်း ထွက်လာမည့် အဖြေတွေသာ ဖြစ်လေသည်။ သူ့အသံက အားကုန်ကာ ဖျော့တော့နေသဖြင့် ရင်ထဲမှာ သနားစိတ်လည်း ဝင်လာရသည်။ သူ့ကိုလည်း မြဲက အရမ်းတွေ့ချင်လာပါသည်။

"နေယံဆီကို တခက် လာခဲ့မယ်"

"တကယ်လား" -

"အင်း ... အခုပဲ လာခဲ့မယ်၊ ဘာစားချင်လဲဟင်၊ ဘာဝယ်ခဲ့ရမလဲ"

"မင်း တစ်ယောက်နဲ့တင် အရာရာ ပြည့်စုံသွားပါပြီ တခက်ရယ်"

အဲဒီအပြောကြောင့် မြဲမှာ ရတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ဖုန်းချလိုက်သည်။ ပြီးတော့ ကော်ဖီဆိုင်မှ ထွက်လာကာ ကားတစ်စီးငှား၍ သူ့အိမ်သို့ ရောက်လာခဲ့သည်။ သူ့အိမ်တွင် မြဲ တစ်ခါမှ မမြင်ဖူးသော သူ့မိခင်ကို တွေ့ရသည်။ ချိုသာအေးဆေးကာ အိမ်ရှင်မကောင်းတစ်ယောက်အဖြစ် တွေ့ရ

www.burmeseclassic.com



သည့် သူ့မိခင်သည် မြကို အထူးဧည့်သည်အဖြစ် အရေးပေးကာ ကြိုဆိုပါသည်။

"သမီးနဲ့ မတွေ့တာတောင် ကြာပြီနော်။ မမြင်ရတာ ကြာလို့လားတော့ မသိဘူး ပိုချောလာသလိုပဲ"

မြသည် တစ်ခါမှ မမြင်ဘူးသော အမျိုးသမီးကြီးကို ဟဲဟဲဟင်းဟင်းတွေ လုပ်ပြရကာ ...

"ဟုတ် အန်တီ။ အန်တီလည်း ပိုကျက်သရေရှိလာသလိုပဲ။ နေယံရော အန်တီ၊ သိပ်မသက်သာဘူးဆိုလို့ တခေါက်လာမေးတာပါ။ အပြင်ကနေ လှည့်ဝင်လာရတော့ လူနာသတင်းမေးဖို့ ဘာမှတောင် မစီစဉ်လာရဘူး အန်တီရယ်"

"အို ... မဟုတ်တာ၊ တကူးတက ရောက်လာတာကိုပဲ ကျေးဇူးတင်ရပါတယ်၊ နေယံက သူ့အခန်းထဲမှာပဲ သမီး၊ လာ ... အန်တီ လိုက်ပို့မယ်၊ ဖြစ်လား သမီး၊ အပြင်ကို ခေါ်ပေးရမလား၊ သူက ခေါင်းကိုမထူနိုင် ဖြစ်နေတာကွယ့်"

"ရပါတယ် အန်တီ၊ ဘာမှမဖြစ်ပါဘူး၊ သူ သက်သာသလိုနေပါစေ"

မြသည် အန်တီကြီး ခေါ်ဆောင်ရာနောက်မှ သူ့အခန်းရှိရာသို့ ရောက်လာသည်။ သူ့အခန်းမှာ ယောကျ်ားလေးတစ်ယောက်၏ အိပ်ခန်းဖြစ်သော်လည်း ပစ္စည်းပစ္စယတွေ သိပ်များများစားစား မရှိပါ။ ရှင်းရှင်းလင်းလင်းနှင့် သပ်သပ်ရပ်ရပ်ပဲ ဖြစ်သည်။ သူ့ခုတင်ဘေးတွင် စာကြည့်စားပွဲနှင့် ကွန်ပျူတာရှိလေရာ မြက အဲဒီက ကုလားထိုင်မှာ ဝင်ထိုင်သည်။



သူ့မိခင်က မြကို တစ်ချက်ပြုံးပြရင်း ...

"ထိုင်ဦးနော် သမီး။ အန်တီ ကော်ဖီ သွားယူလိုက်ဦးမယ်"

သူ့အမေ ထွက်သွားလျှင် သူက ခုတင်ပေါ်မှနေ၍ မြကို တစ်မျိုးသော မျက်ဝန်းတွေနှင့် ငေးကြည့်နေသည်။ သူ့မျက်နှာသည် အဖျားသွေးကြောင့်လားတော့ မသိ။ နီကာ ခပ်ယွင်းယွင်း ဖြစ်နေသည်။ နှာတရှုံ့ရှုံ့ဖြင့် တော်တော်နေမကောင်းဖြစ်နေဟန် တူပါသည်။

"တော်တော် ဖြစ်နေတာပဲ နေယံရယ်၊ မသက်သာဘူးလားဟင်"

"အခု သက်သာတော့မှာပါ"

သူ့စကားကြောင့် မြသည် စိတ်ရှုပ်စွာဖြင့် တစ်ချက်ရယ်မိသည်။ သူကတော့ ဘာစကားပဲလာလာ နောက်ဆုံးတော့ ဒီဘူတာကိုပဲ ဆိုက်နေတော့တာ ဖြစ်သည်။ ဒီလောက်တောင် ဖြစ်တဲ့လူကို မြကလည်း ပြန်အစွဲ့တိုက်ချင်လာသည်။ ဖြစ်လာသမျှ နောင်ပြဿနာ နောင်မှရှင်းမည်ဟူသော စိတ်ထားမျိုးတွေဖြင့် သတ္တိတွေ ရှိလာလေသည်။ စိတ်တွေ သိပ်ရှုပ်လာသောကြောင့် ဘာမှလဲ ဆက်မတွေးချင်၊ မစဉ်းစားချင်တော့။ မြကသာ စိတ်ရှုပ်ခံ ဦးနှောက်ခြောက်ခံနေပေမယ့် သူတို့တွေကတော့ ဘာမှတောင် မသိကြ။ ကိုယ်စီကိုယ့် ကိုယ့်ဖီးလ်နဲ့ကိုယ် ငြိမ့်နေကြတာ ဖြစ်သည်။

"အင်း ... သက်သာအောင်နေပါ နေယံရယ်။ ရှင်က ပေတေနေတာလည်း ပါမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မပေတေအောင် တခက်က ဂရုစိုက်ပေါ့။ ဂရုစိုက်မှာလားဟင်"

မြဲသည် သူ့ကို တစ်ချက်ကြည့်မိသည်။ သူက မြဲကို ရိဝေစွာ ပြုံးပြနေသည်။ အဲဒီအချိန်မှာပဲ သူ့အမေက ကော်ဖီလင်ပန်းဖြင့် ပြန်လည်ရောက်ရှိလာသည်။ သူ့အမေ ပြန်ထွက်သွားလျှင် သူက အခုနက စကားကို ထပ်ဆက်သည်။

"တခက် ! ကိုယ်မေးတာ ဖြေဦးလေ"

"ဘာကိုဖြေရမှာလဲ နေယံရယ်"

"ကိုယ့်ကို ဂရုစိုက်မှာလားလို့ပေါ့"

"ဂရုစိုက်လို့ပဲ အိမ်ထိတောင် ရောက်လာတာ မဟုတ်ဘူးလား"

"အဲဒါက ဂရုမစိုက်ခဲ့လို့ အိမ်ထိရောက်လာရတာ၊ ကပါကွာ၊ ကိုယ် ရှင်းရှင်းပဲ ပြောတော့မယ် တခက်ရယ်။ ကိုယ် တခက်ကို သိပ်လိုအပ်နေတယ်၊ တခက်ကို ဘယ်လောက် need ဖြစ်နေတယ်ဆိုတာ အခု နေမကောင်းဖြစ်နေတဲ့ အချိန်မှာ ပိုသိလိုက်ရတယ်။ အရမ်းကို နင့်နေတဲ့ ခံစားမှုတစ်မျိုးပဲ တခက်ရယ်၊ ကိုယ်လေ တခက်ကို ..."

"ဆက်မပြောပါနဲ့တော့ နေယံရယ်"

မြဲသည် တကယ်ကို မကြားချင်တော့စွာဖြင့် သူ့စကားကို ပိတ်ပစ်လိုက်သည်။ သူ့နှုတ်ဖျားမှ တခက်ကို အရမ်းချစ်နေမိပြီဆိုသော စကားဆက်ထွက်လာမှာကို မြဲ မလိုလားပါ။ မကြားချင်ပါ။ မကြားချင်ဆို မြဲသည် တခက် မဟုတ်သောကြောင့် ဖြစ်သည်။



မြဲရဲ့ ပိတ်ပင်စကားကြောင့် သူက ဝမ်းနည်းသွားသည့် မျက်လုံးများဖြင့် မြဲကို ငေးကြည့်လာသည်။ အဲဒီ မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရလျှင် မြဲသည်လည်း သူ့ကို ထူးခြားစွာ ချစ်မိသွားပြီဆိုတာ သဘောပေါက်လိုက်ရလေသည်။

"နေယံ ပြောမှာကို တခက် နားလည်ပါတယ်"

"နားလည်တယ် ဟုတ်လား၊ ကိုယ့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာကို နားလည်တယ်ပေါ့နော်"

"အင်း"

မြဲရဲ့ အဲဒီ အင်းသည် အားသိပ်မရှိလှတာကို ကိုယ့်ကိုယ်ကိုယ်တော့ သိပေမယ့် သူကတော့ သူ့အရှိန်နဲ့သူ ပျော်နေသောကြောင့် ရိပ်မိမည် မထင်ပါ။ သူ့မျက်နှာသည် တွေ့ခါစက နှင့် ကွာခြားစွာ ပျော်ရွှင်တက်ကြွလို့လာသည်။ နူးညံ့သော သူ့မျက်လုံးများသည် မြဲကို ငေးကြည့်နေသည်မှာ အင်မတန်ကြည်နူးဖို့ကောင်းဖြစ်နေသော အကြည့်များတည်း။

"ကိုယ် ဝမ်းသာလိုက်တာ တခက်ရာ။ ဒါ ... ဒါဖြင့်ရင် တခက်ကလည်း ..."

မြဲသည် ခေါင်းငုံ့ထားရာမှ သူ့ကို နွမ်းလျစွာ မျက်လုံးတစ်ချက် လှန်ကြည့်မိသည်။ မြဲ ရင်ထဲတွင်လည်း ဒီထက်ပို၍ မထိန်းချုပ်နိုင်တော့ပါ။ ထောင့်စိအောင်တွေးတောပြီး ဟန်ဆောင်နေရသော နှလုံးသားသည် ပင်ပန်းလွန်းလှပြီဖြစ်သည်။

"ကျွန်မရဲ့ နှလုံးသားကိုလည်း ရှင် နားလည်နိုင်ပါစေ နေယံရယ်"

www.burmeseclassic.com

www.burmeseclassic.com



မြစ်၏ နွမ်းလျသော စကားသံအဆုံးတွင် သူ့မျက်နှာ တစ်ခုလုံး ဝင်းပသွားသည်။ သူသာ သတိထားမိမည်ဆိုပါက တခက်ဟု မသုံးနှုန်းဘဲ ကျွန်မဟု သုံးနှုန်းခဲ့သော သဘောထား ကို ရိပ်မိဖို့ကောင်းပါသည်။ သို့သော်လည်း ခေတ်စကားနဲ့ပြောရ လျှင် သူက မွန်နေခဲ့သည်။

❢ ❊ ❢

၁၄

၊

သူ နေမကောင်းခဲ့စဉ်က နားလည်မှုဖြင့်သာ တည် ...ဆက်ခဲ့သော ချစ်ခြင်းတရားတစ်ခုသည် သူ နေကောင်းသွား ... အရာရာ တည်ငြိမ်ပြီဟု ဟုဆရသော အချိန်မှာတော့ သူက ...ခက်ကို ချစ်သည့်အကြောင်းကို အတိအလင်း စာဖွဲ့ပြလာပါ ...သည်။

"အချစ်ဆိုတာ တကယ်တမ်းကျတော့ အရမ်းထူးဆန်း တယ်နော်။ စဉ်းစားလေလေ ကျယ်ပြန့်လေလေပဲ။ လူတစ် ယောက်ကို ချစ်တယ်ဆိုတဲ့ နေရာမှာ တစ်ခါတလေကျ တော့လည်း အကြောင်းပြချက်တွေ ရှိတတ်တယ်။ တစ်ခါ တလေကျတော့လည်း မရှိတတ်ဘူး။ ဘယ်အချိန်ကာလမှာ ချစ်သွားမယ်ဆိုတဲ့ သတ်မှတ်ချက်တွေလည်း မရှိဘူးနဲ့ တူတယ် ...

တခက်ကို အရင်တုန်းက ကိုယ့်စိတ်ထဲမှာ ဘယ်လို မှ မရှိခဲ့ဘူး။ ရင်းနှီးတယ်ဆိုတဲ့ စိတ်မျိုးတောင် မရှိခဲ့ဘူး။ နောက်ပိုင်းကျမှ ကိုယ့်စိတ်တွေ ဘယ်လိုပြောင်းလဲသွား

www.burmeseclassic.com



လည်းတော့ မပြောတတ်ဘူး။ ခဏ ခဏ သတိရလာတယ် ...

စာအုပ်တစ်အုပ်ထဲမှာ ကိုယ် ဖတ်ဖူးတယ်။ လူတစ်ယောက်ကို ခဏခဏ သတိရအောင် လုပ်ပေးနိုင်ရင် ကိုယ့်ကို ချစ်လာဖို့ မဝေးတော့ဘူးတဲ့။ တခက်က သတိရအောင် လုပ်တော့မပေးပါဘူး။ ဒါပေမဲ့ ကိုယ်က ခဏတိုင်း သတိရနေတာ။ တခက်ရဲ့ဘုကျကျစကားလေးတွေ ဟက်ဟက်ပက်ပက် ရယ်မောတတ်တာလေးတွေကို ချစ်လာတယ် ထင်တာပဲ။ အင်း ... ဒါကလည်း ခိုင်မာတဲ့ အကြောင်းပြချက်တော့ မဟုတ်ဘူး ထင်ပါတယ်၊ တကယ်တမ်းက ချစ်လို့ကို ချစ်တာပေါ့လေ”

မြသည် ရှည်လျားသည့် သူ့ရဲ့အချစ်ဋီကာကို နားထောင်ကာ မျက်ရည်လည်မတတ်ပင် ကြည်နူးရလေသည်။ သူက အဲဒီလို ပြောသဖြင့် မြက သွေးတိုးစမ်းကာ မေးကြည့်ရသည်။

“ရှင်ချစ်တဲ့ တခက်ဟာ တခက် မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင်ရော နေယံ ဆက်ချစ်ဦးမှာလားဟင်”

အဲဒီမေးခွန်းကို သူက မဖြေဘဲ အသာရယ်မောကာ မြရဲ့ခေါင်းကို ချစ်စနိုးနှင့်ပုတ်ရင်း “စိတ်ကူးယဉ်မလေး”ဟု ခပ်တိုးတိုး ပြောသည်။ အဲဒီအပြောကြောင့် မြမှာ စိတ်မာတတ်များပင် ကျရလေသည်။ နောင်ခါလာ နောင်ခါချေးဟု တွေးကာ ဘာမှထပ်မစဉ်းစားတော့။ မြနဲ့ သူ့အကြောင်းကို သိသွားသော အဘိုးကတော့ ခပ်တည်တည်နှင့်ပင် မြကို လာမေးသည်။

“တခက် ... ညည်းနဲ့ နေယံတို့ မေတ္တာမျှနေကြတယ်ဆို”



မြသည် ရှေးရုပ်ရှင်ကားထဲက မေးခွန်းကြီးကို စိတ်ညစ်သည့်ကြားထဲမှာ ပြုံးမိရသေးသည်။ အဘိုးက မြကို မျက်မှောင်ကြုတ်ကြည့်ကာ ...

“ဘာပြုံးနေတာလဲ။ ကချော်ကချွတ် လုပ်မနေနဲ့ မိတခက်၊ ငါ မေးနေတာကိုဖြေ”

“ကချော်ကချွတ် ဆိုတာကို အဓိပ္ပာယ်ဖွင့်ပေးပါ ဘိုး။ အဲဒါ ဗန်းလား ပါဠိလား”

“ဗန်းတွေ စကားတွေ ငါ မသိဘူး။ ငါ ဆိုလိုတာကိုတော့ ညည်း သိတယ်။ ငါ့ကို စိတ်တိုအောင် လာမလုပ်နဲ့ ဖြေဆိုဖြေ”

“ဘိုးကလည်း၊ ရှက်စရာကြီး ... ဟီး ဟီး”

မြက ဒီလိုပြောလိုက်လျှင် ဘိုးက နားလည်သဘောပေါက်သွားဟန်တူသည်။ အလျှော့ပေးဟန်ဖြင့် အတင်းအကျပ်ထပ်မမေးတော့။ သို့သော် မြကို ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်ကာ ...

“တခက် ... ညည်း နေယံကို အပျော်ကြံတာတော့ မဟုတ်ပါဘူးနော်”

“ဟား ... ဘိုးကလည်း၊ ဒီစကားက နေယံ့ကို ဘိုးက မေးရမှာ”

“နေယံ့ကို မေးစရာ မလိုဘူး။ နေယံကို ငါက ယုံပြီးသား။ ညည်းကိုသာ မယုံတာ၊ ညည်း ငါတို့ကို အချိုသပ်နေတာတော့ မဟုတ်ပါဘူးနော် ...

www.burmeseclassic.com



အေး ... အဲဒီလို အချိုးသပ်နေတယ်ဆိုရင်တော့ ငါ အသုဘပြီးမှပဲ ညည်း အဆိုတော်နဲ့ ဇာတ်လမ်းဆက်တော့"

"အဘိုးကလည်းကွာ၊ သိပ်အာရုံနောက်ဖို့ ကောင်းတာပဲ၊ တခက်ကို ခုထိ မယုံသေးဘူးလား"

"ငါ ယုံအောင် ညည်းက သက်သေပြပေါ့"

"ကဲ ... ပြော။ ဘာပြရမှာလဲ"

"ညည်း နေယံနဲ့ လက်ထပ်ရမယ်"

"ရှင် ... ဟင် ... ဟင်"

မြသည် ထိတ်လန့်လွန်းသွားသဖြင့် ရှင် နောက်မှာ အသက်ငင်သော အသံတွေပါ ကပ်ပါသွားသည်။ အဘိုးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်တယ်၊ ဒီကိစ္စဟာ အစတည်းက ငါ့ရဲ့ဆန္ဒဆိုတာ ညည်းလည်း သိသားပဲ။ ငါ့တစ်သက်မှာ ညည်းကို နေယံနဲ့ပဲ သဘောတူတယ် တခက်။ ငါလည်း အသက်ကြီးပြီ၊ ရောဂါလည်းရှိနေပြီ၊ ဘယ်အချိန် သေမယ်ဆိုတာ မပြောတတ်ဘူး ...

အားကိုးစရာ သားယောက်ျား၊ မြေးယောက်ျားက လည်း ရှိတာ မဟုတ်ဘူး။ ဒီတော့ တစ်ဦးတည်းသော မြေးမလေးနဲ့ ပတ်သက်ပြီး တော်စပ်ရမယ့် မြေးသမက်ရဲ့ အရည်အချင်းဟာ ငါ့အတွက် အင်မတန် အရေးကြီးတယ်။ ဒါကြောင့် ညည်းကို ဟိုအဆိုတော် ငမျောက်ငချောက်နဲ့ သဘောမတူခဲ့တာပဲ ...



နေယံဟာ မိဘအသိုင်းအဝန်းရော၊ သူ့အရည်အချင်းရော၊ ဘာမှပြောစရာမရှိတဲ့လူပဲ၊ ခု ညည်းတို့နှစ်ယောက် ကိုယ်တိုင်က တစ်ယောက်နဲ့တစ်ယောက် စုံမက်နေကြပြီပဲ။ ဘာမှကို မလိုတော့ဘူး။ ကဲ ... ဒီတော့ ညည်းကို ဝါမဝင် ခင် မင်္ဂလာဆောင်စေချင်တယ်။ ဝါဝင်ဖို့က တစ်လလောက်ပဲ လိုတော့တယ်။ အချိန်က သိပ်မကျန်တော့ဘူး။ ညည်းတို့ မင်္ဂလာပွဲကိုလည်း အခမ်းနားဆုံး ဖြစ်စေချင်တယ်။ ဒီတော့ ခုချိန်တည်းက စ,စီစဉ်မှ ဖြစ်တော့မှာ။ ညနေကျရင် နေယံရဲ့အဖေနဲ့အမေကိုလည်း ခေါ်ထားသေးတယ်။ သေချာညှိကြမယ်။ ပြီးရင် စေ့စပ်မယ် ...

ဘယ်လိုလဲ တခက်"

မြသည် အဘိုးရဲ့စနစ်တကျ စီစဉ်ထားသော စကားတွေကို နားထောင်ပြီးလျှင် ဘာစကားမှ ပြန်မပြောနိုင်ဘဲ မျက်လုံးတွေသာ ပုစွန်မျက်လုံးတွေလို ပြူးထွက်လာပြီဖြစ်သည်။ ဘုရား ... ဘုရား အခြေအနေတွေက ထင်ထားတာထက်တောင် မြန်ဆန်လွန်းလှပါတကား။ လျှပ်တစ်ပြက် ရိုက်ချက်တွေလိုပင် ဘာမှလိုက်မမီတော့လောက်အောင် ပြောင်းလဲလွန်းလှသည်။

"ဘိုး ... ဟို ... ဟိုလေ (တံတွေးကို မျိုချရကာ) ချက် ... ချက်ချင်းကြီးဆိုတော့ မ ... မစောဘူးလားဟင်"

"ဘာစောရမှာလဲ၊ ငါ့ဆန္ဒအတိုင်းဆို မနှစ်တည်းကတောင် ပေးစားချင်တာ။ ညည်းတို့ အသက်လည်း ဆယ့်ခုနစ် ဆယ့်ရှစ်မှ မဟုတ်တော့တာ။ အိမ်ထောင်ပြုဖို့သင့်တော်

www.burmeseclassic.com



ဆုံးအချိန်ပဲ။ အားလုံး အဆင်ပြေနေပြီ။ ညည်းက ဘာကို ကဖျက်ယဖျက် လုပ်ချင်သေးတာလဲ"

ဘိုးက မျက်မှောင်ကြုတ်ကြုတ်ဖြင့် အော်လျှင် မြသည် အော်ငိုပစ်ချင်လောက်အောင် စိတ်မာတ်ကျသွားရသည်။ အခုမှပဲ တကယ့် ပြဿနာတက်တော့တာဖြစ်သည်။

"ကဖျက်ယဖျက်လုပ်တာ မဟုတ်ပါဘူး။ နေယံနဲ့ သမီးက တစ်ယောက်နဲ့ တစ်ယောက်၊ ဟို ... ချစ်တာလည်း မကြာသေးတော့လေ၊ ဟို ... သုံးနှစ်သုံးမိုးလောက်"

"ဘာမှ လျှောက်ပြောမနေနဲ့၊ ညည်းတို့ သိလာတာ သုံးနှစ်သုံးမိုးတောင် မကတော့ဘူး။ တစ်ယောက်အကြောင်း တစ်ယောက် ဒီ့ထက်သိစရာ ဘာကျန်သေးလဲ။ သူဆို ညည်း ဟိုကောင်နဲ့ကြိုက်တာသိလည်း ခွင့်လွှတ်နိုင်တယ်၊ ညည်းအပေါ်မှာ တကယ့်မေတ္တာစစ်နဲ့ ချစ်လို့ပေါ့ ...

ညည်းက ဘာလဲ၊ ငါတို့ကို အရွဲ့လုပ်နေတာလား၊ အချိုးသပ်နေတာလား၊ ငါ့ကို သေအောင်သတ်နေတာလား ဟမ်"

ဘိုးက ဟိန်းထွက်သွားအောင် အော်လိုက်လျှင် မြသည် ဘဝကို စိတ်ကုန်ကာ ရင်ထဲမှာ ဝမ်းနည်းလာမိသည်။ ဖြစ်ချင်တာဖြစ် အမှန်တရားတွေကို ဖွင့်ဟတော့မည်ဟု စိတ်ကူးလိုက်စဉ်မှာပဲ ဘောင်းဘီအိတ်ကပ်ထဲမှာ ထည့်ထားသော ဖုန်းက ထမြည်လို့လာသည်။ Ring tone ကို နားထောင်လိုက်တာနှင့် တခက်ဆီကဖုန်း ဆိုတာကို ချက်ချင်းသိလေသည်။



ဖုန်းကို အိတ်ကပ်ထဲမှ ထုတ်ယူစဉ်မှာပဲ ...

"နားမထောင်နဲ့။ ပိတ်ထားလိုက်စမ်း၊ ငါ စကားပြောနေတယ်"

"ဘိုး ... သမီးရဲ့မိန်းကလေးသူငယ်ချင်းဆီကပါ"

"ဘယ်သူ့ဆီကဖြစ်ဖြစ်၊ ပိတ်ဆို ပိတ်လိုက်"

မြသည် စိတ်ပျက်စွာဖြင့် ဖုန်းခလုတ်ကိုနှိပ်ကာ ပိတ်ထားလိုက်ရသည်။ တစ်ဖက်ကလည်း အခြေအနေကို သဘောပေါက်ဟန်ဖြင့် ထပ်မခေါ်တော့။ ဘိုးက မြကို စူးစူးရှရှကြည့်ကာ ...

"ငါ့ကို တိတိကျကျ ပြောစမ်း တခက်။ ညည်း နေယံကို လက်ထပ်မှာလား၊ မထပ်ဘူးလား။ စေ့သေးတာတွေ မောသေးတာတွေ လာမပြောနဲ့။ ညည်းတို့မှာ သုံးနှစ်သုံးမိုး စောင့်စရာလည်း မလိုဘူး။ ညည်းသာ မှန်ကန်တယ်ဆိုရင် အချိန်ဆွဲနေစရာ ဘာအကြောင်းမှ မရှိဘူး"

"ဘာဆိုင်လဲ ဘိုးရဲ့။ အဲဒါကတော့ ဘိုးက ပဒေသရာဇ်စနစ်ကြီးပဲ။ ဘိုး စိတ်တိုင်းကျ သမီး လင်ညို့ကိုဖြတ်လိုက်တာပဲ။ ပြီးတော့ နေယံနဲ့လည်း အဆင်ပြေနေတာပဲ။ သမီးမှ အိမ်ထောင်မပြုချင်သေးတာ၊ သမီးမှာ လုပ်စရာတွေ ရှိသေးတယ်"

"အောင်မာ ... ညည်းက ဘာလုပ်စရာတွေများ ရှိနေရတာလဲ"

မြသည် ဘိုးကို စိတ်ပျက်စွာဖြင့် စိုက်ကြည့်နေမိသည်။ တခက် ဆိုသည့် မိန်းမကသာ လုပ်စရာမရှိပေမယ့် မြ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ လုပ်စရာတွေ အများကြီးရှိသည်။ အနုပညာလောက
အောင်မြင်သော ကြယ်တစ်ပွင့် ဖြစ်ချင်သေးသည်။ အနုပညာ
ကို လွတ်လပ်သော နှလုံးသားဖြင့် ဖန်တီးချင်သေးသည်။ ေ
ကို ချစ်မိတာလည်း မှန်သည်။ ဒါပေမဲ့ ကိုယ်ဟာ နေယံ ချ
လေသော တခက် မဟုတ်။ တခက်အနေနဲ့လည်း အိမ်ထော
မပြုနိုင်သေးသလို မြ အနေနဲ့လည်း အိမ်ထောင်မပြုချင်သေး။
သည် ထွက်ပေါက်တွေ အားလုံး ပိတ်ဆို့နေသဖြင့် ရှုးချင်သ
တောင် ဖြစ်လာလေသည်။

"ငါမေးတာကို ဖြေလေ မိတခက်"

"အား ... တခက် လွတ်လွတ်လပ်လပ်ပဲ လုပ်ချင်သေ
တယ်။ အဲ ... နေချင်သေးတယ်။ ယောကျ်ားမယူချင်သေ
ဘူး ဘိုး"

"မယူလို့ မရဘူး မိတခက်။ ညည်း ဘာမှ တွေလီကာ
လျှောက်ပြောမနေနဲ့၊ ညနေကျ လူကြီးတွေလာရင် မျက်န
ပျက်အောင် မလုပ်နဲ့ ...

လုပ်လို့ကတော့ သူတို့ရှေ့မှာတင် ညည်းကို နပ
ကျင်းပြမယ်။ ငါ့အကြောင်းကို သိတယ်မှလား။ သွားတော့
ကြည့်လို့ကို မရဘူး၊ ထောင့်မကျိုးဘူး ... ဟင်း"

မြသည် အဘိုးရှေ့မှ စိတ်ပျက်လက်ပျက်ပုံနှင့် ထ
ထွက်လာကာ လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။
အခန်းထဲသို့ရောက်လျှင် တခက်ထံမှ ဖုန်းက ထပ်မြည်လို့လာ
သည်။ ဒီတစ်ခါတော့ မြသည် ဖုန်းကို အငြိုးတကြီးနှင့် စိုက်ကြည့်
ကာ ဆောင့်အောင့်ဖွင့်လိုက်သည်။



"ပြောဟော့"

"အမယ်လေး ... အသံကြီးကလည်း လန့်လိုက်တာ။ ဘာ
ဖြစ်နေတာလဲ မြရယ်"

"ဘာဖြစ်ရမှာလဲ၊ နင်တို့ကတော့ ပျော်နေ သီလား။ ငါ
မှာတော့ နေရင်းထိုင်ရင်း ယောကျ်ားတစ်ယောက် ရတော့
မယ်။ အဘိုးက နေယံနဲ့ ဝါမဝင်ခင် ပေးစားဖို့ စီစဉ်နေ
ပြီ။ ဒီတစ်လအတွင်း စီစဉ်တော့မှာ"

"ဟင် ... ဟုတ်လား။ ဘယ်လိုလုပ်ကြမလဲဟင်"

"အေးပေါ့ ... ငါ စတဲ့ဓာတ်လမ်းဆိုတော့ ငါ့ကို ပြန်မေး
ပေါ့ ... ဟုတ်လား"

"မဟုတ်ပါဘူး မြရယ်။ ဒီကိစ္စက ဘယ်လိုဆက်လုပ်ရမှန်း
တကယ်ကို မသိလို့ပါ"

"အေးပေါ့ ... ဘယ်သိမလဲ။ ပြဿနာကို ဖြေရှင်းရမယ့်
နည်းကို အစတည်းက စဉ်းမှမစဉ်းစားထားကြတာ။ နင်တို့
ပြဿနာက ထွက်လမ်းမှ မရှိတာ ...

နင်တို့ကတော့ ပြီးသွားကြပြီလေ။ နင်တို့ ပေါင်းရဖို့
အခကပဲ မဟုတ်လား။ မေးလိုက်ရင် မသိဘူး မသိဘူးနဲ့
စဉ်းမှ မစဉ်းစားကြတာ။ မိုးမမြင် လေမမြင် ပျော်နေကြ
တာ။ ခုဆို ဘယ်လောက်ကြာပြီလဲ။ ငါးလလောက်တောင်
ရှိပြီ ...

နင့်အဘိုးက ငါ့ကို ဘယ်လောက်ညှော်နေ နင် သိ
လား၊ ဘာမှမသိနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မြရယ် ... ငါ ... ငါ ရင်ဆိုင်ပါ့မယ်ဟာ။ နင်နဲ့ ငါနဲ့ ဘိုးဆီကို အတူတူ သွားကြမယ်လေ။ နင်လည်း ဘိုးရဲ့မြေး အရင်းပဲ ...

ဘိုး ဆန္ဒတွေ ပြည့်ဝမှာပါ။ ပြီးတော့ နင်နဲ့ နေယံ နဲ့လည်း အဆင်ပြေနေတာပဲ မဟုတ်လား"

"အေး ... ဘာအဆင်ပြေတာလဲ။ ငါကလည်း အဲဒါကိုပဲ ရင်နာတယ်။ သူကလည်း တခက် အဖြစ်နဲ့ ချစ်နေတာ၊ ငါ့ကို ချစ်တာမဟုတ်ဘူး။ အဲဒီကိစ္စအတွက်နဲ့လည်း ငါ ဘယ်လောက်ခံစားနေရတယ်မှတ်လဲ ...

ကျွတ် ... ရှုပ်တယ်ဟာ။ အေး ... နင် ပြောသလိုပဲ လုပ်မယ်။ နင် အခုလာခဲ့။ နှစ်ယောက်ဆုံပြီး ပြောမယ်။ ငါ ဆရာဝန်ကိုပါ တစ်ခါတည်း ခေါ်ထားမယ်"

"ဟို ... ဘိုး နေကောင်းပါတယ်နော်"

"မသိဘူး။ ဘာမှလာမေးမနေနဲ့၊ ဒီပြဿနာက ဒီလိုဖြေ ရှင်းမှ ပြီးသွားမှာ။ ကြာရင် ငါလည်း ရူးတော့မယ် ... နင် အခုလာခဲ့တော့"

မြသည် အနိုင်နှင့်ပိုင်းကာ ဖုန်းချပစ်လိုက်ပြီးနောက် မကြာခင် ပြောင်းလဲလာတော့မည့် အခြေအနေတစ်ခုအတွက် ရင်တုန်လိုလာသည်။ ဒီလို မပြောင်းလဲလျှင်လည်း မဖြစ်တော့။ မပြောင်းလဲလိုက်ပါက ညနေခင်း လူကြီးတွေလာလျှင် အခြေ အနေတွေက ပိုဆိုးသွားမည်ဖြစ်သည်။ အဲဒီကျ ပိုမျက်နှာပျက်စရာ တွေ ဖြစ်မည်။



မြသည် တခက် မလာမှာစိုးသဖြင့် ထပ်ပြီးဖုန်းခေါ် ဖို့ရာ စိတ်ကူးတုန်းမှာပင် ဖုန်းမြည်သံတစ်ခုက ထွက်ပေါ်လာ သည်။ နေယံထံက ဖုန်းဖြစ်သည်။ ဒီတစ်ခါလည်း စိတ်ညစ်ညူး စွာဖြင့် ဖုန်းကိုဖွင့်လိုက်သည်။

"အင်း ... တခက်၊ ဘယ်ရောက်နေတာလဲ"

"ဘယ်မှမရောက်ဘူး၊ အိမ်မှာ"

"အသံကြီးက ဘာဖြစ်နေတာလဲကွာ၊ သာယာနာပျော်ဖွယ် မရှိလိုက်တာ"

"မရှိရင်လည်း ဖုန်းချလိုက်တော့မယ်"

"ဟား ... လေသံကတော့ ပဝါမကျ ရေမကျပဲ အပြတ်ဖိုက် တော့မယ့် စိန်ခေါ်သံကြီးပါလား။ ဘာလဲ ဘိုးဆီကနေ မင်္ဂလာသတင်းကို ကြားထားပြီးပြီနဲ့ တူတယ် ...

ဒါ ဘာအေါသထွက်စရာလိုလဲ တခက်ရယ်။ ဒီခေတ် ထဲမှာ အမျိုးကောင်းသားတွေ ရှားလာပြီးနော်။ ရတုန်းယူ ထား"

"ရှင် သိပ်ပျော်နေတယ်ပေါ့လေ ... ဟုတ်လား"

မြသည် သူ့ကို ကြိတ်မနိုင်ခံမရ အသံဖြင့် မေးမိ သည်။

"သြော် ... လောကမှာ ချစ်တဲ့သူနဲ့ လက်တွဲရမှာကို မပျော်တဲ့သူရှိလား တခက်ရယ်"

"ရှင် နောင်တရလိမ့်မယ်"

"ရတယ် ... လူတွေဟာ တစ်သက်မှာ တစ်ခါတော့ အချစ်အတွက်နဲ့ မိုက်ရူးရဲကြတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မွန်နေပြီကိုး"

"ရိုက်ထ် ...။ ကဲ ... စိတ်မဆိုးနဲ့ကွာ၊ ညနေကျရင် လှလှလေး ပြင်ထား၊ ဟုတ်ပြီနော် ဇနီးလောင်းလေး ... ဟဲဟဲ"

"ဟော့ ... ရှင် ... ဘာပြော ..."

သူက တခက်ရဲ့ပြန်ဖြေသံကို ဂရုမစိုက်တော့ဘဲ ဖုန်းကို ပိတ်ချလိုက်သည်။ ပြီးတော့ ပခုံးလှုပ် ရယ်မောမိကာ ကားပေါ်တက်၍ မောင်းထွက်ဖို့ ပြင်သည်။ အဲဒီအချိန်မှာပဲ သူ့မျက်လုံးတွေဟာ တစ်ဖက်ပလက်ဖောင်းပေါ်မှာ ဖုန်းပြောနေသော တခက့်ကို သွားတွေ့တာဖြစ်သည်။ တခက်က သူ့ကို မမြင်ပါ။ တစ်ခုခုကို အသည်းအသန် ပြောနေပုံမျိုးဖြစ်သည်။ သူသည် တခက်ကို စိုက်ကြည့်ရင်းမှ စိတ်ထဲတွင် တစ်မျိုးဖြစ်လာသည်။

အခုနက ဖုန်းပြောတုန်းက တခက်က သူ့ကို အိမ်မှာဟု ပြောခဲ့သည်။ အခု လမ်းမပေါ်ကို ဘယ်လိုများ ရောက်နေတာပါလိမ့်။ သူ့ကို ဘာကြောင့် ညာရတာလဲ။ သူ့စိတ်ထဲတွင် တစ်ခုခုကို သိချင်စိတ်တွေ ပြင်းပြလာသည်။ တခက်က ဖုန်းပြောရင်းမှ ခေါင်းကို ဆတ်ခနဲ မော့လိုက်လျှင် သူက မြင်သွားမှာစိုးသဖြင့် အလျင်အမြန် ကွယ်လိုက်ရသည်။ သူသည် အကွယ်မှနေ၍ တခက်ရဲ့လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။ လူက ကွယ်နေသောလည်း မျက်လုံးကတော့ တခက် ရှိရာသို့ လှမ်းချောင်းကြည့်နေဆဲ။ အဲဒီအချိန်မှာပဲ အံ့သြစရာကောင်းစွာပင် ဖုန်းက ဝင်သွားလေသည်။ ဟာ ... ဘာဖြစ်တာလဲ။ တခက်က ဒီမှာ ဖုန်းပြောနေတာပဲ။ Second call များ ထည့်ထားတာလား။



အတွေးတွေ ရှုပ်နေတုန်းမှာပင် တစ်ဖက်က ဖုန်းကို ဖွင့်ကာ ထူးသည်။

"ပြော ... အခုနက ဘာကိစ္စ မပြောမဆို ဖုန်းချသွားရတာလဲ"

တစ်ဖက်မှ ကြားရတာက တခက်ရဲ့အသံ အစစ်ပဲဖြစ်သည်။ သူသည် ဖုန်းထဲမှ အသံကို နားထောင်ကာ မျက်လုံးကတော့ ပလက်ဖောင်းပေါ်မှ တခက်ကို လှမ်းကြည့်ရင်း အံ့သြစိတ်ဖြင့် ရုတ်တရက် စကားမပြောနိုင်။ ဘာတွေဖြစ်နေတာလဲ။

"ဟယ်လို ... ပြောတာ ကြားလား။ ဘာဖြစ်နေတာလဲ"

"တခက် ! အခု ဘယ်မှာလဲ၊ အိမ်မှာပဲလား"

"ရှင် လာမလို့လား"

"အင်း ... ကိုယ် အဲဒီဘက်နား ရောက်နေတာ၊ ဝင်ခဲ့မလားလို့ပဲ"

"ဝင်ခဲ့လေ ... ဝင်ခဲ့ပေါ့"

တစ်ဖက်က အသံက စိန်ခေါ်သံလိုလို ပမာမခန့်သံလိုလို ဖြစ်သည်။ သူသည် မြင်တွေ့နေရသော အခြေအနေတွေကို လုံးဝလိုက်မမီတော့ချေ။ တခက်သာ အိမ်မှာ သေချာပေါက်ရှိနေသည် ဆိုပါက ဖုန်းပြောနေသော တခက်ဟာ ဘယ်သူလဲ။ ဟား ... တခက်ဟာ နှစ်ယောက်တော့ မဖြစ်နိုင်။ တစ်ယောက်ယောက်ဟာ တခက် မဟုတ်။ ဒါဆိုရင် ဒီမိန်းကလေးဟာ တခက်လား၊ ဒါမှမဟုတ် တခက်နဲ့အရမ်းတူတဲ့ တစ်ယောက်လား။

www.burmeseclassic.com

www.burmeseclassic.com



အား ... သူ ဆက်မတွေးတတ်တော့ချေ။ ခေါင်းတွေ တော်တော်ပူလာပြီ ဖြစ်သည်။

"ဟော့ ... ဘယ်လိုလဲ၊ ရှင် လာမှာလား"

"အင်း ... လာခဲ့မယ်"

"အိုကေ ... စောင့်နေမယ်။ ဆက်ဆက်သာ လာခဲ့ပေတော့။ ရှင် ရှိတော့လည်း တစ်မျိုးကောင်းတာပေါ့။ ကဲ ... ဒါပဲနော် ... ဘိုင့်ဘိုင်"

ဒီတစ်ခါတော့ သူမက စတင်နှုတ်ဆက်ကာ ဖုန်းအရင်ချသွားသည်။ သူသည် ချက်ချင်းပဲ တခက်တို့ရဲ့ အိမ်ဖုန်းကို ခေါ်လိုက်ပြန်သည်။ တစ်ဖက်မှ လာကိုင်သူက လေးမိုးဖြစ်သည်။

"လေးမိုး ... ကျွန်တော် နေယံပါ။ အိမ်မှာ တခက်ရှိလားဟင်"

"ရှိတယ်ကွယ့်၊ ခေါ်ပေးရမှာလား"

အား ... အဲဒါမှ တကယ့်ပြဿနာ။ ဒါဆို တခက်က နှစ်ယောက်ဆိုတာ သေချာသွားပြီဖြစ်သည်။

"နေ ... နေ ... မခေါ်ပါနဲ့။ ဒါထက် သူ အခု အိမ်မှာရှိတာ သေချာရဲ့လား၊ အပြင်တွေ ဘာတွေ ရောက်နေပါဦးမယ်"

"မရောက်ပါဘူး၊ ခုနလေးတင် ကောင်မလေးတစ်ယောက် သူ့အခန်းထဲကို ကော်ဖီသွားပို့သေးတယ်။ ရှိပါတယ်၊ သူ့ဖုန်းကို ခေါ်မရဘူးလား"



"အင်း ... ဟုတ်တယ်၊ busy ဖြစ်နေတယ်။ ရတယ် ကိစ္စမရှိပါဘူး။ ကျွန်တော် လာမှာပါ၊ ဒါပဲနော် လေးမိုး"

"အေးကွယ်"

ဖုန်းပိတ်ပြီးလျှင် သူက တခက်ကို လှမ်းကြည့်မိသည်။ ဖုန်းပြောပြီးသွားဟန်တူသော တခက်သည် လမ်းမနားသို့ လျှောက်လာကာ ကားငှားဖို့ ပြင်နေတာကို တွေ့ရသည်။ သူက ပို၍လုံခြုံသော စတိုးဆိုင်လေး တစ်ခုထဲသို့ ဝင်ရပ်ကာ အသာကြည့်လိုက်လျှင် သူ့နောက်မှ ကောင်မလေးတွေထံမှ အသံတွေ ထွက်လာတာကို ကြားရသည်။

"ဟဲ့ ... ငဝါ၊ လာ ... လာ ... ဒီမှာလာကြည့်၊ ဟိုဟာပဲလေ လင်းညို့ ကောင်မလေး"

သူသည် အဲဒီနာမည်ကို ကြားလျှင် ဆံပင်မွေးတွေ ထောင်သွားသလို ခံစားရသည်။ နားကလည်း ချက်ချင်းပဲ အဲဒီနေရာသို့ စွင့်ထားရလေသည်။

"ဟိုဟာလား ... အင်္ကျီအနက်လေးနဲ့ဟာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒါပဲ အတူတူနေကြတာ"

"ဟုတ်လား ... ယူထားတာလား"

"မသိဘူး။ ယူထားတာလား၊ မယူထားတာလားတော့ မသိဘူး၊ အတူတူနေ,နေတာတော့ ကြာပြီ"

"ဟင်း ... လင်းညို့ကလည်း ဒါကိုဖုံးထားတယ်၊ မုန်းစရာကြီး"

"ကောင်မလေးဘက်က အရမ်းချမ်းသာတာတဲ့။ လင်းညို့နဲ့ သဘောမတူဘူးလို့ ပြောတယ်၊ ဒါကြောင့် ခိုးပြေးထား

www.burmeseclassic.com



ပြီး ဒီမှာပေါင်းတာလို့ ကြားတာပဲ၊ အဲဒါကြောင့် လူသိရှင်ကြား မကြော်ငြာတာပေါ့"

"သြော် ... လင်းညို့လေးရယ်၊ တို့ကိုသာယူရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးကွယ်၊ ဟား ဟား ဟား၊ ဟဲ့ ... ဟိုမှာဘာရှာနေတာလဲ မသိဘူး။ အစ်ကို ဘာလိုချင်လို့လဲဟင်"

အတင်းတုပ်နေကြသော ကောင်မလေးတွေက အခုမှပဲ သူ့ကို သတိထားမိဟန်တူကာ အဖက်လုပ်ဖော်ရလာသည်။ သူသည် ရုတ်တရက် ဘာပြောရမှန်းမသိသဖြင့် အထစ်ထစ်ဖြစ်နေပြီးမှ ရေသန့်တစ်ဘူး အမြန်ဝယ်လိုက်ရသည်။ ရေသန့်ဘူးဝယ်ရင်း တည်ငြိမ်လာပြီဆိုမှ ငါးမုန့်ကြော်တစ်ထုပ် ထပ်ဝယ်ကာ ...

"ဟို ... ဟိုဟာလေ၊ ခုနက ညီမတို့ ပြောနေတဲ့ဟာ အဆိုတော်လင်းညို့ အကြောင်းလား"

ကောင်မလေးတွေက စပ်ဖြဲဖြဲ ဖြစ်သွားကြပြီးလျှင် ...

"အဟဲ ... ဟုတ်တယ်၊ အစ်ကိုရော စိတ်ဝင်စားလို့လား"

"အင်း ... သူက မိန်းမရသွားပြီလား။ သူတို့က ဒီမှာနေတာလားဟင်"

"ဟုတ်တယ်၊ မိန်းမရသွားတယ် ထင်တာပဲ၊ ဟိုရှေ့က တိုက် သုံးလွှာမှာနေတာ၊ ကောင်မလေးက ချောတယ်၊ ဘာတဲ့ နာမည်က တခက် ဆိုလားပဲ ...

ဟော ... ဟိုမှာလေ Taxi ငှားနေတဲ့ဟာ၊ အဲဒါပဲ"

ကောင်မလေးက သူ့ကို လှမ်းပြသည်။ သူက ဖျတ်ခနဲ လှမ်းကြည့်လိုက်လျှင် Taxi တစ်စီးပေါ် တက်သွားသော တခက်ကို တွေ့လိုက်ရသည်။ သူ့ခေါင်းထဲတွင် ရှုပ်ထွေးနေသော်



လည်း တစ်ခုခုကိုတော့ ရေးတေးတေး သဘောပေါက်လာခဲ့ပြီဖြစ်သည်။

"သူတို့က ဒီမှာနေတာ ကြာပြီလား ညီမလေး"

"အင်း ... ခြောက်လလောက်တော့ ရှိပြီနဲ့တူတယ်။ ဟိဟိ ... အစ်ကိုက လင်းညို့ ပရိသတ်လား"

"အင်း ... ဆိုပါတော့၊ ကျေးဇူးပဲ ညီမလေး၊ သွားမယ်နော်"

သူက နှုတ်ဆက်ထွက်ခွာလာခဲ့ပြီး ကားပေါ်သို့ရောက်လျှင် ချက်ချင်းမောင်းမထွက်နိုင်သေးဘဲ ရေသန့်ဘူးကို ဖွင့်ကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။ ပြီးတော့ သူ့အတွေးအာရုံတွေသည် တစ်စုံတစ်ခုကို စူးစူးစိုက်စိုက်တွေးကာ အဖြေရှာအဖြေထုတ်လျက်ရှိသည်။ အခု သူတွေ့ခဲ့ရသော တခက်ဟာ တခက်အစစ် ဖြစ်နိုင်သည်။ တခက် အစစ်မို့သာ သူမရဲ့ချစ်သူဖြစ်သော လင်းညို့နှင့် ပေါင်းဖက်နေထိုင်နေတာပေါ့။

ဒါဖြင့်ရင် အဘိုးအိမ်မှာ လက်ရှိတက်နေသောသူက ဘယ်သူလဲ။ သေချာတာကတော့ သူတို့နှစ်ယောက်ဟာ အမြွှာညီမဖြစ်နိုင်သည်။ ဒီနှစ်ယောက်သားဟာ စည်းဝါးကိုက်ပြီး လူချင်းချိန်းထားသောကြောင့်သာ အားလုံးဟာ ဘာမှမပြောင်းလဲသလို အဆင်ပြေနေခြင်းဖြစ်သည်။ ဘယ်အချိန်ကများ သူတို့နှစ်ယောက်က ပြန်တွေ့သွားကြတာလဲ။

ဒီအကြောင်းတွေ အဘိုးရော သိမှသိပါလေစ။ သြော် ... ဒါကြောင့် တခက်အတုမကလေးဟာ အစစ်နဲ့ ကွဲပြားခြားနားစွာ သွက်လက်ထက်မြက်တဲ့ ဒီဇိုင်းလေး ဖြစ်နေတာကိုး။ ဒါကို သူက သတိထားမိခဲ့သော်လည်း နည်းနည်းမှ သံသယမဝင်

www.burmeseclassic.com



ခဲ့ချေ။ မဝင်ဆို တခက်နဲ့ နောက်တစ်ယောက်ဟာ ဘယ်လိုမှခွဲမရအောင် တူလွန်းနေတာဖြစ်သည်။ ဒါကြောင့်လည်း ထူးခြားသည့် နှလုံးသားက သူမကို ချစ်မိသွားတာ ဖြစ်နိုင်သည်။ သူ့ရဲ့စိတ်က တခက်ဟု ထင်ထားသော်လည်း နှလုံးသားကတော့ တခက် အစစ်မဟုတ်မှန်း သိသဖြင့် သူမကို ချစ်ခဲ့သည်။

ခုချိန်မှာလည်း လက်ထပ်ဖို့ အစစအရာရာ အားလုံး စီစဉ်ပြီးနေပြီ ဖြစ်သဖြင့် ဒီအစီအစဉ်တွေကိုလည်း သူက မပျက်စေချင်တော့ပါ။ ဒီဝါမဝင်ခင် အမြန်စွံချင်ပြီ ဖြစ်လေသည်။ ဒီအတွက် ဒီပုံစံအတိုင်းပဲမျောတာ အကောင်းဆုံးဟု သူက လက်ခံလိုက်သည်။ သူတို့ကို မလိမ့်တပတ်လုပ်ကာ နှစ်ပေါက်တစ်ပေါက်ရိုက်သော ကောင်မလေးနှစ်ယောက်ကို သူတို့ကလည်း နှစ်ပေါက်တစ်ပေါက် ရိုက်ရတော့မည်။

သူသည် လျှပ်တစ်ပြက်ချသော ဆုံးဖြတ်ချက်နှင့် အတူ အဘိုးထံသို့ သွက်သွက်လက်လက်ပင် ဖုန်းခေါ်လိုက်လေသည်။

"ဟယ်လို ... အဘိုးလား၊ xxx ဟုတ်၊ ကျွန်တော် ဘိုးကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ ဘိုး သိပ်စိတ်မလှုပ်ရှားနဲ့၊ ဒေါသလည်း မထွက်နဲ့နော်။ အခြေအနေတွေက သေချာပိပိရိရိ လုပ်ထားတာမို့ ကျွန်တော်တို့ဘက်ကလည်း ပိရိမှဖြစ်မယ် xxx ဒီလိုပါ အဘိုး၊ အခု အိမ်မှာရှိနေတဲ့ တခက် ဆိုတာ xxx ..."

သူက ဘိုးကို တိုတိုနှင့် လိုရင်း နားလည်လွယ်အောင် ရှင်းပြလိုက်ရသည်။



"အခု မင်္ဂလာကိစ္စကို စီစဉ်မယ်ဆိုတော့ တခက် ... အဲ အိမ်မှာရှိတဲ့ တစ်ယောက်က အမှန်တွေကို ထုတ်ဖော်ပြီး ငြင်းတော့မယ်နဲ့တူတယ် ဘိုး။ သူက ထုတ်ဖော်ပြောလည်း ယုံကြည်တဲ့ပုံစံ မပြဖို့ လိုတယ်၊ မဟုတ်ရင် သူတို့လှည့်ကွက်ထဲမှာပဲ ကျွန်တော်တို့က ရောက်နေသလို ဖြစ်မယ် ...

ဒီတော့ သူတို့ကို ကျွန်တော်တို့က ပြန်လှည့်ရမယ် ဘိုး"

ဘိုးကလည်း သူနဲ့တစ်သဘောတည်း အတိုင်းပင်။

"ဟုတ်တယ်၊ ဒီကောင်မတွေ ငါ့ကို သက်သက်လူလည်လုပ်တာ။ တခက် ဆိုတဲ့ဟာမလေးလည်း တွေ့မယ်။ အိမ်က ဟာမကလည်း ငါ့ကို လူလည်လုပ်တာ၊ မင်းနဲ့ပေးကို ပေးစားဦးမယ်။ အေး ... ဟုတ်ပြီကွာ၊ ဒါဆိုရင် ငါတို့ မသိချင်ဟန်ဆောင်ပြီး ဆက်လိမ့်ရုံပဲ။ အိမ်ကဟာကိုပဲ တခက် အစစ်လုပ်ပြီး မင်းနဲ့ ပေးစားရမယ် ...

ဒီလောက်တောင် ဖြစ်တဲ့ဟာမတွေ။ တွေ့မယ်"

ဘိုးကလည်း ကြိမ်းမောင်းပြီး ဖုန်းချသွားလေသည်။ သူသည် အခုမှပဲ စိတ်လက်ပေါ့ပါးစွာဖြင့် ပြုံးနိုင်တော့သည်။ သူ့မျက်လုံးထဲတွင် သူ့ကိုယ်သူ မောင့်ကျက်သရေခေါင်းပေါင်းကြီးနှင့် မြင်ယောင်မိကာ သဘောကျစွာနှင့် ရယ်မိသေးသည်။

❢ ✳ ❢

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဘာတွေကလွဲမှားပြီး ဘာတွေက မယုံကြည်နိုင်စရာကောင်းလဲတော့ မသိပါ။ အဲဒီနေ့က တခက် တစ်ယောက် အိမ်သို့ရောက်လာလျှင် ဘိုးကလွဲပြီး တစ်အိမ်လုံး အံ့သြကြသည်။ တခက်က ဘိုးကို အထပ်ထပ် ရှင်းပြသော်လည်း ဘိုးက လုံးဝမလက်မခံချေ။

"ငါ မသိဘူး။ ဘာမှလာမပြောနဲ့။ လောကမှာ လူတူမရှိဘူး။ အခုမှ မိုးကျရွှေကိုယ် ထပေါ်လာတဲ့သူကို ယုံလည်း မယုံဘူး။ ကဲ ... ညည်းသွားတော့၊ မသွားရင် ရဲကိုအယောင်ဆောင်မှုနဲ့ ခေါ်ရလိမ့်မယ်"

"မဟုတ်ဘူး ဘိုးရဲ့။ သမီးက တခက် အစစ်ပါ။ သူက မန္တလေးမှာ မေမေနဲ့ ကျန်ခဲ့တဲ့ သမီးရဲ့အမြွှာညီအစ်မ မြဲတခုက်ပါ။ သမီးထက် သုံးမိနစ်စောမွေးလာတဲ့ အစ်မပါ။ ဒီလောက် ရုပ်တူနေတာပဲ ဘိုးရယ်။ မယုံရင် အမေကို ဖုန်းဆက်ပြီး မေးကြည့်လို့ ရပါတယ်။ တကယ်ပါ –



သမီးတို့ မမျှော်လင့်ဘဲ ပြန်ဆုံပြီး ဟို ... လူချင်းလဲ ..."

"တော်ပြီ၊ ဘာမှဆက်မပြောနဲ့တော့၊ ငါ့မြေး တခက်က ဒီလိုမလုပ်ဘူးဆိုတာ ငါ သိတယ်။ ကဲ ... ကဲ ... သွားတော့။ ဒါမျိုးတွေ ငါ အယုံအကြည် မရှိပါဘူး။ လက်လည်းလက်မခံဘူး။ ဟုတ်ပြီလား၊ ရဲမခေါ်ခင် အမြန်သွားတော့နော်"

အဘိုးက ဆွဲမထုတ်ရုံတမယ် နှင်ထုတ်နေသဖြင့် တခက်မှာ ဘာမှမတတ်နိုင်ဘဲ ပြန်သွားရလေသည်။ မြဲမှာ၊ တခက်ကို လိုက်ဆွဲရတော့မှာလို၊ ဘိုးကို ခြေသလုံးဖက်ရတော့မလိုဖြင့် ကြားထဲက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတာဖြစ်သည်။ ဘိုးက လက်မခံလို့လည်း တခက်ကတော့ ဘယ်နှယ့်မှ နေဟန်မပြ။ ဘယ်ပြမလဲ။ သူကတော့ သူ့ဟာနဲ့သူ အငြိမ်ကိုး။ မြဲမှာသာ နေရင်းထိုင်ရင်းနှင့် ယောက်ျားတစ်ယောက် ရတော့မှာဖြစ်သည်။

ဘိုးမှာ မြဲ ဘယ်လိုရှင်းပြပြ နားမထောင် နားမဝင်ပါချေ။

"ဘိုး ... သမီးက တခက် မဟုတ်ပါဘူး။ မြဲပါ။ မန္တလေးမှာ သမီးအမေနဲ့ အတူတူနေခဲ့တဲ့ မြဲပါ။ တကယ်ပါ သမီးကို လင်းညို့နဲ့တခက်က အကူအညီတောင်းလို့ သမီးက တခက်နေရာမှာ အစားဝင်ပေးခဲ့တာပါ ...

ယုံပါ ဘိုးရဲ့။ သမီးနဲ့ တခက်က အမြွှာညီအစ်မရင်းတွေပါ"

www.burmeseclassic.com



"အေး … ဒီလောက်တူနေတာ အမြွာတွေဆိုတာ ငါ လက်ခံတယ်။ ဒါပေမဲ့ ညည်းက တခက်ပဲ။ ဟိုဟာက မြို့တသက်ပဲ။ သူ့ကို ငါ့မြေးအဖြစ်လည်း မသတ်မှတ်နိုင်ဘူး။ သူ့အမေကိုလည်း အရင်တည်းက ချွေးမအဖြစ်မသတ်မှတ်ခဲ့တာ။ ကိုယ်မှုချိုသော်လည်း အမိတော်.ခဲ့သားတော်ခဲပဲ တခက်။ ဘာမှအပိုစကား ထပ်မပြောနဲ့တော့ …

လုပ်ကြံဓာတ်လမ်းတွေ ထွင်ပြီး ညည်း နေယံကို လက်မထပ်ချင်လို့ဆိုတာ ငါ သိတယ်။ ညည်းကို ငါ စိတ်မချတော့ဘူး တခက်။ ဒါကြောင့် ရက်ကောင်းရက်သာရွေးပြီး လက်မှတ်အရင် ထိုးခိုင်းထားတော့မယ်။ ညှိခံပွဲကတော့ နောက်မှလုပ်မယ် … ဒါပဲ"

မြိသည် အဲဒီစကားကြောင့် ဘိုးကို စကားမပြော နိုင်တော့ဘဲ မျက်လုံးပြူးကြီးနှင့် ကြက်သေ,သေကာ ကြောင်ပြီး ကြည့်နေမိလေသည်။ ရင်ထဲမှာ မထွေးနိုင် မအန်နိုင် ဝေဒနာကြောင့် ကျောက်ရုပ်လို ဖြစ်နေသည်။ ဒီလိုနှင့်ပဲ …။

❢ ✳ ❢



ဒီလိုနဲ့ပဲ နေ့ရင်းထိုင်ရင်းဖြင့် စားပြီးသောက်ပြီး အချိန် ယောကျ်ားတစ်ယောက်ရဖို့ ကံဇာတာပါလာခဲ့သော မြိသည် နေယံနှင့် လက်မှတ်ရေးထိုးဖို့ အကြောင်းဖန်လာခဲ့သည်။ လက်မှတ်ရေးထိုးပွဲကို ဘိုး၏ အင်မတန်ရင်းနှီးသော မိတ်ဆွေများနှင့် ဘိုးအိမ်မှာပဲ တရားသူကြီးကို ပင့်ဖိတ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

မြိသည် လက်ထပ်စာချုပ်ကိုမြင်လျှင် အံ့ဩစိတ်ကြောင့် မျက်လုံးဝိုင်းသွားရသည်။ လက်ထပ်စာချုပ်တွင်ပါသော သတို့သမီးနာမည်၊ မှတ်ပုံတင်အမှတ်တို့မှာ မြိရဲ့နာမည်နှင့် မြိရဲ့ နံပါတ်သာ ဖြစ်သည်။

မြိသည် ဘောပင်ကို ကိုင်လျက်သားမှ ဘိုးကို ဘဝင်ချက်မော်ကြည့်ကာ … "ဘိုး"ဟု တ,လိုက်မိလျှင် ဘိုးက မျက်မှောင်ကြုတ်ကြီးဖြင့်ကြည့်ကာ …

"ဘာ … ဘိုးလဲ။ ထိုးမှာသာ ထိုးစမ်း"

"ဟို … ဘိုးတို့ … ဘိုးတို့ … ဒါ …"

မြိက မခံချင်စိတ်၊ အရှုံးလုပ်ခံရလေခြင်း ဟူသော စိတ်တို့ဖြင့် စကားတောင် ဖြောင့်ဖြောင့် မပြောနိုင်စဉ်မှာပဲ တရားရုံးချုပ်ရှေ့နေကြီးက မြိရဲ့စာချုပ်ကို ရှေ့သို့ထိုးပေးကာ …

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... သမီး၊ လက်မှတ်ထိုးလိုက်တော့လေ။ ထိုး ... ထိုး"

မြကြ အံကြိတ်ကာ ကိုယ့်ဘေးက သတို့သားလောင်းကို လှည့်ကြည့်မိသည်။ သူကတော့ တရှပ်ရှပ်ဖြင့် ခပ်သွက်သွက် ထိုးနေရာမှ မြကို ပြုံးပြုံးလေး မော့ကြည့်လျက် မျက်စိတစ်ဖက် မှိတ်ပြသည်။ ပြီးတော့ ခပ်တိုးတိုးဖြင့် ...

"စိတ်မဆိုးပါနဲ့ မြ။ ဒါက ဝါမဝင်ခင် မိန်းမရဖို့အတွက် လုပ်လိုက်ရတဲ့ အမြန်စွံဗျူဟာပါ။ ကဲ ... လိမ္မာတယ်၊ ထိုးလိုက်တော့နော်"

မြသည် ဘာမှမတတ်နိုင်တော့ဘဲ ဆောင့်ကြီးအောင့်ကြီးဖြင့် လက်မှတ်ကို ဖိထိုးပစ်လိုက်ရလေသည်။ မင်္ဂလာသားတွေဟာ စာရွက်ပေါ်မှာ ရူးနှင့်ပြီး ထင်သွားသလို နှစ်ဦးသားရဲ့ နှလုံးသားမှ ချစ်မေတ္တာတွေသည်လည်း တစ်သက်တာလုံးအတွက် ရူးနှင့်ပြီး ခိုင်မြဲသွားဖို့တော့ တိတ်တိတ်လေး ဆုတောင်းမိသေးသည်။

ဆုမြတ်မွန်မွန်

BURMESE CLASSIC .com
www.burmeseclassic.com